ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



# ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## ဝဏ္ဏကျော်ထင်-ဆရာဝန်ကြီး ဦးဝဏ္ဏ၏ ထင်မြင်ချက်

မြန်မာဆေးပညာ၏ ကဏ္ဍတရပ် ဖြစ်သော၊ ဗိန္ဓော ဆေးပညာခေါ် - အာယုဗ္ဗေဒ ဆေးပညာအတွက်၊ **ဘေသဇ္ဇမဉ္ဇူသာ** ဆေးကျမ်းသည်၊ သင်ယူအပ် - သင်ယူရမည့် ကျမ်းတစောင်ဖြစ်သည်ဟု ယူဆမိသည်။

မူလ-ဘေသဇ္ဇမဉ္ဇူသာကျမ်းကို၊ မြန်မာ ဘာသာသို့ ပြန်ဆိုတော် မူကြသော ကျမ်းများကို ဘတ်ရှုသည့် အခါ အဓိပ္ပါယ်ရှင်းလင်းရန်နေရာများ- အတော် များ များပင် ရှိနေသေးသည်ကို တွေ့ရသည်။

ယခု - **ဆရာဦးသန်းလှိုင်ရေး - ဘေသဇ္ဇမဉ္ဇူသာ အဓိပ္ပါယ်ကျမ်း**မှာ၊ လက်ရာမ ဆရာတော် ဘာသာ ပြန်သည့်ကျမ်းနှင့် ဘင်္ဂလားဆရာတော် ဘာသာပြန် သည့်ကျမ်းတို့ကို တိုက်ဆိုင် ညှိနှိုင်းလျက် ရေးသား ထားသည်ကို တွေ့ရှိရပေသည်။

၎င်းကျမ်းအပေါ် ရှင်းလင်းရန် ရှိသည့် အနက် **ဦးသန်းလှိုင်**သည်၊ မိမိ၏အယူအဆများကို တင်ပြရှင်း လင်းထား သည်ဖြစ်ရာ၊ ဘတ်ရှုလေ့လာ ထိုက်သည့် ကျမ်းတစောင်ဟုပင် ယူဆသည်။

ဆေးပညာ၌လိုက်စားကြသည့် ပုဂ္ဂိုလ်တို့အတွက်၊ ဤ ကျမ်းသည် အကျိုးပြုနိုင်လိမ့်မည်ဟု ထင်မြင်ကြောင်း ရေးသားအပ်ပါသည်။

(ပုံ) ဝဏ္ဏကျော်ထင်-ဦးဝဏ္ဏ
အငြိမ်းစား၊ ရန်ကုန်အလယ်ပိုင်း ခရိုင်ဆရာဝန်ကြီး
အထူးအရာရှိ (တိုင်းရင်းဆေး) ကျန်းမာရေးဌာန၊ ရန်ကုန်မြို့။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## ဦးမောင်ဘော

### တိုင်းရင်းဆေးအရာရှိနှင့်၊ မှတ်ပုံတင်အရာရှိ-၏

## ထင်မြင်ချက်

ဆရာဦးသန်းလှိုင်ရေးသားစီရင်အပ်သော "ဘေသဇ္ဇမဉ္ဇူသာ အဓိပ္ပါယ်"ဆေးကျမ်းကို၊ဘတ်၍ လေ့လာကြည့်ရာ၊အာယုဗ္ဗေဒဆေးပညာ၏၊ အဆီအနှစ်ဖြစ်သော၊ မူလကျမ်းရင်းကို၊ အလွန်လွယ်လွယ်နှင့် လေ့လာဘတ်ရှုလိုသူများအတွက် မူလ အဓိပ္ပါယ်ကိုလည်း မပျက်စေ၍၊ ကြည့်ရှုနှင့် တတ်ကြွမ်း နိုင်စေမည့်ပြင်၊ အနည်းငယ် သတိပြုလျှက် မှတ်သားကာမျှဖြင့်၊ မေးသမျှဖြေဆိုနိုင်ရန်၊ လူတိုင်းသိနားလည် လွယ်သည့် နည်းများဖြင့်-တန်ဆာဆင်ပြီး ရေးသားထားကြောင်း တွေ့ရပေသည်။ ဤကျမ်းသည်-နှစ်ပေါင်း အတော်ကြာမျှ အားထုတ် လေ့လာ ဆည်းပူးပြီးမှ၊ ရေးသားရဟန် လက္ခဏာရှိလေသည်၊ အဘယ့်ကြောင့်ဆိုသော်-အချို့သော-ခဲရာခဲဆစ်နေရာများ၌၊ဒေသနာနယ၊ဘေသဇ္ဇနယလာ-ကျမ်းမျိုးစုံတို့ဖြင့်၊ အံဝင်အောင် လုံးစေ့ပတ်စေ့ရှင်းပြ၍၊ အဆုံးအဖြတ်ပေးထားသည်ကို တွေ့မြင်ရသောကြောင့်ဖြစ်ပေသည်၊ ဆေးပညာရှင်တို့နှင့် တကွ၊ ဆေးပညာကိုဝါသနာပါ၍ လေ့လာသူများအတွက် အလွန့်တန်ဘိုးရှိသော စာအုပ်ဖြစ်ကြောင်း၊ တွေ့ရှိရပေသည်။

သို့ပါ၍-မြန်မာဆေးပညာ - ကြီးပွားတိုးတက်ရေးအတွက် ဤဆေးကျမ်း ရေးသားပုံအတိုင်း အခြားသော ဆေးကျမ်းများကိုလည်း ဆက်လက် ရေးသားသွားပါမည့်အကြောင်း၊ ဆရာဦးသန်းလှိုင်အား ထပ်လောင်း၍-တိုက်တွန်း လိုက်ရပါသတည်း။

(ပုံ) ဦးမောင်ဘော

၃-၄-၆၂

တိုင်းရင်းဆေးအရာရှိနှင့်၊ မှတ်ပုံတင်အရာရှိ
တိုင်းရင်းဆေးပညာမြှင့်တင်ရေးရုံး
၂၇-လမ်း၊ ရန်ကုန်မြို့။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

# ဦးလူစ ( အထူးအရာရှိ ) ၏
# ထင်မြင်ချက်

ဗိန္ဒောဆေးပညာခေါ် အာယုဗ္ဗေဒ ဆေးပညာဖြင့်-သမားတဆူပြုမှု နေတော်မူကြသော - ဆေးဆရာကြီးများအားငှင်း၊ မြန်မာယဉ်ကျေးမှု တရင်ကိုထိမ်းသိမ်းသည့်အနေဖြင့် မြန်မာဆေးပညာကို လေ့လာလိုက်စားကြကုန်သော ဆေးသုတေသီ ပုဂ္ဂိုလ်တို့အားငှင်း၊ အာယုဗ္ဗေဒဆေးပညာကိုလေ့လာရန်အတွက် မည်သည့်ဆေးကျမ်းစာပေတို့ကို ဘတ်ရှုလေ့လာရပါမည်နည်းဟု မေးမြန်းသည့်အခါတိုင်းပင်၊ ဘေသဇ္ဇ မဉ္ဇူသာကျမ်းကို ငှင်းတို့ညွှန်ပြသည့် ကျမ်းများထည်းတွင် ထည့်သွင်းသွားခဲ့ကြသည်သာ ဖြစ်ချေသည်။

ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်းကား-ရှေး ရေးအာယုဗ္ဗေဒကျမ်းပေါင်း (၆၀) ကျော်မှ ထုတ်နှုတ်ကာ- မူလ **သောမဆရာတော်** စီရင်ရေးသားတော် မူခဲ့သည့် ကျမ်းကြီးဖြစ်သည်ဟု ကျွန်ုပ်တို့ ကြားသိရဘူးပေသည်။ အဆိုပါ ဘေသဇ္ဇမဉ္ဇူသာ ကျမ်းရင်းကို စီရင်တော်မူခဲ့သော မူလ **သောမဆရာတော်**ဘုရားသည်။ယခုခေတ်မြန်မာပြည် ဘွားတိုင်းရင်းသားမြန်မာတို့၏ စာပေဖြင့် ထိုကျမ်းကြီးကို စီရင်ရေးသား ထားခဲ့သည်မဟုတ်ရကား၊ ဘင်္ဂလီ၊ နာဂရီ၊ သက္ကဋ္ဌ ပါဠိအစရှိသော အိန္ဒိယနိုင်ငံသားတို့၏ ဘာသာစကားကိုမသိနားမလည်သောကျွန်ုပ်တို့အဘို့၊ မူလ သောမဆရာတော်ဘုရား ရေးသားထားခဲ့သည့် ကျမ်းရင်းကိုသုံးသပ်လေ့လာ ဘတ်ရှုရန် မတတ်စွမ်းကြပေ။

သို့ဖြစ်၍ပင်-မူလ သောမဆရာတော် စီရင်တော်မူခဲ့သော ဘေသဇ္ဇမဉ္ဇူသာကျမ်းကြီးကို- **ဘင်္ဂလား ဆရာတော်** သည်ငှင်း၊ **သက်ာရာမ ဆရာတော်**သည်ငှင်း မြန်မာဘာသာသို့ ပြန်ဆိုရေးသားတော်မူခဲ့ကြပေသည်။ ကျွန်ုပ်တို့ကဲ့သို့ ပညာမစေလောက်ငံ-မကုန်တံသော သူများမှာ ထိုဘာသာပြန် ဆေးကျမ်းများကိုပင် မှီငြမ်းတခု၊ အားကိုးပြု၍ လေ့လာ ဘတ်ရှုကြရကုန်တော့သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## (၁) ဦးလူစ ထင်မြင်ချက်။

ဘာသာပြန်ဆို ရေးသားတော်မူကြကုန်သော ထိုဆရာတော်ဘုရားများကား-ကျမ်းရင်းလာ စကားရပ်တို့ကို သိလွယ်အောင်ပင်၊ မြန်မာဘာသာသို့ ပြန်ဆို၍ သွားတော် မူကြကုန်၏။ သို့တစေဥာဏ် နုနယ်သော ကျွန်ုပ်တို့အဘို့၊ ထိုဘာသာပြန် ကျမ်းလာစကား အသုံးအနှုံးအချို့ကို မသိ နားမလည်နိုင် ဖြစ်ခဲ့သည်သာမက၊ ဆေးကုသ ရေးတွင် မည်သို့ဆက်စပ် ယူဆအသုံးချရမည်ကို ဥာဏ်ပတြာဖြန့်ရန် မလွယ်ကူ ရှိခဲ့ချေတော့သည်၊ သို့ကြောင့်၊ ဘာသာပြန် ဘေသဇ္ဇမဉ္ဇူသာကျမ်းကို အမိပ္ပါယ်ထင်မံဖွင့်ဆိုသည့် ကျမ်းတစောင်ပေါ်ထွက်ပါစေဟု ဘာသာပြန်ကျမ်းကို လေ့လာသည့်အခါမှ စ၍ပင် ဆုတောင်းမိခဲ့ပေသည်။

ယခုကားကျွန်ုပ်၏ အာသီသကိုဖြည့်စွမ်းသည့် အလား၊ မြန်မာပြည်တွင်ပရမတ္ထအလင်းပြဆေးပညာဂိုဏ်းကြီးကိုစတင်တည်ထောင်ခဲ့သည့် **ပရမတ္ထအလင်းပြ ကျမ်းပြု၊ နိုင်ငံကျော်ဆရာကြီး ဆရာသင်၏ သား ဆရာ ဦးသန်းလှိုင်** သည်၊ ထိုဘေသဇ္ဇမဉ္ဇူသာ ဘာသာပြန်ဆေးကျမ်းကြီးကိုဖွင့်ဆိုရာဖြစ်သော **ဘေသဇ္ဇမဉ္ဇူသာ အဓိပ္ပါယ်ကျမ်း**ကို၊ကျွန်ုပ်တို့ကဲ့သို့ ပညာကို လေ့လာလိုက်စားလျက် ရှိကြကုန်သော သုတေသီတို့အတွက် ရည်မှန်းကာ၊ မကျဉ်း မကျယ် သိလွယ်သောအဓိပ္ပါယ်တို့ဖြင့် ရေးသားဖွင့်ဆိုခဲ့လေပြီ။

၎င်း **ဦးသန်းလှိုင်** ဖွင့်ဆိုရေးသားသော **ဘေသဇ္ဇ မဉ္ဇူသာ အဓိပ္ပါယ်ကျမ်း**တွင်၊ မူလပ ရှိသော အဓိပ္ပါယ်တို့ကို မပျက်စေဘဲ၊ ဆေးကုသရာတွင် အသုံးချနိုင် စိမ့်သောငှာ၊ ယူဆသင့် ယူဆထိုက် ယူဆရာသော အချက်အလက်တို့ကို ထည့်သွင်း ရေးသားသည်ကို တွေ့ရသည့်ပြင်၊ အာယုဗ္ဗေဒ ဆေးပညာ၏ အခြေခံ ဖြစ်သော ဒေါသ (၃)ပါး၊ ဓာတ်(၇)ပါး၊ မလ(၁၂)ပါး အစရှိသည်တို့ကို ဒေသနာနည်းလာ တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ၊ အာကာသ၊ စသော ဓာတ်ကြီးများနှင့် ဝေဘန်နှိုင်းယှဉ် အံ ဝင်နိုင်သမျှ ဝင်အောင် ပိုင်းခြားယူဆ၍ ပြသသွားသည်ကိုလည်း တွေ့ရပေသေးသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## ဦးလူစ-ထင်မြင်ချက်။



နှိုင်းယှဉ်ချက် ဝေဘန်ချက်နှင့် ကျမ်းထွက်အဆို အမိန့်တို့ကို လက်တွေ့ပြုလုပ်၊ မှန်မမှန်စမ်းသတ်ချက် ရှိမှသာ-မြန်မာဆေး လောကကြီး တိုးတက်နိုင်မည်ဟု ယူဆချက်ရှိသော ကျွန်ုပ်အနေဖြင့်၊ အဓိပ္ပါယ်သက်ဆက်ကိုသာ ဖေါ်ပြခြင်းမျိုး မဟုတ်ဘဲ-ယူဆသင့် ယူဆရာ-နှိုင်းယှဉ်သင့်-နှိုင်းယှဉ်ရာနှင့် တကွ၊ အာယုဗ္ဗေဒ ဆေးပညာနှင့် ဒေသနာနည်းလာခေတ် ပညာတို့ကို အံ့ ဝင်နိုင်သမျှ ဝင်အောင် ပြဆိုသွားအပ်သော ဆရာ **ဦးသန်းလှိုင်** ပြုစုသည့် **ဗေဒသင်္ဂဟ မဉ္ဇူသာ** အဓိပ္ပါယ်ကျမ်းကို မြန်မာဆေးဆရာတိုင်း မြန်မာဆေးပညာ သုတေသီတိုင်း မြန်မာဆေးပညာကို လေ့လာလိုက်စား ဆည်းပူးလျက်ရှိကြသူတိုင်းနှင့် အထူးသဖြင့် မြန်မာဆေးပညာ စာမေးပွဲသို့ ဝင်ရောက် ဖြေဆိုလိုသူတိုင်း ဘတ်ရှုလေ့လာ ဉာဏ်ပတ္တျာ ဖြန့်ကြသင့်သည်ဟု ထင်မြင်ကြောင်း ရေးသားအပ်ပါသည်။

ပုံ/- လူစ
(၁၂-၄-၆၂)
အထူးအရာရှိ
တိုင်းရင်းဆေးပညာမြှင့်တင်ရေးရုံး
၂၇ လမ်း-ရန်ကုန်မြို့

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

မှတ်ပုံတင်အမှတ်(၀၂၇၃)
အိမ်နံပါတ်-၃၄-က၊
ရေတာရှည်လမ်းသစ်၊ ဗဟန်း-ရန်ကုန်မြို့၊
သဘာဝဓမ္မ ဆရာကြီး ဆရာသန်းက
တာဝန်ခံထုတ်ဝေ၍
မှတ်ပုံတင်အမှတ်(၀၁၁၆၀)
အမှတ် - ၇၈၊ ဝဇီရာ-ရောင်စုံပုံနှိပ်တိုက်၊ စက်ရုံလမ်း၊
သာယာကုန်း၊ ရန်ကုန်တွင်-ရိုက်နှိပ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

# နိဒါန်း။

“ ဘေသဇ္ဇ မဉ္ဇူသာ ”ဆေးကျမ်းကြီးကို၊ သီဟိုဠ်ကျွန်း၊ သိရိပရက္ကမဗာဟုမင်း လက်ထက်တွင်၊ ဓမ္မ ဒေါဏိမြို့၊ ဂဇကုဋ္ဋလိုဏ်၌ သီတင်းသုံး နေတော်မူသော “ မူလသောမ ” ဆရာတော်သည်၊ သာသနာတော်ထမ်း၊ ရဟန်းအချင်းချင်း-မကျန်းမမာဖြစ်၌ ဆေးဝါး ကုသနိုင်စေခြင်းငှါ၊ ကမ္ဘာ့တန်ဆာဆေးကျမ်းကြီးပေါင်း (၆၂) ကျမ်းတို့ကို အမှီကထား၍၊ အထူးထူးသော သောက်သည်ကရိန့်ဆေးကျမ်းကြီးများမှ၊ ဆိုင်ရာကိုထုတ်နုတ် အကျဉ်းချုပ်ကာ၊ အခန်းပေါင်း(၆၀)တို့ဖြင့်၊ ဝေဘန် ရေးသားတော်မူခဲ့ပေသည်။

“ မူလသောမ ” ဆရာတော်ဘုရားကြီး- ရေးသား စီရင်တော်မူခဲ့သော ၎င်း“ ဘေသဇ္ဇ မဉ္ဇူသာ ” ဆေးကျမ်းကြီးသည်၊ (၁၁၆၇)ခုနှစ်၊ ဘိုးတော်မင်းတရားကြီး လက်ထက်တွင်၊ သီဟိုဠ်မှ ဆက်သလိုက်သဖြင့်၊ မြန်မာနိုင်ငံသို့ရှေးဦးစွာရောက်ရှိလာခဲ့ပေသည်။ သို့ရောက်ရှိလာခဲ့သော်လည်း၊ တစုံတခုသော-မှီရာအဖွင့်ကိုမရရှိကြသဖြင့်၊ သီဟိုဠ်ဘာသာကျမ်းရင်းအတိုင်းသာလျှင်တည်ရှိလာခဲ့ပေသည်။ မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင်- မင်းတုန်း မင်းတရားကြီး လက်ထက်သို့ရောက်သောအခါ၊ သီဟိုဠ်ကျွန်း၊ ကဏ္ဍတိုင်းမြို့သား၊ ဓမ္မက္ခန္ဓ အမည်ရှိသော- သမားတော်ကြီးသည်၊

No. B.

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ရသာရတနာကရဆေးကျမ်း၊ ဘေသဇ္ဇကပ္ပဆေးကျမ်း တို့နှင့်တကွ ၎င်းဆေးကျမ်းတို့၏ ခဲရာခဲဆစ်တို့ကို ပြသော ဂဏ္ဌိပဒ္ဒကိုပါ၊ မင်းတရားကြီးအား ဆက်သရာ၊ အမရပူရ၊ ဘိုးတော်မင်းတရားကြီးလက်ထက်က၊ ဘာသာ မပြန်နိုင်ဘဲ ရှိနေသော **"ဘေသဇ္ဇမဉ္ဇူသာ"** ဆေးကျမ်းကြီးကို၊ သိပတိုဒ္ဓပါ-ဂဏ္ဌိပဒ္ဒကိုအမှီပြု၍၊ ဘာသာပြန်ဆိုရေးသားပါမည့်အကြောင်း၊ မင်းတရားကြီး လျှောက်ထား တောင်းပန်သဖြင့်၊ ၁၂၂၉-ခုနှစ်တွင်၊ **"လက်ဝဲရာမ ဆရာတော်"** ဘုရားကြီးသည်၊ "ဘေသဇ္ဇမဉ္ဇူသာ" ဆေးကျမ်းကြီးကို၊ ရှေးဦးစွာမြန်မာဘာသာ ပြန်ဆိုရေးသားတော်မူခဲ့ပေသည်။

ထို့နောက် - ပဉ္စမသင်္ဂါယနာတင်၊ မင်းတုန်းမင်း တရားကြီး၏တောင်နန်းစံ စကြာဒေဝီမိဖုရားကြီးသည်၊ ရှင်ဒါယကာ-ပဉ္စင်းဒါယကာ၊ ပစ္စည်းလေးပါးဒါယကာ ခံယူ၍၊ ထောက်ပန့်ချီးမြှောက်အပ်သော၊ **"ဗင်္ဂလား ဆရာတော် အရှင်ရဝိန္ဒ"** သည်၊ ၁၂၄၃-ခုနှစ်တွင်၊ မဇ္ဈိမ ဒေသဘုရားပွင့်တော်မူရာ၊ မဟာဗောဓိပင်သို့- အဖူးအမျှော်ကြွစဉ်၊ ဗာရာဏသီ၊ ပါဋလိပုတ်-စသောမြို့ကြီးတို့၌ ငါးနှစ်ခန့်မျှကြာအောင်လှည့်လည် သိတင်းသုံးတော်မူ၍၊ အဋ္ဌင်္ဂဟဒယဆေးကျမ်း၊ ဘာဝပ္ပကာသဆေးကျမ်း၊ စရကဆေးကျမ်း၊ သုသုတဆေးကျမ်း၊ အစရှိသော ဆေးကျမ်း အမျိုးမျိုးတို့ကို ယူဆောင်တော် မူကာ၊ ၁၂၄၇-ခုနှစ်၊ နတ္တော်လအတွင်း၊ မြန်မာ နိုင်ငံသို့ပြန်

လည်ကြွရောက်တော်မူခဲ့လေသည်။ ထိုသို့ မြန်မာနိုင်ငံတော်သို့ပြန်လည်ကြွရောက်တော်မူပြီးနောက် ရန်ကုန်မြို့ ရွှေတိဂုံ စေတီတော်ကြီး၏ အရှေ့ ကျောင်းတော်ရာတိုက်၌ သီတင်းသုံး နေတော်မူစဉ် "**ဘေသဇ္ဇ မဉ္ဇူသာ**" ဆေးကျမ်းကြီးကို မြန်မာဘာသာပြန်ဆိုရေးသားတော်မူခဲ့ပြန်လေသည်။

ထိုသို့ ဆရာတော်ကြီး နှစ်ပါးတို့ နှစ်ကြိမ် တိုင်တိုင် နိဿယပြန်ဆိုတော် မူခဲ့ကြသော်လည်း ယင်းနိဿယကျမ်းတို့သည် ဆိုလိုရင်းအဓိပ္ပါယ်တို့၏ နက်နဲခြင်း ရှေးခေတ်စာပေ အရေးအသား တို့ဖြင့် ရေးသား ထားခြင်းတို့ကြောင့် ယခုခေတ်ညာဏ်နုသူတို့ လေ့လာသင်ကြားရာ၌ အသင်ရ-အမှတ်ရ-ခက်ခဲလျက်ရှိပေသည်။ သို့ဖြစ်၍ ယခုခေတ်- မြန်မာဆေးပညာကို လိုက်စား ဆည်းပူးလျက်ရှိကြသူများနှင့် ဆေးသင်တန်း ကျောင်းသားများ၏ ဆေးပညာသင်ကြားရာ၌ လွယ်ကူစေခြင်း အကျိုးငှါ "**ပရမတ္ထအလင်းပြ ဆေးပညာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကျမ်းပြုဆရာကြီး-ဆရာသင်**" ၏သားဖြစ်သော ကွန်ပဆရာ "**ဦးသန်းလှိုင်**" သည် ဆရာတော်ကြီး နှစ်ပါး၏ နိဿယကျမ်းနှစ်စောင်ကို တိုက်ဆိုင်ညှိနှိုင်းလျက် ပါဠိမှ သက် မြန်မာဘာသာသက်သက်ဖြင့် အသိခက်အံ့သည်တို့ကို ရှင်းလင်း ဖွင့်ဆိုရာ ဖြစ်သော ဤ "**ဘေသဇ္ဇ မဉ္ဇူသာ**" **အဓိပ္ပါယ်ကျမ်း**" ကို စီရင်ရေးသား အပ်ပါသတည်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

ဆရာဦးသန်းလှိုင် - ပြုစုသော

# မာဓဝနိဒါန်း

## အဓိပ္ပါယ်ကျမ်း

ရိုက်နှိပ်နေပြီ　　　　　　　　အဘိုး ၅-ကျပ်။

အစိုးရ ဆေးစာမေးပွဲတွင်၊ ဖြေကြားရန် ပြဋ္ဌာန်းသတ်မှတ်လိုက်သော၊ဘေသဇ္ဇနယ ဆေးကျမ်းများအနက်၊ တကျမ်းအပါအဝင် ဖြစ်သည့်၊ မာဓဝနိဒါန်းဆေးကျမ်းကြီးကို၊ဆရာတိုင်းလွယ်ကူစွာ၊ လေ့လာမှတ်သားနိုင်စေခြင်းငှါ၊ ပါဠိမဘက်၊ မြန်မာဘာသာ သက်သက်ဖြင့်၊ ရေးသားထားသော ကျမ်းကြီးဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## အခန်း ( ၁ )

# အကြောင်းအရာ အညွှန်းစာရင်းကို ပြဆိုရာအပိုင်း။


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာနံပါတ် |
|---|---|---|---|
| ၁။ | အနာ ( ၂ ) ပါးကိုပြခြင်း။ | .... | ၁ |
| ၂။ | ကိုယ်အနာ ( ၂ ) ပါးကိုပြခြင်း။ | .... | ၂ |
| ၃။ | တနည်း။ ကိုယ်အနာ ( ၃ ) ပါးကိုပြခြင်း။ | .... | ၃ |
| ၄။ | ကိုယ်ခန္ဓာနှင့်၊ ရောဂါတို့၏ဖြစ်ကြောင်း။ | .... | ၄ |
| ၅။ | ဒေါသ ( ၃ ) ပါးသရုပ်။ | .... | ၄ |
| ၆။ | ဓာတ် ( ၇ ) ပါးသရုပ်။ | .... | ၄ |
| ၇။ | မလ ( ၁၂ ) ပါးသရုပ်။ | .... | ၅ |
| ၈။ | လေဒေါသအကြောင်း။ | .... | ၇ |
| ၉။ | လေ၏ဂုဏ် ( ၈ ) ပါး။ | .... | ၇ |
| ၁၀။ | လေ၏ကျေးဇူးပြုပုံ ( ၉ ) ပါး။ | .... | ၉ |
| ၁၁။ | လေ၏တည်ရာ ( ၆ ) ဌာန။ | .... | ၁၀ |
| ၁၂။ | လေမျိုး ( ၅ ) ပါး။ | .... | ၁၀ |
| ၁၃။ | ပါဏလေ၏ တည်ရာဌါနနှင့် အလုပ်ကိစ္စ။ | .... | ၁၁ |
| ၁၄။ | ဥဒါနလေ၏ တည်ရာဌါနနှင့် အလုပ်ကိစ္စ။ | .... | ၁၂ |
| ၁၅။ | ဗျာနလေ၏ တည်ရာဌါနနှင့် အလုပ်ကိစ္စ။ | .... | ၁၃ |
| ၁၆။ | သမာနလေ၏ တည်ရာဌါနနှင့် အလုပ်ကိစ္စ။ | .... | ၁၃ |
| ၁၇။ | အပါနလေ၏ တည်ရာဌါနနှင့် အလုပ်ကိစ္စ။ | .... | ၁၄ |
| ၁၈။ | သည်းခြေဒေါသအကြောင်း။ | .... | ၁၅ |
| ၁၉။ | သည်းခြေ၏ဂုဏ် ( ၁၁ ) ပါး။ | .... | ၁၅ |
| ၂၀။ | သည်းခြေ၏ ကျေးဇူးပြုပုံ ( ၁၀ ) ပါး။ | .... | ၁၇ |
| ၂၁။ | သည်းခြေ၏ တည်ရာ ( ၈ ) ဌာန။ | .... | ၁၈ |
| ၂၂။ | သည်းခြေမျိုး ( ၅ ) ပါး။ | .... | ၁၈ |
| ၂၃။ | ပါစကသည်းခြေ၏ တည်ရာဌာနနှင့် အလုပ်ကိစ္စ | .... | ၁၉ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၂၄။ | ရဇ္ဇုကသည်းခြေ၏ တည်ရာဌာနနှင့် အလုပ်ကိစ္စ .... | ၂၀ |
| ၂၅။ | သာဓကသည်းခြေ၏ တည်ရာဌာနနှင့် အလုပ်ကိစ္စ .... | ၂၂ |
| ၂၆။ | လောစကသည်းခြေ၏ တည်ရာဌာနနှင့်အလုပ်ကိစ္စ.... | ၂၄ |
| ၂၇။ | ဘာဇကသည်းခြေ၏ တည်ရာဌာနနှင့် အလုပ်ကိစ္စ.... | ၂၅ |
| ၂၈။ | သလိပ်ဒေါသအကြောင်း။ .... | ၂၅ |
| ၂၉။ | သလိပ်၏ ဂုဏ် (၉) ပါး။ .... | ၂၆ |
| ၃၀။ | သလိပ်၏ ကျေးဇူးပြုပုံ (၉) ပါး။ .... | ၂၇ |
| ၃၁။ | သလိပ်၏တည်ရာ (၁၀) ဌာန။ .... | ၂၈ |
| ၃၂။ | သလိပ်မျိုး (၅) ပါး။ .... | ၂၉ |
| ၃၃။ | အဝလမ္ဗကသလိပ်၏တည်ရာဌာနနှင့် အလုပ်ကိစ္စ .... | ၃၀ |
| ၃၄။ | ကိလေဒကသလိပ်၏ တည်ရာဌာနနှင့် အလုပ်ကိစ္စ.... | ၃၀ |
| ၃၅။ | ဗောဓကသလိပ်၏ တည်ရာဌာနနှင့် အလုပ်ကိစ္စ .... | ၃၁ |
| ၃၆။ | တပ္ပကသလိပ်၏ တည်ရာဌာနနှင့် အလုပ်ကိစ္စ။ .... | ၃၁ |
| ၃၇။ | သိလေသကသလိပ်၏ တည်ရာဌာနနှင့် အလုပ်ကိစ္စ .... | ၃၂ |
| ၃၈။ | စားလိုက်သောအစာတို့မှ၊ ဓာတ် (၇) ပါး ဖြစ်လာပုံအကြောင်း။ .... | ၃၃ |
| ၃၉။ | ရသရည်မှ သွေးဖြစ်လာပုံ။ .... | ၃၇ |
| ၄၀။ | သွေးမှ၊ အသားဖြစ်လာပုံ။ .... | ၃၇ |
| ၄၁။ | အသားမှ၊ အဆီခဲဖြစ်လာပုံ။ .... | ၃၈ |
| ၄၂။ | အဆီခဲမှ အရိုးဖြစ်လာပုံ။ .... | ၃၉ |
| ၄၃။ | အရိုးမှ၊ ခြင်ဆီဖြစ်လာပုံ။ .... | ၃၉ |
| ၄၄။ | ခြင်ဆီမှ၊ သုက်ဓာတ်ဖြစ်လာပုံ။ .... | ၄၀ |
| ၄၅။ | ကိုယ်ခန္ဓာအား ဓာတ် (၇) ပါးတို့ ဆောင်ရွက်ပုံ။ .... | ၄၁ |
| ၄၆။ | ဓာတ် (၇) ပါးမှ၊ မလထွက်ပုံ။ ... | ၄၃ |
| ၄၇။ | ကိုယ်ခန္ဓာအား၊ မလတို့ ကျေးဇူးပြုပုံ။ .... | ၄၄ |
| ၄၈။ | ဥတုအလျောက်၊ ဒေါသတို့ ဘောက်ပြန်ခြင်းအကြောင်း။ | ၄၆ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



# မာတိကာ။


| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၄၉။ | ဥတု (၆) ပါးယှူပုံ။ | ၄၇ |
| ၅၀။ | ဘာဝပ္ပကာသကျမ်းအလို-ရတု (၆) ပါးယူပုံ။ | ၄၇ |
| ၅၁။ | မာဂဓအဘိဓာန်ကျမ်းအလို-ရတု (၆) ပါးယှူပုံ။ | ၄၈ |
| ၅၂။ | ရတုအသီးသီးတို့၏ ဂုဏ်များကိုပြခြင်း။ | ၅၀ |
| ၅၃။ | ဝသန္တရတု၏ ဂုဏ် (၅) ပါး။ | ၅၀ |
| ၅၄။ | ဂိမှရတု၏ဂုဏ် (၆) ပါး။ | ၅၁ |
| ၅၅။ | ဝဿာနရတု၏ ဂုဏ် (၄) ပါး။ | ၅၁ |
| ၅၆။ | သရဒရတု၏ ဂုဏ် (၆) ပါး။ | ၅၂ |
| ၅၇။ | ဟေမရတု၏ဂုဏ် (၄) ပါး။ | ၅၂ |
| ၅၈။ | သိသိရရတု၏ ဂုဏ် (၅) ပါး။ | ၅၂ |
| ၅၉။ | ရတုအလိုက် ဒေါသ (၃) ပါး၊ငုပ်၊ပျက်၊ငြိမ်ဝပ်ပုံ။ | ၅၃ |
| ၆၀။ | ဒေါသ (၃) ပါးမပျက်နိုင်သောရတု (၃) ပါး။ | ၅၄ |
| ၆၁။ | ဒေါသ (၃) ပါးတို့၊ ငုပ်၊ပျက်၊ငြိမ်ဝပ်စေတတ်သော၊ ဆေးအစာများ။ | ၅၆ |
| ၆၂။ | ရတု (၆) ပါးတို့၌၊ ရှောင်ကြဉ်ရန်နှင့် လိုက်နာစားသောက်ရန်များ။ | ၅၇ |
| ၆၃။ | ရတု (၆) ပါးအလိုက်-သုံးဆောင်ရာသောဆေးများ။ | ၆၀ |
| ၆၄။ | ရတုအလျောက်-ပျက်သော ဒေါသတို့ကို နှိမ်နင်းပုံ။ | ၆၁ |
| ၆၅။ | အရွယ်အလိုက် အနာဖြစ်တတ်ပုံ။ | ၆၂ |
| ၆၆။ | အချိန်အလိုက် ဒေါသ (၃) ပါးပျက်ပုံ။ | ၆၂ |
| ၆၇။ | ထမင်းစားသောအခါ၌- ဒေါသ (၃) ပါး ပျက်ပုံ။ | ၆၃ |
| ၆၈။ | စယ၊ကောပ၊ သမတို့အကြောင်း။ | ၆၄ |
| ၆၉။ | ဒေါသ၊ဓာတ်၊မလဘို့ ပွားများရခြင်းအကြောင်း။ | ၆၆ |
| ၇၀။ | ဒေါသ၊ ဓာတ်၊ မလတို့ ခမ်းခြောက်ရခြင်း အကြောင်း။ | ၆၉ |
| ၇၁။ | ဒေါသ (၃) ပါး ခမ်းခြောက်ပုံကိုပြခြင်း။ | ၇၂ |
| ၇၂။ | လေခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၂ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်




| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၇၃။ | သည်းခြေခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၃ |
| ၇၄။ | သလိပ်ခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၃ |
| ၇၅။ | ဓာတ်(၇)ပါး ခမ်းခြောက်ပုံကို ပြခြင်း။ | ၇၄ |
| ၇၆။ | ရသဓာတ်ခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၄ |
| ၇၇။ | သွေးဓာတ်ခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၅ |
| ၇၈။ | အသားဓာတ် ခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၅ |
| ၇၉။ | အဆီဓာတ် ခမ်းခြောက်ပုံလက္ခဏာများ။ | ၇၅ |
| ၈၀။ | အရိုးဓာတ်ခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၆ |
| ၈၁။ | ခြင်ဆီဓာတ်ခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၆ |
| ၈၂။ | သုက်ဓာတ် ခမ်းခြောက်ပုံ လက္ခဏာများ | ၇၇ |
| ၈၃။ | ဩဇာဓာတ်ခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၇ |
| ၈၄။ | မလတို့ ခမ်းခြောက်ပုံကိုပြခြင်း။ | ၇၈ |
| ၈၅။ | ကျင်ကြီးခမ်းခြောက်ပုံလက္ခဏာများ။ | ၇၈ |
| ၈၆။ | ကျင်ငယ် ခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၉ |
| ၈၇။ | ချွေးခမ်းခြောက်ပုံ လက္ခဏာများ။ | ၇၉ |
| ၈၈။ | မလငယ်များခမ်းခြောက်ပုံ လက္ခဏာ။ | ၈၀ |
| ၈၉။ | ဒေါသ(၃)ပါး ပွားများပုံကိုပြခြင်း။ | ၈၀ |
| ၉၀။ | လေပွားများပုံ လက္ခဏာများ။ | ၈၀ |
| ၉၁။ | သည်းခြေပွားများပုံ လက္ခဏာများ။ | ၈၁ |
| ၉၂။ | သလိပ်ပွားများပုံ လက္ခဏာများ။ | ၈၂ |
| ၉၃။ | ဓာတ်(၇)ပါး ပွားများပုံကိုပြခြင်း။ | ၈၃ |
| ၉၄။ | ရသဓာတ်ပွားများပုံလက္ခဏာများ။ | ၈၃ |
| ၉၅။ | သွေးဓာတ်ပွားများပုံ လက္ခဏာများ။ | ၈၄ |
| ၉၆။ | အသားဓာတ်ပွားများပုံ လက္ခဏာများ။ | ၈၅ |
| ၉၇။ | အဆီဓာတ်ပွားများပုံ လက္ခဏာများ။ | ၈၅ |
| ၉၈။ | အရိုးဓာတ်ပွားများပုံ လက္ခဏာများ။ | ၈၆ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဦးရေ　အကြောင်းအရာ　စာမျက်နှာနံပါတ်


၉၉။ ခြင်ဆီဓာတ်ပွားများပုံ လက္ခဏာများ။ .... ၈၆
၁၀၀။ သုက်ဓာတ်ပွားများပုံ လက္ခဏာများ။ .... ၈၇
၁၀၁။ သြဇာဓာတ်ပွားများပုံ လက္ခဏာများ။ .... ၈၇
၁၀၂။ မလတို့ပွားများပုံကိုပြခြင်း။ .... ၈၇
၁၀၃။ ကျင်ကြီးပွားများပုံ လက္ခဏာများ။ .... ၈၇
၁၀၄။ ကျင်ငယ်ပွားများပုံ လက္ခဏာများ။ .... ၈၈
၁၀၅။ ချွေးပွားများပုံ လက္ခဏာများ။ .... ၈၈
၁၀၆။ မလငယ်တို့ပွားများပုံ လက္ခဏာ။ .... ၈၈
၁၀၇။ ဒေါသ၊ဓာတ်၊မလတို့ကိုကုသရာ၌၊ဌာနီ၊ဌာန-ဆက်စပ်ပုံ။ ၈၉
၁၀၈။ ဒေါသ၊ ဓာတ်၊ မလတို့၊ ခမ်းခြောက်-ပွားများရာ၌
ခွဲခြားကုသနည်း။ .... ၉၁
၁၀၉။ ၎င်းကုသနည်း ရှင်းလင်းချက်။ .... ၉၂
၁၁၀။ အထူးကုသရာသော-ဒေါသ-ဓာတ်-မလများ၊ .... ၉၃
၁၁၁။ ဝမ်းမီးကြောင့်၊ ဓာတ် (၇) ပါးတို့ ဘောက်ပြန်ရပုံ၊ ၉၅
၁၁၂။ မကျက်သော ရသဓာတ်နှင့်ယှဉ်၍၊
မလတို့ဘောက်ပြန်ပုံ လက္ခဏာများ၊ .... ၉၇
၁၁၃။ ဒေါသ (၃) ပါးကြောင့် ဝမ်းမီးနှင့်အစာအိမ်
ဘောက်ပြန်ပုံ။ .... ၉၈
၁၁၄။ ဝမ်းမီးကို-ကုသရန်နည်းလမ်း။ .... ၉၈
၁၁၅။ အစာအိမ်ကိုရှင်းလင်းရန် နည်းလမ်း။ .... ၉၉
၁၁၆။ အကျဉ်းအားဖြင့် ဆေး (၂) မျိုး၊ .... ၉၉
၁၁၇။ ဒေါသ (၃) ပါးတို့ကို၊ ကုသရာသောနည်းအကျဉ်း။ ၁၀၀
၁၁၈။ လေကိုကုသရာသော နည်းအကျယ်။ .... ၁၀၁
၁၁၉။ သည်းခြေကို ကုသရာသော နည်းအကျယ်။ .... ၁၀၂
၁၂၀။ သလိပ်ကိုကုသရာသော နည်းအကျယ်။ .... ၁၀၃
၁၂၁။ ကုသရာ၌ သတိပြုရန်။ .... ၁၀၄

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဦးရေ အကြောင်းအရာ စာမျက်နှာနံပါတ်


၁၂၂။ အာမခေါ်-မကြေကျက်သော ရသဓာတ်အကြောင်း။ ၁၀၅
၁၂၃။ ဆေးသွင်းရာသော အပေါက်များ။ .... ၁၀၇
၁၂၄။ ပကတိခေါ် ကဲလွန်ခြင်းအကြောင်း။ .... ၁၀၇
၁၂၅။ ကဲလွန်ခြင်း (၉) မျိုး။ .... ၁၀၈
၁၂၆။ တနည်းကဲလွန်ခြင်း (၇) မျိုး။ .... ၁၀၉
၁၂၇။ လေကဲလွန်ခြင်း၏ လက္ခဏာများ။ .... ၁၁၀
၁၂၈။ လေကဲလွန်သောပုဂ္ဂိုလ်တို့၏ တူရာသတ္တဝါများ။ .... ၁၁၂
၁၂၉။ သည်းခြေကဲလွန်ခြင်း၏ လက္ခဏာများ။ .... ၁၁၃
၁၃၀။ သည်းခြေကဲလွန်သော ပုဂ္ဂိုလ်တို့၏ တူရာသတ္တဝါများ။ ၁၁၅
၁၃၁။ သလိပ်ကဲလွန်ခြင်း၏ လက္ခဏာများ။ .... ၁၁၅
၁၃၂။ သလိပ်ကဲလွန်သောပုဂ္ဂိုလ်တို့၏ တူရာသတ္တဝါများ။ ၁၁၇
၁၃၃။ မရေတွက်နိုင်သော၊ ဒေါသ၊ ဓါတ်၊ မလတို့ အကြောင်း။ ၁၁၈


အကြောင်းအရာအမှုပွတ်ကို ပြဆိုရာအပိုင်းဖြစ်သော
အခန်း (၁) ပြီး၏။

---

## အခန်း (၂)

## ဆေး၏ရသာစသည်တို့ကို ပြဆိုရာအပိုင်း

ဦးရေ အကြောင်းအရာ စာမျက်နှာနံပါတ်


၁။ ရသာအကြောင်း။ .... ၁၂၉
၂။ ရသာ (၆) ပါး။ .... ၁၂၉
၃။ ဓာတ်ကြီး (၅) ပါးကြောင့် ရသာ (၆) ပါးဖြစ်လာရပုံ။ ၁၃၀

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မာတိကာ။

| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၄။ | ရသာ (၆) ပါးတို့ အကျိုးသွားအကျဉ်း။ | .... ၁၃၂ |
| ၅။ | ရသာ (၆) ပါးတို့၏ အကျိုးသွားအကျယ်။ | .... ၁၃၂ |
| ၆။ | ချိုဆိမ့်ရသာ၏ အကျိုးသွား။ | .... ၁၃၂ |
| ၇။ | ချဉ်သောရသာ၏ အကျိုးသွား။ | .... ၁၃၅ |
| ၈။ | ငန်သော ရသာ၏ အကျိုးသွား။ | .... ၁၃၆ |
| ၉။ | စပ်သော ရသာ၏ အကျိုးသွား။ | .... ၁၃၇ |
| ၁၀။ | ခါးသောရသာ၏အကျိုးသွား။ | .... ၁၃၈ |
| ၁၁။ | ဖန်သော ရသာ၏ အကျိုးသွား။ | .... ၁၃၉ |
| ၁၂။ | ရသာ (၆) ပါး အသီးသီးတို့၏ ဂိုဏ်းတို့ကိုပြဆိုခြင်း။ | .... ၁၄၁ |
| ၁၃။ | မဓုရဂိုဏ်း၊ ချိုဆိမ့်ရသာရှိသော ပစ္စည်းစုများ။ | .... ၁၄၁ |
| ၁၄။ | အမ္ဗိလဂိုဏ်း၊ အချဉ်ရသာရှိသော ပစ္စည်းစုများ။ | .... ၁၄၂ |
| ၁၅။ | လဝဏဂိုဏ်း၊ အငန် ရသာရှိသောပစ္စည်းစုများ။ | .... ၁၄၂ |
| ၁၆။ | တိတ္တရဂိုဏ်း၊ အခါးရသာရှိသော ပစ္စည်းစုများ။ | .... ၁၄၂ |
| ၁၇။ | ကဋုကဂိုဏ်း၊ အစပ်ရသာရှိသောပစ္စည်းစုများ။ | .... ၁၄၃ |
| ၁၈။ | ကသာဂိုဏ်း၊ အဖန်ရသာရှိသော ပစ္စည်းစုများ။ | .... ၁၄၃ |
| ၁၉။ | အအေးပိုင်းဆိုင်ရာ-အချိုရသာကဲလွန်သောပစ္စည်းစုများ။ | ၁၄၄ |
| ၂၀။ | အပူပိုင်းဆိုင်ရာ-အချိုရသာကဲလွန်သောပစ္စည်းစုများ။ | ၁၄၄ |
| ၂၁။ | အအေးပိုင်းဆိုင်ရာ-အဆိမ့်ရသာကဲလွန်သောပစ္စည်းစုများ | ၁၄၄ |
| ၂၂။ | အပူပိုင်းဆိုင်ရာ-အဆိမ့်ရသာကဲလွန်သောပစ္စည်းစုများ။ | ၁၄၅ |
| ၂၃။ | အအေးပိုင်းဆိုင်ရာ-အချဉ်ရသာကဲလွန်သောပစ္စည်းစုများ။ | ၁၄၅ |
| ၂၄။ | အအေးပိုင်းဆိုင်ရာ-အငန်ရသာကဲလွန်သောပစ္စည်းစုများ။ | ၁၄၆ |
| ၂၅။ | အပူပိုင်းဆိုင်ရာ-အစပ်ရသာကဲလွန်သောပစ္စည်းစုများ။ | ၁၄၆ |
| ၂၆။ | အအေးပိုင်းဆိုင်ရာ-အခါးရသာကဲလွန်သောပစ္စည်းစုများ။ | ၁၄၇ |
| ၂၇။ | အပူပိုင်းဆိုင်ရာ-အခါးရသာကဲလွန်သောပစ္စည်းစုများ။ | ၁၄၇ |
| ၂၈။ | အအေးပိုင်းဆိုင်ရာ-အဖန်ရသာကဲလွန်သောပစ္စည်းစုများ။ | ၁၄၈ |
| ၂၉။ | အပူပိုင်းဆိုင်ရာ-အဖန်ရသာကဲလွန်သောပစ္စည်းစုများ။ | ၁၄၉ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



# မာတိကာ။

**ဦးရေ　　အကြောင်းအရာ　　စာမျက်နှာနံပါတ်**


၃၀။ ဂိုဏ်းအသီးသီးတို့၏ အကျိုးသွားများ။ .... ၁၄၉
၃၁။ ရသာ (၆) ပါးကို၊ ဝိရိယ၊ ဂုဏ်အားဖြင့် ဝေဘန်ပုံ။ .... ၁၅၀
၃၂။ ရသာ (၆) ပါး အကျယ်ပွားပုံ။ .... ၁၅၁
၃၃။ ဝိပါက-ခေါ်-ကျက်ခြင်းအကြောင်း။ .... ၁၅၇
၃၄။ ကျက်ခြင်း (၃) မျိုး။ .... ၁၅၇
၃၅။ ရသာ (၆) ပါးပြောင်းလဲ၍ကျက်ပုံ။ .... ၁၅၇
၃၆။ ထူးခြားသော ကျက်ခြင်းများ။ .... ၁၅၈
၃၇။ ကျက်ပြီးသော ရသာတို့၏ အကျိုးသွား။ .... ၁၅၉
၃၈။ ဆေးတို့၏ ဂုဏ်အကြောင်း။ .... ၁၅၉
၃၉။ ဆေးဂုဏ် (၂၀) ကိုပြခြင်း။ .... ၁၆၀
၄၀။ ပထဝီဓာတ် ကဲလွန်သောဆေးများ။ .... ၁၆၆
၄၁။ အာပေါဓာတ် ကဲလွန်သောဆေးများ။ .... ၁၆၇
၄၂။ တေဇောဓာတ် ကဲလွန်သောဆေးများ။ .... ၁၆၇
၄၃။ ဝါယောဓာတ် ကဲလွန်သောဆေးများ။ .... ၁၆၈
၄၄။ အာကာသဓာတ် ကဲလွန်သောဆေးများ။ .... ၁၆၉
၄၅။ ဓာတ်ကြီး (၅) ပါး၏ဂုဏ်အကျဉ်း။ .... ၁၆၉
၄၆။ ဓာတ်ကြီး (၅) ပါးဂုဏ်တို့၏အကျိုး။ .... ၁၇၀
၄၇။ တွဲစပ်သောဓာတ်ကြီး (၅) ပါးဂုဏ်တို့၏အကျိုး။ .... ၁၇၁
၄၈။ ဓာတ်ကြီး (၅) ပါး ဂုဏ်ဘို့ကို၊ အတက် အသက် ဝေဘန်ပုံ။ .... ၁၇၂
၄၉။ ဝိရိယအကြောင်း။ .... ၁၇၂
၅၀။ ဝိရိယ (၈) ပါးသရုပ်။ .... ၁၇၃
၅၁။ တနည်း၊ ဝိရိယ (၂) မျိုး။ .... ၁၇၄
၅၂။ သီတဝိရိယ၏အကျိုးသွား။ .... ၁၇၄
၅၃။ ဥဏှဝိရိယ၏အကျိုးသွား။ .... ၁၇၅
၅၄။ ဝိရိယ (၈) ပါးကို၊ ဓာတ်ကြီး (၅) ပါးဖြင့်ဝေဘန်ပုံ။ ၁၇၆

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်




| ဦးရေ | အကြောင်းအရာ | စာမျက်နှာနံပါတ် |
|---|---|---|
| ၅၅။ | ဝီရိယတို့၏-ဒေါသ (၃) ပါးအားနိုင်ပုံ။ | ၁၇၆ |
| ၅၆။ | ဝီရိယ (၈) ပါးကို သိနိုင်သောနည်း။ | ၁၇၇ |
| ၅၇။ | ဝီရိယ၏ ပဓာနဖြစ်ပုံ။ | ၁၇၈ |
| ၅၈။ | ပဘာဝအကြောင်း။ | ၁၇၈ |
| ၅၉။ | ပဘာဝ (၂၆) မျိုး။ | ၁၈၀ |
| ၆၀။ | ဆေး၏သဘော (၅) မျိုးတို့ကို ဝေဘန်ပြခြင်း။ | ၁၈၆ |
| ၆၁။ | သုဿုတကျမ်းလာဆေး၏ကိစ္စ (၁၉) ပါး။ | ၁၈၇ |
| ၆၂။ | ဆေးကုရာ၌ ဆင်ခြင်ရန် (၁၁) ပါးအကြောင်း။ | ၁၈၈ |
| ၆၃။ | ကာလခေါ်-အခါကာလအကြောင်း။ | ၁၈၉ |
| ၆၄။ | ဒေသခေါ်-အရပ်ဒေသအကြောင်း။ | ၁၉၁ |
| ၆၅။ | ဝယခေါ်-အရွယ်အကြောင်း။ | ၁၉၄ |
| ၆၆။ | ဒေဟခေါ်-ကိုယ်ကာယအကြောင်း။ | ၁၉၆ |
| ၆၇။ | ဗလခေါ်-ခွန်အားဗလအကြောင်း။ | ၁၉၆ |
| ၆၈။ | ဝလွန်းခြင်း၏အပြစ်များ။ | ၁၉၇ |
| ၆၉။ | ဝသောသူကို ပိန်အောင် ပြုလုပ်နည်းများ။ | ၁၉၇ |
| ၇၀။ | စကြပါဏိဒတ္တကျမ်းလာ၊ ပိန်စေတတ်သောနည်းများ။ | ၁၉၈ |
| ၇၁။ | စရကကျမ်းလာ၊ ပိန်စေတတ်သောနည်းများ။ | ၁၉၉ |
| ၇၂။ | ပိန်စေတတ်သောဆေးများ။ | ၂၀၀ |
| ၇၃။ | ပိန်သောသူကို-ဝအောင်ပြုလုပ်နည်း။ | ၂၀၁ |
| ၇၄။ | စရကကျမ်းလာ၊ ဝစေတတ်သောနည်းများ။ | ၂၀၁ |
| ၇၅။ | သတ္တခေါ်-သတ္တဂုဏ်အကြောင်း။ | ၂၀၂ |
| ၇၆။ | သာတ္မျအကြောင်း။ | ၂၀၃ |
| ၇၇။ | ရောဂါပျောက်ကြောင်းအင်္ဂါ (၄) ပါး။ | ၂၀၄ |
| ၇၈။ | သမားတို့သိအပ်သောအကြောင်း (၆) ပါး။ | ၂၀၅ |
| ၇၉။ | သမားအင်္ဂါ (၄) ပါး။ | ၂၀၇ |
| ၈၀။ | ဘာဝပ္ပကာသကျမ်းအလို၊ သမားအင်္ဂါ (၁၂) ပါး။ | ၂၀၇ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်




ဦးရေ အကြောင်းအရာ စာမျက်နှာနံပါတ်

၈၁။ ဘာဝပ္ပကာသကျမ်းအလို၊ သမားယုတ် (၅) ဦး၊ .... ၂၀၈

၈၂။ ဆေး၏အင်္ဂါ (၄) ပါး။ .... ၂၀၉

၈၃။ သူနာပြုအင်္ဂါ (၄) ပါး။ .... ၂၀၉

၈၄။ ဘာဝပ္ပကာသကျမ်းအလို၊ သူနာပြုအင်္ဂါ (၆) ပါး။ .... ၂၁၀

၈၅။ အင်္ဂုတ္တိုရ်ပါဠိတော်လာ၊ သူနာပြုအင်္ဂါ (၅) ပါး၊ ၂၁၀

၈၆။ ကုသင့်ထိုက်သောသူနာ၏အင်္ဂါ (၄) ပါး။ .... ၂၁၁

၈၇။ စရကကျမ်းအလို၊ ကုသထိုက်သောသူနာ၏အင်္ဂါ (၄) ပါး။ ၂၁၁

၈၈။ ဘာဝပ္ပကာသ ကျမ်းအလို၊ ဆေးမကုထိုက်သော၊ သူနာ (၁၄) ဦး။ .... ၂၁၂

၈၉။ အင်္ဂုတ္တိုရ်ပါဠိတော်လာ၊ မကုထိုက်သော သူနာ၏ အင်္ဂါ (၅) ပါး။ .... ၂၁၃

၉၀။ ဆေးဆရာတို့ရွတ်ဆိုမန်းမှုတ်ရာသော-မန္တာန်။ .... ၂၁၄


ဆေး၏ရသာစသည့်တို့ကို ပြဆိုရာ အပိုင်းဖြစ်သော

**အခန်း (၂) ပြီး၏။**

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

# ပဏာမ။

ကျွန်ုပ်သည် လောကတို့ထက် မြတ်သော ကုစားခြင်းငှါ- ခက်ခဲလှသော စိတ်အနာတို့ကို လွန်စွာ ကုစားနိုင်သဖြင့်၊ သမားတော်တို့၏အထွဋ်လည်း ဖြစ်တော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးအားဦးညွှတ်ပါ၏။

အားထုတ်သူတို့၌-အချိန်အခါမရွေး-ဒိဋ္ဌခံစားအပ်သော လောဘမီး၊ ဒေါသမီး၊မောဟမီး-စသောမီးအပေါင်းတို့ကိုလည်း- လွန်စွာငြိမ်းအေးစေနိုင်ထသော မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူအပ်သောတရားတော်မြတ်အားဦး။

လောက၌ ကောင်းမှုအပေါင်းတို့အား၊ စိုက်ပျိုးကြဲချရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူသော မြတ်သောအလှူကိုလည်း ခံယူတော်မူထိုက်သော၊ ပရမတ္ထသံဃာ၊ သမုတိ သံဃာတော်မြတ်တို့အားဦး။

ငယ်စဉ်တောင်ကျေး၊ အကလေးဘဝကစ၍၊ မွေးကျွေးသုတ်သင်ပြုပြင်ဆုံးမလာခဲ့သဖြင့်၊ မြင့်မိုရ်တောင်ထု၊ နှိုင်းတုမရ၊ ဂုဏ်ကျေးဇူးကြီးမားလှသော အမိ-ဒေါ်အုံးသက်၊ အဘ-ဆရာကြီး ဆရာသင်တို့အားဦး။

ကျွန်ုပ်အား-မီးရှူးတန်ဆောင်သဘွယ်၊ အမိုက်ကို ပယ်ဖျောက်၍ လောကီ-လောကုတ္တရာ၊ နှစ်ဖြာသော အလင်းရောင်ကို ပေးတော်မူခဲ့ရှာသော၊ ဆရာသခင်-ကျေးဇူးရှင် အဘဆရာကြီး ဆရာသင်အားဦး။ ရိုသေစွာရှိခိုးပါ၏။

ထိုသို့ရှိခိုးပြီး၍၊မြန်မာဆေးပညာကို လိုက်စားဆည်းပူးလျက် ရှိကြသူများနှင့်၊ ဆေးသင်တန်း ကျောင်းသားများ၏ ဆေးပညာ သင်ကြားရာ၌၊ကူယ်ကူစေခြင်းအကျိုးငှါ၊ ''ဘေသဇ္ဇမဉ္ဇူသာ အဓိပ္ပါယ်ကျမ်း'' ကို စတင်ရေးသားပေတော့အံ့သတည်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## အခန်း (၁)။

# အကြောင်းအရာ အဋ္ဌုပ္ပတ္တိကို၊ ပြဆိုရာအပိုင်း။

---

### အနာ (၂) ပါးကိုပြခြင်း။

ဤလောက၌၊ ဖြစ်ပွားပေါ်ပေါက် နေကြသမျှသော၊ အနာရောဂါတို့သည်။

(၁) စိတ်၌ဖြစ်သောအနာ။

(၂) ကိုယ်၌ဖြစ်သောအနာ။

ဟူ၍ အကျဉ်းအားဖြင့်၊ နှစ်ပါးသာလျှင်ရှိပေသည်၊ ထိုနှစ်ပါးတို့တွင်—

(၁) လောဘ၊ ဒေါသ၊ မောဟ အစရှိသော၊ အကုသိုလ် တရားတို့သည်၊ စိတ်၏ ညစ်ညူးရာ - ညစ်ညူးကြောင်းဖြစ်သောကြောင့်၊ စိတ်၌ဖြစ်သောအနာ၊ (ဝါ) စိတ်အနာဟု ခေါ် ဆိုရပေသည်။

(၂) ဖျားနာ၊ နူနာ၊ အစရှိကုန်သော အထူးထူးသော အနာရောဂါတို့သည်ကား၊ ခန္ဓာကိုယ်တွင် ဖြစ်ပွားကြသောကြောင့်၊ ကိုယ်၌ဖြစ်သော အနာ (ဝါ)၊ ကိုယ်အနာဟု ခေါ် ဆိုရပေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ထိုသို့ အနာနှစ်ပါး ရှိသည့်အနက် (၁) စိတ်၌ဖြစ်သော အနာအား– ကုသရာ ကုသနည်းတို့ကို မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ပိဋကတ်သုံးပုံ၌ ဟောကြားတော်မူခဲ့ပြီး ဖြစ်ရာ (၂) ကိုယ်၌ ဖြစ်ပွားသော အနာတို့၏ ကုစားရာ ကုစားနည်းတို့ကိုသာလျှင်၊ ဤကျမ်းတွင် ဖေါ်ပြမည် ဖြစ်ပေသတည်း။

## ကိုယ်အနာ (၂)ပါးကို ပြခြင်း

ဝါဘဋ္ဋဆေးကျမ်း၌ကား–

(၁) သဘာဝိကအနာ။

(၂) အာဂန္တုကအနာ။

ဟူ၍အကျဉ်းအားဖြင့်၊ အနာနှစ်ပါး ပြဆိုပေသည်။ ထိုနှစ်ပါးတို့တွင်–

(၁) ခန္ဓာကိုယ်တို့၏ သဘောအားဖြင့် ဖြစ်တတ်သော မွတ်သိပ်ဆာလောင်ခြင်း၊ အိပ်ခြင်း၊ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အစရှိသည်တို့ကို သဘာဝိက အနာဟု ခေါ်သည်။

(၂) ထိခိုက်ရှနာသောအနာ၊ ဖျားနာ၊ အစရှိသည်တို့သည် ကိုယ်ခန္ဓာ၌ဖြစ်လာသော်လည်း၊ ဆေးကုသခြင်းဖြင့် ပျောက်ကင်းနိုင်သည်ဖြစ်၍၊ ခေတ္တခဏ ဖြစ်လာခြင်း ဖြစ်သောကြောင့် အာဂန္တုက အနာဟု ခေါ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ထိုသို့ အနာနှစ်ပါး ရှိသည့်အနက် (၁) သဘာဝဇက အနာသည်၊ ခန္ဓာကိုယ်တို့၏သဘောအားလျော်စွာ ဖြစ်ပေါ်လာခြင်းသာဖြစ်ရာ၊ ကုသတားမြစ်၍ ရနိုင်သော အရာမျိုးမဟုတ်ချေ။ (၂) အာဂန္တုကအနာသည်သာ ကုသတားမြစ်၍ ရနိုင်သောအနာမျိုးဖြစ်လေသည်။

**တနည်း ကိုယ်အနာ (၃) ပါးကို ပြဆိုခြင်း**

ရာဇနိဃဏ္ဍုကျမ်း၌ကား–

(၁) ဒေါသဇ အနာ။
(၂) ကမ္မဇ အနာ။
(၃) ကမ္မဒေါသဇအနာ။

ဟူ၍၊ အကျဉ်းအားဖြင့်၊ အနာသုံးပါးပြဆိုပေသည်၊ ထိုသုံးပါးတို့တွင်–

(၁) ဒေါသသုံးပါး ဖောက်ပြန်သောကြောင့် ဖြစ်သောအနာကို၊ ဒေါသဇအနာဟု ခေါ်သည်၊
(၂) ဆေးကျမ်းတို့၌ ဆိုသည့်အတိုင်း ကုသ၍၊ မပျောက်ကင်းနိုင်သောအနာကို ကမ္မဇ အနာ ဟုခေါ်သည်၊
(၃) ကံ-နှင့် - ဒေါသ-နှစ်ပါးတို့ ရောစပ်၍၊ ဖြစ်သော အနာကို ကမ္မဒေါသဇ အနာဟု ခေါ်သည်၊

ထိုအနာသုံးပါးတို့တွင်၊ ဒေါသဇအနာသည်၊ ကုသ၍ လွယ်ကူသော အနာဖြစ်သည်။ ကမ္မဒေါသဇ အနာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သည်၊ ကုသ၍၊ခက်ခဲသောအနာဖြစ်သည်။ ကပ္ပဇ-အနာသည်ကား၊ ကုသ၍၊ အခက်ခဲဆုံး ဖြစ်သည်ဟု၊ ပြဆိုပေသည်။

### ကိုယ်ခန္ဓာနှင့် ရောဂါတို့၏ဖြစ်ကြောင်း။

ကိုယ်ခန္ဓာ ဟူသည်ကား၊ ဒေါသ၊ဓါတ်၊ မလတို့၏ အစုအဝေးပင် ဖြစ်ပေသည်။ ထို့ကြောင့်၊ ထိုဒေါသ၊ ဓါတ်၊ မလတို့ကို၊ ကိုယ်ခန္ဓာဖြစ်ခြင်း၊ တည်နေနိုင်ခြင်း၏၊အကြောင်းရင်းဟူ၍ မှတ်ယူရမည်။ ရောဂါဝေဒနာ ဖြစ်ရာ၌လည်း၊ ထို-ဒေါသ၊ဓါတ်၊ မလတို့၏ ဘောက်ပြန်ခြင်းပင်ဖြစ်ရာ၊ ဒေါသ၊ဓါတ်၊ မလတို့ကို- ရောဂါဖြစ်ခြင်း၏ အကြောင်းရင်း ဟူ၍လည်း မှတ်ယူကြရာ၏။

### ဒေါသ(၃)ပါး သရုပ်။

(၁) လေ။ (၂) သည်းခြေ။ (၃) သလိပ်။

ဤ (၃) ပါးတို့သည်၊ ''ကိုယ်ခန္ဓာကို-ဖျက်ဆီးတတ်သောကြောင့်၊ ဒေါသ''ဟူ၍ခေါ်သည်၊

### ဓါတ်(၇)ပါး သရုပ်။

(၁) ရသရည်။
(၂) သွေး။
(၃) အသား။
(၄) အဆီ။
(၅) အရိုး။
(၆) ခြင်ဆီ။
(၇) သုက်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤ(၇)ပါးတို့သည်၊ ''ကိုယ်ခန္ဓာကို၊ ဆောင်တတ်သောကြောင့်ဓါတ်''ဟူ၍ခေါ်သည်။ ၎င်း(၇)ပါးတို့တွင်၊ ရသရည်ထက်-သွေး။ သွေးထက် - အသား။ အသားထက်-အဆီ။ အဆီထက်-အရိုး။ အရိုးထက်-ခြင်ဆီ၊ ခြင်ဆီထက်-သုက်။ ဤသို့အားဖြင့်၊ အစဉ်အတိုင်းတပါးထက်-တပါး၊ နက်နဲကြလေသည်။ (ဝါ) ပိုမို၍သိမ်မွေ့ကြလေသည်။

မှတ်ချက်။ ။သုဿုတ စသောဆေးကျမ်းတို့၌။ နို့ရည်။ ဥတုသွေး။ ဆီကြည်။ ချွေး။ သွား။ ဆံပင်။ ဩဇာ။ တို့ကို-''ဥပဓါတ်''ခုနှစ်ပါးဟူ၍-ပြဆိုကြသည်။

မလ (၁၂) ပါးသရုပ်။

| | |
|---|---|
| (၁) အဆီ။ | (၇) နဖါချေး။ |
| (၂) သုက်။ | (၈) ခြေသည်း၊ လက်သည်း။ |
| (၃) အသား။ | (၉) သလိပ်။ |
| (၄) ခြင်ဆီ။ | (၁၀) မျက်ရည်။ |
| (၅) ကျင်ငယ်။ | (၁၁) မျက်ချေး။ |
| (၆) ကျင်ကြီး။ | (၁၂) ချွေး။ |

ဤ(၁၂)ပါး တို့သည် ''ကိုယ်ခန္ဓာကို ညစ်ညမ်းစေတတ်သောကြောင့်၊ မလ''ဟူ၍ ခေါ်သည်။ ။ ဤကား-သမိတိကျမ်းလာ- မလ(၁၂)ပါးတို့ကို ဘော်ပြခြင်း ဖြစ်ပေသည်။ ဘေသဇ္ဇမဉ္ဇူသာ ကျမ်းရင်း၌မူကား ဆရာတို့၏တည်ရာအရပ်မှ၊ ရွေ့လျောပိုစီးကုန်သော၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ကျင်ကြီး၊ ကျင်ငယ်စသည့်တို့သည်၊ မလဟူ၍-သာမန်ပင် ပြဆိုလေသည်။

## သတိပြုရန်

အထက်ပါ၊ မလ(၁၂)ပါးတို့တွင်၊ အဆီ၊ သုက်၊ အသား၊ ခြင်ဆီ၊ ဤလေးပါးတို့သည်၊ ဓါတ်(၇)ပါး၌ လည်းပါဝင်ခြင်းကြောင့်၊ ဓါတ်ဟူ၍လည်းခေါ်သည်၊ မလဟူ၍လည်းခေါ်သည်။

သည်းခြေနှင့်၊သလိပ်သည်၊ ဒေါသ၌လည်းပါ၊ မလ၌လည်း ပါသောကြောင့်၊ ဒေါသ ဟူ၍လည်း ခေါ်သည်၊ မလဟူ၍လည်း ခေါ်သည်။

ရသရည်၊ သွေး၊ အရိုး-သုံးပါးတို့သည်ကား၊ ဓါတ်သက်သက်ဖြစ်လေသည်။ လေ-ကား၊ ဒေါသသက်သက်ဖြစ်သည်။

ကျင်ကြီး၊ ကျင်ငယ်၊ မျက်ချေး၊နဖါချေး၊ ခြေသည်း လက်သည်း၊ မျက်ရည်၊ ချွေးတို့သည်ကား၊ မလသက်သက်ဖြစ်သည်ဟူ၍-ခွဲခြားမှတ်ယူကြရာ၏၊ ။

မှတ်ချက်။ ။ဒဗ္ဗဂုဏ ကျမ်း၌ကား၊ (၁)လျှာ၊ ပါးစောင်တို့မှ ယိုစီးသော သွားရည်။ (၂)သည်းခြေ။ (၃)နှာခေါင်း၊ နား၊သွား ချိုင်းကြား၊ လိင်၊ စသည်တို့၌ ဖြစ်သောအညစ်အကြေး။ (၄)လက်သည်း၊ခြေသည်း။ (၅)မျက်ချေး၊မျက်စေး၊ မျက်ရည်တည်းဟူသော-မျက်စိတို့၌ဖြစ်သော အညစ်အကြေး။ (၆)ခံတွင်း၌ဖြစ်သော အစေး။ (၇)အိုင်းအမာ၌-ပြည်ပုတ်စသောအညစ်အကြေး။ ဟူ၍-ဓါတ်(၇)ပါးရှိသည့်အလျောက်၊ မလကိုလည်း(၇)ပါးပြဆိုလေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## လေဒေါသအကြောင်း

အထက်တွင်၊ ကိုယ်ခန္ဓာဟု-ခေါ်ဆိုအပ်သော၊ ဒေါသ၊ဓါတ်၊ မလတို့၏သရုပ်ကို၊ ဖော်ပြခဲ့ပြီး၍၊ယခုအခါ၊ ထို-ဒေါသ၊ဓါတ်၊မလတို့အနက်ဒေါသ၏အစဖြစ်သော၊ လေ၏ အကြောင်းခြင်းရာများကို၊ အောက်တွင် အစဉ်အတိုင်းဖော်ပြပါဦးအံ့။

### လေ၏ ဂုဏ်(၈)ပါး

(၁) အလွန်ခြောက်သွေ့၏။
(၂) ပေါ့ပါး၏။
(၃) အေး၏။
(၄) သိမ်မွေ့နူးညံ့၏။
(၅) လှုပ်ရှားတတ်၏။
(၆) အရပ်တပါးသို့ ပို့ဆောင်တတ်၏။ ။ဘာ။
(၇) လျင်မြန်၏။ ။ဘာ။
(၈) အလိုရမ္ဘက်ကြီး၏။ (ဝါ) ကြွင်းသော-သည်းခြေ၊သလိပ်၊စသည်တို့ထက်-ကဲလွန်ခြင်း၊တည်းဟူသော(ရဇ)ဂုဏ်ရှိ၏။ ။ဘာ။

ဤကား၊ လေ၏ဂုဏ်(၈)ပါး ဖြစ်လေသည်။ ။၎င်း(၈)ပါးတို့တွင်၊ နံပါတ်(၅)အထိသည်။ ဘေသဇ္ဇမဉ္ဇူသာ ကျမ်းလာ အတိုင်းဖြစ်၍၊ အောက်(၃)ပါးမှာ၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဘာဝပ္ပကာသ ကျမ်းလာ ဖြစ်လေသည်။ (လက္ခဏာများ၏ အဆုံးတွင်။ ဘာ ။ဟုဖော်ပြထားခြင်းမှာ- ဘာဝပ္ပကာသ-ကျမ်းလာဟုဆိုလိုသည်)။

**ကျက်ရန်။** ။လေ၏ဂုဏ်ထောက်။ မိပ္ပါယ်ကောက်သော်။ လွန်ခြောက်သွေ့ပြန်။ ပေါ့ပါး-မြန်၍၊ တဖန်အေးပေ့။ သိမ်မွေ့-လှုပ်ရှား၊ ဒေါကားလိုရာ။ ပို့ဆောင်ကာဖြင့်။ ဂုဏ်မှာ-ရဇ။ ဤရှစ်ဝသည်။ ဖြစ်ရလေမှာအထူးတည်း။

**မှတ်ချက်။** ။၁။ လေသည်- အလွန်ခြောက်သွေ့ခြင်းဆိုရာ၌၊ အဆီအစေး ခေါင်းပါးခြင်း၊ (ဝါ) သလိပ်၊ သည်းခြေတို့ကဲ့သို့၊ အဆီ အစေးမရှိခြင်း၊ ကိုဆိုလိုသည်၊ ၂။ လေသည်-အေးသောသီတဂုဏ်ရှိခြင်းဆိုရာ၌၊ ပူအိုက်သောအခါများတွင်-ယပ်လေခတ်ပါက၊ အငွေ့အားဖြင့်အေးချမ်း၍၊ အအိုက်ပြေသောကြောင့်ပင်၊ ဆိုလိုဟန်ရှိပေသည်။ အဘိဓမ္မာဆေးပညာအလိုအားဖြင့်ကား၊ လေသည်-မအေးတတ်၊ မပူတတ်။ ထိုလေ၌ပါသော၊ သီတတေဇော၊ ဥဏှတေဇောတို့ကသာလျှင်၊ အေးခြင်း-ပူခြင်းဖြစ်ပေသည်။ ၃။ လေသည်- ကြွင်းသော-သလိပ်-သည်းခြေစသည်တို့၏ ဂုဏ်တို့ထက်၊ ကဲလွန်သော ဂုဏ်ရှိခြင်းဆိုရာ၌၊ ကိုယ်ခန္ဓာတွင်ရှိသော-ဒေါသ (၃) ပါးတို့တွင် သည်းခြေ၊ သလိပ် စသည်တို့သည်၊ ခွံ-အ-ကျိုးကန်းသော သူတို့ကဲ့သို့၊ မိမိတို့ချည်းသက်သက်၊ တစုံတခုသော-အမှုကိစ္စကိုမပြုလုပ်တတ်ပေ။ လေ-ပို့ဆောင်ပေးသောကြောင့်သာလျှင်၊ သက်ဆိုင်ရာ ထိုထိုအရပ်တို့သို့ရောက်၍။ ဆောင်ရွက်ရန်ကိစ္စတို့ကို၊ ဆောင်ရွက်နိုင်ကြရပေသည်။ အကယ်၍-လေသည်၊ မပို့ဆောင်ပေးပါက၊ မိမိတို့ဆိုင်ရာ - ကိစ္စအဝဝတို့ကို၊ ပြီးစွမ်းနိုင်တော့မည်မဟုတ်ချေ။ ထို့ကြောင့်၊ လေသည်-ကြွင်းသော- ဒေါသစသည်တို့ထက်၊ ကဲလွန်လွှမ်းမိုးသော ဂုဏ်ရှိ၏ဟု-ပြဆိုခြင်း ဖြစ်လေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## လေ၏၊ ကျေးဇူးပြုပုံ (၆) ပါး

(၁) ထွက်သက်ကို ထုတ်နိုင်ခြင်း။
(၂) ဝင်သက်ကို ရှူနိုင်ခြင်း။
(၃) အားထုတ်ပြုလုပ်နိုင်ခြင်း။
(၄) အားအရှိန်ကို ဖြစ်စေခြင်း။
(၅) ဒေါသ၊ ဓာတ်၊ မလ-တို့ကို ကောင်းစွာသွားလာစေခြင်း။
(၆) မျက်စိစသော ဣန္ဒြေတို့ကို၊ မိမိတို့၏မြင်ခြင်းစသော အမှုကိစ္စ တို့၌၊ လျင်မြန်စွာ ပြီးစေနိုင်ခြင်း။

ဤကား၊ မဘောက်မပြန်၊ ဖြောင့်မှန်သော လေ၏ကျေးဇူးပြုခြင်းကြောင့်၊ ကိုယ်ခန္ဓာတွင် ရရှိခံစားရသော အကျိုး (၆) ပါး ဖြစ်လေသည်။

ကျက်ရန်။ ။ အဝိကာရီ၊ လေသည် - ကျေးဇူး၊ ပြုပုံထူးကား၊ သက်များရှိုက်ရှူ၊ အားထုတ်ယူ၍၊ ရှိန်မှုသူသွင်း၊ ကိုယ်တွင်းဓာတ်သာ၊ ကောင်းစွာသွားစေ၊ ဣန္ဒြေဟု၊ စက္ခုစသား၊ မြင်ခြင်းများကို၊ ပြီးပြေး လျင်စွာ၊ ဆောင်ရွက်ရှာသည်၊ ခြောက်ဖြာလေ၏ကျေးဇူးတည်း။ ။

မှတ်ချက်။ ။ ဣန္ဒြေတို့ကိုပြဆိုရာ၌၊ ဒဗ္ဗဂုဏ ဆေးကျမ်းတွင်၊ နား၊ နှာခေါင်း၊ မျက်စိ၊ အရေ၊ လျှာ၊ တည်းဟူသော-အာရုံကို ယူတတ်သည့် ဣန္ဒြေ (၅) ပါး တို့ကို၊ နားသည် - အာကာသ ဓာတ် ၌ မှီ၏။ နှာခေါင်းသည် - ပထဝီဓာတ်၌မှီ၏။ မျက်စိသည်-တေဇောဓာတ်၌မှီ၏။ အရေသည်-ဝါယောဓာတ်၌မှီ၏။ လျှာသည်-အာပေါဓာတ်၌မှီ၏ ဟူ၍ မှီရာဓာတ် (၅) ပါးနှင့်တကွဝင်း။ ။အင်္ဂါဇာတ်၊ စအို၊ လက်၊ ခြေ၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



စကား၊တည်းဟူသော-အမှုကို ပြုလုပ်တတ်သည့်—ဣန္ဒြေ(၅)ပါးတို့ကို မွေ့လျော်ခြင်း၊ စွန့်ခြင်း၊ ယူခြင်း၊ လှမ်းခြင်း၊ ပြောဆိုခြင်း၊ ဟူ၍-အမှု (၅)ပါးနှင့်တကွရင်း၊နှစ်ရပ်ပေါင်းအားဖြင့် ဣန္ဒြေ(၁၀)ပါးရှိကြောင်း ပြဆိုပေသည်။

ဝေဒန္တကျမ်း၌ကား။ ။နား၊နှာခေါင်း၊မျက်စိ၊ အရေ၊လျှာ၊ ဟူ၍ ဉာဏိန္ဒြေ(၅)ပါး၊ ခံတွင်း၊လက်၊ခြေ၊ အင်္ဂါဇာတ်၊ စအို၊ဟူ၍-ကာရိန္ဒြေ(၅)ပါး၊ဝိဥာဏ်၊ပညာ၊မာန၊စိတ်၊ဟူ၍-အတွင်းဣန္ဒြေ(၄)ပါး၊ စုစုပေါင်းအားဖြင့်၊ ဣန္ဒြေ(၁၄)ပါးရှိကြောင်း ပြဆိုပေသည်။ ။ သာသနာတော်ကျမ်းတို့၌ကား၊ ဣန္ဒြေ(၂၂)ပါး ပြဆိုပေ၏။ ။

## လေ၏တည်ရာ(၆)ဌာန

| | |
|---|---|
| (၁) အစာဟောင်းအိမ်၊ | (၄) အရိုး၊ |
| (၂) ခါး၊ | (၅) အရေ၊ |
| (၃) ပေါင်၊ | (၆) အကြော။ |

ဤကား၊ လေ၏ တည်ရာ(၆) ဌာန ဖြစ်ပေ၏၊ ထို(၆)ဌာနတို့တွင်လည်း၊ အထူးသဖြင့်၊ အစာဟောင်း အိမ်သည်၊လေ၏တည်ရာ ဌာနဖြစ်သည်၊ ။

✓ ကျက်ရန်။ ။ လေ၏တည်ရာ၊ ခြောက် - ဌာနကား၊ အစာဟောင်းပေ၊ ခါး-ပေါင်-တွေနှင့်၊ ရိုး-ရေ-အကြော၊ တည်သဘောဟု၊ များသောအားမှာ၊စာဟောင်း-ရပ်ဆီ၊အထူးတည်သည်၊ဆိုပြီ-ဗေဒသင်္ဂြိုဟ်ကျမ်းတည်း။ ။

## လေမျိုး(၅)ပါး

လေသည်၊ အကျဉ်းအားဖြင့်၊ တပါးသာ ရှိသော်လည်း၊တေဇော၊ဝါယော၊အာပေါ၊ပထဝီ၊ အာကာသ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဟူ၍-ဓာတ်ငါးပါးဖြင့်ပြီးသော - ကိုယ်ခန္ဓာကိုဆောင်ရခြင်းကြောင့်၎င်း၊ ဌာနအားလျော်စွာ၊ ခွဲခြားဆောင်ရွက်ရခြင်းကြောင့်၎င်း၊ အမျိုးအားဖြင့် (၅)မျိုး ပြားလေသည်။ ၎င်းတို့မှာ—

(၁) ပါဏလေ = အသက်ရှူရှိုက်သောလေ။

(၂) ဥဒါနလေ = အထက်သို့ဆန်တက်သောလေ။

(၃) ဗျာနလေ = တကိုယ်လုံးသို့ ပျံ့နှံ့၍ သွားလာသောလေ။

(၄) သမာနလေ=ဝမ်းမီးကို ညီညွတ် မျှတအောင်ပြုသောလေ။

(၅) အပါနလေ= အောက်သို့သက်သောလေ။

ဟူ၍-ဖြစ်လေသည်။ ။

### ပါဏလေ၏တည်ရာဋ္ဌာနနှင့်-အလုပ်ကိစ္စ

ပါဏလေသည်၊ ဦးခေါင်း၌ တည်နေ၍၊ ရင်ခေါင်း၊ လည်ပင်းအရင်တို့သို့၊ လှည့်လည်သွားလာပြီးလျှင်၊ နှလုံးသွေး ကြည်မှု၊ ဉာဏ်ခြေတည်မှု၊ ပညာပွားမှု၊ တံတွေးထွေးမှု၊ ချေသတ်မှု၊ ချောင်းဆိုးမှု၊ အော့အန်မှု၊ ကြို့ထိုးမှု၊ အသက်ရှူမှု၊ အစာမျိုသွင်းမှု၊ တို့ကို ပြုလုပ်လေသည်။ ။၎င်းပါဏလေ ဖောက်ပြန်ပါက၊ ကြို့ထိုးနာ၊ ပန်းနာ စသည်များဖြစ်တတ်လေသည်။

✓ **ကျက်ရန်။** ။ ပါဏ လေသည်။ ခေါင်းတွင် တည်၍။ ရင်ဆီ-လည်ပင်း၊ လှည့်ဆင်းကျက်စား။ ငါးပါးဇာ ခြေ။ တည်စေ-တဖြာ။ ပညာမှာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ပွား။ သွေးကား ကြည်အောင်။ ရွက်ဆောင် - တံတွေး။ ချွဲသေး - ချောင်းဆိုး။ အော့မျိုး - ကြို့တက်။ အသက်လည်းရှူ။ စားမှုမျိုသွင်း။ ပြုလုပ်လျှင်း၏။ ပျက်ခြင်းတဖြာ။ ဘောက်ပြန်ပါက။ ပန်းနာကြို့ထိုး။ ကိုယ်မှာ - ဖြိုးသည်။ လေမျိုးပါကာ သဘောတည်း။

## ဥဒါနလေ၏တည်ရာဌာနနှင့် - အလုပ်ကိစ္စ

ဥဒါနလေသည်၊ ရင်ခေါင်း၌တည်နေ၍၊ နှာခေါင်း၊ လည်ပင်း၊ ချက်၊ တို့သို့ ဖြည့်သည် သွားလာပြီးလျှင်၊ အားဖြစ်မှု၊ သတိကောင်းမှု၊ ²အဆင်းလှပမှု၊ လုံ့လဝိရိယ ကောင်းမှု၊ စကားပြောမှု၊ ထိုင်မှု၊ ထမှု၊ စသည်တို့ကို ပြုလုပ် လေ သည်။ ၎င်း လေ ဘောက် ပြန် ပါ က၊ ကုတ်ဆက်၌ အနာဖြစ်တတ်သည်။

**ကျက်ရန်။** ။ ဥဒါနသည်။ ရင်ခေါင်းတည်၍၊ နှာ—လည်ပင်း— ချက်၊ လှည့်လျက်-ကျက်စား၊ သတိများနှင့်။ အင်အား-အဆင်း၊ ပြောခြင်း စကား။ ထိုင်-ထ-များကို၊ ဖြစ်စေဆို၏။ ထိုလေတဖန်။ ပျက်ဘောက်ပြန်မှု။ ဋ္ဌာနံ-ကုတ်ဆက်။ အနာတက်ယှက်။ မသက်မသာ။ ဖြစ်တတ်ရာသည်။ မှတ်ပါ-ဥဒါသဘောတည်း။ ၊

**မှတ်ချက်။** ။ ²အဆင်းလှပမှုသည်၊ အာပေါဓာတ်တည်းဟူသော-သွေးနှင့်သာ၊ လုံးဝသက်ဆိုင်သော်လည်း၊ ထိုသွေး၏ကြည်လင်မှုနှင့်၊ တကိုယ်လုံးသို့ ပျံ့နှံ့နိုင်မှုသည်ကား၊ လေဓာတ်၏ အမှုကိစ္စဖြစ်လေသည်။ ထို့ကြောင့် - လေသည်၊ အဆင်းလှပအောင် ပြုလုပ်သည်ဟူ၍၊ ကျေးဇူးပြုသောသဘောကိုထောက်သဖြင့်-ဆိုလိုဟန်ရှိပေသည်။ စင်စစ် အားဖြင့်ကား-လေသည်၊ မိမိကိုယ်တိုင်၊ အဆင်းလှပအောင်မတတ်နိုင်ချေ။ ထို့ကြောင့်ပင်လျှင်....အတိမ္ဗာ၊ ဗိမ္ဗာ၊ စုယ်စုံလှသော၊ နရသုခိ ကျွမ်းဆရာသည်၊ ဓာတ်ငါးပါးတို့၏ -အမှုကိစ္စကိုပြဆိုရာ၌။....။"သုခ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ကာရီ။ ညာဏ်သညီနှင့်။ ဝစီကား။ လှုပ်ရှားစေမှု။ ဝါယောပြ၏။ ။
ပေါင်းစု-ဗန္ဓနာ။ ဆင်းဝါရုပ်ရည်။ တည်ကြည်စေမှု။ အာပေါပြ၏''။ ။
ဟူ၍-ဝါယောဓာတ်နှင့်၊ အာပေါဓာတ်တို့၏ အမှုကိစ္စတို့ကို ခွဲခြား၍
ပြဆိုခဲ့ပေသည်။

## ဗျာနလေ၏တည်ရာဌာနနှင့်-အလုပ်ကိစ္စ

ဗျာနလေသည်၊ နှလုံးအိမ်တွင်း၌တည်နေ၍၊ အဟုန်ပြင်းစွာဖြင့်၊ တကိုယ်လုံးသို့ လှည့်လည်သွားလာပြီးလျှင်၊ သွားမှု၊ လာမှု၊ မျက်စိမှိတ်မှု၊ ဖွင့်မှု၊ ကွေးမှု၊ ဆန့်မှု၊ အထက်မြောက်မှု၊ အောက်ချမှု-အစရှိသောသတ္တဝါတို့၏-ကိုယ်အမူအရာ ဟူသမျှကို ပြုလုပ်လေသည်။ ။ငင်းဗျာနလေ-ဖောက်ပြန်ပါက၊ ဖော်ပြခဲ့သော အမူအရာတို့၊ ဖောက်ပြန်ပျက်စီးတတ်သည်။

ကျက်ရန်။ ။ ဗျာနလေသည်။ နှလုံးတည်၍။ လှည့်လည်ခန္ဓာ။
ပျံ့နှံ့ကာလျှင်။ သွား-လာ-တက်-သက်။ ဖွင့်-မိတ်ချက်နှင့်၊ ကွေးလျက်-
ဆန့်ပေ။ ဝိညာဏ်တွေကို။ ဖြစ်စေတဝ။ ဖောက်ပြန်ကမူ။ ကာယ
ကိုယ်လုံး။ ရောဂါဖုံးသည်။ ရှင်ပြုံးမကြည်ဖြစ်၏တည်း။ ။

## သမာနလေ၏တည်ရာဌာနနှင့်-အလုပ်ကိစ္စ

သမာနလေသည်၊ ဝမ်းဗိုက်၏အနီး၌တည်နေ၍၊ အစာသစ်အိမ် အစာဟောင်းအိမ်တို့သို့၊ လှည့်လည်သွားလာပြီးလျှင်၊ အစာမြိန်မှု၊ အစာ ချေချက်မှု၊ ချေချက်၍-ကြေကျက်ပြီးသော အစာများကို၊ ရသရည် ကျင်ကြီး ဟူ၍-ခွဲပုံဝေဘန်မှု၊ ထိုအပုံတို့ကို - ဆိုင်ရာ အရပ်သို့ ပို့ဆောင်မှု တို့ကို၊ ပြုလုပ်လေသည်။ ။ငင်းလေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဘောက်ပြန်ပါက၊ ဝမ်းမီးညံ့ခြင်း၊ ဝမ်းကျခြင်း၊ ဝမ်းနာခြင်းများဖြစ်တတ်သည်၊

ကျက်ရန်။ ။ သမာနလေ။ မီးနီးနေ၍။ ဟောင်းပေ-အသစ်။ လှည့်လည်ရစ်ခါ။ အစာမြိန်စေ။ ချက်ချေတဖုံ။ ခွဲပုံဝေရ။ ဘောက်ပြန်ကမူ။ တေဇည့်ဖျင်း။ ကျခြင်းဝမ်းနာ။ ဖြစ်တတ်ပါသည်။ သမာလေ၏သဘောတည်း။

## အပါနလေ၏တည်ရာဌာနနှင့်အလုပ်ကိစ္စ

အပါနလေသည်၊ အစာဟောင်းအိမ်၌တည်၍၊ ခါး၊ အင်္ဂါဇာတ်၊ ဆီးအိမ် ပေါင်၊ တို့သို့၊ လှည့်လည်သွားလာပြီးလျှင်၊ ကျင်ကြီး၊ ကျင်ငယ်၊ ကိုယ်ဝန်၊ သုက်၊ ဥတုသွေးတို့ကို၊ အပြင်သို့ရောက်အောင်၊ ထုတ်ဆောင်သောအမှုကို ပြုလုပ်လေသည်။ ။၎င်းလေဘောက်ပြန်ပါက၊ ဆီးရောဂါ၊ မြင်းသရိုက်ရောဂါ၊ လိပ်ခေါင်းရောဂါ၊ စသည်များဖြစ်တတ်လေသည်။

ကျက်ရန်။ ။ အပါနသည်။ စာဟောင်းတည်၍၊ ခါးဆီ-အင်္ဂါ။ ဆီးအိမ်သာနှင့်၊ တဖြာပေါင်တို့။ လှည့်လို့ကျက်စား။ ကျင်အားနှစ်သွယ်။ ကိုယ်ဝန်ရယ်ဟု။ သုက်-ဥတုကို။ နှင်ပြုထွက်စေ။ ပြုလုပ်ပေ၏။ ထိုလေပျက်ယွင်း။ ဘောက်ပြန်လျှင်းမူ။ ဆီး-မြင်းသရိုက်။ ဘင်၌-လိပ်ခေါင်း။ ဖြစ်တတ်ရှောင်းသည်။ လူပေါင်းမှတ်ဘွယ်အကျဉ်းတည်း။

မှတ်ချက်။ ။ အထက်ဘော်ပြပါ၊ လေမျိုး (၅) ပါး တို့ကို။ သာသနာတော် ကျမ်းလာ၊ လေမျိုး (၆) ပါးတို့နှင့်ဝေဘန်လျှင်။ ။ပါဏလေသည်-အင်္ဂါနုသာရီလေနှင့်တူ၏။ ။ဥဒါနလေသည် ဥဒ္ဓင်္ဂမ လေ နှင့် တူ၏။ ။ဗျာန လေ သည်-အင်္ဂမင်္ဂါနုသာရီ လေနှင့်တူ၏။ ။သမာနလေသည်-အန္တောနုသယ လေနှင့် တူ၏။ ။အပါနလေသည်-အဓောဂမလေနှင့်တူ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဘဂဝတာ ဋီကာဆေးကျမ်း၌၊ လေမျိုး(၁၁)ပါး ရှိကြောင်းကို၊ ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းနိဿယ၌ ဖော်ပြထားသည့်ပြင်၊ ဓါတုဒီပနီကျမ်း၌လည်း၊ လေမျိုး(၈၀)ရှိကြောင်းကို၊ အကျယ်ပြဆိုထားလေသည်၊ သို့သော်၊ယခုဖော်ပြသော၊ လေ(၅)မျိုးသာလျှင် အဓိက ဖြစ်သောကြောင့်၊ ထည့်သွင်း၍ မဖော်ပြတော့ပြီ-၊ အလိုရှိပါက၊ ၎င်းကျမ်းများမှာယူပါ-။ ။

## သည်းခြေဒေါသအကြောင်း။

ကိုယ်ခန္ဓာဟု- ခေါ်ဆိုအပ်သော၊ ဒေါသ၊ ဓာတ်၊ မလတို့အနက်၊ ဒေါသ၏ အစဖြစ်သော - လေ၏ အကြောင်းကို ပြဆိုပြီး၍၊ ဒေါသ၏ - အလယ်ဖြစ်သော၊ သည်းခြေ၏အကြောင်းခြင်းရာတို့ကိုဖော်ပြပါဦးအံ့။ ။

## သည်းခြေ၏ဂုဏ် (၁၁)ပါး။

(၁) ထက်မြက်၏။
(၂) ပူ၏။
(၃) ချဉ်သောရသာရှိ၏။
(၄) စပ်သောရသာရှိ၏။
(၅) ဆီးဝမ်းကို ရွှင်စေတတ်၏။
(၆) အရည်မျိုးဖြစ်၏။ ။ဘာ။
(၇) အစာသစ်မရှိက- ဝါသောအဆင်းရှိ၏။ ။ဘာ။
(၈) အစာသစ်ရှိက-ညိုသောအဆင်းရှိ၏။ ။ဘာ။
(၉) အညှီအစေးရှိ၏။ ။ဘာ။
(၁၀) ပေါ့ပါး၏။ ။ဘာ။
(၁၁) ပညာကြီး၏(ဝါ)ချမ်းသာဆင်းရဲကို၊သည်းခံနိုင်ခြင်း တည်းဟူသော၊ (သတ္တဂုဏ်)ရှိ၏။ ။ဘာ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤကား၊ သည်းခြေ၏-၊ ဂုဏ်(၁၁)ပါး ဖြစ်လေ
သည်။ ၎င်း(၁၁)ပါးတို့တွင် ,နံပါတ်(၅) အထိသည်၊
ဘေသဇ္ဇမဉ္ဇူသာ ကျမ်းလာအတိုင်းဖြစ်၍၊ နောက်
(၆)မျိုးမှာ၊ ဘာဝပ္ပကာသကျမ်းလာ ဖြစ်လေသည်၊

ကျက်ရန်။ ။ သည်းခြေဂုဏ်မှု၊အကျဉ်းယူသော်။ တက်-ပူ-ချ
စပ်၊ဆီး၀မ်းခေတ်ကို။ ရှင်အပ်စေ-ရှိး။ ရည်မျိုးဖြစ်ခဲ့။ စာမဲ့-ဝါဆင်း
ရှိလျှင်း-ညှိုသေး။ ဆိစေးပြည့်စုံ၊တဖုံပေါ်ပါး၊ဂုဏ်ကား-သတ္တ။ ဆယ်
တဝဟု။ ကာသ-ဘေသဇ်။ ပေါင်းယူလစ်သည်။ မှတ်ရစ်နောင်လ
လွယ်ကြောင်းတည်း။ ။

မှတ်ချက်။ ။ သည်းခြေသည်၊ ပူသောဥဏှဂုဏ်ရှိ၏ဟူ၍-
ဆိုရာ၌၊ ပါစကသည်းခြေကိုထောက်၍။ ကောက်ယူပြဆိုခြင်း ဖြစ်ဟ
တူပေသည်၊အဘယ့်ကြောင့်ဆိုသော်၊ သည်းခြေမျိုး (၅)ပါးတို့တွင်
ပဓါနဖြစ်သော ပါစကသည်းခြေသည်၊ဝမ်းမီးတွင်တည်နေ၍၊ဝမ်းမီး
ဆောင်ရွက်ဖွယ်ကိစ္စတို့ကို ဆောင်ရွက်ရသဖြင့်၊ ၎င်းကိုပင်-ဝမ်းမီးဟ
ခေါ်ထိုက်သည်ဟူ၍။ သုသုတဆေးကျမ်း၊ ဘာဝပ္ပကာသ ဆေးကျမ်
တို့၌၊ ပြဆိုသောကြောင့် ဖြစ်ပေသည်။ ။သို့သော်- တထစ်ချအားဖြ
ကား-သည်းခြေကိုအပူဟူ၍မမှတ်ယူသင့်ပေ။ အဘယ့်ကြောင့်ဆိုသော်

(က) မျက်လုံးအိမ်တွင်းရှိ၊ ''လောစက'' သည်းခြေသည်၊ စက္
ပသာဒရုပ်အား၊ ထိမှန်လာသော-နေပူ-မီးပူ-လေပူ-တို့၏ အရှိန်အဝ
များကို၊ စုတ်ယူးကာကွယ်ပေးခြင်း အားဖြင့်၊ အေးသောအဖြစ် ထ
ရှားခြင်း။

(ခ) ဗိန္ဒော့ဆေးကျမ်းများ၌ပင်၊ အေး၍-ထက်မျက်သော ဆေ
မျိုးသည်၊ သည်းခြေကို ပွားများစေတတ်သည်ဟူ၍၎င်း။ ပူ၍ထက်မြ
သောဆေးမျိုးသည်၊သည်းခြေကိုပျက်စေတတ်သည်ဟူ၍၎င်း၊ ပြဆိုခြင်
(ဂ) လက်တွေ့ ကုသရာ၌လည်း၊ သည်းခြေ- ခမ်းခြောက် ယု
လျော့သောသူတို့အား၊ အေး-ဆိမ့်-ချို ချဉ်၊ရသာများကိုပေးရ၍။ ပွ
များကဲလွန်သောသူတို့အား၊ပူ-ခါးစပ်-ရသာများကိုပေး၍၊ကုသရခြင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(ဃ) စပါးကြီးသည်းခြေ အစရှိသော၊ သည်းခြေမျိုးများသည်၊ အေးရှ-အခါးရသာကဲလွန်သဖြင့်၊ အပူကိုနိုင်ကြောင်း၊ လက်တွေ့အားဖြင့်၊ထင်ရှားခြင်း။

ဤသို့အားဖြင့်၊ သည်းခြေ၏၊အေးသောသဘာဝသည်၊ ပကတိအားဖြင့်၊ လွန်စွာထင်ရှားနေသောကြောင့် ဖြစ်ပေသည်။ ။စင်စစ်အားဖြင့်ကား၊ထောပတ်ဆီ။ဝက်ဆီ။အုံးဆီ။ဖယောင်း။ စသည်တို့သည်၊မီးထွန်းညှိ၍ တောက်ပင် တောက်သော်လည်း၊ မိမိတို့၏ အေးသောအဖြစ်ကို မစွန့်ကြပေ။ ထို့အတူ—ပါစကသည်းခြေသည်ပင်လျှင်၊ ဝမ်းမီးနှင့် ရောနှော၍၊တည်နေရခြင်းကြောင့်၊ပူသောသဘောသို့ သက်ဝင်နေရသည်ဟု ဆိုသော်လည်း၊ မိမိ၏အေးသောအဖြစ်ကိုကား - စွန့်လွှတ်မည်မဟုတ်သည်ကို၊အထူးသတိပြု၊ စဉ်းစားသင့်လှပေသတည်း။ ။

### သည်းခြေ၏ကျေးဇူးပြုပုံ(၁၀)ပါး

(၁) အစာကြေကျက်ခြင်း။
(၂) ကိုယ်ခန္ဓာပူနွေးခြင်း။
(၃) အဆင်း၊ရူပါရုံကိုမြင်ခြင်း။
(၄) ဆာလောင်-မွတ်-သိပ်ခြင်း။
(၅) စားလိုခြင်း။
(၆) သောက်လိုခြင်း။
(၇) ရဲရင့်ခြင်း။
(၈) ပညာပွားခြင်း။
(၉) အသား၊အရေ၊နူးညံ့ပျော့ပျောင်းခြင်း။
(၁၀) အသားအရေကြည်လင်ခြင်း။

ဤကား၊မဖောက်မပြန်၊ ဖြောင့်မှန်သော သည်းခြေ၏၊ ကျေးဇူးပြုခြင်းကြောင့်၊ ကိုယ်ခန္ဓာတွင်၊ ရရှိခံစားရသော၊အကျိုး(၁၀)ပါးဖြစ်လေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ကျက်ရန်။ ။မသောက်ပြန်ပေ၊ ထိုသည်းခြေ ကား။ စားကြ သဘော။ ဖြစ်သော–ကိုယ်နွေ့။မြင်စေ့–ရူပါ။ မှတ်–သိပ်–ဆာနှင့်၊ စားကာ-သောက်လို။ နကိုယ်–ရဲရင့်။ ပွားလင့်·ပညာ။ကိုယ်မှာ-အရေ၊ ပျော့ပျောင်းစေ၍။ကြည်ပေ–အရောင်။ ထွန်းပြောင်အောင်ဟု၊ ကျေးဇူး ပြုသည်။ စုစုဆယ်ပါးဖြစ်၏တည်း။

## သည်းခြေ၏တည်ရာ (၈)ဌာန

(၁) ချက်။

(၂) အစာသစ်။

(၃) ချွေး။

(၄) ဦးနှောက်။

(၅) သွေး။

(၆) ရသရည်။

(၇) မျက်စိ။

(၈) အရေ။

ဤကား၊သည်းခြေ၏တည်ရာ (၈)ဌာနဖြစ်ပေ၏။ ထို (၈)ဌာနတို့တွင်လည်း၊ အထူးသဖြင့်၊ ချက်သည်၊ သည်းခြေ၏တည်ရာဌာန ဖြစ်သည်၊

ကျက်ရန်။ ။သည်းခြေ တည့်လစ်။ နေရာစစ်သော်၊ စာသစ်-ချက်-ချွေး။ဦးနှောက်-သွေး-မှီ။ရသ ရည်နှင့်။ နှစ်လည်မျက်စိ။တည်ဘိ-ရေများ။ ဤရှစ်ပါးတွင်။ထူးကားချက်ကို။တည်ရာဆိုသည်။ နကိုယ်မှူရင်-ဖြစ်၍တည်း။

## သည်းခြေမျိုး(၅)ပါး

သည်းခြေသည်၊ အကျဉ်းအားဖြင့်၊ တပါးသာ သေဝ်လည်း၊ တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ၊ အ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ကာသ၊ ဟူသည့်-ဝါတ်ငါးပါးဖြင့်ပြီးသောကိုယ်ခန္ဓာကို၊ ဆောင်ရခြင်းကြောင့်၎င်း၊ ဌာနအားလျော်စွာ၊ ခွဲခြား ဆောင်ရွက်ရခြင်းကြောင့်၎င်း၊ အမျိုးအားဖြင့် (၅)မျိုး ပြားလေသည်၊၎င်းတို့မှာ-။

(၁) ပါစကသည်းခြေ= အစာကို ကြေကျက်စေ တတ်သောသည်းခြေ။

(၂) ရဉ္ဇကသည်းခြေ=ရသရည်ကို နီမြန်းအောင် ဆိုးတတ်သော သည်းခြေ။

(၃) သာဓကသည်းခြေ=တတ်သိခြင်း လိမ္မာခြင်း၊ စသည့် အလိုရှိအပ်သော အကျိုးကို၊ ပြီးစေ တတ်သောသည်းခြေ။

(၄) လောစကသည်းခြေ= ရူပါရုံကို မြင်စေတတ် သောသည်းခြေ၊

(၅) ဘာဇကသည်းခြေ=အရေကို ထွန်းလင်း စေ တတ်သောသည်းခြေ။

ဟူ၍ ၅)မျိုးဖြစ်လေသည်။

## ပါစကသည်းခြေ၏ တည်ရာဌာနနှင့် အလုပ်ကိစ္စ

ပါစကသည်းခြေသည်။ အစာသစ်အိမ်နှင့်၊ အစာဟောင်းအိမ်၏ အလယ်အသည်း၏-လက်ျာဘက်ခြမ်း- အောက်ပိုင်းနား၌၊ တည်နေပြီးလျှင်။ ၎င်းမှ ပြွန်တန်တချောင်းသည်။အသည်းမှလာသော ပြွန်တန်နှင့် ပေါင်း၍ အူ၏အစဖြစ်သော အထက်ပိုင်း၌၊ ပိုက်ဝင်လျက် ရှိလေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သည်။ ၊ထိုပြွန်တန်ဖြင့်ပင် ခါးသော သည်းခြေ ရည်များသည်။အစာသစ်အိမ်မှ၊အူ၏အတွင်းသို့ ဆက်ဆင်းလာသော အစာများထဲသို့၊ မပြတ်စီးဝင် ရောနှောကာ၊ အူအိမ်အတွင်း၌၊ အစာချေချက်ခြင်းအမှုကို၎င်း။ ထိုသို့အစာချေချက်ခြင်းဖြင့်၊ အစာ၏ သတ္တုရည်ဖြစ်သော-ရသရည်နှင့်- အဖတ်ကြမ်းဖြစ်သော- ကျင်ကြီးဘို့ ကွဲပြားစေခြင်းကို၎င်း၊ကြွင်းသောသည်းခြေတို့အား- အားပေးထောက်ပန့်ခြင်းကို၎င်း၊တကိုယ်လုံး၌ တည်သော-ဓါတ်မီးများ ပွားများ စေခြင်း ကို၎င်း၊ ဤ ပါစကသည်းခြေကပင်လျှင်ပြုလုပ်ရလေသည်။ ၊၎င်းပါစကသည်းခြေဘောက်ပြန်ပါက- အစာမကြေခြင်း၊ ဝမ်းဖေါခြင်း၊များနှင့်တကွ တကိုယ်လုံး၌-ဘောက်ပြန်-ပျက်စီးတတ်လေသည်။

ကျက်ရန်။ ၊ပါစကမည်။ သည်းခြေသည်ကား။ နှစ်လည်-စာဝယ်။ဟောင်း-သစ်-လယ်တွင်။ နည်းငယ်-လကျာ။ အသည်းမှာပေ။ မှီခါနေလျက်။ ရည်တွေအများ။အူသို့သွား၍။ စာအားချက်ချေ။ခွဲဝေ-ရည်ဘတ်။ကြွင်းလတ်သမျှ။သည်းခြေစုကို။ပေးပြု-ထောက်ပန့်၊ မီးလည်းနှံ့အောင်၊သူရွက်ဆောင်၏။ ထို့နောင်သည်းခြေ။ ဘောက်ပြန်လေက။ မကြေအစာ။ဝမ်းဖေါနာနှင့်၊ မီးမှာ-နှံ့ထက်။ရောဂါတက်၍။ အသက်ကိုပင်။ပယ်ဖြတ်ခြင်သည်။သည်းတွင်မှုလဖြစ်၍တည်း။ ။

## ရဉ္စကသည်းခြေ၏ တည်ရာဌာနနှင့်၊ အလုပ်ကိစ္စ

ရဉ္စကသည်းခြေသည်၊ အစာသစ်အိမ်၌တည်၍၊ ပါစကသည်းခြေစသည်တို့- ချက်အပ်သဖြင့်၊ ထွက်လာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သော-ရသရည်ကို၊ နီမြန်းအောင်ဆိုး၍၊ သွေးအဖြစ်သို့ ပြောင်းလဲပေးရလေသည်။ ။၎င်းသည်းခြေ ဘောက်ပြန်ပါက၊ သွေးဖျော့တော့သော အနာများ ဖြစ်တတ်သည်၊

ကျက်ရန်။ ။ရဉ္စကသည်။စာသစ်တည်၍၊ အရည်ရသာ။ နီမြန်းလာအောင်။ဆိုးကာပေး၏။ ဘောက်ပြန်ကမူ။သားရေ—ဖြူဖျော့၊ သွေးမှာပျော့သည်၊နေတော့ခွခွေရှိ၏တည်း။

မှတ်ချက်၊ ။ကာယာနုပဿနာကျမ်းတွင်၊ မြဟ္မဝေဝ ဏ္ဍ ကျမ်းလာ၊သည်းခြေ (၅) မျိုးတို့ကိုဘော်ပြထားရာ၌။ "အသည်း၌-အိမ်နှင့်တည်သော-ရဉ္စကမည်သော—သည်းခြေသည်။ စားသောက်သမျှသောအစာတို့ကို၊စိမ်းဝါအဆင်းဖြစ်အောင် ဆိုးတတ်သောကြောင့်၊ ရဉ္စကမည်၏"—ဟူ၍ပြဆိုထားပေသည်။ ။ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်း၌ကား၊"ရသရည်ကိုနီမြန်းအောင်ဆိုးတတ်သောကြောင့်၊ ရဉ္စကမည်၏" ဟု၊ လာသဖြင့်၊ အဆိုနှစ်ရပ်ကွဲပြားလျက် ရှိပေသည်။ ထိုအဆိုနှစ်ရပ်တို့အနက်။ ။ကာယာနုပဿနာ ကျမ်းတွင် ပြဆိုသည့်အတိုင်း၊ ရဉ္စကသည်းခြေသည်၊အစာကိုဆိုးသည်ဟုဆိုပါက၊ ပါစကကိစ္စသည်၊ သာမန်အမှုကိစ္စသဘောသို့သက်ရောက်သွားပေမည်။အဘယ့်ကြောင့်ဆိုသော်၊ ထိုအစာသစ်အိမ်၏အနီး၊ အသည်းအညှာရင်း၌တည်သော၊ သည်းခြေအိမ်မှ—သည်းခြေရည်သည်၊ အူအတွင်းသို့အမြဲစိမ့်ဝင်လျက်၊ အစာကိုဆိုးသကဲ့သို့ဖြစ်သည်ကားမှန်သော်လည်း၊ ကြေကျက်စေခြင်း ကိစ္စသာလျှင်၊အဓိကဖြစ်သောကြောင့်ဖြစ်ပေသည်။ ။တနည်းအားဖြင့်လည်း၊ ထိုသည်းခြေ၏အစာကို ဆိုးခြင်းသည်ပင်လျှင်၊ အစာမှ ထွက်သောရသရည်ကို ဆိုးပေးရာရောက်သည်ဟူ၍ ယူဆပါက၊ ယူဆနိုင်မည်ဖြစ်သော်လည်း၊သွေးကဲ့သို့နီမြန်းသော အရောင်ကား၊ ဖြစ်နိုင်မည်မဟုတ်ပေ။ အပသို့ထွက်လာသော— ကျင်ကြီးကိုထောက်သော်၊ များသောအားဖြင့်—အဝါရောင်အဆင်းသာလျှင်ဖြစ်နိုင်ပေမည်။ အကယ်၍—ရသရည်သည်၊ အူ၏အတွင်း အစာမှထွက်လာစဉ်ကပင်၊ နီမြန်းသောအ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ရောင်ဆိုးပြီးသားဖြစ်နေပါက။— "ဘာဝပ္ပကာသ စသောဆေးကျမ်းကြီးများ၌ ရသရည်သည်၊ဖြူသောအဆင်းရှိ၏၊ ဟူ၍လာသော စကားရပ်။ "အနာဂတ မိဆေးကျမ်းတို့တွင်- အစာသည် အကုန်အစင်ကြေပြီးသောအခါ၊ (ရေနှင့်တူသော) အရည်ဖြစ်၍၊ သကြားရည်သည်၊ အထပ်ထပ်ရှိသော အဝတ်ကို ပေါက်ယိုဘိသကဲ့သို့၊ ၎င်းအာဟာရသည်လည်း၊အူသိမ်၊အူငယ်တို့၏ နံရံအပေါက်တို့၌ ရှိသော၊ သွေးကြောထဲသို့ စိမ့်ယိုဝင်တတ်၏။" ဟူ၍-ရသရည်၏ ဖြူသော အဆင်းရှိကြောင်းပြဆိုရာ၊စကားရပ်တို့နှင့် တိုက်ညီတော့မည်မဟုတ်ပေ။

ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်းတွင် လာသည့်အတိုင်း၊' 'ရဉ္စကသည်းခြေသည်၊ သွေးသို့ရောက်ရှိလာသော ရသဓါတ်အနုတပုံကို- နီမြန်း၍-သွေးဖြစ်အောင် ဆိုးပေးသည်'' ဟု- ဆိုပါကလည်း၊ ပဉ္စမ "ရဉ္စကသည်းခြေသည်။အစာသစ်အိမ်၌တည်၏''ဟု-ဆိုသောစကားနှင့်၊ ရှေ့-နောက်-ကွဲလွဲသကဲ့သို့ဖြစ်နေပြန်ပေသည်။ အဘယ့်ကြောင့် ဆိုသော်-သွေးသို့-ရောက်ရှိလာသော-ရသဓါတ်အနုတပုံသည်၊ ထိုအစာသစ်အိမ်အနီးရှိ၊သည်းခြေနှင့်ဝေးခဲ့ပြီဖြစ်သောကြောင့်ဖြစ်ပေသည်။

သို့ဖြစ်၍၊ရဉ္စကသည်းခြေသည်၊အစာသစ်အိမ်တွင် တည်နေကြောင်းမှန်ခဲ့ပါက၊ ရသရည်ကိုနီမြန်းအောင် ဆိုးသည်ဟု ဆိုသောစကားနှင့်ကွဲလွဲပေမည်။ ။ရသရည်ကို နီမြန်းအောင်ဆိုးသည်မှန်ခဲ့ပါလျှင်လည်း၊ အစာသစ်အိမ်တွင်တည်သည် ဆိုသောစကားနှင့်ကွဲလွဲပေမည်။ ။ဤသို့သော အကြောင်းကြောင်းတို့ကို ထောက်ထားသဖြင့်။— ရဉ္စကသည်းခြေသည်၊ အစာသစ်အိမ်၌တည်နေ၏ ဟုဆိုသော်လည်း။ သွေးနှင့်ရောနှောသွားလာနေလျက်၊ မိမိထံသို့ရောက်ရှိလာသော ရသဓါတ်အနုကို၊ နီမြန်း၍ သွေးဖြစ်လာအောင်ဆိုးပေးရသည်ဟု- ယူဆပါက-ပိုမို၍ သင့်လျော်မည်ဟု၊ယူဆမိပေ၏။

## သာဓကသည်းခြေ၏တည်ရာဌာနနှင့်အလုပ်ကိစ္စ

သာဓကသည်းခြေသည်၊ နှလုံးအိမ်၌တည်၍ မိမိ၏ တည်ရာပုဂ္ဂိုလ်သည်၊ အလိုရှိအပ်သော၊ တတ်သိခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မာန်တက်ကြွခြင်း၊အောက်မေ့သတိရခြင်း။ လိမ္မာခြင်းစသည်တို့ကို ဖြစ်ပေါ် ရရှိအောင်၊ ပြုလုပ် ပေးရလေသည်။ ။၎င်းသည်းခြေ ဘောက်ပြန်ပါက၊ ဘော်ပြပါကိစ္စများ ချို့ယွင်းပျက်စီးခြင်း၊ ရူးသွတ်ခြင်းများ ဖြစ်တတ်သည်။

ကျက်ရန်။ ။သည်း-သာဓက။တည်ရ-နှလုံး။ မတုံးပညာ။ မာန်မှာ-တက်ဘိ။သတိရခြင်း။မယွင်း-လိမ္မာ။ဖြစ်စေပါ၍။ တဖြာသည်းခြေ။ ဘောက်ပြန်လေက။ စိတ်နေထွေထူး။ လူမှာရူးသည်။ မြွက်ကြူးမဥ္ဇူ။ရှေ့ကျမ်းတည်း။

မှတ်ချက်။ ။သာဓကသည်းခြေသည်၊ နှလုံးအိမ်၌ တည်၏ဟုဆိုသော်လည်း။အအိမ်နှင့်တကွ- တည်နေသည်မဟုတ်ပေ။ အစာသစ်အိမ်အနီး၊အသည်း၏အညွှာရင်းတွင်ရှိသော၊သည်းခြေအိပ်မှ-သည်းခြေရည်သည်ပင်၊သွေးနှင့်ရောနှော၍၊နှလုံးအိမ်သို့ရောက်သွားခြင်း ဖြစ်ဟန်တူပေသည်။အဘယ် ကြောင့်ဆိုသော်၊ သည်းခြေအိပ်သည် အစာသစ်အိမ်အနီး၊အသည်း၏ အညွှာရင်း၌သာတည်၍၊ နှလုံးအိမ်တွင်- သည်းခြေအိပ်ရှိကြောင်း၊ သာသနာတော်ကျမ်း။ အနာတမီ ဆေးကျမ်းတို့၌။ မလာမရှိသောကြောင့်ပင်ဖြစ်ပေသည်။

သာဓကသည်းခြေပျက်လျှင်-ရူးတတ်သည်ဆိုရာ၌လည်း၊ အစာသစ်အိမ်၏အနီး၊အသည်းညွှာရင်းတွင်၊အိပ်နှင့်တည်သော (ပါစက) သည်းခြေသည်၊အပူဓါတ်အားကြီးသဖြင့်၊ပွက်ပွက်ဆူသကဲ့သို့ဖြစ်၍၊အူအတွင်းသို့အကျအဆင်းများသောကြောင့်၎င်း။ အအေးဓါတ်ကြောင့်- ခဲတွဲ၍၊နေသဖြင့်-အကျအဆင်းနဲသောကြောင့်၎င်း။ ရူးသွတ်ခြင်းဖြစ်တန်ရာပေသည်။ အဘယ်ကြောင့်ဆိုသော်၊ ထိုအူအတွင်းသို့ ကျဆင်းလာသောသည်းခြေသည်၊ အစာကြေပြီးနောက် ရသရည်မှတဆင့်၊ သွေးနှင့်ရောနှောလျက်၊ စိတ်၏တည်ရာ - နှလုံးအိမ်သို့ရောက်လာသည်ဖြစ်ရာ၊ ထိုသည်းခြေအရောက်များလွန်းသောကြောင့်။ မအိပ်ခြင်း။ဒေါသကြီးခြင်း

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



စိတ်ဘိုခြင်း။ စကားများခြင်း-တည်းဟူသော-အပူရှူးများဖြစ်တတ်၍။ ဒ
အေးကြောင့်သည်းခြေအရောက်နဲ့လွန်းပါက၊ ကြောက်ရွံ့ထိတ်လန့်ခြင်း
ငိုခြင်း။ သတိမေ့လျော့ခြင်း။ စကားမပြောလိုခြင်း၊ တည်းဟူသော
အရူးများဖြစ်တတ်သောကြောင့် ပင်ဖြစ်ပေသည်။ ထို့ကြောင့်-ရှေးဆ
ကြီးများသည်၊ ကြောက်တတ်သောသူကို၊ သည်းခြေနဲ့သောသူ (ဝါ)
အသည်းငယ်တတ်သောသူ။မေ့လျော့တတ်သောသူကို၊ အမှတ်သည်
ခြေမရှိသောသူ-ဟူ၍၊ ခေါ်ဝေါ်ပြောဆိုကြပေသည်။

စင်စစ်အားဖြင့်ကား။ သာသနာတော်ကျမ်းအလို (ဗဒ္ဓ)။ ဆေး
ကျမ်းများအလို (ပါစက) ဟု၊ ခေါ်ဆိုနေကြသော - သည်းခြေအိမ်မှ
၍၊ ကွဲပြားသော - သည်းခြေ (၄) မျိုးတို့သည်၊ ထို-(ပါစက)-သည်
ခြေအိမ်မှ-၊ စိမ့်ထွက်ပျံ့နှံ့နေသော (အဗဒ္ဓ) သည်းခြေမျိုးများပင်ဖြ
ရာ။ ၎င်းတို့သည်-ထိုထိုအင်္ဂါအစိတ်အပိုင်းတို့သို့ရောက်၍၊ သက်ဆိုင်ရ
အမှုကိစ္စတို့ကို၊ ပြုလုပ်ရပေ၏။ ထိုသို့ရောက်ရာဌါန၊ ဆိုင်ရာအမှုကိစ္စ
ကိုအစွဲပြုပြီးလျှင်၊ ရဉ္ဇက။ သာဓက။ ဘာဇက။ လောစက။ စသည်ဖြ
ခေါ်ဝေါ်သမုတ်ထားကြခြင်းပင်၊ ဖြစ်ပေသတည်း။ ။

## လောကစသည်းခြေ၏တည်ရာဌါနနှင့်-
## အလုပ်ကိစ္စ

လောကစသည်းခြေသည်၊ မျက်စိနှစ်လုံး၌တည်၍၊ ရ
ပါရုံကိုမြင်နိုင်အောင်၊ စက္ခုပသာဒချပ်အား-ကြည်လင်
စေခြင်း၊ မျက်စိသို့လာရောက်ထိမှန်သော၊ နေပူ၊ မီးပူ၊
လေပူ - စသည့်အချိန်အဝါတို့ကို၊ ပသာဒချပ်အားမသ
ခိုက်ရအောင်၊ ကာကွယ်တားမြစ်ဖတ်ယူရခြင်း၊ တည်း
ဟူသော-အမှုကိစ္စတို့ကိုပြုလုပ်လေသည်။ ၎င်းသည်း
ခြေ ဖောက်ပြန်ပါက၊ မျက်စိနာခြင်း၊ မျက်စိမှုန်ခြင်း
များဖြစ်တတ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



**ကျက်ရန်။** ။ လောစက-ဟု။ သည်းခြေစုကား။ စက္ခုတွင်နေ၊ မြင်စေ-ရူပါ။ ပုသာစုတ်ယူ။ ဘောက်ပြန်သူမှာ။ မျက်စိနာလို့။ မှုံကာ ချို့သည်။ လူတို့ဘေးရန်ကြီး၏တည်း။

## ဘာဇကသည်းခြေ၏ တည်ရာဌာနနှင့်-အလုပ်ကိစ္စ

ဘာဇကသည်းခြေသည်၊ အရေ၌တည်၍၊ ထိုအရေ၏ အရောင်အဆင်း-ထွန်းလင်းတောက်ပမှုကို ပြုလုပ်လေသည်။ ။ဤသည်းခြေ ဘောက်ပြန်ပါက အရေပေါ်တွင်အနာအမျိုးမျိုးဖြစ်ခြင်း၊ အရောင်အဆင်း ပျက်ခြင်းများဖြစ်တတ်သည်။

**ကျက်ရန်။** ။ ဘာဇကခေါ်။ သည်းခြေသော်ကား။ ရေပေါ်တည်လာ။ ရောင်အဝါကို။ ဖြစ်ခါကြည်စေ။ ဘောက်ပြန်လေက။ အရေအဆင်း။ ပျက်တတ်လှုင်းသည်။ မယွင်း-လှူဝယ်မှတ်ရာတည်း။

**မှတ်ချက်။** ။ အထက်ဘော်ပြပါ သည်းခြေ (၅) မျိုးတို့ကို၊ သာသနာတော်ကျမ်းလာ၊ သည်းခြေ (၂) မျိုးနှင့်ဝေဘန်လှုင်။ ပ၊စက-သည်းခြေသည်၊ "ဗဒ္ဓ"သည်းခြေဖြစ်၍။ ကြွင်းသော-သည်းခြေ (၄) မျိုးတို့သည်။ "အဗဒ္ဓ"သည်းခြေဖြစ်လေသည်။

## သလိပ်ဒေါသအကြောင်း

ကိုယ်ခန္ဓာဟု ဆိုအပ်သော၊ ဒေါသ-ဓာတ်-မလတို့ အနက်၊ ဒေါသ၏ အလယ်ဖြစ်သော၊ သည်းခြေ၏ အကြောင်းကို ပြဆိုပြီး၍၊ ဒေါသ၏ အဆုံးဖြစ်သော သလိပ်၏ အကြောင်းခြင်းရာတို့ကို- ဘော်ပြပါဦးအံ့။

No. .4

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## သလိပ်၏ဂုဏ် (၉) ပါး

(၁) ချွဲသောရသာရှိ၏။
(၂) ငန်သောရသာရှိ၏။
(၃) အေးသောသဘောရှိ၏။
(၄) လေးလံ၏။
(၅) ပြစ်ချွဲ၏။
(၆) ဖြူသောအရောင်ရှိ၏။ ။ဘာ၊
(၇) အဆီအစေးရှိ၏။ ။ဘာ၊
(၈) ¹ပူလောင်တတ်၏ ။ဘာ။
(၉) ²မာန်မာနကြီး၏[ဝါ]မောဟတည်းဟူ
သော တမဂုဏ် ရှိ၏။ ။ဘာ။

ဤကား၊သလိပ်၏ဂုဏ် (၉) ပါးဖြစ်လေသည်၊လက္ခဏာတို့၏နောက်တွင်-၊ "ဘာ" ဟူ၍ပြဆိုထားခြင်းမှာ၊ ဘာဝပ္ပကာသကျမ်းလာဟု-ဆိုလိုသည်၊

ကျက်ရန်။ ။သေမှဂုဏ်။ ကျမ်းအရကား။ မမှားအမှန်။ ချွဲ-ငံ-အေးလေး။ပြစ်ချွဲသေး၍။ ဆီစေး-ဖြူရောင်။ ပူလောင်-တမ။ ဤကိုးဝသည်။ရှိရသူ့မှာအမြဲတည်း။

မှတ်ချက်။ ။¹ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်းတွင်၊ သလိပ်ကိုအေးသောဂုဏ်ရှိသည်ဟုပြဆို၍။ ဘာဝပ္ပကာသကျမ်းတွင်- ပူလောင်တတ်၏ ဟူ၍- ပြဆိုထားကြရာ၊ ဆန့်ကျင်သကဲ့သို့ ဖြစ်နေပေတော့သည်။ ထို-နှစ်မျိုးတို့တွင်၊ဘေသဇ္ဇမဉ္ဇူသာကျမ်း၏အလိုမှာ၊သလိပ်၏-ပကတိအေးသော သဘောကို ထောက်၍- ကောက်ယူခြင်း ဖြစ်ဟန် ရှိပေသည်။ ။ဘာဝပ္ပကာသကျမ်း၏အလိုမှာ။သလိပ်တွင်- ငန်သော အရသာရှိသော့ဒ္ဓကြောင့်၎င်း။ဇာဂ်လအရပ်များ၌-လူတို့တွင်- ပကတိအားဖြင့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သလိပ်ဆောင်သော သဘာဝကိုထောက်၍၎င်း။ သလိပ်ကင်းထသော အခါ၊ကိုယ်သား၊ ကိုယ်ရေပူနွေးခြင်းကို ထောက်၍၎င်း။ သလိပ်သည်- ပူလောင်သောဂုဏ်ရှိ၏ဟု၊ အပူကြောင့်ဖောက်ပြန်သော၊ သလိပ်ကို ယူ၍- ပြဆိုခြင်းဖြစ်ဟန် တူပေသည်။ ။သို့သော်-ပကတိသလိပ်- မဖောက်ပြန်သောသလိပ်၌- ပူလောင်သောဂုဏ်ရှိပါက- မောဟတည်း ဟူသော (တမ) ဂုဏ်မရှိနိုင်ခြင်း။မဖောက်မပြန်သော- ပကတိသလိပ်၏-ထူးသောသဘောကိုသာ ပြဆိုရာဖြစ်ခြင်းတို့ကြောင့်၊ ဘေသဇ္ဇမဉ္ဇူသာဆေးကျမ်းတွင်၊ ပြဆိုသည့်အတိုင်း၊သလိပ်ကို အေးသောဂုဏ်ရှိ၏ ဟူ၍သာ-မှတ်ယူသင့်လှပေသတည်း။

ဂုဏ်(၃)ပါးတို့၏သဘောကို ပြဆိုရာ၌ကား။ ဒဗ္ဗဂုဏပကာသနီ ဆေးကျမ်းတွင်- ရဇဂုဏ်သည်=အလိုရမ္မက်။ သတ္တဂုဏ်သည်=ပညာ။ တမဂုဏ်သည်=မာန်မာန။ ဟူ၍ပြဆိုသည်။ ။အဘိဓါန် ကျမ်း၌ကား- ရဇဂုဏ်သည်=လောဘ။ သတ္တဂုဏ်သည်=ဒေါသ။ တမ ဂုဏ်သည်= မောဟ၊ဟူ၍ပြဆိုသည်။

## သလိပ်၏ကျေးဇူးပြုပုံ(၉)ပါး

(၁) ကိုယ်ခန္ဓာ-ခိုင်ခန့်မြဲမြံခြင်း။
(၂) အနေ့အသါးစသည်တို့ စေးကပ်ငြိတွယ်ခြင်း။
(၃) အရိုးဆက်စသော၊ အဆက်အစပ်များကို၊ ဖွဲ့ချည်ခြင်း။
(၄) သည်းခံခြင်း။
(၅) ကိုယ်ခန္ဓာ့လေးလံခြင်း။
(၆) ဝပြိုးခြင်း။
(၇) အားနှံခြင်း။
(၈) ကိုယ်၊နှုတ်၊စိတ်-တို့၌ တည်ကြည်ခြင်း။
(၉) လောဘနဲခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤကား မဘောက်မပြန်၊ ဖြောင့်မှန်သောသလိပ်၏၊ ကျေးဇူး ပြုခြင်းကြောင့်၊ ကိုယ်ခန္ဓာတွင်၊ ရရှိခံစားရသော အကျိုး(၉)ပါးဖြစ်လေသည်။

ကျက်ရန်။ ။မဖေါက်မပြန်။ လိပ်ဆောင်ဟန်ကား။ မြိမြံ့ခိုင်ဘိ။ စေးကပ်ငြိ၍။လေး၏-ဝတတ်။ဆက်စပ်-ဘွဲ့ချည်၊တည်ကြည်-သည်းခံ။ နည်းပြန်-လောဘ။ဗလ-ဖြစ်ပေ။ဤကိုးထွေဟု။ကျမ်းလာ-စုသည်။ ယူမှု လွယ်ရန်အကျဉ်းတည်း။ ။

## သလိပ်၏တည်ရာ(၁၀)ဌာန

(၁) အမြေး။
(၂) ဦးခေါင်း။
(၃) လည်ချောင်း။
(၄) ရင်ခေါင်း။
(၅) အရိုးဆက်။
(၆) အစာသစ်အိမ်။
(၇) ရသရည်။
(၈) အဆီ။
(၉) နှာခေါင်း။
(၁၀) လျှာ။

ဤဘော်ပြပါ(၁၀)ဌာနသည်၊သလိပ်၏တည်ရာဌာနများဖြစ်သည်။ထို(၁၀)ဌာနတို့တွင်လည်း၊ အထူးသဖြင့် ရင်ခေါင်းသည်- သလိပ်၏ တည်ရာဖြစ်သည်။

ကျက်ရန်။ ။သလိပ်တည်ရာ။ဌာနမှာကား။မြေးသာ-ဦးခေါင်း။ ဆစ်-လည်ချောင်းနှင့်။ ရင်ခေါင်းအဆီ။ ရသရည်ဟု။ နှာ-သည်-လျှာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဖြစ်၊ အစာသစ်ထား။ ဤဆယ်ပါးတွင်။ ထူးကား ရင်ခေါင်း။ သလိပ် အောင်းသည်။ အပေါင်းမှတ်ဘွယ်စဉ်လာတည်း။

## သလိပ်မျိုး (၅) ပါး

သလိပ်သည်၊ အကျဉ်းအားဖြင့်- တပါးသာ ရှိနေသော်လည်း၊ တေဇော၊ ဝါယော အာပေါ၊ ပထဝီ၊ အာကာသ ဟူသည့်-ဓာတ်ငါးပါးဖြင့်ပြီးသော၊ ကိုယ်ခန္ဓာကို ဆောင်ရခြင်းကြောင့်၎င်း၊ ဌာနအားလျော်စွာ- ခွဲခြား ဆောင်ရွက်ရခြင်းကြောင့်၎င်း၊ အမျိုးအားဖြင့်- (၅)မျိုး ပြားလေသည်။ ၎င်းတို့မှာ—

(၁) အဝလမ္ဗကသလိပ်= ထောက်ပန့် တတ်သော သလိပ်၊

(၂) ကိလေဒကသလိပ်= အစာကို- စိုစွတ်အောင် ပြုတတ်သော-သလိပ်။

(၃) ဗောဓကသလိပ်=ရသာခြောက်ပါးကို- သိစေ တတ်သော-သလိပ်။

(၄) တပ္ပကသလိပ်=မျက်စိ- စသော ဣန္ဒြေတို့ကို ရောင့်ရဲစေတတ်သောသလိပ်။

(၅) သိလေသကသလိပ်= အလုံးစုံသော အဆစ်အဆက်တို့ကို စေးကပ် ငြိတွယ် စေတတ်သော သလိပ်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## အဝလမ္ဗက-သလိပ်၏တည်ရာဌာနနှင့် အလုပ်ကိစ္စ

အဝလမ္ဗကသလိပ်သည်၊ ရင်ခေါင်း၌တည်၍၊ ဦးခေါင်းနှင့်- မောင်းဆက်နှစ်ခုတို့အား- မိမိ၏ သတ္တိဖြင့် ထောက်ပန့်ခြင်း။ ရင်ခေါင်းကို- အစာ၏ သတ္တိဖြင့်- ထောက်ပန့်ခြင်း။ မိမိမှကြွင်းသော သလိပ်(၄)မျိုးတို့၏ တည်ရာဖြစ်သော-အစာသစ်အိမ်၊ လျှာ ဦးခေါင်း၊ အရိုးဆက်ဟူသမျှတို့အား-အရည်၏ကိစ္စဖြင့် ထောက်ပန့်ခြင်း တည်းဟူသော- အမှုတို့ကို ပြုလုပ် လေသည်။ ။၎င်းသလိပ်ဘောက်ပြန်ပါက၊ ချောင်းဆိုးကုတ်ဟီးနာ၊ ရင်ကြပ်နာ၊ ပန်းနာ၊ လေနာများဖြစ်တတ်၏။

ကျက်ရန်။ ။အဝလမ္ဗက။တည်ရ-ရင်မှာ။ ခေါင်းသာ- မောင်းဆက်။ဤသုံးချက်နှင့်။မပျက်စီးစေ။ ကြွင်းပေလေးပါး။ သလိပ်များကို၊ ရည်အားဖြင့်သာ။ ထောက်ပန့်ပါ၏။ ဘောက်ပြန်ကမူ၊ ထိုသူ-ရင်ကြပ်၊ မပြတ်ချောင်းဆိုး။အနာတိုးသည်၊ ဖြစ်ရိုးအစဉ်သဘောတည်း၊ ။

## ကိလေဒကသလိပ်၏တည်ရာဌာနနှင့် အလုပ်ကိစ္စ

ကိလေဒကသလိပ်သည်၊ အစာသစ်အိမ်၌ တည်၍၊ မိမိ၏ဗိုစွတ်သောသတ္တိဖြင့်၊ ပေါင်းစုလုံးခဲနေသော အစာများကို-ကွဲပြားစေခြင်း၊ ကြွင်းသော-သလိပ်တို့၏-တည်ရာများသို့ အရည်၏ကိစ္စဖြင့်- ကျေးဇူးပြုခြင်း- တည်းဟူသောအမှုတို့ကို- ပြုလုပ် လေသည်။ ။၎င်းသလိပ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဘောက်ပြန်ပါက-အစာမကြေခြင်း။ ရင်ပြည့်ခြင်း။ ရင်တောင့်ခြင်း။ ပါးစပ်နံ့ခြင်း-စသည်များဖြစ်တတ်၏။

ကျက်ရန်။ ။ကိလေဒက။ခေါ်ဆိုရသား။ သလိပ်များမှာ။ တည်ပြားစာသစ်။နေရာဖြစ်၍။ခဲကျစ်လုံးနေ။အစာတွေကို။ ကွဲစေအောင်ဟု။ စိုစွတ်မှုဖြင့်။ပြုစုသူ့တာ။ ဘောက်ပြန်ပါက။အစာမကြေ။ ဖြစ်တတ်ပေသည်၊ကျမ်းရွှေဘေသဇ-ဆို၏တည်း။

## ဗောဓက သလိပ်၏တည်ရာဌာနနှင့် အလုပ်ကိစ္စ

ဗောဓကသလိပ်သည်။ လျှာရင်း၌တည်၍၊ စားလိုက်သောအစာတို့၏-အချို့အချဉ်- အစရှိသော- ရသာတို့ကို- သိအောင် ပြုလုပ်ရ လေသည်။ ။၎င်းသလိပ်ဘောက်ပြန်ပါက၊ အရသာပျက်ခြင်း၊ လျှာကွဲခြင်း၊ သွားပေါက်ခြင်း။ လျှာမလိမ်းခြင်း-စသည်များဖြစ်တတ်၏။

ကျက်ရန်။ ။ဗောဓကသည်။လျှာရင်းတည်၍။ချိုမည်-ချဉ်-ငန်။စပ်-ခါး-ဖန်ကို။အမှန်သိစေ။ဘောက်ပြန်လေက။ ပျက်ပေခံတွင်း။ သွားပေါက်ခြင်းနှင့်။ မယွင်းလျှာနာ။ ဖြစ်တတ်ပါသည်။ အစာရေစာဆုတ်ကြောင်းတည်း။

## တပ္ပကသလိပ်၏တည်ရာဌာနနှင့် အလုပ်ကိစ္စ

တပ္ပကသလိပ်သည်။ဦးခေါင်း၌တည်၍၊မျက်စိ၊နား၊နှာ။လျှာ၊တည်းဟူသော-ဣန္ဒြေတို့အား။ အဆီအစေးကို-ကျွေးမွေးခြင်းဖြင့် (ဝါ)ဖြည့်စွက်ပေးခြင်း အားဖြင့်၊ ရောင့်ရဲစေခြင်းအမှုကို- ပြုလုပ်ရလေသည်။ ။၎င်း သ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



လိပ်ဘောက်ဖြန်ပါက၊ ခေါင်းကိုက်ခြင်း၊ မူးဝေခြင်း၊ နားလေထွက်ခြင်း၊ စသည်များဖြစ်တတ်၏။

ကျက်ရန်။ ။တပွကပေါ၊ ဦးခေါင်းနေ၍။ ဇူခြေတို့။ ဝစေဘို့ဟု။ ပေးပို့-အစာ။ ပြုလုပ်ပါရ။ ဘောက်ဖြန်ကမူ။ နားအူ-မူးခြင်း။ ခေါင်းကိုက်ခြင်းလျက်။ ပျက်ယွင်းဇူခြေ။ ကြည်မပေ-မရှိ။ ဖြစ်တတ်ဘိသည်။ နောက်ကျုံချာချာလည်၏တည်း။ ။

## သိလေသကသလိပ်၏တည်ရာဌာနနှင့်အလုပ်ကိစ္စ

သိလေသက သလိပ်သည်၊ အရိုးတို့၏ - အဆစ်အဆက်တိုင်းတို့၌တည်၍၊ အရိုးတခုနှင့်တခု ငြိတွယ်နေအောင်၎င်း၊ အရိုးဆက်များ-ချောင်၍ လျော့ကျမသွားအောင်၎င်း။ အရိုးခြင်းကျိတ်ခိုလျှင် - မပွန်းမပဲ့ - မနာမကျင် ရအောင် ၎င်း၊ ကွေး - ဆန့်သောအခါတို့၌ ချောမော လွယ်ကူစေရန် သော်၎င်း၊ ပြုလုပ် ရ လေသည်။ ။၎င်းသလိပ် ဘောက်ဖြန်ပါက၊ အဆစ်ယောင်သောအနာ။ အဆစ်ကိုက်ခဲသောအနာ စသည်များဖြစ်တတ်၏။

ကျက်ရန်။ ။သိလေခေါ်မည်။ သလိပ်သည်ကား။ နေတည်-ဆက်ဆစ်။ ဖွဲ့လစ်-ရိုးများ။ ကွားခြားမနဲ့။ ပွန်းပဲ့-မပူ။ လှုပ်မှုချောအောင်၊ သူ့ရှက်ဆောင်လုပ်။ ဘောက်ဖြန် ပျက်သော်။ ယောင်ချက် အဆစ်၊ ကိုက်လစ်ပူလာ။ လှုပ်ခါ-နာလှ။ ရောဂါရသည်။ ပေးမ-သူ့စာ-ဆေးတို့တည်း။ ။

မှတ်ချက်။ ။''သာသနာတော်ကျမ်းများ၌ကား''။ သလိပ်သည်။ တမာသီးမှည့်အဆင်းရှိ၏။ တကွမ်းစားခေါ်-တစလယ်ခန့်မျှသော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ပမာဏဖြင့်၊ အစာသစ်အိမ်၌တည်၏။ အစာကိုမှီသည်ရှိသော်၊ ရေပေါ်တွင်-မှော်ပြင်အထက်၌ ခဲကျပါက၊ ကွဲ၍တဖန်စေ့ပြန်သကဲ့သို့၊ ထိုသလိပ်သည်၊ ကွဲ၍စေ့မြဲစေ့ပြန်၏။ ၎င်းသလိပ်နဲ့လျှင်၊ ပါးစပ်မှ-မကောင်းသောအနံ့များထွက်တတ်သည် - ဟူ၍ - ကိလေဒက-သလိပ်နှင့် - သဘောတူပြဆိုပေသည်။ ။ "**အာယုဗေဒဆေးကျမ်းတို့၌ကား**"။ နှပ်။ ပြည်။ အစေး။ သလိပ်၊ ဤအလုံးစုံတို့သည်၊ နိုင်ရာဆေးတူသောကြောင့်။ သလိပ်ဟူ၍ချည်းဆိုကြသည်။ ။ "**အနာတမိကျမ်းတို့၌ကား**"။ လည်ချောင်း၌-အိပ်နှင့်တကွ တည်၍-ပြွန်တန်ဝတို့သည်၊ လည်ချောင်းတွင်း၊ အမြေးပါးသို့ လှည့်လှက်ရှိကြသည်။ ထိုကဲ့သို့ပင် - နှာခေါင်းအထက်ပိုင်း။ အဆုတ်သို့ သွားသောပြွန်။ အစာသစ်အိမ်-အူ။ အစာဟောင်းအိမ်။ ကျင်ငယ်၏ တည်ရာ စည်ဘောင်း။ ကျောက်ကပ်မှ - ဆီးအိမ်စည်ဘောင်းသို့ သွားသော အကြောတို့၏ အတွင်း၌လည်း တည်ရှိသောကြောင့်၊ ထိုအရပ်တို့မှလည်း။ သလိပ်တို့သည်၊ ထိုက်သည်အားလျော်စွာ ထွက်ကုန်၏။ ဟူ၍ပြဆိုလေသည်။ ။

---

## စားလိုက်သောအစာတို့မှ ဓာတ်(၇)ပါး ဖြစ်လာပုံအကြောင်း။

### ရသရည်ဖြစ်လာပုံ

စားသောက်ဘွယ်ရာ မှန်သမျှတို့ကို (မျိုအပ်သောကြောင့်) အာဟာရဟူ၍ခေါ်သည်၊ ၎င်းအာဟာရတို့သည်၊ အမျိုးအားဖြင့်(၆)မျိုးရှိသည်၊ ၎င်း(၆)မျိုးတို့မှာ—

(၁) ဘောဇ္ဇအာဟာရ၊ ထမင်းစသော၊ စားအပ်သောအစာ။

(၂) ဘက္ချအာဟာရ၊ မုန့်စသောခဲအပ်သောအစာ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) စပ္ပအာဟာရ၊ မုံ့ဆန်း၊ ပေါက်ပေါက်ကဲ့သို့ ကြွာကြွာ ဝါးအပ်သောအစာ။

(၄) လေဟိယ အာဟာရ၊ ပျားရည်၊ တင်လဲတို့ ကဲ့သို့-လျက်အပ်သောအစာ။

(၅) စုသ အာဟာရ၊ သရက်သီး၊ ကြံချောင်းတို့ ကဲ့သို့-စုတ်အပ်သောအစာ။

(၆) ပေယျ အာဟာရ၊ နွားနို့၊ ဖျော်ရည်တို့ကဲ့သို့ သောက်အပ်သော အစာ။

ဟူ၍ ဖြစ်လေသည်။ ထိုအာဟာရ (၆) မျိုးလုံးပင်၊ စား-သောက်-မျိုချလိုက်သော ခဏ၌၊ အစာသစ်အိမ်သို့ ရောက်ရှိသွားလေသည်။ ထိုသို့ ရောက်ရှိလာသောအစာတို့သည်၊ အစာသစ်အိမ်၌ရှိသော- သလိပ်နှင့်-ရောနှောသဖြင့်၊ မည်သည့်ရသာမျိုးမဆို၊ ချိုသောရသာ ဖြစ်လေသည်။ ပါစကတေဇောဓာတ်ချက်သဖြင့်လည်း၊ တဖြည်းဖြည်းနှင့်၊ ချဉ်သောရသာ ပေါက်လာလေသည်။ ဤသို့အားဖြင့်-အစာတို့သည်၊ လေမျိုးငါးပါးတွင်၊ ပါဏလေ လှုံ့ဆော်သဖြင့် -လှုပ်ရှားခြင်းကြောင့်၎င်း၊ ဝမ်းမီး၏ လောင်မြိုက်ခြင်းကြောင့်၎င်း၊ အမြှုပ်တစီစီထွက်လျက်၊ ခွေးအန့်သတ်ကဲ့သို့ စက်ဆုပ်ဖွယ်ရာဖြစ်၍တည်လေ၏။

ထို့နောက်-၎င်းအစာတို့သည်၊ လေမျိုးငါးပါးတွင် သမာန လေ ပို့ဆောင်ခြင်းကြောင့်၊ အစာသစ်အိမ်မှ အူပြွန်တန်သို့သက်ဆင်းလာလေသည်။ ထိုအခါ- အူပြွ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



တန့်၍ တည်သော အစာကို၊ အစာသစ်အိမ်နှင့်- အစာဟောင်းအိမ်၏အလယ်၌ရှိသော-ပါစကသည်းခြေသည် ခါးသောရသာ-ထက်သောဂုဏ်ရှိသည်ဖြစ်၍ - အစာကို ချက်ပြန်၏။

ဤနည်းအားဖြင့်၊ တနေ့နှင့်- ထည - ချက်အပ်သော အစာတို့သည်၊ပကတိ-ချိုမှု-ငန်မှု-ချိုသောရသာဖြစ်၏၊ ပကတိက - စပ်မှု - ခါးမှု-ဖန်မှု၊ စပ်သောရသာဖြစ်၏၊ ပကတိက- ချဉ်မှု-ချဉ်သောရသာဖြစ်၍ -ကြေကျက်လေတော့၏။

ထိုအခါတွင်ကား၊ စားသမျှသော အစာတို့သည်၊ ရသဓာတ်အရည်နှင့်၊ အသတ်၊ ဟူ၍-(၅)ပုံ(၃)ပုံသာလျှင်၊ကျန်ရှိပေတော့သည်။ အဘယ့်ကြောင့်ဆိုသော်၊ တပုံသည်-ပိုးစားသဖြင့်ရှင်း၊ တပုံသည်-ဝမ်းမီးလောင်ကျွမ်းခြင်းအားဖြင့်ရှင်း၊ ကုန်ခဲ့ပြီ ဖြစ်သောကြောင့်ပင်ဖြစ်၏။ ကျန်ရှိသော(၃)ပုံတို့တွင်၊ အရည်တပုံကိုကျင်ငယ်အိမ်သို့ရှင်း၊ အသတ်တပုံကို ကျင်ကြီးအိမ်သို့ရှင်း၊ သမာနလေ ပို့ဆောင်ပေး သဖြင့်၊ ကျင်ငယ် ကျင်ကြီး ဟူ၍-အသီးသီးခေါ် ဆိုကြလေ၏။

အစာတို့၏ - သတ္တုချည် ဖြစ်သော၊ ထမင်းရည်နှင့် တူသည့်-ရသရည်မှာမူ၊ သမာနလေ ယူဆောင်သဖြင့် နှလုံးသို့ ရောက်၍၊ ရှိနှင့်ပြီးသော ရသရည်နှင့် ရောနှောလျက်တည်လေ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁) ထိုသို့-တည်နေစဉ်အတွင်း၊ ရသရည်၌ ရှိသော မီးသည်ချက်သဖြင့်။ (၅)ရက်နှင့်၊ တနာရီခွဲကြာသောအခါ၊ အနှတပုံ၊ အကြမ်းတပုံ၊ ချေးတပုံဟူ၍သုံးမျိုးဖြစ်လာလေသည်။ ချေးတပုံသည်ကား-သလိပ်ဖြစ်၍၊ ပါဏလေပို့ဆောင်သဖြင့် ဓမနီမည်သောအကြောတို့မှနေပြီးလျှင်ကိုယ်၏ အစ ဖြစ်သော၊ ကိလောဒက သလိပ် တည်ရာသို့ရောက်၍ ကိုယ်ခန္ဓာကို ပြုရပျိုးထောင်လေ၏။ ။အနှတပုံမှာမူ-ကိုယ်၏အစဖြစ်သော-ရသဓာတ်ကို ပွားများစေ၍-ဗျာနလေပို့ဆောင်သဖြင့်၊ ဓမနီမည်သောအကြောတို့မှ၊ တကိုယ်လုံးသို့ပျံ့နှံ့လျက်၊ ဓာတ်တို့ကိုပွားစေခြင်း၊ စေးကပ်ခြင်း။ ဝမ်းမီး၏ အပူကို တားမြစ်ခြင်း၊ စသည်တို့ဖြင့်၊ တကိုယ်လုံးကို-ကျေးဇူးပြုလေသည်။

(၂) ဘာဝပ္ပကာသကျမ်း၌။ ။ရသ ဓာတ်သည်၊ တကိုယ်လုံးသို့ ပျံ့နှံ့လှည့်လည် ကျက်စားသော်လည်း၊ ပဌမဦးဆုံး နှလုံးအိမ်သို့ရောက်ရှိရခြင်းကြောင့်၊ နှလုံးအိမ်သည်-ရသဓာတ်၏ တည်ရာဖြစ်၏-ဟူ၍ တည်ရာကိုဥင်း၊ ။ရသဓာတ်သည်၊ အရည်မျိုးဖြစ်၏၊ ဖြူသောအဆင်းရှိ၏၊ အေး၏၊ အဆီအစေးများ၏၊ လှုပ်ရှားတတ်၏၊ ဟူ၍ - ရသဓာတ်၏ ဂုဏ်ကိုဥင်း။ ။ရသဓာတ်သည်၊ အကြောတို့သို့ လျှောက်၍၊ ဓာတ်တို့ကိုပွားများစေခြင်း၊ မိမိ၌ရှိသော၊ သိတဂုဏ်၊ သိနိဒ္ဓဂုဏ်၊ ပိစ္ဆလဂုဏ်၊ ဤဂုဏ်(၃)ပါးတို့ဖြင့်၊ တကိုယ်လုံးကိုးပျံ့နှံ့

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



လျက်-ဓာတ်ခုနစ်ပါးတို့ကို ပွားများစေ၏။ ဟူ၍ ရသဓါတ်၏အမှုကိစ္စတို့ကို၎င်း၊ပြဆိုလေသည်။ ။

## ရသရည်မှ၊သွေးဖြစ်လာပုံ

အထက်ပါအတိုင်း သုံးမျိုးသုံးပုံဖြစ်လာသော ရသဓာတ်မှ၊အကြွမ်းတပုံသည်၊ ပါဏလေ ပို့ဆောင်သောကြောင့်၊ ဓမနီမည်သောအကြောတို့ဖြင့်၊ ကိုယ်၏အစဖြစ်သော၊သွေး၏ တည်ရာအရပ်သို့သွား၍၊ အသည်း၊သရက်တို့သို့ရောက်လျှင်- ရှိနှင့်ပြီးသော- သွေးများနှင့်ရောနှောလျက်တည်ပြန်၏၊ ထိုစဉ်အတွင်း၊ သွေး၌တည်သောမီးသည် ချက်အပ်သည်ဖြစ်၍။(၅)ရက်နှင့်- တနာရီခွဲကြာသောအခါ အနုတပုံ၊အကြွမ်းတပုံ၊ ချေးတပုံဟူ၍၊ ဖြစ်လာပြန်လေသည်၊ထိုသွေးမှ ထွက်သောချေးသည် သည်းခြေဖြစ်၍ သမာနလေပို့ဆောင်သောကြောင့်ဓမနီမည်သောအကြောတို့မှနေပြီးလျှင် ကိုယ်၏ အစဖြစ်သော၊ ပါစကသည်းခြေတည်ရာသို့ ရောက်လေ၏။ ။

အနုတပုံမှာမူ-ရဉ္စကသည်းခြေသည်၊ နီမြန်းအောင်ဆိုးသဖြင့်၊ သွေးဖြစ်ပြီးလျှင်၊ ဗျာနလေ ပို့ဆောင် သောကြောင့်၊ ဓမနီမည်သောအကြောတို့မှ လှည့်လည်သွားလာလျက်၊ တကိုယ်လုံး၌ တည်သော၊ သွေးတို့ကို ပွားများစေလေသည်။

## သွေး၊မှ၊ အသား၊ဖြစ်လာပုံ

အထက်ပါအတိုင်း၊ သုံးမျိုး၊သုံးပုံ ဖြစ်လာသော၊ သွေး၌တည်သောရသဓါတ်အကြွမ်းတပုံသည် ဗျာနလေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ပို့ဆောင်သောကြောင့်၊ ဓမနီမည်သောအကြော၊ သိရာမည်သောအကြောတို့မှ၊ အသားရှိရာသို့သွား၍၊ ရှိနှင့်ပြီးသောအသားတို့နှင့် ရောနှောလျက်တည်လေ၏။ ထိုအခါ-အသား၌ တည်သောမီးသည်- ချက်ပြန်သဖြင့်၊ (၅) ရက်နှင့်တနာရီခွဲ ကြာသောအခါ၊ အနှတပုံ၊ အကြမ်းတပုံ၊ ချေးတပုံဟူ၍ ဖြစ်လာပြန်လေသည်။ ထိုအသားမှထွက်သောချေးကို၊ ဗျာနလေသည်၊ လျင်မြန်စွာ- နားသို့ဆောင်ယူ သဖြင့်၊ နဖါချေးဟူ၍ဖြစ်လာလေသည်။ အနှတပုံမှာမူ-အသားဟူ၍ဖြစ်လာလေသည်။

### အသားမှ၊ အဆီခဲဖြစ်လာပုံ

အထက်ပါအတိုင်း၊ သုံးမျိုး၊ သုံးပုံ ဖြစ်လာသော၊ အသား၌တည်သော ရသ ဓာတ်အကြမ်းတပုံသည်၊ ဗျာနလေပို့ဆောင်သောကြောင့် ဓမနီမည်သော အကြောတို့မှနေ၍၊ အဆီခဲရှိရာသို့ သွားကာ၊ ရှိနှင့် ပြီးသော အဆီခဲနှင့်ရောနှောလျက်တည်လေ၏။ ထိုအခါ-အဆီခဲ၌ တည်သောမီးသည်-ချက်ပြန်သဖြင့်(၅)ရက်နှင့် တနာရီခွဲကြာသောအခါ၊ အနှတပုံ အကြမ်းတပုံ၊ ချေးတပုံဟူ၍-ဖြစ်လာပြန်လေသည်။ ထိုအဆီခဲမှထွက်သောချေးကို၊ ချွေးဟူ၍ခေါ်၏။ ၎င်းချွေးသည်-တည်ရာဖြစ်သော၊ ပြွန်တန်ဖိုသို့ ဝင်လျက်တည်၏။ ထိုချွေးကို ဗျာန လေပို့ဆောင်သဖြင့် မိမိ၏တည်ရာ-ပြွန်တန်မှ-အပသို့ ထွက်လေသည်။ (လျှာချေး သွားချေး၊ ကျိုင်းချေး၊ အင်္ဂါစပ်ချေး၊ တို့ကို-အဆီခဲမှ ထွက်သော ချေးဟူ၍- အချို့ ဆရာတို့ဆိုကြ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သည်)။ ။အနုတပုံမှာ မူကား- အဆီခဲဟူ၍ ဖြစ်လေသည်။

## အဆီခဲမှ၊ အရိုးဖြစ်လာပုံ

အထက်ပါအတိုင်း၊ သုံးမျိုး- သုံးပုံ ဖြစ်လာသော၊ အဆီခဲ၌ တည်သော ရသဓာတ် အကြွမ်း တပုံသည်၊ ဗျာနလေ ပို့ဆောင်သဖြင့်၊ ဝမနိမည်သော အကြော၊ သိရာမည်သော အကြောတို့မှ လျှောက်၍- အရိုးရှိရာသို့ သွားကာ၊ ရှိနှင့်ပြီးသော အရိုးနှင့် ရောနှောလျက် တည်လေ၏။ ထိုအခါ- အရိုး၌တည်သော မီးသည်ချက်ပြန်သဖြင့်၊ (၅)ရက်နှင့် တနာရီခွဲ ကြာသောအခါ၊ အနုတပုံ၊ အကြွမ်းတပုံ၊ ချေးတပုံ ဟူ၍- ဖြစ်လာ ပြန်လေသည်။ ထိုအရိုးမှထွက်သောချေးကို၊ ဗျာနလေဆောင်ယူသဖြင့်၊ ခြေချောင်း၊ လက်ချောင်းတို့၌-ခြေသည်း၊ လက်သည်း၊ တကိုယ်လုံး၌အမွေးဟူ၍ဖြစ်လာရသည်။ အနုတပုံမှာ မူကား၊ အရိုးဓာတ်ဟူ၍ဖြစ်လာလေသည်။

## အရိုးမှ ခြင်ဆီဖြစ်လာပုံ

အထက်ပါအတိုင်း၊ သုံးမျိုး- သုံးပုံ ဖြစ်လာသော၊ အဆီ၌တည်သော ရသဓာတ်အကြွမ်းတပုံသည်၊ ဗျာနလေပို့ဆောင်သဖြင့်၊ ခြင်ဆီ၏တည်ရာ အရိုးများ အတွင်းသို့ဝင်လျက်၊ ရှိနှင့်ပြီးသော-ခြင်ဆီတို့နှင့်- ရောနှော၍ တည်လေ၏။ ထိုအခါ- ခြင်ဆီ၌ ရှိသောမီးသည် ချက်ပြန်သဖြင့်၊ (၅)ရက်နှင့်တနာရီခွဲ ကြာသောအခါ၊ အနုတပုံ၊ အကြွမ်းတပုံ၊ ချေးတပုံ ဟူ၍ ဖြစ်လာ ပြန်လေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သည်။ ထိုခြင်ဆီမှထွက်သော ချေးကို၊ ဗျာနလေ ယူဆောင်သဖြင့်၊မျက်ချေး၊ မျက်စိ၏အစေးဟူ၍ ဖြစ်လေသည်၊အနုတပုံမှာ မူကား၊ခြင်ဆီဓာတ်ဟူ၍ ဖြစ်လာလေသည်။

## ခြင်ဆီမှ၊ သုက်ဓာတ်ဖြစ်လာပုံ

အထက်ပါအတိုင်း၊ သုံးမျိုး- သုံးပုံဖြစ်လာသော-ခြင်ဆီ၌တည်သောရသဓာတ်အကြွမ်းတပုံသည်။ ဗျာနလေပို့ဆောင်သဖြင့်၊ ဓမနီမည်သော အကြော၊ သိရာမည်သောအကြောတို့မှ၊ ²သုက်၏တည်ရာသို့ သွား၍-ရှိနှင့်ပြီးသော- သုက်နှင့်-ရောနှောလျက် တည်လေ၏၊ ထိုအခါ - သုက်၌ တည်သော မီးသည် အဖန်ဖန် ချက်သော်လည်း၊ ချေးဟူ၍ထွက်မလာတော့ပေ။အကြွမ်-ရာထောင်၊ လျှော်အပ်- မှတ်အပ်ပြီးသောရွှေ၌၊ အညစ်အကြေးမရှိတော့သကဲ့သို့ ဖြစ်လေသည်။ အမှန်မှာကား-အကြမ်တပုံ၊အနုတပုံဟူ၍သာ ဖြစ်ပေတော့၏။ ၎င်းနှစ်ပုံတို့တွင်၊ အနုတပုံသည်၊ ဩဇာဓာတ်ဖြစ်၍။ အကြမ်းတပုံ သည်ကား၊ သုက်ဓာတ်ဟူ၍ ဖြစ်လာလေတော့သည်။

မှတ်ချက်။ ။ ²သုက်၏တည်ရာကိုပြဆိုကြရာ၌။ ပါရာဇိကကဏ်အဋ္ဌကထာတွင်။ဘာဝရုပ်။ကာယပသာဒရုပ်။ဒသွေ။ ဗိဝိတ်ငြွေ။ သည်းခြေ၊ သုက်။ဤ (၆)ပါးတို့သည်၊ဆံ။မွေးညှင်း-ခြေသည်း၊လက်သည်း၊သွား၊ ကျင်ကြီး။ကျင်ငယ်၊တံတွေး၊နှပ်၊တို့မှ လွဲ၍- တကိုယ်လုံးရှိ-အရည်၊ အသားအသွေး၊ တို့ကိုပျံ့နှံ့လျက်တည်၏ဟူ၍- သုက်သည် တကိုယ်လုံး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



တွင်-ပျံ့နှံ့တည်နေကြောင်း ပြဆိုသည်။ ။ထို့ကြောင့်ပင်၊ ရှေးပညာရှိ-ဆရာတော်ကြီးများသည်။ "ဘော-ပသာဒ။ လောဟိတ၊ ဇီဝ-သည်းခြေ-သုက်။ ။ကိုယ်လုံးနှံ့ပြား။တည်နေပါ။ကျမ်းလာ မှန်သမုတ်"။ ။ဟူ၍စပ်ဆိုတော်မူခဲ့ကြပေသည်။

အနာတမိကျမ်းတို့၌ကား။ ။သုက်သည်၊ ဆီးလမ်းပြွန်နှင့်၊ ဆက်သွယ်လျက်ရှိသော၊အရည်အိမ်အကျိတ်နှစ်လုံး၌တည်၍၊ ၎င်းမှ-လိုံ့လအားလျော်စွာသုက်ထွက်သည်။ဟူ၍ပြဆိုလေသည်။

## ကိုယ်ခန္ဓာအား ဓါတ် (၇) ပါးတို့ ဆောင်ရွက်ပုံ

(၁) ရသဓာတ်သည်၊ ဓာတ် (၇) ပါးတို့ကို ပွားများစေခြင်းဖြင့်၊ ကိုယ်ခန္ဓာတခုလုံးကို ဖြည့်တင်းပေးလေသည်၊

(၂) သွေးဓာတ်သည်-လူသတ္တဝါ-တို့အား အသက်ရှင်နေနိုင်အောင်ပြုလုပ်ရလေသည်။

**မှတ်ချက်။** ။ဤကိုယ်ခန္ဓာသည်၊ သွေး သွားလာ လှုပ်ရှားနေသောကြောင့်ပင်၊အသက်ရှင်နေခြင်းဖြစ်လေသည်။ အကယ်၍ နှလုံး၏လှုပ်ရှားမှုရပ်စဲ၍၊သွေးသွားလာမှုမရှိပါက၊ချက်ချင်းပင်၊ လူမသဘာဝသို့ကူးပြောင်းရပေမည်။မျက်မြင်အားဖြင့်လည်း၊လက်ချောင်း တချောင်းကိုသွေးမရောက်နိုင်အောင်၊ ကြပ်တည်းစွာ ကြိုးဖြင့် စည်းထားပါက၊ ထိုလက်ချောင်းသည်၊ မကြာမီမည်းနက် လာပြီးလျှင်၊ နှစ်ရက်လောက်အကြာတွင်၊ သေ၍-ပုပ်သွားမည်ဖြစ်ပေ၏။ ထို့ကြောင့် အသက်သည်၊ သွေး၌တည်၏ဟူ၍၊ဆေးကျမ်းတို့၌၊ပြဆိုကြခြင်းဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) အသားဓာတ်သည်၊ အရိုးအကြော စသည်တို့ နေရာတကျရှိနိုင်ရန်နှင့် ပြေပြစ် ချောမောစေ ရန်အတွက်၊ သုတ်လိမ်း မွမ်းမံ ပေးရလေ သည်။

(၄) အဆီဓာတ်သည် အသားကို ခုခံကာကွယ်ပေး လျက်၊ ရိုးစွတ် ပြေ့ပြောင်းအောင် ပြုလုပ်လေ သည်။

(၅) အရိုးဓာတ်သည်၊ အခြားသောအင်္ဂါ အစိတ် အပိုင်းတို့ကို၊ တည်တန့်ခံ့ရပ်၍၊ နေနိုင်အောင် ထမ်းဆောင်ခြင်း၊ ဦးနှောက်၊ အဆုတ် နှလုံး၊ အစရှိသော နူးညံ့သည့် ကိုယ်အင်္ဂါ အစိတ် အ ပိုင်းတို့ကို၊ ကွန်ချာပမာ၊ ကာကွယ် ပေးခြင်း များကိုပြုလုပ်ရလေသည်။

(၆) ခြင်ဆီဓာတ်သည်၊ အရိုးကို ခိုင်ခန့်အောင်၊ မ ပျက်စီးရအောင် ပြုလုပ်ရလေသည်။

(၇) သုက်ဓာတ်သည် ခွန်အားကိုဖြစ်စေခြင်း၊ လူကို ရွှင်လန်း ခန့်ကြမ်းစေခြင်း။ မျိုးစေ့ဗီဇချပေး ခြင်းအားဖြင့်၊ ကိုယ်ဝန် ပဋိသန္ဓေကိုဖြစ်စေ ခြင်း၊ များကိုပြုလုပ်ဆောင်ရွက်လေသည်။

ဤသို့အားဖြင့်ဓာတ်(၇)ပါးတို့သည်၊ ကိုယ်ခန္ဓာတွင် တာဝန်အသီးသီးဖြင့်၊ ထမ်းဆောင်၍နေကြရပေသည်။

**မှတ်ချက်။** ။လောကီဆေးကျမ်းတို့၌၊ အသက်သည်သွေး၌တည် ၏-ဟုပြဆိုခြင်းသည်။အကျိုးကို ပြသောနည်းဖြစ်လေသည်။ သာသနာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



တော်ကျမ်း၌၊ ပါစကဓာတ်မီး၊ ဥသ္မာဓာတ်မီးတို့၌တည်သော၊ ဇီဝိတိန္ဒြေကို အသက်ဟူ၍ခေါ်၏ဟု-ဟောတော်မူခြင်းသည်။ အကြောင်းကိုပြဆိုသောနည်းဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော်၊ ၎င်းနှစ်မျိုးတို့သည် သဘောအားဖြင့် ဆက်စပ်လျက် ရှိနေသောကြောင့်ပင် ဖြစ်သည်။ ။ ဆက်စပ်နည်းမှာ-ယခင်ဖော်ပြခဲ့သည့်အတိုင်း၊ လက်ချောင်းတချောင်းကို၊ကြိုးဖြင့်ကြပ်ကြပ်စည်းထားပါလျှင်၊ ထိုနေရာသို့၊ သွေးမရောက်နိုင်တော့ပေ။ ထိုသို့သွေးမရောက်ပါက၊ သွေးနှင့်ရောနှော သွားလာနေသော (အဗန္ဓ) သည်းခြေသည်လည်း မရောက် နိုင်ချေ။ သွေးနှင့် (အဗန္ဓ) သည်းခြေမရောက်ပါက၊ ၎င်းတို့ကို အမှီပြုနေသော- ဥသ္မာဓာတ်မီးသည်လည်းရောက်နိုင်တော့မည်မဟုတ်။ ထိုအခါ-၎င်းနေရာ၌ ဇီဝိတရုပ်သည်၊ကင်းပြတ်ချုပ်စဲလေတော့၏။ ထိုသို့ဇီဝိတရုပ် ကင်းပြတ်သဖြင့်လည်း၊ ၎င်းနေရာသည်-သေခြင်း၊ ပုပ်ခြင်းများ ဖြစ်ရလေတော့သည်။

ဤသို့အားဖြင့်- အချို့နေရာများ၌၊ လောကီ ကျမ်းနှင့် သာသနာတော်ကျမ်းတို့သည်၊ အကြောင်းနှင့်အကျိုးဆက်စပ်လျက်ရှိနေပေ၏။

## ဓာတ် (၇) ပါးမှ မလထွက်ပုံ

(၁) ရသာရည်မှ၊ သလိပ်တည်းဟူသောအညစ်အအကြေးထွက်သည်။ (အာခေါင်၊ ပါးစောင်မှ ထွက်သော အရည်သည်လည်း၊ ရသာရည်မှထွက်သော- အညစ်အကြေးဟု အချို့ဆရာတို့-ယူကြလေသည်။)

(၂) သွေးမှ သည်းခြေ တည်းဟူသော၊ အညစ်အကြေးထွက်သည်။

(၃) အသားမှ၊ နဖါချေး တည်းဟူသော၊ အညစ်အကြေးထွက်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) အသဝိခဲမှ၊ ချွေးတည်းဟူသော၊ အညစ်အကြေး ထွက်သည်။ (လျှာ) သွား၊ ကျိုင်း၊ အင်္ဂါဇာတ်တို့ မှ ထွက်သော ချေးတို့သည်လည်း၊ အသဝိခဲမှ ထွက်သောအညစ်အကြေးဟူ၍- အချို့ ဆရာ တို့ယူကြသည်။)

(၅) အရိုးမှ၊ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ တည်းဟူ သော အညစ်အကြေးများထွက်သည်။

(၆) ခြင်ဆီမှ၊ မျက်ရည်-မျက်စိ၏အစေး၊ မျက်ချေး တည်းဟူသော၊ အညစ်အကြေးများ ထွက်သည်။

သုက်ခေတ်မှကား-ချေးအညစ်အကြေးဟူ၍ မထွက် လာတော့ပေ။

## ကိုယ်ခန္ဓာအား မလတ်ကျေးဇူးပြုပုံ

(၁) ကျင်ကြီးသည်၊ အစာသစ်နှင့်၊ အူ၏အတွင်း၌ အစာတို့အား၊ အောက်သို့ကျမသွားနိုင်ရန်နှင့်၊ ဥဒါန အစရှိသော လေမျိုးတို့သည် မိမိတို့၏ အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ရန်အတွက်၊ တောင့်ခံအားပေးခြင်းဖြင့်၊ ကိုယ်ခန္ဓာကိုကျေးဇူးပြုသည်။ ။၅၏ကိုယ်ခန္ဓာ၌၊ ကျင် ကြီးမရှိခဲ့ပါလျှင်၊ စားသုံးသမျှသော အစာ တို့သည်၊ အောက်သို့ တောက်လျှောက် ကျဆင်းသွားဘွယ်ရာရှိ လေသည်။ ကာလဝမ်းရောဂါ ဖြစ်သောသူတို့၌၊ စား

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



လိုက်သမျှသော၊ အစာရေစာတို့သည်။ ချက်ချင်းပင်-စအိုမှ၊ ပိုစိမ့်ထွက်ကျသည်ကို၊ သတိပြုပါ။ ။ငင်းဖြင့်ဥဒါန် အစရှိသော လေမျိုးတို့သည်၊ မိမိတို့၏အမှုကိစ္စဖြစ်သော၊ ကိုယ်ခန္ဓာ၏-တက်ခြင်း-သက်ခြင်း၊ ထိုင်၊ ထ၊ လှုပ်ရှားခြင်းတို့ကို၊ ဆောင်ရွက်ရာ၌၊ ဤကျင်ကြီး ခါတ်ကိုပင်၊ ထောက်ကန်၍၊ ဆောင်ရွက်ကြရခြင်း ဖြစ်လေသည်။ အကယ်၍ကျင်ကြီးမရှိပါက၊ ထိုထိုအမှုကိစ္စတို့ကိုဆောင်ရွက်နိုင်တော့မည်မဟုတ်ချေ။ ။ထို့ကြောင့်ကျင်ကြီးသည်အညစ်အကြေးပင်ဖြစ်သော်လည်း၊ ကိုယ်ခန္ဓာ၌ အရေးပါလှသောပစ္စည်းတခုဖြစ်သည်ဟူ၍၊ မှတ်ယူလိုက်ပေသည်။

(၂) ကျင်ငယ်သည်၊ ဆီးအိမ် စည်ပေါင်းနှင့်၊ ဆီးသွားသော ပြွန်ချောင်းတို့ကို ပိုစွတ်စေခြင်း အားဖြင့်၊ ကိုယ်ခန္ဓာကိုကျေးဇူးပြုသည်။

(၃) ချွေးသည်၊ အသားအရေကို ပိုပြေစေခြင်း၊ အမာရွတ်ကိုပြေပျောက်စေခြင်း၊ အနာဖြစ်သော်လည်း အမွေးပေါက်စေခြင်းဖြင့်၊ ကိုယ်ခန္ဓာကိုကျေးဇူးပြုသည်။

(၄) ခြေသည်း၊ လက်သည်းတို့သည်၊ ခြေထိပ် လက်ထိပ်တို့ကို၊ မနာကျင်အောင်ကာကွယ်၍ ကိုင်တွယ်ရာ၌မြဲမြံစေခြင်းအားဖြင့်၊ ကိုယ်ခန္ဓာကို ကျေးဇူးပြုသည်။

(၅) ဆံပင်သည် တစုံတခုထိခိုက်လျှင် ဦးခေါင်းကိုရုတ်တရက်မထိအောင် ကာကွယ်ခြင်း၊ အပူအအေး၏

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဒဏ်ကိုသက်သာစေခြင်း၊ ကြည့်ရှု၍တင့်တယ်စေခြင်း၊ တို့ဖြင့်-ကိုယ်ခန္ဓာကိုကျေးဇူးပြုသည်။

(၆) မျက်ခုံးမွေး-မျက်တောင်မွေးတို့သည် ကြည့်ရှု တင့်တယ်စေ၍၊ နေရောင်မြူမှုန့်၊ အမှိုက် စသည်တို့၊ မျက်လုံးအတွင်းသို့မဝင်နိုင်အောင် ကာကွယ်ပေးခြင်း အားဖြင့်-ကိုယ်ခန္ဓာကိုကျေးဇူးပြုသည်။

(၇) မျက်ရည်သည်-မျက်လုံးအိမ်ကို စိုစွတ်စေခြင်း၊ ဆေးကြောခြင်း၊ အပူကို ကာကွယ် ခြင်း အားဖြင့်-ကိုယ်ခန္ဓာကို ကျေးဇူးပြုသည်။

(၈) နှပါချေးသည် - နှာတွင်းသို့၊ ပိုးကောင်နှင့်၊ မြူမှုန့်၊အမှိုက်များ၊ မဝင်နိုင်အောင် ကာကွယ်ပေးခြင်း အားဖြင့် ကိုယ်ခန္ဓာကိုကျေးဇူးပြုသည်။

ဤသို့အားဖြင့်၊ အညစ်အကြေးတည်းဟူသော-မလ ဓာတ်တို့သည်လည်း၊ကိုယ်ခန္ဓာတည်နေနိုင်ရန်အတွက် ၎င်းတို့နှင့် ထိုက်သည့်အားလျော်စွာ၊ တာဝန်ယူ၍အသီးသီးထမ်းဆောင်ကျေးဇူးပြုနေကြရပေသတည်း။

## ဥတုအလျောက်၊ဒေါသတို့ဖောက်ပြန်ခြင်း အကြောင်း။

အထက်တွင်၊ မဖောက်ပြန်သော ဒေါသတို့၏၊ အကြောင်းခြင်းရာ၊ တည်ရာ၊ကိစ္စ စသည်တို့ကို ပြဆိုခဲ့ပြီးပြီဖြစ်ရာ၊ ယခုအခါ ထိုဒေါသတို့၏၊ ဥတုအလျောက်၊ ဖောက်ပြန်ပျက်စီးတတ်ပုံတို့ကို ဖော်ပြပါဦးအံ့။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ဥတု(၆)ပါးယူပုံ

(၁) တန်ခူး၊ ကဆုန်-နှစ်လသည်=ဝသန္တဥတု။
(၂) နယုန်၊ ဝါဆို-နှစ်လသည်=ဂိမှဥတု။
(၃) ဝါခေါင်၊ တော်သလင်း-နှစ်လသည်=ဝဿာန ဥတု။
(၄) သီတင်းကျွတ်၊ တန်ဆောင်မုန်း - နှစ်လသည်= သရဒဥတု။
(၅) နတ်တော်၊ ပြာသိုလ်-နှစ်လသည်=ဟေမဥတု။
(၆) တပို့တွဲ၊ တပေါင်း-နှစ်လသည်=သိသိရဥတု။

ဤကား၊ ဗေဒင်္ဂ မဉ္ဇူသာ ကျမ်းတွင် လာသည့် အတိုင်း၊ ဥတု(၆)ပါးယူပုံဖြစ်သည်။

## ဘာ ဝ ပ္ပ ကာ သ ကျမ်း အ လို
## ရတု(၆)ပါးယူပုံ

(၁) မိဿရာသီ၊ ပြိဿရာသီသို့ - တနင်္ဂနွေပြောင်း လျှင်=ဝသန္တရတု။
(၂) မေထုန်ရာသီ၊ ကြဋ်ရာသီသို့- တနင်္ဂနွေပြောင်း လျှင်=ဂိမှရတု။
(၃) သိဟ်ရာသီ၊ ကန်ရာသီသို့ - တနင်္ဂနွေ ပြောင်း လျှင်=ဝဿာနရတု။
(၄) တူရာသီ၊ ဗြိစ္ဆာရာသီသို့ - တနင်္ဂနွေ ပြောင်း လျှင်=သရဒရတု။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၅) ဓနုရာသီ၊ မကာရရာသီသို့ - တနင်္ဂနွေပြောင်း
လျှင်=ဟေမရတု။
(၆) ကုန်ရာသီ၊ မိန်ရာသီသို့ — တနင်္ဂနွေ ပြောင်း
လျှင်=သိသိရ-ရတု။

ဤကား၊ ဘာဝပ္ပကာသကျမ်းအလို ရတု(၆)ပါးယူပုံ ဖြစ်သည်။

## မာဂဓ အဘိဓါန် ကျမ်း အလို ရတု(၆)ပါးယူပုံ

(၁) တန်ဆောင်မုန်း လပြည့်ကျော် တရက်မှ ပြာသိုလ်လပြည့်နေ့အထိ-နှစ်လသည်=ဟေမရတု။
(၂) ပြာသိုလ် လပြည့်ကျော် တရက်မှ၊ တပေါင်း လပြည့်နေ့အထိ၊ နှစ်လသည်=သိသိရ-ရတု။
(၃) တပေါင်းလပြည့်ကျော် တရက်နေ့မှ၊ ကဆုန် လပြည့်နေ့အထိ၊ နှစ်လသည်=ဝသန္တရတု။
(၄) ကဆုန်လပြည့်ကျော် တရက်မှ၊ ဝါဆိုလပြည့် နေ့အထိ နှစ်လသည်=ဂိမှရတု။
(၅) ဝါဆိုလပြည့်ကျော် တရက်မှ၊ တော်သလင်း လပြည့်နေ့အထိ၊ နှစ်လသည်=ဝဿာနရတု။
(၆) တော်သလင်း လပြည့်ကျော် တရက်မှ၊ တန်ဆောင်မုန်းလပြည့်နေ့အထိ၊ နှစ်လသည်=သရဒရတု။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤကား၊ မာဂဓအဘိဓါန်ကျမ်းအလို၊ ရတု(၆)ပါး ယူပုံဖြစ်သည်။

မှတ်ချက်။ ။မာဂဓ ဘာသာ၊ ဥတု-ဟူသောသဒ္ဒါကိုစွဲ၍၊ ဥတု ခေါ်သည်။သက္ကတဘာသာ-ရိတု-ဟူသောသဒ္ဒါကိုစွဲ၍-ရတုဟုခေါ်သည်။ အဓိပ္ပါယ်အားဖြင့်ကား၊ ပူမှု-အေးမှု-တို့ကို၊ အဖန်တလဲလဲ ဖြစ်စေတတ်သောကြောင့်၊ဥတုဟူ၍၎င်း၊ရတုဟူ၍၎င်း၊ခေါ်ဆိုခြင်းဖြစ်လေသည်။ ။ ထိုဥတု - သို့မဟုတ်၊ ရတု (၆) ပါးကို ကောက်ယူကြရာ၌၊ ဗေဒင်္ဂ မဉ္ဇူသာကျမ်း၊ဘာဝပ္ပကာသကျမ်းတို့တွင်၊ နှစ်၏အစဖြစ်သော၊ တန်ခူး လကိုအစထား၍ကောက်ယူကြသည်။ အချို့သောကျမ်းတို့တွင်၊ ဝီထိကို လိုက်သဖြင့်၊ တပို့တွဲလကို အစထား၍ ကောက်ယူကြသည်။ မာဂဓ အဘိဓါန်ကျမ်းတွင်၊ တန်ဆောင်မုန်းလကိုအစထား၍ကောက်ယူသည်။ သူရိယသိဒ္ဓန္တကျမ်းကြီးတွင်ကား၊ အယာဥ်ကို လိုက်သော အားဖြင့်၊ ပြာသိုလ်လကိုအစထား၍၊ကောက်ယူတော်ပြပေသည်။

ဥတု-ရတုတို့ကို၊ဆုံးဖြတ်ရာ၌ကား၊စန္ဒြမာသ-နည်းဖြင့်ယူသင့်သည်။ ဆိုခဲ့သော၊တန်ခူးလပြည့်နေ့ စသည်တို့၌၊ စိတြ နက္ခတ်အစရှိသော၊မိမိ လတို့၌၊ ယှဉ်သင့်သောနက္ခတ်တို့၊ စန်းယှဉ်ကိုစွဲ၍၊ တန်းခူးအစရှိသော လတို့ကို ယူပါလေ။ ဝါထပ်သောနှစ်၌လည်း စန်းယှဉ်နက္ခတ်နှင့်၊လကို ယူပြီးလျှင်၊ဥတု (၆) ပါးခွဲဝေရမည်။ ။လဆန်းတရက်မှ၊ လကွယ်နေ့ အထိ၊ ရေတွက်အပ်သောလကို''မုချစန္ဒြမာသ''လဟု ခေါ်သည်။ ။ လပြည့်ကျော်တရက်နေ့မှ၊ရှေ့လပြည့်နေ့အထိ၊ ရေတွက်မှတ်သားသော လကို''ဂုဏစန္ဒြမာသ''လဟုခေါ်သည်။ ဟူ၍ ဗေဒင်ကျမ်း၊ ဆေးကျမ်း တို့တွင်ပြဆိုလေသည်။

ကမ္ဘာတည်စ အခါဝယ်၊ နေ-လ-တို့သည်၊ တပေါင်းလပြည့်နေ့၌ ထွက်ပေါ်သည်ကိုစွဲ၍၊ နှစ်၊လ ရက်၊ဥတု၊ရတုတို့-ထင်ရှားဖြစ်လာသည် ဟူ၍၊ အဂ္ဂညသုတ်၌၊ မြတ်စွာဘုရား ဟောတော်မူလေသည်။ ထိုသို့ တပေါင်းလပြည့်နေ့၌၊ နေ၊လ၊နက္ခတ်၊ဂြိုဟ်၊တာရာတို့ - ထင်ရှားဖြစ်ကြ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သဖြင့် ထိုတပေါင်းလပြည့်ကျော်တရက်နေ့မှစ၍၊တန်ခူးလပြည့်နေ့အထိ ရက်ပေါင်း (၃၀) တလပြည့်လေသည်။ ဤနည်းအတိုင်း (၁၂) လတို့သည်၊ လပြည့်ကျော်တရက်နေ့မှစ၍၊ နောက်လပြည့်နေ့၌၊ ရက်ပေါင်း (၃၀) ရှိသော ''ဂုဏမာသ'' တလပြည့်လေ၏။ ဟူ၍ သူရိယသိဒ္ဓန္တဋီကာကျမ်းကြီးတွင် ပြဆိုပေသည်။ ။ထိုသို့သောနည်းဖြင့်၊ အစဉ်မပြတ်မှတ်သားထားကြ၍၊ မဇ္ဈိမဒေသ၌၊လပြည့်ကျော်တရက်နေ့မှ၊ နောက်လပြည့်နေ့ဖြင့် ပိုင်းခြားခြင်း၊ ဂုဏမာသကို၊ ခေါ်ဝေါ်ပြောဆိုထင်ရှားသုံးစွဲကြလေသည်။

မြန်မာပြည်၌ကား၊ ဗေဒင် လက်ရိုး ကျမ်း တို့ တွင်၊ အာဒိကမ္မိကဖြစ်သော၊ သူရိယသိဒ္ဓန္တကျမ်းကို အစဉ်မှီးသဖြင့်၊ လဆန်းတရက်နေ့မှလကွယ်နေ့အဆုံးဖြင့်ပိုင်းခြားသော၊ '' မုချစန္ဒြမာသ '' လကိုခေါ်ဝေါ်သုံးစွဲကြလေသည်။

ထိုနှစ်ပါးတို့တွင်၊ဥတု၊အယာဉ်၊တို့ကိုဆုံးဖြတ်၍၊ ဆေးဝါးကုသရာ၌ကား၊ အချမ်း၊အပူ၊ဥတု သဘောသို့လိုက်၍၊ လပြည့်ကျော်တရက်နေ့မှနောက်လပြည့်နေ့အဆုံးဖြင့်ပိုင်းခြားသော ''ဂုဏစန္ဒြမါသ''ဖြင့်ယူအပ်၍၊ ဗေဒင်တွက်ရာ၌မူ-တိထိသို့လိုက်သဖြင့်၊လဆန်းတရက်နေ့မှ၊လကွယ်နေ့အဆုံးဖြင့်ပိုင်းခြားသော၊''မုချစန္ဒြမာသ''နည်းကိုယူအပ်လေသည်။ ။ ဤကား၊ ဒဗ္ဗဂုဏ ပကာသနီ၊ အစရှိသော ကျမ်းတို့၌လာသည်၊ ဥတု၊ ရတု၊ယူပုံ၊အဆုံးအဖြတ်တို့ပေတည်း။ ။

---

## ရတုအသီးသီးတို့၏ဂုဏ်များကိုပြခြင်း

### ဝသန္တရတု၏ဂုဏ်(၅)ပါး

(၁) အဆီအစေးရှိခြင်း။
(၂) အနည်းငယ်ပူသောသဘောရှိခြင်း။
(၃) ချိုသောရသာကိုဖြစ်စေတတ်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၄) ဖန်သောရသာကိုဖြစ်စေတတ်ခြင်း။
(၅) သလိပ်ကိုပွားစေတတ်ခြင်း။

ဤသို့အားဖြင့်၊ ဝသန္တရတုတွင် ဂုဏ်(၅)ပါးရှိလေသည်။

### ဂိမှရတု၏ဂုဏ်(၆)ပါး

(၁) အလွန်ခြောက်သွေ့ခြင်း။
(၂) စပ်သောရသာကိုဖြစ်စေတတ်ခြင်း။
(၃) သည်းခြေကိုပွားစေခြင်း။
(၄) သလိပ်ကို၊ခမ်းစေတတ်ခြင်း။
(၅) အားကို၊ကုန်စေတတ်ခြင်း။
(၆) လေကိုပွားစေတတ်ခြင်း။

ဤသို့အားဖြင့်၊ ဂိမှရတုတွင် ဂုဏ်(၆)ပါး ရှိလေသည်။

### ဝဿာနရတု၏ဂုဏ်(၄)ပါး

(၁) အေးသောသဘောရှိခြင်း။
(၂) လေချဉ်ကိုမထစေတတ်ခြင်း။
(၃) ဝမ်းမီးကိုနုံ့စေတတ်ခြင်း။
(၄) လေကိုပွားစေတတ်ခြင်း။

ဤသို့အားဖြင့်၊ဝဿာနရတုတွင်၊ဂုဏ်(၄)ပါး၊ရှိလေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



### သရဒ ရတု၏ဂုဏ် (၆) ပါး

(၁) ပူသောသဘောရှိခြင်း။
(၂) သည်းခြေကိုပွားစေတတ်ခြင်း။
(၃) သလိပ်ကိုပွားစေတတ်ခြင်း။
(၄) အဆီအခေးရှိခြင်း။
(၅) လူတို့၏အားအလတ်ကိုဖြစ်စေတတ်ခြင်း။
(၆) ကောက်ပင်တို့ကိုပွားစေတတ်ခြင်း။

ဤသို့အားဖြင့်၊ သရဒ ရတုတွင် -ဂုဏ်(၆)ပါးရှိလေသည်။

### ဟေမရတု၏-ဂုဏ် (၄) ပါး

(၁) အေးသောသဘောရှိခြင်း။
(၂) အဆီအခေးရှိခြင်း။
(၃) ချိုသောရသာကို၊ဖြစ်စေတတ်ခြင်း။
(၄) ဝမ်းမီးကိုပွားစေတတ်ခြင်း။

ဤသို့အားဖြင့်၊ဟေမ ရတုတွင်-ဂုဏ်(၄)ပါး ရှိလေသည်။

### သိသိရ-ရတု၏ဂုဏ် (၅) ပါး

(၁) အဆီအခေးရှိခြင်း။
(၂) အေးသောသဘောရှိခြင်း။
(၃) ကိုယ်ကို၊ခြောက်သွေ့စေတတ်ခြင်း။
(၄) လေကိုပွားစေတတ်ခြင်း။
(၅) ဝမ်းမီးကိုပွားစေတတ်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤသို့အားဖြင့်၊ သိသိရ-ရတုတွင် - ဂုဏ်(၅)ပါးရှိလေသည်။

## ရတု အ လိုက်၊ ဒေါ သ (၃)ပါး
## ငုပ်၊ ပျက်၊ ငြိမ်ဝပ်ပုံ

(၁) လေသည်။ ဂိမှာရတု၌၊ ရဝေး၏(ဝါ)ငုပ်၏။ ဝဿာနရတု၌ပျက်၏၊ သရဒရတု၌ငြိမ်ဝပ်၏။

(၂) သည်းခြေသည်။ ဝဿာနရတု၌ ရဝေး၏(ဝါ)ငုပ်၏။ သရဒရတု၌ပျက်၏။ ဟေမရတု၌ ငြိမ်ဝပ်၏။

(၃) သလိပ်သည်။ သိသိရ-ရတု၌ရဝေး၏(ဝါ)ငုပ်၏။ ဝသန္တရတု၌ပျက်၏။ ဂိမှာရတု၌ ငြိမ်ဝပ်၏။

ဤသို့အားဖြင့်၊ ဒေါသသုံးပါးတို့သည် ရတု(၆)ပါးတို့၏သဘောအားဖြင့်၊ ငုပ်ခြင်း၊ ပျက်ခြင်း၊ ငြိမ်ဝပ်ခြင်းတို့ဖြစ်ကြရလေသည်။ ထိုသို့ - ရတု(၆)ပါး အလိုက်၊ ဒေါသ(၃)ပါးတို့ ငုပ်၊ ပျက်၊ ငြိမ်ဝပ်ကြသည်ဟုဆိုသော်လည်း၊ တနေ့လုံးပင်-ပျက်ခြင်းစသည်တို့ ဖြစ်ကြသည် မဟုတ်ပေ။ အချိန်အားလျော်စွာသာ ဖြစ်သည် ဟူ၍ မှတ်ယူရမည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ဥပမာ

လေသည်။ ။ဝဿာနရတု၌၊ ညနေဆည်းဆာ အခါတွင်သာပျက်သည်။

သည်းခြေသည်။ ။သရဒရတု၌၊ သန်းခေါင် အခါတွင်သာ ပျက်သည်။

သလိပ်သည်။ ။ဝသန္တ ရတု၌၊ နံနက် အခါတွင် သာပျက်သည်။

ဤသို့စသည်ဖြင့်၊ ဒေါသသုံးပါးတို့သည်၊ အချိန်အား လျော်စွာ၊ ဒုစ်၊ ပျက်၊ ငြိမ်ဝပ်ကြသည်ကိုလည်း၊ သတိပြု သင့်ပေသည်။

## ဒေါသ (၃) ပါး မပျက်နိုင်သော ရတု (၃) ပါး

(၁) လဟုဂုဏ်၊ လူခဂုဏ်ရှိသောလေသည်။ လဟုဂုဏ်၊ လူခဂုဏ်ရှိသောကိုယ်၌။ လဟုဂုဏ်၊ လူခဂုဏ် ရှိသော၊ ဆေး၊ အစာမျိုးကိုအစွဲပြု၍၊ လဟုဂုဏ်၊ လူခဂုဏ် ရှိသော ဂိမှရတုတွင်၊ စုဝေးရုံသာ-စုဝေးသည်။ မပျက်ပေ။ အဘယ့်ကြောင့် ဆိုသော်၊ ဂိမှရတုသည်၊ ပူသော ကာလဖြစ်၍၊ အေးသောဂုဏ်ရှိသောလေနှင့်၊ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ဖြစ်သည်။

(၂) ချဉ်၍-ကျက်ခြင်းသဘောရှိသော၊ သည်းခြေသည်။ ချဉ်၍ ကျက်ခြင်းသဘောရှိသော၊ ဆေးမျိုးအစာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မျိုးကိုစွဲ၍။ အေးခြင်းသိတဂုဏ်ရှိသော၊ ဝသာနရတု၌၊ စုဝေးရုံသာ-စုဝေးသည်၊ မပျက်ပေ။ အဘယ့်ကြောင့် ဆိုသော်၊ ဝသာနရတုသည်၊ အေးသောကာလဖြစ်၍၊ ပူသောဂုဏ်ရှိသော သည်းခြေနှင့်၊ ဆန့်ကျင်ဘက်ဖြစ် သောကြောင့်ပင်ဖြစ်လေသည်။

(၃) သိနိဒ္ဓဂုဏ်၊ သိတဂုဏ်ရှိသော သလိပ်သည်။ သိနိဒ္ဓဂုဏ်၊ သိတဂုဏ်ရှိသောကိုယ်၌။ သိနိဒ္ဓဂုဏ်၊ သိတဂုဏ်ရှိသောဆေးအစါမျိုးကိုစွဲ၍၊ သိနိဒ္ဓဂုဏ်၊ သိတဂုဏ်ရှိသော၊ သိသိရ-ရတု၌၊ စုဝေးရုံသာ- စုဝေးသည်၊ မပျက်ပေ။ အဘယ့်ကြောင့်ဆိုသော်၊ သိသိရ-ရတုသည်၊ သိနိဒ္ဓဂုဏ်၊ သိတဂုဏ်ရှိသည်ဖြစ်၍၊ သလိပ်နှင့်ဆန့်ကျင်ဘက်မဟုတ်သော်လည်း၊ ထို-သိသိရ-ရတု၌၊ လူတို့၏ ကိုယ်သည်၊ ခြောက်သွေ့သဖြင့်၊ သလိပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ပင်ဖြစ်လေသည်။

ဤဘော်ပြပါတို့သည်ကား၊ ဥတုအလျောက်၊ ဘော်ပြခြင်းသာဖြစ်လေသည်။ အမှန်မှာ- လေစုဝေးရာဖြစ်သော၊ ဂိမှ ရတု၌ပင်လျှင်၊ လေကို၊ ပျက်စေ၊ ငြိမ်ဝပ်စေတတ်သော၊ ဆေးမျိုးအစာမျိုးတို့ကို၊ သုံးဆောင်စားသောက်ပါက၊ ပျက်ခြင်း၊ ငြိမ်ဝပ်ခြင်းများ ဖြစ်တတ်သည်။ သည်းခြေ စုဝေးရာဖြစ်သော၊ ဝသာနရတု၌လည်း၊ သည်းခြေကိုပျက်စေ၊ ငြိမ်ဝပ် စေတတ်သော၊ ဆေးမျိုးအစာမျိုးကို၊ သုံးဆောင် စားသောက်ပါက၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သည်းခြေပျက်ခြင်း၊ ပြိမ်ဝပ်ခြင်းများ ဖြစ်တတ်သည်၊ သလိပ်စုဝေးရာဖြစ်သော၊ သိသိရ-ရတု၌လည်း၊ သလိပ်ကိုပျက်စေ၊ ပြိမ်ဝပ်စေတတ်သော၊ ဆေးမျိုးအစာမျိုးတို့ကို၊ သုံးဆောင်စားသောက်ပါက၊ သလိပ် ပျက်ခြင်း၊ ပြိမ်ဝပ်ခြင်းများဖြစ်တတ်သည်။ ဟူ၍၊ မှတ်ယူ သင့်ပေသည်။

---

## ဒေါသ (၃) ပါးတို့၊ စုပ်၊ ပျက်၊ ပြိမ်ဝပ်၊ စေတတ်သော ဆေး၊ အစာများ

### “ လေ ”

ဥဏှဂုဏ်ရှိ၍၊ ခြောက်သွေ့သော၊ ဆေး- အစာမျိုးသည်၊ လေကို၊ စုဝေးစေတတ်၏။

သီတဂုဏ်ရှိ၍၊ ခြောက်သွေ့သော ဆေး- အစာမျိုးသည်၊ လေကိုပျက်စေတတ်၏။

ဥဏှဂုဏ်ရှိ၍၊ အဆီအစေးများသော၊ ဆေး-အစာမျိုးသည် လေကိုပြိမ်ဝပ်စေတတ်၏။

### “ သည်းခြေ ”

သီတဂုဏ်ရှိ၍၊ ထက်သော ဆေး အစာမျိုးသည်၊ သည်းခြေကိုစုဝေးစေတတ်၏။

ဥဏှဂုဏ်ရှိ၍၊ ထက်သော ဆေး- အစာမျိုးသည်၊ သည်းခြေကို၊ ပျက်စေတတ်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သီတဂုဏ်ရှိ၍၊နုံ့သောဆေးအစာမျိုးသည်၊ သည်းခြေကို-ငြိမ်ဝပ်စေတတ်၏။

## " သလိပ် "

သီတဂုဏ်ရှိ၍၊ အဆီအစေးများသော၊ ဆေးအစာမျိုးသည်၊ သလိပ်ကိုပွားစေတတ်၏။

ဥဏှဂုဏ်ရှိ၍၊အဆီအစေးများသော၊ဆေးအစာမျိုးသည်၊သလိပ်ကိုပျက်စေတတ်၏။

ဥဏှဂုဏ်ရှိ၍၊ခြောက်သွေ့သော၊ ဆေး-အစာမျိုးသည်၊ သလိပ်ကိုငြိမ်ဝပ်စေတတ်၏။

---

## ရတု(၆)ပါးတို့၌၊ ရှောင်ကြဉ်ရန်နှင့်၊ လိုက်နာစားသောက်ရန်များ

(၁) "သိသိရ-ရတုနှင့်၊(၂)ဝသန္တရတု"။

သိသိရ-ရတုနှင့်၊ ဝသန္တရတုတို့၌၊ ဟေမန္တ ရတုက၊ သလိပ်များစွာ ပွားခဲ့သဖြင့်၊ သိသိရ-ရတုသို့ရောက်သောအခါ၊ ထိုသလိပ်သည်၊ ဟေမန္တ ရတုတုံးကထက် အလွန်ပွားများပွား၏။ ထိုသလိပ်သည်၊ ဝသန္တရတုသို့ရောက်သောအခါ၊နေပူပြင်းထန်သဖြင့်၊ အရည်ဖြစ်၍ ပျက်စီးလျက်၊ဝမ်းမီးကို ညှိုးအောင် ပြုသောကြောင့်၊ အထူးထူးသောရောဂါတို့ဖြစ်တတ်လေသည်။ ထို့ကြောင့် ထိုသလိပ်ကို လျင်မြန်စွာ နှိုင်နှင်းအောင် ပြုရာ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သို့ဖြစ်၍-သိသိရ-ရတု၊ ဝသန္တရတုတို့၌၊ ကိုယ်ပင်ပန်းစေတတ်သောအမှုကိစ္စများကို သလိပ်အား၊ နိုင်နင်းစေခြင်းအကျိုး၄ါပြုလုပ်ရမည်။ထိုသို့မပြုလုပ်ပါက၊ အနာရောဂါများဖြစ်တတ်လေသည်။

(၃) ""ဂိမှရတု""။ ။ဂိမှရတု၌-နေထက်စွာပူ၍လောကသည်၊ခြောက်သွေ့သောကြောင့်၊လူတို့သလိပ်ပျက်၍၊လေပွားများလေသည်။ ထို့ကြောင့်၊ဂိမှရတု၌၊အငန်၊အစပ်၊အချဉ်၊ ရသာသုံးမျိုးနှင့် ယှဉ်သော၊ အစားအသောက်တို့ကိုရှောင်ကြဉ်ရမည်။ အပင်ပန်းခံခြင်းနေပူခံခြင်းတို့ကိုလည်းမပြုလုပ်ရာ။ သို့ဖြစ်၍-ဂိမှရတု၌သကြားနှင့် ရောနှောသော မုံ့၊ချိုဆိမ့်- အေးမြသောအစာ ဇင်္ဂလအရပ်၌ဖြစ်သော၊ သား၊ ငှက်၊တို့၏ အသားနွားနို့၊ထောပတ်၊သလေးထမင်းတို့ကို၊ သုံးဆောင်သင့်ပေသည်။

(၄) ""ဝဿာနရတု""။ ။ဝဿာနရတု၌၊ ဝမ်းမီးသည်၊အလွန်ညံ့၏။ လေပျက်၏၊ သည်းခြေငုပ်၏။ ရွံ့ညွှံစသည်တို့ဖြင့်ရောနှောခြင်းကြောင့်၊ ရေသည်နောက်ကျု၏။ ဝမ်းမီးညံ့သည်ဖြစ်၍၊ သလိပ်ဘောက်ပြန်၏၊ သို့ဖြစ်၍- ဝဿာန ရတု၌၊ ဒေါသ သုံးပါးပျက်၏။ ထို့ကြောင့်၊ဒေါသသုံးပါးကို ငြိမ်ဝပ်စေတတ်ခြင်း၊ ဝမ်းမီးကို တောက်စေတတ်ခြင်းရှိသော၊ချဉ်၊ငန် ရသာများကို သုံးဆောင်သင့်ပေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၅) **"သရဒရတု"**။ ။သရဒ ရတု၌၊ ဝဿာန ရတုက၊ ဥတုအလျောက် စုဝေးလာခဲ့သော၊ သည်းခြေသည်၊ နေပူသဖြင့်၊ပျက်စီး သောကြောင့် သည်းခြေကို ငြိမ်ဝပ်စေခြင်းငှါ၊ အခါးကို သုံးဆောင်ရမည်။ဝမ်းနုတ်ခြင်း၊သွေးဖောက်ခြင်း၊ ဆာမွတ်သောအခါတွင်၊ အခါး၊ အချို၊ ရသာရှိသော၊ အစား အသောက်များကို စားသောက်ခြင်း။ အစာကြေလွယ်သောအစာကိုစားခြင်း။ များကိုပြုလုပ်၍၊ အပူ-အစပ်- အချဉ်တို့ကို၊ အထူးရှောင်ကြဉ်သင့်ပေသည်။

(၆) **"ဟေမရတု"**။ ။ဟေမ ရတု၌၊ အအေး ပိတ်ဆို့သောကြောင့်၊ အတွင်းကဝမ်းမီးသည်၊ အားရှိသည်ဖြစ်၍၊ဓာတ်(၇)ပါးတို့ကို၊လောင်ကျွမ်းသည်၊ ထို့ကြောင့်၊ဟေမရတု၌၊ အချို၊ အချဉ်၊အငန်၊ ရသာတို့ကို၊ သုံးဆောင်ရမည်။ ညဉ့်တာရှည် သောကြောင့်၊ အစာ ကြေသည်ဖြစ်၍၊ နံနက်စောစော ဆာမွတ် ထတ်သည်။ အဆီအစေးများသောအစာကို စားသောက်ရာ၏။ နေ့၌ အိပ်ခြင်းကိုကား၊ အထူးရှောင်ကြဉ်သင့်ပေသည်။

**မှတ်ချက်**။ ။ဤဘော်ပြပါရတု (၆)ပါးတို့တွင်၊သိသိရ၊ ဝသန္တ၊ ဂိမှ၊ဟူသော-ရတုသုံးပါးတို့သည်၊"အာဒါနကာလ"ဟုဆိုအပ်သော၊ ဥတ္တရာယာဉ်တွင်၊ကျရောက်သဖြင့်၊အစပ်၊အခါး၊အဖန်တို့သာ၍လျှင် အားကြီးလေသည်။ထိုရသာတို့သည်လည်း၊သတ္တဝါတို့၏ အားကို၊ များစွာ မပေးတတ်ဘဲ၊ဒေါသကိုသာမြောက်များစေတတ်သောကြောင့်။ ထိုရတုတို့ကို။ "ဒေါသဗလ"ဟု ခေါ်သည်။ ။ဝဿာန်-ရတု၊ သရဒရတု၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဟေမ-ရတု၊ဟူသော ရာသီသုံးပါးတို့သည်ကား၊ ''ဝိသဂ္ဂကာလ'' ဟု ဆို အပ်သော-ဒက္ခိဏာယာဉ်တွင်ကျရောက်သဖြင့်၊ အချို၊အဆိမ့်၊ အချဉ်၊ အငန်၊ရသာများသာလျှင်၊အားကြီးလေသည်။ထိုရသာတို့သည်၊ သတ္တဝါတို့၏အားကို များစွာပေးတတ်သောကြောင့်၊ ၎င်း ဝဿာန စသော ရတုသုံးပါးတို့ကို ''ရသဗလ'' ဟူ၍ခေါ်ဆိုလေသည်။

---

## ရတု(၆)ပါးအလိုက်၊သုံးဆောင်ရာသော ဆေးများ

(၁) ဝသန္တ ရတု၌၊ကြဲဖုသီးမှုန့်ကို၊ပျားရည်နှင့်တေ၍စားရာ၏။

(၂) ဂိမှ ရတု၌၊ ကြဲဖုသီးမှုန့်ကို၊ တင်လဲနှင့် တေ၍ စားရာ၏။

(၃) ဝဿာန ရတု၌၊ သိန္ဓောနှစ်ပဲနှင့်၊ ကြဲဖု,ခြောက်ပဲကို၊ရေနွေးနှင့် သောက်ရာ၏။

(၄) သရဒ ရတု၌၊ သကြားလေးပဲနှင့်ကြဲဖု,ငါးပဲကို ရေအေးနှင့်သောက်ရာ၏။

(၅) ဟေမ ရတု၌၊ချင်းခြောက်,နှစ်ပဲနှင့်၊ကြဲဖု,ခုနှစ်ပဲကို၊ရေနွေးနှင့်သောက်ရာ၏။

(၆) သိသိရ ရတု၌၊ပိတ်ချင်း,နှစ်ပဲနှင့်၊ ကြဲဖု,ခုနှစ်ပဲကို၊ရေနွေးနှင့်သောက်ရာ၏။

ဤဆော်ပြပါအတိုင်း၊ရတုအလိုက်နေ့စဉ်မပြတ် စား သုံးသည်ရှိသော်၊ဥတုအားလျော်စွာဖြစ်ပေါ်တတ်သော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



အနာရောဂါတို့ မကပ်ရောက်နိုင်ဘဲ၊ ကျန်းမာစွာ နေရတတ်လေသည်။

## ရတုအလျောက်၊ ဖျက်သော၊ ဒေါသတို့ကို၊ နှိမ်နင်းပုံ

**ဂိမှ-ရတု၌၊** စုဝေးသောလေသည်။ ဝဿာန ရတု၌ ဖျက်၏၊ ထို့ကြောင့်။ လေကိုငြိမ်ဝပ်စေခြင်းငှာ၊ ဝဿာန ရတု၌၊ အထူးသဖြင့်။-အချို- အချဉ်-အငန်-တို့ကို သုံးဆောင်ရာသည်။ ။

**ဝဿာန-ရတု၌၊** စုဝေးသော-သည်းခြေသည်၊ သရဒ ရတု၌ ဖျက်၏၊ ထို့ကြောင့်၊ သည်းခြေကို ငြိမ်ဝပ်စေခြင်းငှာ၊ သရဒ ရတု၌၊ အထူးသဖြင့်။ အခါးမျိုးတို့ကို၊ သုံးဆောင်ရာသည်။ ။

**သိသိရ-ရတု၌၊** စုဝေးသော-သလိပ်သည်၊ ဝသန္တ ရတု၌ ဖျက်၏၊ ထို့ကြောင့်-သလိပ်ကို ငြိမ်ဝပ်စေခြင်းငှာ။ ဝသန္တ ရတု၌၊ ထက်သောဆေး-အန်ဆေးတို့ကို သုံးဆောင်ခြင်း၊ နှာရှူခြင်း၊ လဟုဂုဏ် - လုခဂုဏ်ရှိသော ဆေးအစာတို့ကိုစားခြင်း။ အပင်ပန်းခံခြင်းတို့ကို ပြုလုပ်ရာသည်။ ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## အရွယ်အလိုက်၊ အနာဖြစ်တတ်ပုံ

လူတို့၏အရွယ်သည် - ဆေးကျမ်းအလိုအားဖြင့်—

(၁) ဗာလအရွယ်။

(၂) မဇ္ဈိမ အရွယ်။

(၃) ဝုဍ္ဎ အရွယ်။

ဟူ၍-(၃)ပါးရှိလေသည်။ ထိုသုံးပါးတို့တွင်—

(၁) မွေးသည်မှ၊ (၁၆)နှစ်အထိ ဖြစ်သော - ဗာလအရွယ်၌။များသောအားဖြင့်၊ သလိပ်ပျက်၍-သလိပ်နာဖြစ်တတ်သည်။

(၂) အသက် (၁၆)နှစ်မှ၊ (၇၀)အထိ ဖြစ်သော မဇ္ဈိမ အရွယ်၌၊ များသောအားဖြင့် သည်းခြေပျက်၍ သည်းခြေနာ ဖြစ်တတ်သည်။

(၃) အသက် (၇၀)မှ၊ အထက် ဖြစ်သော၊ ဝုဍ္ဎ အရွယ်၌ များသောအားဖြင့် လေပျက်၍ - လေနာ ဖြစ်တတ်သည်။

## အချိန်အလိုက် ဒေါသ(၃)ပါး ပျက်ပုံ

နေထွက်သည်က နေဝင်သည်တိုင်အောင် တနေ့လုံးကို သုံးပုံ ပုံ၍—

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁) ပဌမ-အပိုင်း၌၊ (နံနက် ၆-နာရီမှ၊နံနက်-၁၀-နာရီ အထိ)- သလိပ်ပျက်သည်၊

(၂) ဒုတိယ-အပိုင်း၌၊ (နံနက် ၁၀-နာရီမှ၊နေ့-၂-နာရီ အထိ) သည်းခြေပျက်သည်။

(၃) တတိယ-အပိုင်း၌၊ (နေ့- ၂-နာရီမှ – ည-၆-နာရီ အထိ၊) လေပျက်သည်၊

နေဝင်သည်က နေထွက်သည့်တိုင်အောင် တညနေ့လုံးကို သုံးပုံ-ပုံ၍–

(၁) ပဌမ-အပိုင်း၌၊ (ည-၆-နာရီမှ။ ည-၁၀-နာရီ အထိ)သလိပ်ပျက်သည်။

(၂) ဒုတိယ-အပိုင်း၌၊ (ည -၁၀-နာရီမှ၊ ည-၂-နာရီ အထိ) သည်းခြေပျက်သည်။

(၃) တတိယ-အပိုင်း၌၊ (ည-၂-နာရီမှ၊ နံနက်-၆-နာရီ အထိ) လေပျက်သည်၊

၍ကား - အချိန်အား လျော်စွာ - ဒေါသ - သုံးပါး ပျက်ပုံပင်ဖြစ်လေသည်၊

### ထမင်းစားသောအခါ၌
### ဒေါသ(၃)ပါးပျက်ပုံ

(၁) စားစအခါ၌ ...... သလိပ်ပျက်သည်၊
(၂) စားဆဲအလယ်၌ .... သည်းခြေပျက်သည်၊
(၃) စားပြီးအဆုံး၌ .... လေပျက်သည်၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤကား၊ ထမင်းစားသောအခါ၌၊ ဒေါသ(၃)ပါးဖျက်ပုံ ဖြစ်လေသည်။

## ✓ စယ၊ ကောပ၊ သမ၊ တို့အကြောင်း

ကိုယ်ခန္ဓာဟုဆိုအပ်သော၊ ဒေါသ၊ ဓာတ်၊ မလ၊ တို့သည်၊ ဥတု၊ ရတု၊ တည်းဟူသော၊ အပူ-အအေးတို့ကြောင့်၎င်း၊ ဆေးဝါး၊ ပယောဂ၊ အစား အသောက် အနေအထိုင်၊ အပြုအမူ-စသည်တို့ကြောင့်၎င်း၊ ဖြစ်ပေါ်လာကြသော၊ အခြင်းအရာတို့သည်၊ အကျဉ်းအားဖြင့် (၃)မျိုးရှိပေ၏။ ၎င်း(၃)မျိုးတို့မှာ—

(၁) စယ၊
(၂) ကောပ၊
(၃) သမ၊ ၊ဟူ၍ဖြစ်လေသည်၊

### အဓိပ္ပါယ်

(၁) **စယ-ဆိုသည်မှာ။** ။ဒေါသ၊ စသည်တို့သည် မိမိတို့၏ တည်မြဲတိုင်း အရပ်တွင်၊ ပွားများ၍၊ ထွက်ခြင်းသို့ မထွက်ဘဲ၊ အောင်းနေခြင်းပင် ဖြစ်သည်၊ ၎င်းပါဠိအခေါ် - စယ-ကိုပင်၊ မြန်မာဘာသာအားဖြင့်-၃ုံသည်၊ ပွားများသည်၊ စုဝေးသည်၊ လွန်သည်၊ ဟူ၍ ကာလ ဒေသ၊ ဌာန - အားလျော်စွာ၊ ခေါ်ဝေါ် အသုံးပြုကြလေသည်။

(၂) **ကောပ-ဆိုသည်မှာ။** ။ ပွားများ စုဝေး၍ တည်နေသော၊ ဒေါသ တို့သည်၎င်း။ နဂို တည်ရှိနေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သော၊ ဒေါသတို့သည်၎င်း၊ အစုအဝေး ပျက်ပြား၍၊ ရောက်မိရောက်ရာ၊ လမ်းလွဲ-လမ်းမှားသို့လိုက်လျက်၊ တကိုယ်လုံး၊ သို့မဟုတ်၊ တစိတ်တဒေသသို့ ပျံ့နှံ့ခြင်းပင်ဖြစ်သည်။ ၎င်းပါဠိအခေါ် - ကောပ-ကိုပင်၊ မြန်မာဘာသာ အားဖြင့်၊ ပျက်သည်၊ ယုတ်လျော့သည်။ ဖရိုဖရဲဖြစ်သည် ဟူ၍ - ကာလ - ဒေသ။ ဌာန - အားလျော်စွာ၊ ခေါ်ဝေါ် အသုံးပြုကြသည်။

(၄) **သမဆိုသည်မှာ။** ။ပွား များ ခြင်း၊ ခမ်းခြောက်ခြင်း။ စုဝေးခြင်း၊ ပျက်စီးခြင်းတို့မှ-အပြန်ဖြစ်၍၊ အညီအညွတ်၊ မဘောက်မပြန်၊ မပွား၊ မယုတ်ဘဲ၊ မျှတစွာ တည်နေခြင်းပင်ဖြစ်သည်။ ၎င်းပါဠိခေါ် - သမ - ကိုပင် မြန်မာဘာသာ အားဖြင့်၊ ငြိမ်ဝပ်သည်။ ညီညွတ်သည်၊ မျှတသည်၊ ဟူ၍-ကာလ ဒေသ- ဌာန၊ အားလျော်စွာ၊ ခေါ်ဝေါ်အသုံးပြုကြလေသည်။

မှတ်ချက်။ ။ဓါတ်တို့၏ အနည်းအများတို့၌။နည်းပုံ၊များပုံ ခြင်း မတူသောကြောင့်၊ (၁) ဆောင်သည်။ (၂)ပျက်သည်။ (၃)ခိုက်သည်။ (၄) ငုပ်သည်။ (၅) လွန်သည်။ (၆) ဆုံးသည်။ (၇) ချုပ်သည်။ဟူ၍၊ ခေါ်ပုံအကျယ်အားဖြင့် (၇)မျိုးပြား ပေသေးသည်။ ။၎င်း (၇)မျိုးတို့တွင်။ အနည်းငယ်- များလာလျှင်- ဆောင်သည်။ ထို့ထက်ပို၍- များလာလျှင်- လွန်သည်။ ထို့ထက်ပို၍ များလာလျှင်- ငုပ်သည်။ ထို့ထက်ပို၍ - အများဆုံးကို- ခိုက်သည်ဟူ၍၎င်း။ ။ထို့နည်းအတူ- ယုတ်လျော့နည်းပါးခြင်းကို- ပျက်သည်။ထို့ထက်ပိုလွန်၍-နည်းပါးလာလျှင် - ချုပ်သည်။ ထို့ထက်ပို၍- အနည်းဆုံးကို- ဆုံးသည် ဟူ၍၎င်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ခေါ်ခေါ်ယူအကြပေသည်။ ။အကျဉ်းအားဖြင့်ဆိုသော်၊လွန်မှု၊ ယုတ်မှု၊ နည်းမှု၊များမှု နှစ်မျိုးတို့ပင်ဖြစ်ပေ၏။

အထူးသတိပြုရန်မှာ၊ (ပျက်) သည်ဆိုသော စကားသည်၊ အချို့နေရာများတွင်၊ နှစ်မျိုး-နှစ်စား၊ အဓိပ္ပါယ်- သက်ရောက် နေပေသည်။ ဓာတ်ဘိုသည်၊ ပကတိ-ညီမျှသောအခြေအနေမှ၊ ဘောက်ပြန်၍၊ ပိုလွန်ပွား များ လာ သည်ဖြစ်စေ။ ယုတ် လျော့ နည်း ပါး သွား သည် ဖြစ်စေ၊ (ပျက်) သည် ဟူသော စကားဖြင့်၊ အကျဉ်းချုံး၍ အသုံးပြုကြပေသေးသည်။ သို့ဖြစ်၍၊ ဤကျမ်းတွင်ဖြစ်စေ။ အခြားသောဆေးကျမ်းများတွင်ဖြစ်စေ။ (ပျက်) သည်ဟူသောစကားကို၊ တွေ့ရှိပါက၊ လွန်ပျက်၊ ယုတ်ပျက်၊ နှစ်မျိုးတို့တွင်၊ မည်သို့ပျက်သည်ကို၊ အထူးသတိပြု၍၊ ဝေဘန်ကြရာသည်။ သို့သော်- ဤကျမ်းတွင်ကား၊ ရှင်းနိုင်သမျှ၊ ရှင်းအောင်၊ ရေးသားဘော်ပြသွားမည်ဖြစ်ပါကြောင်း။ ။

## ဒေါသ၊ ဓာတ်၊ မလ တို့၊-ပွားများ ရခြင်း အကြောင်း

ကိုယ်ခန္ဓာဟု ခေါ်အပ်သော၊ ဒေါသ ဓာတ်၊ မလတို့သည်၊ တူသည်ကိုမှီဝဲသုံးဆောင် ပြုလုပ်ပါက၊ တိုးပွားများဖွားလာကြရပေ၏။

တူခြင်းဆိုသည်မှာလည်း......

(၁) ဒြဗ်အားဖြင့် တူခြင်း။
(၂) ဂုဏ်အားဖြင့် တူခြင်း
(၃) ကြိယာအားဖြင့် တူခြင်း။

ဟူ၍(၃)မျိုးရှိရာ၊ ထိုသုံးမျိုးတို့တွင်-

(၁) ဒြဗ်အားဖြင့် တူခြင်းဆိုရာ၌။ ။အာပေါဓာတ်သဘောရှိသော၊နို့၊ရည်၊ဌက်ပျောသီး စသည်တို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သည်။အာပေါဓာတ်သဘောသင်ရှိသော၊ သလိပ်နှင့် ဖြပ်(အထည်ဝတ္ထု) အားဖြင့် တူသည်ဖြစ်ရာ။ ထိုနွားနို့၊ ငှက်ပျောသီးမှည့်၊စသည်တို့ကိုစားသောက်ခြင်းဖြင့်၊ သလိပ်ကို ပွားများစေသည်။ ထို့အတူ- ထောပတ်ကိုစားသောက်လျှင် သုက်ဓာတ်ပွားများလေသည်။

(၂) **ဂုဏ်အားဖြင့်တူခြင်း၊ဆိုရာ၌။** ။သိနိဒ္ဓဂုဏ် ဂရုဂုဏ် သီတဂုဏ်ရှိသော၊စွန်ပလွံသီး၊ ငှက်ပျောသီး စသည်တို့သည်၊ ၎င်းနည်းတူ- သိနိဒ္ဓဂုဏ်၊ ဂရုဂုဏ်၊ သီတဂုဏ်ရှိသော၊သလိပ်နှင့်၊ဂုဏ်အားဖြင့်တူသည်ဖြစ်ရာ၊ ၎င်းစွန်ပလွံသီး စသည်တို့ကို စားသောက်ခြင်းအားဖြင့်၊သလိပ်ကိုပွားများစေလေသည်။

ထို့အတူ၊ လူခဂုဏ်ရှိသော၊ဆေးပုလဲ၊ ကြောင်လျှာ၊ တမာ၊ကြက်ဟင်းခါး၊စသည်တို့သည်၊ လူခဂုဏ်ရှိသောလေနှင့်၊ ဂုဏ်အားဖြင့် တူသည်ဖြစ်သောကြောင့်၊ ၎င်းဆေးပုလဲ၊ တမာစသည်တို့ကိုစားလျှင်၊ လေပွားများလေသည်။

ထို့အတူ၊ ဆီးဝမ်းကို ရှင်စေတတ်သောဂုဏ်ရှိသည့်၊ သမ္ဘာရာ၊ရှောက်၊လိမ္မော်၊နာနတ်၊ဆီး၊သလဲ၊ စသည်တို့သည်။ ဆီးဝမ်းကို ရှင်စေတတ်သော ဂုဏ်ရှိသည့်၊ သည်းခြေနှင့်၊ ဂုဏ်အားဖြင့် တူသည်ဖြစ်သောကြောင့်၊၎င်း-သမ္ဘာရာ၊ရှောက်၊လိမ္မော်၊စသည်တို့ကိုစားလျှင်၊သည်းခြေပွားများလေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) **ကြိယာအားဖြင့်တူခြင်းဆိုရာ၌။** ။ကြိယာသည်။ (၁)ကာယိက ကြိယာ၊ (၂)ဝါစသိက ကြိယာ၊ (၃)မနသိက ကြိယာ၊ ဟူ၍ (၃)ပါးရှိရာ၊ ထိုသုံးပါးတို့တွင်၊ ပြေးခြင်း၊ ခုံခြင်းအစရှိသော၊ ကာယိက ကြိယာတို့သည်၊ လှုပ်ရှားခြင်းကြိယာအားဖြင့်၊ လေနှင့်သဘောတူသည်ဖြစ်သောကြောင့်၊ ထိုပြေးခြင်း၊ ခုံခြင်း စသည်တို့ကို ပြုလုပ်လျှင်၊ လေပွားများလေသည်။

စာအံခြင်း၊ စာဘတ်ခြင်း၊ စကားပြောခြင်း၊ သီချင်းသီဆိုခြင်းအစရှိသော၊ ဝါစသိကကြိယာတို့သည်၊ စိတ်၏လှုပ်ရှားခြင်း ကြိယာအားဖြင့်၊ လေနှင့်တူသည် ဖြစ်သောကြောင့်၊ ထိုကြိစိခြင်းစသည်တို့ကိုပြုလုပ်လျှင်၊ လေပွားများပေသည်။

ထို့အတူ စိတ်အေးချမ်းခြင်း၊ အလိုပြည့်ခြင်း၊ သောမနဿဖြစ်ခြင်း၊ စသည်တို့သည်၊ အေးချမ်းသော သဘောကြိယာအားဖြင့်၊ သည်းခြေနှင့်တူသည် ဖြစ်သောကြောင့်၊ ထိုစိတ်အေးချမ်းစေမှု စသည်တို့ကို ပြုလုပ်လျှင် သည်းခြေပွားများပေသည်။

အိပ်ခြင်း၊ ပျင်းရိခြင်း၊ တစုံတခုသောအမှုကိစ္စကို၊ မပြုဘဲ ကိုယ်၊ နှုတ်၊ စိတ်၊ တို့ကို ငြိမ်းစွာ နေခြင်းတို့သည်၊ မြဲမြံတည်ကြည်သောသဘောအားဖြင့် သလိပ်နှင့် တူသောကြောင့်၊ ထိုအိပ်ခြင်းစသည်တို့ကိုပြုလုပ်လျှင်၊ သလိပ်ပွားများပေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤသို့လျှင်။ တူသည့်ကိုမှီ၍သုံးဆောင် ပြုလုပ်ပါက၊ ဒေါသ၊ ဓာတ်၊ မလတို့၊ တိုးပွားများပြားကြရပေသည်၊

## ဒေါသ၊ ဓာတ်၊ မလ၊ တို့ ခမ်းခြောက်ရခြင်း အကြောင်း။

ကိုယ်ခန္ဓာဟု-ဆိုအပ်ကုန်သော၊ ဒေါသ ဓာတ်၊ မလ၊ တို့သည်။ မတူသည့်ကိုမှီ၍သုံးဆောင် ပြုလုပ်ပါက၊ ခမ်းခြောက်-နည်းပါးခြင်းဖြစ်ကြရပေသည်။

မတူခြင်းဆိုသည်မှာလည်း.....။

(၁) ဒြဗ်အားဖြင့် မတူခြင်း။

(၂) ဂုဏ်အားဖြင့် မတူခြင်း။

(၃) ကြိယာအားဖြင့် မတူခြင်း၊

ဟူ၍(၃)မျိုးရှိရာ၊ ထိုသုံးမျိုးတို့တွင်—

(၁) **ဒြဗ်အားဖြင့်မတူခြင်းဆိုရာ၌။** ။ ခ တက် ဆေးပုလဲ စသည့်တို့သည်၊ ဝါယောဓါတ် သဘောရှိသည်ဖြစ်၍၊ ပထဝီဓါတ် သဘောရှိသော အသားနှင့်၊ ဒြဗ်အားဖြင့် မတူကုန်၊ ထို့ကြောင့်၊ ခတက် ဆေးပုလဲ စသည့်တို့ကို၊ သုံးဆောင် စားသောက်ပါက၊ အသား ကုန်ခမ်း၍၊ ကြုံလှီတတ်ပေသည်။

ထို့အတူ၊ တေဇောဓာတ်သဘောရှိသော၊ ပြာမျိုး၊ ဆားမျိုး၊ ဆပ်ပြာမျိုးတို့သည်။ အာပေါဓါတ်သဘောရှိသော သလိပ်နှင့်- ဒြဗ်အားဖြင့်၊ သဘော မတူကြပေ၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ထို့ကြောင့်၊ ၎င်းဖြာမျိုး၊ ဆားမျိုး၊ ဆစ်ဖြာမျိုးတို့ကို၊ စားသောက်ပါက၊ သလိပ်ကုန်ခမ်းတတ်ပေသည်၊

(၂) **ဂုဏ်အားဖြင် မတူခြင်းဆိုရာ၌။** ။သိနိဒ္ဓ ဂုဏ်၊ ဂရုဂုဏ်ရှိသော၊ နွားနို့၊ ထောပတ်၊ ဒုန်းဆံ စသည်တို့သည်၊ လူခဂုဏ်၊ လဟုဂုဏ်ရှိသော လေနှင့် ဂုဏ်အားဖြင့် သဘောမတူကြပေ။ ထို့ကြောင့်၊ ၎င်း နွားနို့၊ ထောပတ်၊စသည်တို့ကို၊ သုံးဆောင်ကျင်၊ လေ ကုန်ခမ်းတတ်ပေသည်၊

ထို့အတူ။ ဆီးဝမ်းကို၊ ချုပ်စေ၊ခမ်းစေ၍၊ သန္ဓဂုဏ် ရှိသော၊ကန်ချုပ်နို၊ ပဲကော၊စသည်တို့သည်၊ ဆီးဝမ်း ကိုရွှင်စေ၍၊ ဒြဗ်ဂုဏ်ရှိသော သည်းခြေနှင့်၊ ဂုဏ်အား ဖြင့် သဘောမတူပေ၊ ထို့ကြောင့်၊ ၎င်း ကန်ချုပ်နို့စ သည်တို့ကို၊ သုံးဆောင်စားသောက်ပါက၊ သည်းခြေ ကုန်ခမ်းတတ်ပေသည်။

ထို့အတူ၊ဥဏှဂုဏ်၊လဟုဂုဏ်၊ တိက္ခဂုဏ် ရှိသော၊ ငရုပ်ကောင်း၊ပိတ်ချင်း၊ ချင်းခြောက်၊စရိ၊ပချုပ်၊ စသည် တို့သည်။ သီတဂုဏ်၊ ဂရုဂုဏ်၊ မန္ဒဂုဏ်၊ သိနိဒ္ဓဂုဏ် ရှိသော၊ သလိပ်နှင့်။ ဂုဏ်အားဖြင့်၊ သဘောမတူကြ ပေ၊ထို့ကြောင့်၊ ၎င်း-ငရုပ်ကောင်း စသည်တို့ကို၊ သုံး ဆောင်စားသောက်ပါက၊ သလိပ် ကုန်ခမ်းတတ် ပေ သည်၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) **ကြိယာအားဖြင့်မတူခြင်းဆိုရာ၌။** ။အိပ်ခြင်း ပျင်းရိခြင်း တစုံတခုသောအမှုကို မပြုခြင်း၊ ကိုယ်၊ နှုတ်၊ စိတ်တို့၏။ ငြိမ်သက်အေးချမ်းခြင်းတို့သည်၊ လှုပ်ရှားခြင်းသဘောရှိသောလေနှင့်၊ ကြိယာအားဖြင့် သဘောမတူကြပေ၊ ထို့ကြောင့်၊ ၎င်းအိပ်ခြင်း စသည်တို့ကို ပြုလုပ်လျှင်၊ ကုန်ခမ်းတတ်ပေသည်၊

ထို့အတူ၊ အမျက်ဒေါသဖြစ်ခြင်း၊ ပူပင်သောကဖြစ်ခြင်းတို့သည်၊ ပူလောင်သောသဘော၊ စိတ်၏တုံလှုပ်ခြင်း ကြိယာအားဖြင့်၊ သည်းခြေနှင့်သဘော မတူပေ၊ ထို့ကြောင့်၊ ထိုအမျက်ထွက်ခြင်း စသော၊ စိတ်အလုပ်တို့ကိုပြုလုပ်လျှင်၊ သည်းခြေကုန်ခမ်းတတ်ပေသည်၊

ထို့အတူ၊ စကားပြောများခြင်း၊ အသွားအလာ အလှုပ်အရှားများခြင်း၊ အကြံအစည်၊ အကြောင့်ကြများခြင်းတို့သည်၊ မြဲမြံတည်ကြည်ခြင်းရှိသော သလိပ်နှင့်၊ ကြိယာအားဖြင့်၊ သဘောမတူကြပေ၊ ထို့ကြောင့်၊ ၎င်း-စကားပြောခြင်း စသည်တို့ကို ပြုလုပ်လျှင်၊ သလိပ် ကုန်ခမ်းတတ်ပေသည်၊

ဤသို့လျှင် မတူသည်ကိုမှီ၍၊ သုံးဆောင် ပြုလုပ်ပါက၊ ဒေါသ၊ ဓါတ်၊ မလတို့သည် ကုန်ခမ်း၊ ဆုတ်ယုတ်၊ နည်းပါးကြရပေသတည်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ဧဝါသ(၃)ပါးခမ်းခြောက်ပုံကို ပြခြင်း

### လေခမ်းခြောက်ပုံ လက္ခဏာများ

(၁) အင်္ဂါကြီးငယ်ညှိုးနွမ်းခြင်း၊
(၂) စကားနဲခြင်း၊
(၃) သတိမေ့လျော့ခြင်း၊
(၄) သလိပ်ပွားနာဖြစ်ခြင်း၊
(၅) လုံ့လဝီရိယနည်းခြင်း။ ၊သု၊
(၆) အပျော်အရွှင်နည်းခြင်း။ ၊သု၊

ဤကား- လေခမ်းခြောက်ခြင်း၏- လက္ခဏာများ ဖြစ်သည်။

မှတ်ချက်။ ။နံပါတ်(၅)နှင့် (၆)တို့၏ အဆုံးတွင်။ သု၊ဟု ဖေါ်ပြထားခြင်းမှာ။ သုသုတကျမ်းလာ လက္ခဏာဖြစ်ကြောင်း၊ ပြဆိုထားခြင်းဖြစ်သည်။အမှန်မှာ-သုသုတကျမ်း၌လည်း၊ (၁) လုံ့လဝီရိယနည်းခြင်း။ (၂) စကားနည်းခြင်း။ (၃) အပျော်အရွှင်နည်းခြင်း။ (၄) သတိမေ့လျော့ခြင်း။ ဟူ၍၊ လေခမ်းခြောက်ပုံ လက္ခဏာ (၄)ပါးပင် ပြဆိုပေသည်။သို့သော်လည်း စကားနည်းခြင်းနှင့်၊ သတိမေ့လျော့ခြင်း နှစ်မျိုးတို့မှာ။ ဗေဒသတ္တမဥ္ဇူသာ ကျမ်းလာ- လက္ခဏာများနှင့် တူညီနေသောကြောင့်။ ၎င်းတူရာနှစ်မျိုးကိုပယ်၍။ မတူရာနှစ်မျိုးကိုသာထည့်သွင်း ဖေါ်ပြထားခြင်းဖြစ်ပါသည်။ နောက်ဖေါ်ပြမည့် လက္ခဏာများတွင်လည်း။တူရာကိုနှုတ်၍၊ မတူရာကိုသာ ထည့်သွင်း ဖေါ်ပြသွားမည် ဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## သည်းခြေပေါက်ခမ်းခြောက်ပုံလက္ခဏာများ

(၁) အစာမကြေကျက်ခြင်း၊
(၂) အသားအရေကွဲအက်ခြင်း။
(၃) စကားများခြင်း၊
(၄) ဓာတ်သက်ခြင်း။
(၅) အရောင်အဆင်းဆုတ်ယုတ်ခြင်း။
(၆) ကိုယ်သားကိုယ်ရေအေးခြင်း။
(၇) နေ့ရောညပါ-မအိပ်ဘဲနေတတ်ခြင်း။
(၈) မျက်လုံးပြူးထွက်ခြင်း၊
(၉) ဒေါသကြီးခြင်း၊
(၁၀) သတိကင်းလွတ်၍-ချူးခြင်း။

ဤကား-သည်းခြေပေါက် ခမ်းခြောက်ခြင်း၏ လက္ခဏာများဖြစ်သည်။

## သလိပ်ခမ်းခြောက်ပုံလက္ခဏာများ

(၁) ချာချာလည်အောင် မူးဝေခြင်း။
(၂) တံတွေးများခြင်း။
(၃) အဆစ်-အဆက်- စသော သလိပ်တည်ရာဌာနတို့၌အသံမည်ခြင်း။
(၄) အသားအရေခြောက်သွေ့ခြင်း၊ ။သု။
(၅) ကိုယ်တွင်း၌ ပူလောင်ခြင်း။ ။သု၊
(၆) အဆစ်-အဆက်လျော့ပါးခြင်း။ ။သု၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၇) ရေငတ်ခြင်း။ ။သု။
(၈) ခွန်အားနည်းခြင်း။ ။သု။
(၉) အိပ်၍မပျော်ခြင်း။ ။သု။

ဤကား-သလိပ်ဓါတ် ခမ်းခြောက်ခြင်း၏ လက္ခဏာများဖြစ်သည်။

## ဓါတ်(၇)ပါးခမ်းခြောက်ပုံကိုပြခြင်း။

### ရသဓါတ်ခမ်းခြောက်ပုံကိုပြခြင်း

(၁) အသားအရေပြုတ်ထ ရကြမ်းခြင်း။
(၂) အသားအရေခြောက်သွေ့ခြင်း။
(၃) မောပန်းခြင်း။
(၄) ကိုယ်အင်္ဂါညှိုးနွမ်းခြင်း။
(၅) အသံကိုမကြားလိုခြင်း(နားညည်းခြင်း။)
(၆) နှလုံးနာခြင်း (ရှူံရှာခြင်း။) သု။
(၇) နှလုံးတုံခြင်း။ ။သု။
(၈) ဆိတ်ညံခြင်း။ (လှုပ်ရှားတိုင်း အသံမည်ခြင်း။) သု။
(၉) ရေငတ်ခြင်း။ ။သု။

ဤကား-ရသဓါတ်ခမ်းခြောက်ခြင်း၏လက္ခဏာများဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



### သွေးဝါတ်ခမ်းခြောက်ပုံလက္ခဏာများ

(၁) အအေးကိုနှစ်သက်ခြင်း။
(၂) အချဉ်ကိုနှစ်သက်ခြင်း။
(၃) အကြောလျော့ပါးခြင်း။
(၄) အသားအရေကြမ်းတမ်းခြင်း။

ဤကား- သွေးဝါတ်ခမ်းခြောက်ခြင်း၏ လက္ခဏာများဖြစ်သည်။

### အသားဝါတ်ခမ်းခြောက်ပုံလက္ခဏာများ

(၁) အရိုးအဆစ်ကိုက်ခဲခြင်း၊ နာကျင်ခြင်း။
(၂) မျက်တွင်းစသော ဂုခြေါးပါးတို့ ကြုံလှီ ပိန်ချုံးခြင်း။ (ချိုင့်ဝင်ခြင်း)
(၃) အသားအရေကြမ်းတမ်းခြင်း။ ။သု။
(၄) အကြောလျော့ပါးခြင်း။ ။သု။
(၅) အသားတည်ရာဌာနတိုင်း၌၊ ကြုံလှီပိန်ချုံးခြင်း။ ။သု။

ဤကား- အသားဝါတ်ခမ်းခြောက်ခြင်း၏ လက္ခဏာများဖြစ်သည်။

### အဆီဝါတ်ခမ်းခြောက်ပုံလက္ခဏာများ

(၁) ခါးတောင့်ခိုင်ခြင်း။
(၂) သရက်ရွက်ကြီးခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) ကိုယ်အင်္ဂါကြုံလှီခြင်း၊
(၄) အရိုးအဆက်များမှ၊ အသံမြည်ခြင်း။ ။သု၊
(၅) အသားအရေကြမ်းတမ်းခြင်း။ ။သု။
(၆) အဆီများသောအသားကိုစားလိုခြင်း။ သု၊

ဤကား-အဆီဓါတ် ခမ်းခြောက်ခြင်း၏ လက္ခဏာများဖြစ်သည်။

### အရိုးဓါတ်ခမ်းခြောက်ပုံလက္ခဏာများ

(၁) အရိုးနာကျင်ကိုက်ခဲခြင်း။
(၂) သွား၊ ဆံ၊ ခြေသည်း-လက်သည်းတို့၊ ကွဲအက်ခြင်း။
(၃) အသားအရေကြမ်းတမ်းခြင်း။ ။သု။

ဤကား-အရိုးဓါတ် ခမ်းခြောက်ခြင်း၏ လက္ခဏာများဖြစ်သည်။

### ခြင်ဆီဓာတ်ခမ်းခြောက်ပုံလက္ခဏာများ

(၁) အရိုး၌အပေါက်များဖြစ်ခြင်း။
(၂) မူးဝေခြင်း။
(၃) ရုတ်တရက် ထလိုက် ထိုင်လိုက်လျှင်-မိုက်ခနဲမျက်လုံးပြာသွားခြင်း။
(၄) သုက်ဓာတ်နည်းပါးခြင်း ။သု။
(၅) အရိုးအဆစ်ကျိုးပဲ့ခြင်း။ ။သု။
(၆) အရိုးကိုက်ခဲခြင်း။ ။သု။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၇) ခြင်ဆီမရှိ၍-အရိုးမှအသံမြည်ခြင်း။ ။သု။ ဤကား၊ ခြင်ဆီဓာတ်ခမ်းခြောက်ခြင်း၏ လက္ခဏာများဖြစ်သည်။

## သုက်ဓာတ်ခမ်းခြောက်ပုံလက္ခဏာများ

(၁) အချိန်ကြာမြင့်မှသုက်ထွက်ခြင်း။
(၂) သုက်အားနဲ၍ သွေး ချည်း သက် သက် သော်၎င်း၊ သုက်နှင့်သွေးရော၍သော်၎င်း ထွက်ခြင်း။
(၃) အင်္ဂါဇာတ် ကိုက်ခဲနာကျင်ခြင်း။
(၄) အင်္ဂါဇာတ်၌အရိုးထွက်သကဲ့သို့ပူခြင်း။
(၅) ဝေးစေ့ကိုက်ခဲခြင်း။ ။သု။
(၆) မေထုန်မမှီဝဲနိုင်ခြင်း။ ။သု။

ဤကား၊ သုက်ဓာတ်ခမ်းခြောက်ခြင်း၏ လက္ခဏာများဖြစ်သည်။

## ဩဇာဓာတ်ခမ်းခြောက်ပုံလက္ခဏာများ

(၁) ထိတ်လန့်ခြင်း။
(၂) အားနည်းခြင်း။
(၃) မှိုင်တွေခြင်း။
(၄) ဣန္ဒြေပျက်စီးခြင်း။
(၅) နှလုံးမသာယာခြင်း။
(၆) အနိုပ်မရှိခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၇) အသားအရေခြောက်၍ ကြမ်းတမ်းခြင်း။
(၈) ချို့နဲ့ခြင်း။

ဤကား၊ ဩဇာဓာတ်ခမ်းခြောက်ခြင်း၏ လက္ခဏာများဖြစ်သည်။

မှတ်ချက်။ ။ဘေသဇ္ဇမဉ္ဇူသာ ကျမ်းရင်းတွင်၊ ဩဇာဓာတ်ခမ်းခြောက်ပုံကိုပြဆိုရာ၌။ဒုစ္ဆာယော-အရိပ်မရှိသည်။ ဘဝေ-ဖြစ်တတ်၏ဟူ၍၊ ပြဆိုထားသဖြင့်။ မူရင်းအတိုင်း - ဖေါ်ပြထားခြင်းဖြစ်သည်၊ အရိပ်မရှိခြင်း ဆိုသည်မှာ၊ လူတို့ သေခါနီး၊ ကိုယ်မှ - အရိပ်မထွက်တဲ့ နိမိတ်ပြခြင်း ဖြစ်သည် ဟူ၍လည်း ယူဆနိုင်သည်၊ ကိုယ်ခန္ဓာ၏ အသက်ဟူ၍ပင် ခေါ်ဆိုနိုင်လောက်သော၊ ဩဇာဓာတ်ခမ်းခြောက်ခြင်းဖြင့်၊ သေဝပါးနီးသို့ ရောက်ရှိနေပြီဖြစ်ရာ၊ အရိပ်နှင့်တူသော မည်သည့် ဆေးသမား၊ သို့မဟုတ်-မည်သည့် ဆေးဝါးတို့ကိုမှ မှီခိုအားကိုး၍မရနိုင်တော့ခြင်းကို၊ ရည်ရွယ်၍၊ အရိပ်မရှိခြင်းဟုဆိုလိုခြင်း ဖြစ်သည်ဟူ၍လည်း၊ ယူဆနိုင်သည်။ ဖေါ်ပြပါ ယူဆနိုင်သည့်နည်းနှစ်မျိုးအနက်၊ ကျမ်းပြုသူအနေဖြင့်ကား၊ ဒုတိယနည်းကိုနှစ်သက်ပေသည်။

---

## မလတို့ ခမ်းခြောက်ပုံပြခြင်း။

### ကျင်ကြီးခမ်းခြောက်ပုံလက္ခဏာများ

(၁) ဝမ်းတွင်း၌ လေဆည်၊ အသံပြုလျက် အူကို ရစ်ပတ်သကဲ့သို့ဖြစ်၍၊ မွှေနှောက်ချောက်ချားခြင်း။
(၂) ရင်-နံ့ဘေးတို့ကို - နှိပ်စက်လျက် လေသည် အထက်သို့တက်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) ဘေးထိုးရင်ကြပ်ဖြစ်ခြင်း။ ။သု။

ဤကား၊ ကျင်ကြီးခမ်းခြောက်ခြင်း၏လက္ခဏာများ ဖြစ်သည်။

## ကျင်ငယ်ခမ်းခြောက်ပုံလက္ခဏာများ

(၁) ပင်ပန်းစွာဖြင့်၊ ဆီးအနည်းငယ်သာသွားခြင်း။
(၂) နီနီ ဝါဝါ စသည်ဖြင့်၊ အဆင်းဖောက်ပြန်၍ သွားခြင်း။
(၃) ဆီးသွားသောအခါ၊ သွေးပါခြင်း။
(၄) ဆီးအိမ်နာကျင်ကိုက်ခဲခြင်း။ ။သု။

ဤကား၊ ကျင်ငယ်ခမ်းခြောက်ခြင်း၏လက္ခဏာများ ဖြစ်သည်။

## သွေးခမ်းခြောက်ပုံလက္ခဏာများ

(၁) အမွေးကျွတ်ခြင်း။
(၂) အမွေးကြမ်းခြင်း။
(၃) အရေပေါက်ကွဲစုတ်ပြတ်ခြင်း။
(၄) အသားအရေခြောက်သွေ့ခြင်း။ ။သု။
(၅) အတွေ့မကောင်းခြင်း။ ။သု။
(၆) သွေးပျက်စီးခြင်း။ ။သု။

ဤကား၊ သွေးခမ်းခြောက်ခြင်း၏ လက္ခဏာများဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



### မလငယ်များ ခမ်းခြောက်ပုံလက္ခဏာ

မလငယ်များ ခမ်းခြောက်လျှင်၊ ထိုမလငယ်များ၏ သွားရာ လမ်း-တည်ရာ အိမ်တို့၌၊ ခြောက်သွေ့ခြင်း၊ နာကျင်ခြင်း၊ မလမရှိ၍-ပေါ့ပါးခြင်း၊ အသံမညီခြင်းများဖြစ်တတ်လေသည်။

ဒေါသ၊ဓာတ်၊မလ တို့ခမ်းခြောက်ပုံပြီး၏။

## ဒေါသ (၃) ပါး ပွားများပုံ ကိုပြခြင်း။

### လေပွားများပုံလက္ခဏာများ

(၁) ကြုံလှီခြင်း၊
(၂) အရောင်အဆင်းမည်းနက်ခြင်း။
(၃) အပူကို အလိုရှိခြင်း၊
(၄) ဆီးအောင့်ခြင်း၊
(၅) ကိုယ်တုံလှုပ်ခြင်း၊
(၆) ဓာတ်ချုပ်ခြင်း၊
(၇) ဆီးချုပ်ခြင်း၊
(၈) အစွမ်းသတ္တိပျက်ခြင်း၊
(၉) အအိပ်ပျက်ခြင်း၊
(၁၀) ဣန္ဒြေပျက်ခြင်း၊
(၁၁) အားပျက်ခြင်း။
(၁၂) စကားများခြင်း။
(၁၃) မူးဝေခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁၄) မောပန်းခြင်း၊
(၁၅) အသားအရေကြမ်းတမ်းခြင်း။ ။သု။

ဤကား၊ လေဓာတ်ပွားများခြင်း၏ လက္ခဏာများဖြစ်သည်။

မှတ်ချက်။ ။အထက်ပါ နံပါတ် (၈)တွင် ဖေါ်ပြ ထားသော အစွမ်းသတ္တိပျက်ခြင်းဆိုသည်မှာ။သတ္တ-ခေါ်သတ္တဂုဏ်ပျက်ခြင်းပင်ဖြစ်သည်။ ဆိုလိုရင်းအဓိပ္ပါယ်မှာ။ အပူ-အအေး-ချမ်းသာ-ဆင်းရဲ-စသည်တို့ကို။သည်းခံနိုင်စွမ်းမရှိခြင်းဟူ၍ဖြစ်သည်။

### သည်းခြေပွားများပုံလက္ခဏာများ

(၁) ကျင်ကြီး-ကျင်ငယ်ဝါခြင်း။
(၂) မျက်လုံးဝါခြင်း။
(၃) ဆာလောင်မွတ်သိပ်ခြင်း။
(၄) အအိပ်နည်းခြင်း။
(၅) ပူလောင်ခြင်း၊
(၆) အသားအရေဝါခြင်း။ ။သု၊
(၇) အအေးကို အရှိလိုခြင်း။ ။သု။
(၈) မူးမေ့တွေဝေခြင်း။ ။သု၊
(၉) ခွန်အားယုတ်ခြင်း။ ။သု
(၁၀) စက္ခုစသော ဣန္ဒြေ ငါးပါးတို့၊ မတည်ငြိမ်ခြင်း။ ။သု။

ဤကား၊ သည်းခြေဓာတ်ပွားများခြင်း၏ လက္ခဏာများဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



**မှတ်ချက်။** ။အထက် ဖော်ပြပါ သည်းခြေဓာတ် ပွားများပုံ လက္ခဏာများသည် များသော အားဖြင့် အပူ လွန်ကဲသောကြောင့် ဖြစ်တတ်သည့် လက္ခဏာများ ဖြစ်ပေသည်။ ဤနေရာ၌ ဘေသဇ္ဇနယဆိုင်ရာဆေးပညာနှင့်၊ ဒေသနာနယဆိုင်ရာ ဆေးပညာတို့သည် အယူအဆ အားဖြင့် များစွာ ကွဲလွဲလျက် ရှိပေသည်။ ဘေသဇ္ဇနယဆိုင်ရာ ဆေးပညာများသည်၊ သည်းခြေကိုအပူဟုကောက်ယူသဖြင့်၊ အပူပွားများလျှင်၊ သည်းခြေပွား၍၊ သည်းခြေပွားလျှင်လည်း၊ အပူပွားများကြောင်း ပြဆိုကြပေသည်၊ ဒေသနာနယဆေးပညာတွင်မူ အာပေါဓာတ်တည်းဟူသော သည်းခြေသည်၊ အပူကြောင့် ခမ်းခြောက်၍၊ အအေးကြောင့်ပွားများခြင်းဖြစ်ရသည်ဟုယူဆပြဆိုကြပေသည်။ ယင်းအယူအဆ နှစ်မျိုးတို့ အနက်၊ ကျမ်းပြုသူအနေဖြင့်၊ ဒေသနာနယဆိုင်ရာ ဆေးပညာနည်းအရ ယူဆပုံကိုသာလျှင် သဘောကျနှစ်ခြိုက်ပါကြောင်း။

## သလိပ်ပွားများပုံ လက္ခဏာများ

(၁) ဝမ်းမီးညံ့ခြင်း။
(၂) တံတွေးများခြင်း၊
(၃) ပျင်းရိခြင်း၊
(၄) ကိုယ်လက် လေးလံခြင်း။
(၅) အသားအရေဖြူခြင်း။
(၆) အသားအရေ၊အေးမြခြင်း၊
(၇) အင်္ဂါကြီးငယ် လျော့ပါးခြင်း၊
(၈) အရိုးအဆက်လျော့ပါးခြင်း၊
(၉) ပန်းနာစွဲခြင်း၊
(၁၀) ချောင်းဆိုးခြင်း၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁၁) အလွန်အိပ်ပျော်ခြင်း။
(၁၂) ကိုယ်လက်ခိုင်ခန့်ခြင်း။ ။သု။

ဤကား၊ သလိပ်ဓာတ် ပွားများခြင်း၏ လက္ခဏာ များဖြစ်သည်။

## ဓာတ် (၇) ပါး ပွား များ ပုံ ကို ပြ ခြင်း။

### ရသဓာတ်ပွားများပုံ လက္ခဏာများ

(၁) ဝမ်းမီးညံ့ခြင်း။
(၂) တံတွေးများခြင်း။
(၃) ပျင်းရိခြင်း။
(၄) ကိုယ်လက်လေးလံခြင်း။
(၅) အသားအရေဖြူခြင်း။
(၆) အင်္ဂါကြီးငယ်လျော့ပါးခြင်း။
(၇) အရိုးအဆက်လျော့ပါးခြင်း။
(၈) အသားအရေအေးမြခြင်း။
(၉) ပန်းနာစွဲခြင်း။
(၁၀) ချောင်းဆိုးခြင်း။
(၁၁) အလွန်အိပ်ပျော်ခြင်း။
(၁၂) နှလုံးနာခြင်း [ရွံရှာခြင်း]။ ။သု။

ဤကား၊ ရသဓာတ်ပွားများခြင်း၏ လက္ခဏာများ ဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## သွေးဓာတ်ပွားများပုံ လက္ခဏာများ

(၁) သရက်ရွက်ကြီးခြင်း။
(၂) ရေယုံနာဖြစ်ခြင်း။
(၃) သက်တန့်နာဖြစ်ခြင်း။
(၄) အရှိုးကြီးခြင်း။
(၅) နူနာဖြစ်ခြင်း။
(၆) ပါဒရက်နာဖြစ်ခြင်း။
(၇) ရဏ္ဍုပိတ်နာဖြစ်ခြင်း။
(၈) ဂူနာဖြစ်ခြင်း။
(၉) သွေးသားဖုံးနာဖြစ်ခြင်း။
(၁၀) သည်းခြေနာဖြစ်ခြင်း။
(၁၁) တင်းဘိတ်နာဖြစ်ခြင်း။
(၁၂) ဝမ်းမီးညှံ့ခြင်း။
(၁၃) မိန်းမောတွေဝေခြင်း။
(၁၄) အသားအရေနီခြင်း။
(၁၅) ဆီးနီခြင်း။
(၁၆) မျက်စိနီခြင်း။
(၁၇) အင်္ဂါကြီးငယ်နီခြင်း။ ။သု။
(၁၈) ရှုချေးနီခြင်း။ ။သု။
(၁၉) အကြောလျော့ပါးခြင်း။ ။သု။

ဤကား၊ သွေးဓာတ်ပွားများပုံ လက္ခဏာများဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



**အသားဓာတ်ပွားများပုံ လက္ခဏာများ**

(၁) ဆုံဆို့နာဖြစ်ခြင်း။
(၂) ကျပ်နာဖြစ်ခြင်း။
(၃) မြင်းသုနာဖြစ်ခြင်း။
(၄) ပါးစုန့်နာဖြစ်ခြင်း။
(၅) ပေါင်ကြီးခြင်း။
(၆) ဝမ်းဗိုက်ကြီးခြင်း။
(၇) လည်ပင်းစသည်တို့ကြီးခြင်း။
(၈) တင်ပါးကြီးခြင်း။ ။သု။
(၉) နှုတ်ခမ်းတွဲခြင်း။ ။သု။
(၁၀) အင်္ဂါဇာတ်ကြီးခြင်း။ ။သု။
(၁၁) လက်မောင်းကြီးခြင်း။ ။သု။
(၁၂) ခြေသလုံးကြီးခြင်း။ ။သု။

ဤကား၊ အသားဓာတ် ပွားများပုံ လက္ခဏာများ ဖြစ်သည်။

**အဆီဓာတ်ပွားများပုံ လက္ခဏာများ**

(၁) မောပန်းလွယ်ခြင်း။
(၂) ပန်းနာစွဲခြင်း။
(၃) ဆုံဆို့နာဖြစ်ခြင်း။
(၄) ကျပ်နာဖြစ်ခြင်း။
(၅) မြင်းသုနာဖြစ်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၆) တင်ပါးသားကျခြင်း၊
(၇) ဝမ်းပျဉ်းကျခြင်း။
(၈) နို့ပျဉ်းကျခြင်း။
(၉) ပါးရန့်ကြီးခြင်း။
(၁၀) ပေါင်ကြီးခြင်း။
(၁၁) ဝမ်းဗိုက်ကြီးခြင်း။
(၁၂) လည်ပင်းစသည်တို့ကြီးခြင်း။
(၁၃) အင်္ဂါကြီးငယ်ပိုပြေခြင်း။ ။သု။
(၁၄) နံဘေးသားကြီးခြင်း၊ ။သု။
(၁၅) ချောင်းဆိုးခြင်း။ ။သု။
(၁၆) ကိုယ်အနံ့မကောင်းခြင်း။ ။သု။

ဤကား၊ အဆီဓာတ် ပွားများခြင်း၏ လက္ခဏာများ ဖြစ်သည်၊

## အရိုးဓာတ်ပွားများပုံလက္ခဏာများ

(၁) အရိုးပိုလွန်ခြင်း။
(၂) သွားတက်ပွားခြင်း၊

ဤကား၊ အရိုးဓာတ်ပွားများခြင်း၏ လက္ခဏာများ ဖြစ်သည်။

## ခြင်ဆီဓာတ်ပွားများပုံလက္ခဏာများ

(၁) မျက်စိလေးလံခြင်း၊
(၂) အင်္ဂါကြီးငယ်လေးလံခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) အဆစ်အရင်းကျွတ်ခြင်း။

ဤကား၊ ခြင်ဆီဓာတ်ပွားများခြင်း၏ လက္ခဏာများ ဖြစ်သည်။

### သုက်ဓာတ်ပွားများပုံလက္ခဏာများ

(၁) မိန်းမတို့၌အလိုရှိခြင်း။
(၂) ဆီးအိမ်၌ကျောက်တည်ခြင်း။

ဤကား၊ သုက်ဓာတ်ပွားများခြင်း၏ လက္ခဏာများ ဖြစ်သည်။

### ဩဇာဓာတ်ပွားများပုံလက္ခဏာများ

(၁) ကိုယ်ခန္ဓာစည်ပင်ဝပြိုးခြင်း။
(၂) ခွန်အားဗလတိုးတက်ခြင်း။

ဤကား၊ ဩဇာဓာတ်ပွားများခြင်း၏ လက္ခဏာများ ဖြစ်၏။

## ၂ မလတို့ပွားများပုံကိုပြခြင်း။

### ကျင်ကြီးပွားများပုံလက္ခဏာများ

(၁) ဝမ်းဖေါခြင်း။
(၂) ဝမ်းရောင်ခြင်း။
(၃) ဝမ်းနာခြင်း။
(၄) ဝမ်းဗိုက်လေးခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤကား၊ ကျင်ကြီး ပွားများခြင်း၏ လက္ခဏာများ ဖြစ်သည်။

### ကျင်ငယ်ပွားများပုံလက္ခဏာများ

(၁) ဆီးအိမ်နာခြင်း။
(၂) ဆီးသွား၍အားမရခြင်း။
(၃) ဆီးအကြိမ်များခြင်း။ ။သု။
(၄) ဝမ်းယောင်ခြင်း။ ။သု။

ဤကား၊ ကျင်ငယ် ပွားများခြင်း၏ လက္ခဏာဖြစ်သည်။

### ချွေးပွားများပုံလက္ခဏာများ

(၁) ချွေးထွက်လွန်ခြင်း။
(၂) ကိုယ်အနံ့မကောင်းခြင်း။
(၃) ယားယံခြင်း။

ဤကား၊ ချွေးပွားများခြင်း၏ လက္ခဏာဖြစ်သည်။

### မလငယ်တို့ပွားများပုံလက္ခဏာ

(၁) မလတို့များပြားလာခြင်း။
(၂) ၎င်းတို့၏တည်ရာဌာန-လေးလံခြင်း။

ဤကား၊ မလငယ်တို့ ပွားများခြင်း၏ လက္ခဏာ ဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မှတ်ချက်။ ။ဒေါသ၊ ဓာတ်။ မလတို့ ခမ်းခြောက် ပွားများခြင်း တို့ကို ဒေသနာနယဆေးပညာအလိုကျ အကြောင်းခံ အပူအအေးနှင့် ကပ်မည် ဆိုလျှင်။ ။ခမ်းခြောက်ရာ၌- မလ နှင့် ချွေး ကား သီတ။ ကြွင်းသော ဒေါသ ဓာတ် မလ တို့ကား ဥဏှ။ ။ပွားများရာ၌လေနှင့် ချွေးကား ဥဏှ။ ကြွင်းသော ဒေါသ-ဓာတ်-မလ တို့ကား သီတ ဖြစ် လေသည်။

---

## ဒေါသ၊ ဓာတ်၊ မလ တို့ကို ကုသရာ၌ ဌာနီ၊ ဌာန၊ ဆက်စပ်ပုံ

ဒေါသသုံးပါးတို့တွင်၊ လေသည်၊ အရိုး၌တည်သဖြင့် လေကား ဌာနီ၊ အရိုးကား ဌာန ဖြစ်၏။ ။သည်းခြေ သည် ချွေးနှင့်ချွေး၌ဘည်သဖြင့်၊ သည်းခြေကား ဌာနီ၊ ချွေးနှင့် ချွေးကား ဌာန ဖြစ်၏။ သလိပ်သည်-အဆီ စသောအရပ်၌ တည်သဖြင့်၊ သလိပ်ကား ဌာနီ၊ အဆီ စသည်တို့ကား ဌာန ဖြစ်၏။

ထို့ဖြစ်၍၊ သည်းခြေနှင့်၊ သလိပ်တို့၌၊ ဌာနီ၊ ဌာနသည် အချင်းချင်း တခုနှင့်တခု ဆေးဖြစ်၏။ ။သည်းခြေကို ပွားစေတတ်သော ဆေးသည်ပင် ဌာနဖြစ်သော ချွေး နှင့်ချွေးကို၊ ပွားစေတတ်သော ဆေးဖြစ်သည်။ သည်းခြေ ကို ခမ်းခြောက်စေတတ်သော ဆေးသည်ပင် ဌာနဖြစ် သောချွေးနှင့် ချွေးကို ခမ်းခြောက်စေတတ်သောဆေး ဖြစ်လေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ထို့အတူ သွေးနှင့် ချွေးတို့ကို ပွားစေတတ်သော ဆေးသည်ပင် ဌာနီဖြစ်သော၊ သည်းခြေကို ပွားစေတတ်၍၊ သွေးနှင့်ချွေးတို့ကို၊ ခမ်းခြောက်စေသောဆေးသည် ဌာနီဖြစ်သော၊ သည်းခြေကို ခမ်းခြောက်စေတတ်သော ဆေးပင်ဖြစ်သည်ဟု၊ မှတ်ယူသင့်ပေသည်။

ထို့နည်းတူ သလိပ်ကိုပွားစေတတ်သောဆေးသည် ဌာနဖြစ်သော အဆီကို၊ ပွားစေတတ်သည်။ သလိပ်ကို ခမ်းခြောက် စေတတ်သော ဆေးသည်၊ ဌာနဖြစ်သော အဆီကို၊ ခမ်းခြောက်စေတတ်သည်။ ။အဆီကို ပွားစေတတ်သောဆေးသည်လည်း၊ ဌာနီဖြစ်သော-သလိပ်ကိုပွားစေတတ်သည်၊ အဆီကို ခမ်းစေတတ်သောဆေးသည်၊ ဌာနီဖြစ်သော-သလိပ်ကိုခမ်းစေတတ်သည် ဟု၍ မှတ်ယူသင့်ပေသည်။

လေနှင့်အရိုးသည်ကား၊ ဤကဲ့သို့မဟုတ်ချေ။ လေကို ပွားစေတတ်သော ဆေးသည်၊ ဌာနဖြစ်သော အရိုးကို မပွားစေတတ်။ လေကိုခမ်းစေတတ်သော ဆေးသည်၊ ဌာနဖြစ်သော အရိုးကို မခမ်းစေတတ်။ ။အရိုးကို ပွားစေတတ်သော ဆေးသည်လည်း၊ ဌာနီ ဖြစ်သော လေကို မပွားစေတတ်၊ အရိုးကို ခမ်းခြောက်စေတတ်သောဆေးသည်၊ ဌာနီဖြစ်သောလေကို၊ မခမ်းစေတတ်ပေ။ ဤကဲ့သို့-လေ-နှင့်-အရိုးတို့၏၊ အချင်းချင်း၊ အဖြန် အလှန်၊ ဆေး မဖြစ်ကြောင်းကိုလည်း၊ သတိပြုသင့်လှပေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



အဝှူးမှာ။ သလိပ်သည်၊ ဝဲစေတတ်သောကြောင့်၊ လေမှတပါးသော၊ ဒေါ်သ၊ ခွာတ်၊ မလတို့ ပွားများလျှင်၊ သလိပ်ပါ အစဉ်တပိုက်၊ လိုက်လျှက် ပါရှိသည်၊ လေသည် ပိန်စေတတ်သောကြောင့်၊ ဒေါသ ခွာတ်၊ မလတို့ ခမ်းခြောက်သောအခါ၊ လေလည်း၊ အစဉ်တပိုက်၊ လိုက်လျှက်ပါရှိတတ်သည်ဟူ၍မှတ်ယူကြပါလေ။

## ဒေါသ၊ ဓာတ်၊ မလတို့-ခမ်းခြောက် ပွားများရာ၌ ခွဲခြားကုသနည်း

လေမှ တပါးသော၊ ဒေါသ၊ ဓာတ်၊ မလ၊ တို့၏၊ ပွားများခြင်း၊ ခမ်းခြောက်ခြင်းတို့ကြောင့် ဖြစ်ကုန်သော အနာရောဂါတို့ကို၊ ကုသရာ ကုသနည်းသည်၊ အကျဉ်းအားဖြင့်၊ နှစ်မျိုးရှိပေ၏။

ရင်းတို့မှာ—

(၁) ပိန်စေတတ်သော=လဃ်နဆေး၊

(၂) ဝဲစေတတ်သော =ဗြူဟနဆေး။

ဟူ၍ဖြစ်လေသည်။ ထိုနှစ်မျိုးတို့တွင်....

(၁) **လဃ်နဆေး ဆိုသည်မှာ။** ။များသောအားဖြင့်၊ ဥဏှဂုဏ်၊ လဟုဂုဏ်၊ တိက္ခဂုဏ်၊ ဝိသဒဂုဏ်၊ လူခဂုဏ်၊ သုခုမဂုဏ်၊ ကဌိနသဂုဏ်၊ များရှိ၍၊ ဓာတ်တို့ကို၊ ခမ်းခြောက်စေတတ်သောဆေးမျိုးဖြစ်သည်။

(၂) **ဗြူဟနဆေး ဆိုသည်မှာ။** ။များသောအားဖြင့်၊ သီတဂုဏ်၊ ဂရုဂုဏ်၊ မုဒုဂုဏ်၊ ပိစ္ဆိလဂုဏ်၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သိန္ဓုဂုဏ်၊ မန္တဂုဏ်၊ ဝင်ရဂုဏ်၊ ဝဂ္ဂလဂုဏ်၊ များရှိ၍ ဓာတ်တို့ကို တိုးပွားစေတတ်သော၊ ဆေးမျိုးဖြစ်သည်၊

ထိုဆေးနှစ်မျိုးတို့အနက်၊ လေမှတပါး ကြွင်းသော ဒေါသ ဓာတ် မလ တို့ပွားများ၍ဖြစ်သည့် အနာရောဂါများကို၊ လဃ်နု ဆေး တို့ဖြင့် ကုသ၍၊ လေမှတပါး ကြွင်းသော၊ ဒေါသ၊ ဓာတ်၊ မလ တို့ ခမ်းခြောက်ခြင်း ကြောင့်ဖြစ်သော၊ အနာရောဂါတို့ကို၊ ဗြူဟာနုဆေးမျိုးတို့ဖြင့်ကုသရာသည်၊

လေဓာတ် ပွားများရာ၌မူ၊ ဗြူဟာနု ဆေးမျိုးတို့ဖြင့် ကုသ၍၊ ခမ်းခြောက်ရာ၌ကား၊ လဃ်နုဆေးမျိုးတို့ဖြင့် ကုသရမည် ဖြစ်ပေ၏။

## ရှင်းကုသနည်း ရှင်းလင်းချက်

| | | |
|---|---|---|
| လေခမ်းခြောက်လျှင် | ...... | လဃ်နုဆေး။ |
| လေပွားများလျှင် | .... | ဗြူဟာနုဆေး။ |
| သည်းခြေခမ်းခြောက်လျှင် | ...... | ဗြူဟာနုဆေး။ |
| သည်းခြေပွားများလျှင် | .... | လဃ်နုဆေး။ |
| သလိပ်ခမ်းခြောက်လျှင် | ...... | ဗြူဟာနုဆေး။ |
| သလိပ်ပွားများလျှင် | ...... | လဃ်နုဆေး။ |
| ရသဓာတ်ခမ်းခြောက်လျှင် | ...... | ဗြူဟာနုဆေး။ |
| ရသဓာတ်ပွားများလျှင် | ...... | လဃ်နုဆေး။ |
| သွေးဓာတ်ခမ်းခြောက်လျှင် | ...... | ဗြူဟာနုဆေး။ |
| သွေးဓာတ်ပွားများလျှင် | ...... | လဃ်နုဆေး။ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



| | | |
|---|---|---|
| အသားဓါတ်ခမ်းခြောက်လျှင် | .... | ဗြူဟာနှဆေး။ |
| အသားဓါတ်ပွားများလျှင် | ...... | လဃ်နှဆေး။ |
| အဆီဓါတ်ခမ်းခြောက်လျှင် | ...... | ဗြူဟာနှဆေး။ |
| အဆီဓါတ်ပွားများလျှင် | .... | လဃ်နှဆေး။ |
| အရိုးဓါတ်ခမ်းခြောက်လျှင် | ...... | ဗြူဟာနှဆေး။ |
| အရိုးဓါတ်ပွားများလျှင် | ...... | လဃ်နှဆေး။ |
| ခြင်ဆီဓါတ်ခမ်းခြောက်လျှင် | ...... | ဗြူဟာနှဆေး။ |
| ခြင်ဆီဓါတ်ပွားများလျှင် | ...... | လဃ်နှဆေး။ |
| သုက်ဓါတ်ခမ်းခြောက်လျှင် | .... | ဗြူဟာနှဆေး။ |
| သုက်ဓါတ်ပွားများလျှင် | .... | လဃ်နှဆေး။ |
| ချွေးခမ်းခြောက်လျှင် | ...... | လဃ်နှဆေး။ |
| ချွေးပွားများလျှင် | ...... | ဗြူဟာနှဆေး။ |

ဤကား၊ ဒေါသ၊ ဓါတ်၊ မလ၊ တို့၏၊ ပွားများ၊ ခမ်းခြောက်ခြင်းတို့အား၊ တပါးစီ ကုသရာသော နည်းအကျဉ်းပင်ဖြစ်ပေ၏။

### အထူးကုသရာသော၊ဒေါသ၊ဓါတ်၊မလ၊များ

အထက်တွင် ဆော်ပြခဲ့သော၊ ဒေါသ၊ ဓါတ်၊ မလ၊ တို့အား ကုသရာ-ကုသနည်းတို့တွင်၊ အချို့သော ဒေါသ၊ဓါတ်၊ မလတို့သည်။ "ပွားများရာတွင်- လဃ်နှ" "ခမ်းခြောက်ရာတွင်-ဗြူဟာနှ" ဟူသောဆေးသက်သက်တို့ဖြင့်၊ ကုသ၍၊ ရုတ်တရက်ပျောက်နိုင်ခဲသည့်ပြင်၊ ကုသ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မှုထူးသည်ဖြစ်သောကြောင့်၊ မှတ်သား ထိုက်သည်အား လျော်စွာ၊ အောက်တွင် သီးခြားဖော်ပြပါဦးအံ့။

**သွေးဓါတ် ပွါးရာ၌။** ။သွေးထုတ်ခြင်း၊ ဝမ်းနှုတ်ခြင်းတို့ဖြင့် လည်း၊ ကုသပေးရာသည်။

**အသားဓါတ်ပွါးရာ၌။** ။ထားခွဲခြင်း၊ ဖြာသိပ်ခြင်း၊ မီးကင်ခြင်း တို့ဖြင့်လည်း ကုသရာသည်။ စရကကျမ်း၌ကား ဝမ်းနှုတ်ခြင်း၊ အန်ဆေး သောက်ခြင်းဖြင့်လည်း၊ ကုသရာ၏ဟုဆိုသည်။

**အရိုးဓါတ်ခမ်းခြောက်ရာ၌။** ။နွားနို့၊ ထောပတ်တို့ဖြင့်၎င်း၊ အခါးတို့ဖြင့်၎င်း၊ ကြပ်ထုပ်ထိုး၍ လည်း၊ ကုသရာသည်။

**ခြင်ဆီနှင့်၊ သုက်၊ ခမ်းရာ၌။** ။ချိုသော အစာ၊ ခါးသော အစာတို့ကို ကျွေးခြင်း၊ ဝမ်းနှုတ်ခြင်း၊ အန်ဆေးသော်ခြင်း၊ ကိုယ်ကိုစင်ကြယ်အောင်ပြုပြင်ခြင်း၊ အပေါင်ပန်းခံ၍၊ အားထုတ် လုံ့လပြုခြင်း။ အခြားသော နည်းတို့ဖြင့်၊ သုက်ကိုစင်ကြယ်အောင် ပြုပြင်ခြင်း တို့ဖြင့်လည်း ကုသရာသည်။

**ကျင်ကြီး၊ ပွါးများ၊ ခမ်းခြောက်ရာ၌။** ။ပွါးများလျှင်၊ ဝမ်းကျရောဂါကို၊ ကုသသော နည်းဖြင့်ကုသ၍၊ ခမ်းခြောက်လျှင်၊ သိုးသား၊ ဆိတ်သား၊ မုယောမုန့်၊ ပဲ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မုံ့၊ နှစ်မျိုးရော၍ လုပ်သောမုံ့၊ စသည်တို့ဖြင့်၊ ပေး၍ ကုသရာသည်။

**ကျင်ငယ်၊ခမ်းခြောက်ရာ၌။** ။ဆီးအောင့်နာ၊ ဆီးချုပ်နာတို့ကို ကုသသောနည်းတို့ဖြင့်လည်း၊ ကုသရာသည်။

**ချွေးခမ်းခြောက်ရာ၌။** ။အပင်ပန်းခံခြင်း၊ ဆီလိမ်းနယ်ခြင်း၊ ချွေးအောင်းခြင်းတို့ဖြင့်လည်း ကုသရာသည်။

**သြဇာဓါတ်ခမ်းခြောက်ရာ၌။** ။ဇီဝနီယမည်သော (သက်စောင့်) ဆေးများ၊ နွားနို့-စသည်များကို ပေး၍လည်းကုသရာသည်။

## ဝမ်းမီးကြောင့်၊ဓါတ်(၇)ပါးတို့ ဘောက်ပြန်ရပုံ

ကိုယ်ခန္ဓာအတွင်း၌ရှိသော-ဝမ်းမီးသည်၊ မိမိတည်မြဲတိုင်းအရစ်၌ပင်၊ တည်နေရာသော်လည်း၊ ထိုဝမ်းမီး၏အစိတ်အပိုင်းဖြစ်ကုန်သော၊ မီးပွား၊မီးပေါက်နှင့် တူသည့်အရှိန်အဝါတို့သည်၊ဓါတ်(၇)ပါးရှိရာသို့ ရောက်၍၊ ထိုဓါတ်(၇)ပါးတို့၏ အတွင်း၌ တည်နေ ကြလေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ထိုသို့ပျံ့လွင့်တည်နေကြသောမီးတို့တွင်၊ ရသဓါတ်၌တည်နေသောမီးသည်၊ မထက်လွန်းမူ၊ ရသာဓါတ်ပွားများ၍၊ ထက်လွန်းအားကြီးပါက၊ မီးလောင်ကျွမ်းသဖြင့်၊ ရသဓါတ် ခမ်းခြောက် ရလေသည်။ ဤနည်းအတိုင်းပင်ကြွင်းသောဓါတ်တို့သည်လည်း၊ ပွားများခြင်း ခမ်းခြောက်ခြင်း ဖြစ်ကြရသည်ဟု-မှတ်ယူကြရာ၏။

အမှန်အားဖြင့် ဆိုသော်၊ ဓါတ်(၇)ပါးတို့၏ အတွင်း၌တည်သော၊ မီး(၇)စင်းတို့ကြောင့် ပင်လျှင်၊ ထိုဓါတ်(၇)ပါးတို့သည်၊ အသီးအသီး၊ ချေးဖြစ်၍- ကျက်ခြင်း၊ အနှစ်ရသည်ဖြစ်၍ ကျက်ခြင်းအားဖြင့်၊ ကျက်ခြင်းနှစ်မျိုးဖြစ်လာရပေသည်။

ထိုဓါတ်(၇)ပါးတို့တွင်လည်း၊ ရသဓါတ်သည်၊ အမိကဖြစ်၍၊ ၎င်းရသဓါတ်ပွားများလျှင်၊ ကြွင်းသောဓါတ်တို့လည်းပွားများရ၍၊ ရသဓါတ်ခမ်းခြောက်လျှင်၊ ကြွင်းသောဓါတ်တို့လည်းခမ်းခြောက်ရပေတော့သည်၊ ထိုသို့ကြွင်းသောဓါတ်တို့၏၊ ပွားများခြင်း၊ ခမ်းခြောက်ခြင်းသည်၊ ရသဓါတ်ပေါ်၌မူတည်နေသည်ဖြစ်ရာ၊ ဝမ်းမီးညံ့၍ရသဓါတ် ကောင်းစွာမကျက်လျှင်၊ ထိုမကျက်သောရသဓါတ်ကြောင့် ဒေါသ(၃)ပါးတို့ဖောက်ပြန်ပျက်စီးရပေသည်။ ဒေါသ(၃)ပါးတို့ ဖောက်ပြန်ပျက်စီးသဖြင့်လည်း၊ ဓါတ်(၇)ပါးတို့၊ ဖောက်ပြန်ပျက်စီးရပြန်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ယင်းသို့ ဘောက်ပြန်သော၊ ဒေါသ၊ ဓါတ်၊ တို့ကြောင့် လည်း၊ ကျင်ကြီး-ကျင်ငယ်စသော- မလတို့ ဘောက်ပြန် ဖျက်စီးရသည်ဟု၊ မှတ်ယူကြရာသည်။

## မကျက်သော ရသဓါတ်နှင့်ယှဉ်၍၊ မလ တို့ ဘောက်ပြန်ပုံလက္ခဏာများ

(၁) သွေးကြော၊ လေကြောပိတ်ဆို့ခြင်း။
(၂) အားပျက်ခြင်း။
(၃) ကိုယ်လက် လေးလံခြင်း။
(၄) လေလမ်းမှားခြင်း။
(၅) ပျင်းရိခြင်း။
(၆) အစာမကြေခြင်း။
(၇) တံတွေးများခြင်း။
(၈) ဓါတ်ချုပ်ခြင်း။
(၉) နှုတ်မမြိန်ခြင်း။
(၁၀) ပင်ပန်းခြင်း။

ဤကား၊ မလတို့ဘောက်ပြန်သောကြောင့်၊ ဖြစ်ပေါ် လာတတ်သော၊ သက္ခဏာများ ဖြစ်ပေသည်။ ၎င်း လက္ခဏာ၏အပြန်အားဖြင့်၊ ကျက်သော-ရသဓါတ်နှင့် မလတို့ယှဉ်သည်ဟူ၍၊ မှတ်ယူရာ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ဒေါသ(၃)ပါးကြောင့်၊ ဝမ်းမီးနှင့်အစာအိမ် ဖောက်ပြန်ပုံ

**ဝမ်းမီး**
- လေပွားများလျှင်— ဝမ်းမီးမညီမညွတ်ဖြစ်တတ်သည်၊
- သည်းခြေပွားများလျှင်— ဝမ်းမီးထက်တတ်သည်။
- သလိပ်ပွားများလျှင်— ဝမ်းမီးနုံ့တတ်သည်။

**အစာအိမ်**
- လေနှင့် သလိပ် ပွါးများလျှင်၊ အစာအိမ်ကြမ်းတမ်းတတ်သည်။
- သည်းခြေပွားများလျှင်၊ အစာအိမ် နူးညံ့တတ်သည်၊
- ဒေါသသုံးပါး ညီညွတ်လျှင်၊ အစာအိမ် အလတ်စား ရှိတတ်သည်။

ဒေါသ(၃)ပါးငြိမ်ဝပ်ပါက၊ ဝမ်းမီးနှင့်- အစာအိမ် ငြိမ်ဝပ်ညီညွတ်တတ်သည်။

### ဝမ်းမီးကိုကုသရန်နည်းလမ်း

(၁) **မညီညွတ်သောဝမ်းမီး။** ။လေ ပွားများ၍မ ညီညွတ်သော ဝမ်းမီးအား၊ လေကိုနှိပ်ကွပ်လျက်၊ ညီ ညွတ်အောင်ပြုလုပ်ရမည်။

(၂) **ထက်သောဝမ်းမီး။** ။သည်းခြေ ပွားများ၍ ထက်လွန်း၊တောက်လွန်းသောဝမ်းမီးအား၊ သည်းခြေ ကိုနှိမ်နင်းသဖြင့်၊မထက်လွန်းအောင်ပြုလုပ်ရမည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) **ညှံ့သောဝမ်းမီး။** ။သလိပ် ပွားများ၍၊ နုံ့လွှန်း၊ ညှံ့လွှန်းသောဝမ်းမီးအား၊ သလိပ်ကို သုတ်သင်ရှင်းလင်းသဖြင့်၊ မနုံ့အောင်ပြုလုပ်ရမည်။

## အစာအိမ်ကိုရှင်းလင်းရန်နည်းလမ်း

(၁) **ကြမ်းတမ်းသောအစာအိမ်။** ။လေနှင့် သလိပ်ပွားများသောကြောင့်၊ ကြမ်းတမ်းသော အစာအိမ်ကို၊ ကြမ်းတမ်းသောဆေးဖြင့် ဝမ်းနှုတ်၍သုတ်သင်ရှင်းလင်းရမည်။

(၂) **နူးညံ့သောအစာအိမ်။** ။သည်းခြေပွားများ၍၊ နူးညံ့သောအစာအိမ်ကို၊ နွားနို့စသော၊ နူးညံ့သောဆေးတို့ဖြင့်၊ ဝမ်းနှုတ်၍၊ သုတ်သင်ရှင်းလင်းရမည်။

(၃) **အလတ်စားရှိသော အစာအိမ်။** ။ဒေါသ (၃)ပါး ညီညွတ်သောကြောင့်၊ အလတ်စားရှိသော အစာအိမ်ကိုရှင်းလင်းလိုပါက၊ အလတ်စားဖြစ်သောဝမ်းနှုတ်ဆေးတို့ဖြင့်၊ ဝမ်းနှုတ်၍ ရှင်းလင်းရမည်။

## အကျဉ်းအားဖြင့် ဆေး(၂)မျိုး

ဆေးဟူသည်၊ အကျဉ်းအားဖြင့်—

(၁) သုတ်သင်သောဆေး။

(၂) ညီညွတ်သောဆေး။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဟူ၍-နှစ်မျိုးသာလျှင်ရှိရာ၊ ထိုနှစ်မျိုးတို့တွင်–

(၁) **သုတ်သင်သော ဆေး ဆိုသည်မှာ၊** ဝမ်းနှုတ်ဆေး၊ အန်ဆေး၊ စသော၊ ဒေါသတို့ကို သုတ်သင်တတ်သည့်၊ ဆေးမျိုးများဖြစ်သည်၊

(၂) **ညီညွတ်သော ဆေး ဆိုသည်မှာ၊** ဒေါသတို့ကို၊ ညီညွတ်အောင်၊ ပြုလုပ်တတ်သော၊ ဆေးမျိုးများဖြစ်လေသည်။

## ဒေါသ(၃)ပါးတို့ကို၊ ကုသရာသော နည်းအကျဉ်း

လေပွားလျှင်.... ကြွပ်ထုပ်ထိုးရာ၏၊
သည်းခြေပွားလျှင်......ဝမ်းနှုတ်ရာ၏၊
သလိပ်ပွားလျှင်– အန်ဆေးသောက်ရာ၏၊
လေခမ်းလျှင်....ဆီသောက်ရာ၏။
သည်းခြေခမ်းလျှင်-ထောပတ် သောက်ရာ၏။
သလိပ်ခမ်းလျှင်....ပျားရည်သောက်ရာ၏၊

ဤကား၊ ဒေါသ(၃)ပါးတို့ကို၊ အကျဉ်းအားဖြင့်၊ ကုသရာသောနည်းဖြစ်လေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## လေကိုကုသရာသောနည်းအကျယ်

(၁) သီသောက်ခြင်း။
(၂) ချွေးထုတ်ခြင်း။
(၃) နူးညံ့စွာသုတ်သင်(ဝမ်းနှုတ်)ခြင်း။
(၄) ချိုသောဆေးကိုပေးခြင်း။
(၅) ချဉ်သောဆေးကိုပေးခြင်း။
(၆) ငံသောဆေးကိုပေးခြင်း။
(၇) ပူသောဆေးကိုပေးခြင်း။
(၈) ဆီလိမ်းနယ်ခြင်း။
(၉) ကြပ်စည်းခြင်း (ဝါ) ကြပ်ထုပ်ထိုးခြင်း။
(၁၀) ထိတ်လန့်စေခြင်း။
(၁၁) ရေနွေးချိုးခြင်း။
(၁၂) အမြဲချမ်းသာစွာနေထိုင်ခြင်း။

ဤကားလေနာကို ကုသရာသော၊ နည်းအကျယ်ဖြစ်လေသည်။ ၎င်းနည်း(၁၂)မျိုးအနက်၊ ကာလ၊ ဒေသ၊ ဝယ ဗလ၊ တို့ကိုချင့်ချိန်၍၊ သင့်လျော်မည် ထင်ရသောနည်းတို့ဖြင့်၊ လေရောဂါရှိသော သူတို့အား၊ ကုသကြရာ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## သည်းခြေကိုကုသရာသောနည်းအကျယ်

(၁) ထောပတ် သောက်ခြင်း။
(၂) ချို-ဆိမ့်-အေးမြသော ဆေးတို့ဖြင့် ဝမ်းနုတ်ခြင်း။
(၃) ချို-ခါး-ဖန်- ရသာရှိသော၊ ဆေးအစာကိုပေးခြင်း။
(၄) မွှေးကြိုင်သင်းပျံ့သော-နံ့သာကိုရှူစေခြင်း၊
(၅) စန္ဒကူး-နံ့သာမျိုးတို့ဖြင့်၊ အေးအောင် လိမ်းကျံခြင်း။
(၆) ညဉ့်ဦး၌၊ လရောင်ခံခြင်း။
(၇) အင်္ဂတေ သုတ်လိမ်းသောနေရာ၊ (ဝါ)အေးမြသောတိုက်တာ၌ နေထိုင်ခြင်း။
(၈) အေးမြ နှစ်သက်ဖွယ်ရှိသော၊ သီချင်းသံကို နားထောင်ခြင်း၊
(၉) လေပြေ သွေညှင်းခံခြင်း။
(၁၀) စိမ့်ရှိသောအရပ်ရှိ- နေအိမ်တို့၌ နေထိုင်ခြင်း၊
(၁၁) ဥယျာဉ်- ရေမြောင်း- ရေကန်နားတို့၌ နေထိုင်ခြင်း။
(၁၂) ကြည်နူးသာယာဖွယ်ကောင်းသော ရေကန်အနီး၊သဲသောင်ပြင်တို့၌နေထိုင်ခြင်း။
(၁၃) ကြာတို့ဖြင့်- တင့်တယ်သော၊ ရေကန် နား၌ နေခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁၄) သစ်ခက်စိမ်း၊ မြက်စိမ်းတို့ဖြင့် ဆောက်လုပ်သော အိမ်၌နေထိုင်ခြင်း။

(၁၅) စိတ်အေးမြခြင်းကို ဖြစ်စေတတ်သော၊ အလို ဆန္ဒကိုကြံစည်ခြင်း။

## (၁၆) နွားနို့သောက်ခြင်း

ဤကား၊ သည်းခြေနာကို ကုသရာသော နည်းအကျယ် ဖြစ်လေသည်။ ။ (ဤဖော်ပြပါ၊ နည်း (၁၆)ပါးတို့သည်၊ အပူကြောင့်- သည်းခြေခမ်းခြောက် နည်းပါးသော အနာတို့အား၊ ကုသရာ ကုသနည်းများ သာဖြစ်ရာ။ အအေးကြောင့်--သည်းခြေပွားများသော အနာတို့အား၊ ၎င်းနည်း၏ အပြန်အားဖြင့် ကုသသင့် သည်ဟု၊ ယူဆပေသည်။)

## သလိပ်ကိုကုသရာသောနည်းအကျယ်

(၁) ထက်သော-အန်ဆေးပေးခြင်း။

(၂) ထက်သော-ဝမ်းနုတ်ဆေးပေးခြင်း။

(၃) စပ်-ခါး-ဖန်-ရသာရှိသော၊ ဆေး-အစာကို ပေးခြင်း။

(၄) အပင်ပန်းခံခြင်း။

(၅) အအိပ်နည်းပါးစေခြင်း။

(၆) အထူးထူးကြံစည်စေခြင်း။

(၇) လဃုဂုဏ်ရှိသော၊ ဆေးအစာကိုပေးခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၈) အနှိပ်အနင်းခံခြင်း။
(၉) စွတ်ပြွတ်ရည်သောက်ခြင်း။
(၁၀) ပျားရည်သောက်ခြင်း။
(၁၁) အဆီကိုနိုင်သောဆေးပေးခြင်း။
(၁၂) အခိုးသောက်(ရှူ)ခြင်း။
(၁၃) ဆေးရည်ပု ခြင်း။
(၁၄) အစာမစားဘဲနေခြင်း။

ဤကား၊ သလိပ်နာကို ကုသရာသော နည်းအကျယ် ဖြစ်လေသည်။ ။(ဤဖော်ပြပါ နည်းများသည် အအေးကြောင့်-သလိပ်ပွားများသောအနာတို့အား ကုသရန်နည်းသာ များပေသည်။ ထို့ကြောင့်-သလိပ်ခမ်းခြောက်သောအနာတို့အား၊ အပြန်အားဖြင့် ကုသသင့်သည်ဟု၊ အကြမ်းအားဖြင့် ယူဆပေသည်။)

## ကုသရာ၌၊ သတိပြုရန်

အထက်တွင်ဖော်ပြခဲ့သော၊ ကုသရာ-ကုသနည်းတို့သည်။ ဒေါသတပါးစီတို့အား၊ ကုသရန်နည်းလမ်းများပင်ဖြစ်သော်လည်း၊ ဒေါသ-နှစ်ပါးတွဲ၊ သုံးပါးတွဲ-ရောစပ်၍ဖြစ်သော၊ အနာတို့ကိုတွေ့ခဲ့ပါမူ၊ ကုသနည်းတို့ကိုလည်းရောစပ်-တွဲဘက်၍ကုသကြရာသည်။

အထူးမှာ၊ ပွါးများသောဒေါသတို့ကိုကုသရာ၌ ကြွင်းသောဒေါသတို့နှင့် ဆန့်ကျင်သော်လည်း၊ ကုသနိုင်၏၊ အပြစ်မရှိပေ။ ခမ်းခြောက်သောဒေါသတို့ကို၊ ကုသရာ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



တွင်မူ၊ ကြွင်းသောဒေါသတို့နှင့်၊ ဆန့်ကျင်အောင် မကုရ မကုထိုက်ဟု-မှတ်ယူသင့်ပေသည်။ အမှန်မှာ၊ ဆေးပေး၍၊ အနာတခုပျောက်ကင်းသော်လည်း၊ အခြားအနာတခု ဖြစ်ပေါ်လာခြင်းသည်၊ ထိုဆေး၏-ပျောက်စေမှု-ကင်း မစင်ကြယ် သောကြောင့်ပင် ဖြစ်ရာ၊ ထိုသို့ မစင်ကြယ် သောဆေးမျိုးဖြင့်၊ ကုသခြင်းမဖြစ်ပါအောင်၊ အထူးသတိ ပြုသင့်လှပေတော့၏။

---

## အာမ-ခေါ်-မကြေကျက်သောရသဓါတ် အကြောင်း။

အာမဆိုသည်မှာ-၊ ဝမ်းမီးနုံ့သောကြောင့်၊ ကောင်းစွာ မကြေကျက်သည်ဖြစ်၍၊ ဖောက်ပြန်သော အစာသစ်အိမ်၌တည်သည့်၊ ရသဓါတ်ကိုခေါ်သည်။ ထိုဝမ်းမီးနုံ့သောကြောင့်၊ ကောင်းစွာ မကြေကျက်သော-ရသဓါတ်ကို၊ တပါးသောဆရာတို့က၊ ကွမ်းသီးသည်-မူးခြင်းကိုဖြစ်စေသကဲ့သို့၊ လူးဆန်သည်လည်း မူးခြင်းကို ဖြစ်စေတတ်သည်။ ထိုသို့မူးခြင်းကိုဖြစ်စေတတ်သော အာသိဝ်သည်၊ အခြားက ဖြစ်လာသည်မဟုတ်၊ ကွမ်းသီး-လူးဆန် တို့ကပင် ဖြစ်စေသကဲ့သို့ "အာမ" ဟူသည်လည်း၊ အခြားကဖြစ်သည်မဟုတ်၊ ဖောက်ပြန်ပျက်စီးသော-ဒေါသတို့ကပင်ဖြစ်သည်ဟု၊ ဆိုကြလေသည်။

အချို့သောဆရာတို့ကမူ၊ အာဟာရ၏ သတ္တုရည်ကို "အာမ" ဟူ၍ဥပင်း။ မလတို့၏ပုဝေးခြင်းကို-အာမဟူ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ရှိ၍၎င်း၊ များစွာ ဖြစ်ခဲ့ခြင်း ရှိသော - ရှေးဦးစွာသော ဒေါသတို့၏ဘောက်ပြန်ခြင်းကို ''အာမ''ဟူ၍၎င်း၊ အာသီးသီးဆိုကြလေသည်။ ထို့ပြင်-အာမနှင့်- ရောသော ဒေါသသုံးပါး။ အာမနှင့် ရောသော- ဓါတ်စုနှစ်ပါး။ ''အာမ''ကြောင့်ဖြစ်သော-ရောဂါ။ ဤသုံးမျိုးတို့သည် အာမပင်မည်၏ဟူ၍- ဆိုကြပေသေးသည်။ ထိုသုံးမျိုးတို့တွင်- သစ်သီးစိမ်းမှ ထွက်သော အရည်ကို၊ မထုတ်ယူရသကဲ့သို့၊ တကိုယ်လုံး ပျံ့နှံ့၍ တည်သော 'အာမ' နှင့်ရောနှောသည့်-ဓါတ်စုနှစ်ပါးတို့၌အောင်း၍နေသော အားမကြီးသော-အာမ-တို့ကို-ဆေးတို့ဖြင့်-နှင်ထုတ်၍ မဖြစ်သင့်ပေ။ အဘယ့်ကြောင့်ဆိုသော်၊ ထိုဒေါသတို့သည်၊ နှင်ထုတ်ခြင်းငှါခဲယဉ်းသောကြောင့်၊ အကယ်၍ နှင်ထုတ်ခဲ့လျှင် မိမိရာကိုယ်ခန္ဓာကိုပင် ဖျက်ဆီးတတ်ချေသည်။ ထိုသို့-တကိုယ်လုံး ရစ်ပတ်၍ တည်နေကုန်သော ''အာမ''နှင့်ရောနှောသည့် ဒေါသတို့ကို၊ ပါစနဒီချက် ဒိပနီဆီချက်တို့ သောက်ခြင်း၊ ချွေးထုတ်ခြင်းတို့ဖြင့်၊ အချိန်ကာလ အနည်း-အများကို ကြည့်ရှု၍၊ သုတ်သင်ရမည်ဖြစ်ပေ၏။

**မှတ်ချက်။** ။အာမကို၎င်း၊ အာမနှင့် ရောသော-ဒေါသ တို့ကို၎င်း။ကုသရာ၌၊အာမချည်းသက်သက်ဆေးမပေးသင့်ပေ။ ဒေါသတို့ကိုသာလျှင်နှင်ထုတ်ရမည်။ အာမချည်းသက်သက်ဆေးပေးပါက၊ ရောဂါဖြစ်တတ်သည်။၎င်းပြင်ဖြစ်ပေါ်လာစဒေါသနှင့်၊အချိန်မသေသေးသော ဒေါသတို့ကို၊သင့်လျော်သောအစာကိုသာပေးလျက် စောင့်ဆိုင်းရမည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



အရှိန်စွဲသောဒေါသတို့ကိုမူကား၊ ကြေစေတတ်သော-ဆေး- အစာကိုပေး၍-ကြေစေခြင်း။ သို့မဟုတ်-နှင်ထုတ်ခြင်းတို့ဖြင့် ကုသရမည်။ ဝါခေါင်-တန်ဆောင်မုန်း- တံခူးလတို့၌ကား- ကျန်းမာသောသူပင် ဖြစ်သော်လည်း၊ ဒေါသသုံးပါးတို့ကို- အစဉ်အတိုင်း သုတ်သင်ရှင်းလင်းသင့်သည်ဟူ၍ နိဿယတွင် ပြဆိုထားသည်။

## ဆေးသွင်းရာသော အပေါက်များ

ဆေးသွင်းရာသောအပေါက်များသည်....

(၁) ခံတွင်းပေါက်။

(၂) နှာခေါင်းပေါက်၊

(၃) ဒွါရပေါက်၊

ဟူ၍(၃)ပေါက်ရှိလေသည်။ ထိုသုံးပေါက်တို့တွင်-

(၁) ခံတွင်းပေါက်ဖြင့်- ဆေးသွင်းခြင်းသည်။ အစာသစ်အိမ်၌တည်သော-ဒေါသ-မလတို့ကို။လျင်မြန်စွာ-ပယ်ဖျောက်တတ်လေသည်၊

(၂) နှာခေါင်းပေါက်ဖြင့်-ဆေးသွင်းခြင်းသည်။ ။ဦးခေါင်း-ဂုတ်ဆက်တို့၌တည်သော၊ ဒေါသ၊မလတို့ကို လျင်မြန်စွာပယ်ဖျောက်တတ်လေသည်။

(၃) ဒွါရပေါက်ဖြင့်ဆေးသွင်းခြင်းသည်။ ။အစာဟောင်းအိမ်၌တည်သော - ဒေါသ၊မလတို့ကို၊ လျင်မြန်စွာပယ်ဖျောက်တတ်လေသည်၊

---

## ပကတိ-ခေါ်-ကဲလွန်ခြင်းအကြောင်း

ပကတိ-ဆိုသည်မှာ၊ ပဋိသန္ဓေတည်နေစဉ်အခါက၊ ဒေါသတပါးပါးကဲလွန်၍တည်နေခဲ့သဖြင့်၊မွေးဖွားကြီး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ပြင်းလာသောအခါ-အနာရောဂါမရှိ၊ ပကတိအားဖြင့် ကျန်းမာနေသော်လည်း၊ ထိုပဋိသန္ဓေဓာတ်သည်၊ အစဉ် အမြဲကဲလွန်လိုက်ပါလျက်ရှိနေခြင်းပင်ဖြစ်ပေသည်။

၎င်း-ပကတိသည်......

(၁) အမိ၏သွေး။

(၂) အဖ၏သုက်။

(၃) မိဘတို့-စားသောအာဟာရ။

ဟူသော-အကြောင်း(၃)ပါးကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်လေသည်။ ၎င်းကိုအယုတ်၊အလတ်၊အမြတ်ဟူ၍ခွဲခြားခြင်းအားဖြင့်၎င်း၊ တမျိုးနှင့်တမျိုး ရောစပ်သည်ကို ခွဲခြားခြင်းအားဖြင့်၎င်း၊ ကိုးမျိုး၊ခုနှစ်မျိုးဟူ၍ အောက်ပါအတိုင်း ဖြစ်ပေါ်လာလေသည်။

## ကဲလွန်ခြင်း(၉)မျိုး

(၁) လေ ယုတ်သောအားဖြင့်- လွန်ကဲခြင်း=ဝါတ ဟိန ပကတိ။

(၂) လေ အလယ်အလတ် - ကဲလွန်ခြင်း=ဝါတ မဇ္ဈိမ ပကတိ။

(၃) လေ မြတ်သောအားဖြင့်- ကဲလွန်ခြင်း=ဝါတ ဥတ္တမ ပကတိ။

(၄) သည်းခြေ ယုတ်သောအားဖြင့်-ကဲလွန်ခြင်း= ပိတ္တဟိနပကတိ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၅) သည်းခြေ အာလယ် အာလတ် - ကဲလွန်ခြင်း= ပိတ္တမဇ္ဈိမ ပကတိ။

(၆) သည်းခြေ မြတ်သောအားဖြင့်- ကဲလွန်ခြင်း= ပိတ္တဥတ္တမ ပကတိ။

(၇) သလိပ် ယုတ်သောအားဖြင့် - ကဲလွန်ခြင်း= သေမှ ဟီန ပကတိ။

(၈) သလိပ် အာလယ် အာလတ် - ကဲလွန်ခြင်း= သေမှ မဇ္ဈိမ ပကတိ။

(၉) သလိပ် မြတ်သောအားဖြင့် - ကဲလွန်ခြင်း= သေမှ ဥတ္တမ ပကတိ။

ဤကား၊ အယုတ်၊ အလတ်၊ အမြတ်၊ အားဖြင့်- ကဲလွန်ခြင်း(၉)မျိုးဖြစ်ပေသည်။

## တနည်း-ကဲလွန်ခြင်း (၇) မျိုး

(၁) လေကဲလွန်ခြင်း=ဝါတပကတိ။

(၂) သည်းခြေကဲလွန်ခြင်း=ပိတ္တပကတိ။

(၃) သလိပ်ကဲလွန်ခြင်း=သေမှပကတိ။

(၄) လေ-သည်းခြေ နှစ်ပါး ကဲလွန်ခြင်း=ဝါတ ပိတ္တပကတိ။

(၅) လေ - သလိပ် နှစ်ပါး ကဲလွန်ခြင်း=ဝါတ သေမှ ပကတိ။

(၆) သည်းခြေ-သလိပ် နှစ်ပါး ကဲလွန်ခြင်း=ပိတ္တ သေမှပကတိ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၇) လေ–သည်းခြေ–သလိပ် သုံးပါးလုံး ကဲလွန်ခြင်း=သန္နိပါတပကတိ။

ဤကား တပါး-နှစ်ပါး-သုံးပါးရောစပ်ခြင်းအားဖြင့် ကဲလွန်ခြင်း(၇)မျိုးဖြစ်ပေသည်။

## လေ-ကဲလွန်ခြင်း၏-လက္ခဏာများ

(၁) ဆံပင်-အဖျားကွဲခြင်း။
(၂) ဆံပင်-နဲခြင်း။
(၃) ဆံပင်-နီကျုံဖျော့တော့ခြင်း။
(၄) သွားသောအခါ- ခြေချင်းဝတ်ရိုးတို့- အသံမြည်ခြင်း။
(၅) အသံကြမ်းခြင်း။
(၆) အသံကွဲခြင်း။
(၇) စကားများခြင်း။
(၈) အအိပ်နဲခြင်း။
(၉) သား-သွီး-နဲခြင်း။
(၁၀) အချိုရသာ-ကြိုက်ခြင်း။
(၁၁) အချဉ်ရသာ-ကြိုက်ခြင်း။
(၁၂) အစပ်ရသာ-ကြိုက်ခြင်း။
(၁၃) အဆီများသော-အသားကိုကြိုက်ခြင်း။
(၁၄) အစားကြီးခြင်း။
(၁၅) သိချင်းဆို-ဝါသနာပါခြင်း။
(၁၆) အပျော်အရွှင်ကြိုက်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁၇) အမဲလိုက်-ဝါသနာပါခြင်း။
(၁၈) ကုံးတိုက်တတ်ခြင်း။
(၁၉) ခိုက်ရန်ဖြစ်တတ်ခြင်း။
(၂၀) အိပ်သောအခါ-မျက်စိမပိတ်ခြင်း။
(၂၁) သစ်ပင်များသို့ တက်ရသည်ဟု-အိပ်မက် မက်တတ်ခြင်း။
(၂၂) တောင်ထိပ်သို့ တက်ရသည်ဟု၊ အိပ်မက် မက်တတ်ခြင်း။
(၂၃) ကောင်းကင်သို့ပျံတက်ရသည်ဟု-အိပ်မက် မက်တတ်ခြင်း။
(၂၄) ကိုယ်-နှုတ်-စိတ်-တို့၊မတည်ကြည်ခြင်း။
(၂၅) ခြေကွဲခြင်း။ ။ဘာ။
(၂၆) လက်ကွဲခြင်း။ ။ဘာ။
(၂၇) ကြွက်သွမ်ခြင်း။ ။ဘာ။
(၂၈) အသွား-အလာ-လျင်မြန်ခြင်း။ ။ဘာ။
(၂၉) အသား-အရေ-ခြောက်သွေ့ခြင်း။ ။ဘာ။
(၃၀) အအေးကို မုန်း၍ အပူကို နှစ်သက်တတ် ခြင်း။ ။ဝါ။

ဤကား၊ ပဋိသန္ဓေအခါက-လေကဲလွန်သောသူများတွင် ဖြစ်ပေါ်တတ်သည့်လက္ခဏာများဖြစ်ပေသည်။ ။ လက္ခဏာတို့၏ နောက်တွင် (ဘာ)ဟူ၍ ပြဆိုထားခြင်းသည်၊ဘာဝပ္ပကာသကျမ်းထွက်ကိုဆိုလို၍(ဝါ)ဟုပြဆို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ထားခြင်းသည် ဝါဘဋ ဆေးကျမ်းတွင် လာသည်ကို ဆိုလိုခြင်းဖြစ်လေသည်။ ။နောက်ဆက်လက်ပြဆိုမည် ဖြစ်သောလက္ခဏာတို့ကိုလည်း-ဤနည်းအတိုင်း ယူကြရာ၏။

✓ ကျက်ရန်။ ။ပကတိ-ဟု။ ကဲလွန်မှုတွင်။ယခုအခါ။လေ-ဝါတာ၏။ ခြင်းရာသရုပ်။ လက်ာထုတ်အံ့။ အဟုတ်-ကေသာ။ ဖျားကွဲကာနှင့်။ နဲ့လာ-နီဖျော့။ သွားတော့-ရိုးဆက်။မည်သံထွက်၍။ ကြမ်းလျက်-အသံ။ ကွဲအက်ပြန်၏။ တဖန်-စကား။ပြောဆိုများသည်။ အိပ်ငြားနည်းငယ်။ သားဝယ်သမီး။နည်းပါးပြီးလျှင်။ စပ်-ချို-ချဉ်-နှင့်။ ဆီပင်ပေါ်များ။ တို အသားကို။လွန်စားလို၏။သီဆို-ဝါသနာ။ပျော်ရွှင်မှာလည်း။ လွန်ကြိုက် ပြီးသော်။စားကြီး ကုံးတိုက်။တောလိုက်-ခိုက်ရန်။အိပ်ပြန်-မျက်စိ။မှိတ် ရှိ၍။ မက်ဘိ-အိပ်မက်။ ပျံတက်-ကောင်းကင်။ တောင်-သစ်ပင်တို့။ တက်ရလို့တည့်။ မြဲချို့-သုံးဌါ။ မတည်ပါဟု။ သဇ္ဈာမဉ္ဇူ။ ကျမ်းထွက် ယူလေ့။တမူ-လက်-ခြေ။ ကွဲအက်လေ၍။ပိန်ပေကြုံပြန်။ သွားလာ-မြန် လျက်။ အမှန်ရေ-သား။ ခြောက်သွေ့များကို။ ဘာဝစ်-ဆို၏။ အလို-ဝါဘဋ္ဋ။ ကျမ်းအရသော်။ အေးနေ့မုန်းရ။ ပူကြိုက်လှတည့်။ ကျမ်းပြု သုံးသွယ်။ ပေါင်းသုံးဆယ်ကား။ လေဝယ်-လွန်ဘိ။ပကတိ-ဟု။ မှတ်သိ နောင်လာ။အကျဉ်းမှာသည်။လူ့ရှာစဉ်ဆက် တည်ကြောင်းတည်း။ ။

## လေကဲလွန်သော-ပုဂ္ဂိုလ်တို့၏ တူရာသတ္တဝါများ

ပဋိသန္ဓေ အခါက၊ လေ ကဲလွန်သော သူများ သည်.....

(၁) ဆိတ်ခွေး။

(၂) တောခွေး။

(၃) ကုလားအုပ်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၄) လင်းတ။
(၅) ကြွက်။
(၆) ကျီးကန်း။

တည်းဟူသော-သတ္တဝါ-ခြောက်ဦးတို့ နှင့် အလေ့အကျင့်သဘောသွားတတ်လေသည်။

**သည်းခြေ-ကဲလွန်ခြင်း၏-လက္ခဏာများ**

(၁) ဆံပင်-နီ-ဝါ-ရောင်ရှိခြင်း။
(၂) ခြေဘဝါးနီခြင်း။
(၃) လက်ဘဝါးနီခြင်း။
(၄) မျက်နှာနီခြင်း။
(၅) ဖန်သော-ရသာကြိုက်ခြင်း။
(၆) ခါးသော-ရသာကြိုက်ခြင်း။
(၇) ချိုသောရသာ-ကြိုက်ခြင်း။
(၈) ချွေးနံ့ထွက်ခြင်း။
(၉) အရွယ်မရောက်မှီ ဆံပင်ဖြူခြင်း။
(၁၀) နှုတ်ခမ်းမွေး-ဆံပင်ခပ်ဖြူဖြူရှိခြင်း။
(၁၁) ပညာကြီးခြင်း။
(၁၂) အရိုးဆက်လျော့ပါးခြင်း။
(၁၃) အလှူပ်အရှားများခြင်း။
(၁၄) ကိုယ်သား-ကိုယ်ရေနီခြင်း။
(၁၅) မျက်တောင်မွေးနဲခြင်း။
(၁၆) စိတ်ဆိုးလွယ်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁၇) ပြောင်ပြောင်၊ လက်လက် ပတ္တည်းဝတ္ထုတို့ကို၊ အိပ်မက်-မက်တတ်ခြင်း၊
(၁၈) အစားကြီးခြင်း။ ။ဘာ၁။
(၁၉) ရဲရင့်ခြင်း။ ။ဘာ၁။
(၂၀) မာနကြီးခြင်း၊ ။ဘာ၁။
(၂၁) ကိုယ်သား-ကိုယ်ရေပူခြင်း။ ။ဘာ၁။
(၂၂) အမွှေး-အမှင်-နဲပါးခြင်း၊ ။ဘာ၁။
(၂၃) အပင်ပန်းခံနိုင်ခြင်း။ ။ဘာ၁။
(၂၄) အမွှေး အကြိုင် များ နှင့်၊ ဝတ်သစ်-စား ကောင်းများ ကို ကြိုက် နှစ် သက် တတ် ခြင်း၊ ။ဘာ၁။

ဤကား၊ ပဋိသန္ဓေအခါက - သည်းခြေကဲလွန်သော သူများတွင်၊ ဖြစ်ပေါ်တတ်သည့် - လက္ခဏာများဖြစ်လေသည်။

✓ ကျက်ရန်။ ။စွဲလာ-သန္ဓေ။မွေးဖွားလေ၍။များစေ-ပိတ္တ။ကဲလွန်ကမူ။ နီရ-ဆံပင်။ ဝါဖြူလွှင်လျက်။ခြေတွင်-လက်ဝါး။မျက်နှာများမှာ။ နီမြန်းကာနှင့်။ ကြိုက်လာ-ခါး-ချို။ ဖန်ကို-နှစ်သက်။ ချွေးနံ့ထွက်၍၊ အသက်ငယ်စဉ်။ ဖြူ-ဆံပင်နှင့်။ ကိုယ်တွင်-ပကာတိ။ ဆံဖြူရှိ၏။ ကြီးဘိပညာ။ရှိမှာ-ဆက်လျှော့၊ များပေါ်လှုပ်ရှား၊ကိုယ်သားနီသေး။ မျက်မွေးနဲပြန်၊စိတ်ဆိုးမြန်လျက်။ပြောင်လက်ဝတ္ထု။အိပ်မက်မှုကို။ဤကျမ်းဆို၏။ အလိုတခန်း။ဘာဝပ်ကျမ်းတွင်။အရမ်းစားကြီး၊ရဲရင့်ပြီးလျှင်၊ ထန်သည်းမာန။ ကိုယ်သားက-ပူ။မွေးမှင်မှု-နဲ။ ပင်ပန်းလဲခံ။နံ့ကဲလျှံသည့်။ ဝန္ဒီအပေါင်း။ ဝတ်စားကောင်းကို။ နှစ်ထောင်းအားရ။ ကြိုက်တတ်လှဟု။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဝိတ္ထုလွန်ပြား။ ကျမ်းနှစ်ပါးမှ။ လက္ခဏာနှစ်ဆယ်။ လေးစွန်းကယ်ကို။ အကျယ်မရှိ။ အကျဉ်းချုံးသည်။ ယူသုံးမှတ်တွယ်-အစဉ်တည်း။

## သည်းခြေကဲလွန်သော-ပုဂ္ဂိုလ်တို့၏ တူရာသတ္တဝါများ

ပဋိသန္ဓေအခါက၊ သည်းခြေကဲလွန်သော သူများသည်....

(၁) မျောက်။
(၂) ကြောင်။
(၃) ကျား။
(၄) ဝက်ဝံ။
(၅) ဘီလူး။

တည်းဟူသော-သတ္တဝါ ငါးဦးတို့နှင့်၊ အလေ့အကျင့်-သဘောတူညီတတ်လေသည်။

## သလိပ်ကဲလွန်ခြင်း၏လက္ခဏာများ

(၁) သည်းခံတတ်ခြင်း။
(၂) သစ္စာတရားရှိခြင်း။
(၃) အင်္ဂါကြီးငယ်တင့်တယ်မြင့်မြတ်ခြင်း။
(၄) ဆံပင်နက်ခြင်း။
(၅) အမြဲပင်- ကိုယ်-စိတ်-ချမ်းသာအောင်နေတတ်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၆) ရှိရှားပွင့်၊ ဂေါရောစဉ်း၊ ရွှေ၊ ကြာဖြူ၊ တို့၏ အဆင်းကဲ့သို့ ဖြူ-ဝါ-သော အဆင်းရှိခြင်း။
(၇) ငယ်ရွယ်စဉ်အခါ၌အဖိုနဲ့ခြင်း။
(၈) ရင်ချိုင့်နက်ခြင်း။
(၉) ခရုသင်းသံကဲ့သို့ - သာယာသော အသံ ရှိခြင်း။
(၁၀) ခါးသော-ရသာကြိုက်ခြင်း။
(၁၁) ဖန်သော-ရသာကြိုက်ခြင်း။
(၁၂) စပ်သော-ရသာကြိုက်ခြင်း။
(၁၃) အပူကိုကြိုက်ခြင်း။
(၁၄) အစားနဲ့ခြင်း။
(၁၅) ခွန်အားကြီးခြင်း။
(၁၆) မျက်လုံးလှပတင့်တယ်ခြင်း။
(၁၇) အားထုတ်လုံ့လ-ဝီရိယနဲ့ခြင်း။
(၁၈) အအိပ်ကြီးခြင်း။
(၁၉) လျှို့ဝှက်သောရန်သူရှိခြင်း။ (ဝါ) ရန်သူကို မဘော်ပြခြင်း။
(၂၀) ချစ်ခင်စေအောင်ပြောဆိုတတ်ခြင်း။
(၂၁) ဒေါသနဲ့ခြင်း။(ဝါ)စိတ်ဆိုးခဲခြင်း။
(၂၂) အပေးအကမ်းများခြင်း။
(၂၃) စိတ်သဘောထားကောင်းခြင်း။
(၂၄) ငှက်မျိုး-ကြာမျိုးစုံသော - ရေကန်ကြီးများကို၊ အိပ်မက်-မက်တတ်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၂၅) သန့်ရှင်း စင်ကြယ်သော ဝတ္ထု အမျိုးမျိုး တို့ကို၊ အိပ်မက်-မက်ဘတ်ခြင်း။

ဤကား၊ ပဋိသန္ဓေ အခါက၊ သလိပ် ကဲလွန်သောသူ များတွင် - ဖြစ်ပေါ်တတ်သည့် လက္ခဏာ များ ဖြစ်လေသည်။

ကျက်ရန်။ ။သေ္ဒ-ပကတိ။ ကဲလွန် ဘိ၍။ မွေးသည့် သတ္တာ။ လက္ခဏာကား။ လူမှာ-သတ္တ။ဂုဏ်ကိုရလှုက်။သစ္စမှန်ဆို။မြတ်လိုအင်္ဂါ။ ဆံပင်မှာနက်။ချမ်းသာတက်၍။ပွင့်ချက်-ရှိရှား။မမှား-ဝေါရော။ရွှေ-သာ-ကြာဖြူ။အဆင်းတူ၏။ ငယ်သူ-ငိုနဲ၊ရင်လဲချိုင့်ခြင်း။ခရုသင်း-သွင်။အသံ လွင်-လျှက်။ ဖန့်လျင်-ခါး-စင်။ ကြိုက်မပြတ်ပေ။ စားနဲချော်။ ကြီးလေ ခွန်အား။မျက်လုံးများ-လှ။ဝီရိယ-နဲ။အိပ်လဲ-များစွာ။ ရန်မှာ-လျှို့ဝှက်။ နှုတ်ထွက်-ချစ်ဖွယ်။ ဒေါသပယ်၍။ ပေးတယ်-ဒါန။ စိတ်ကောင်းလှ၏။ ပြည့်ဝ-ငှက်-ကြာ။ ရေကန်သာနှင့်။ ဖြူစွာ-စင်စင်။ ဝတ္ထု-တွင်လည်း။ ထင်မြင်မကြာ။ အိပ်မက်လာဟု။ ချင်းရောနှစ်ဆယ်။ ငါးစွန်းကယ်ကို။ ဆိုဘယ်- ဘေသဇ်။ ကျမ်းထွက်လှစ်သည်။ မှတ်ရစ် နှောင်လာ စွဲမြဲ တည်း။ ။

## သလိပ်ကဲလွန်သော ပုဂ္ဂိုလ်တို့၏ တူရာသီ ဗွဝါများ

ပဋိသန္ဓေအခါက - သလိပ်ကဲလွန်သောသူများသည် နတ်တို့၏ အလေ့အကျင့်နှင့် သဘောတူညီတတ် လေသည်။

ဘာဝပ္ပကာသကျမ်း၌ကား......

(၁) ဗိဿနိုးနတ်၊

(၂) ရုဒ္ဒနတ်၊

(၃) သိကြားမင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၄) ဝရုဏာနတ်။
(၅) တက္ကနဂါးမင်း၊
(၆) ဟာသ်ာ။
(၇) ဆင်မင်း၊
(၈) ခြသေ့်၊
(၉) နွားလားဥသဘာ။

တည်းဟူသော - ပုဂ္ဂိုလ် - သတ္တဝါ (၉) ဦး တို့နှင့် အလေ့ အကျင့် - သဘော တူညီတတ်သည်ဟု ဖြဲဆိုပေသည်။

---

## မရေတွက်နိုင်သော ဒေါသ၊ ဓာတ်၊ မလ၊ တို့ အကြောင်း

ဒေါသဆုံးပါးတို့သည်၊ ပွားများရာ၌ - တပါးသတ်သတ်၊ နှစ်ပါးစပ်၊ သုံးပါးစပ် အားဖြင့် (၂၅)ပါး၊ ခမ်းခြောက်ရာ၌-တပါးသတ်သတ်၊နှစ်ပါးစပ်၊ သုံးပါးစပ်၊အားဖြင့်(၂၅)ပါး၊ပွား-ညီမျှ-ခမ်း-အားဖြင့်(၆)ပါး ပွားခမ်း-နှစ်မျိုးရောသောအားဖြင့် (၆)ပါး၊ ရုရုပေါင်း (၆၂)ပါး ရှိလေသည်၊ ၊(အကျယ်ကို ဇယားကွက်များတွင်ကြည့်ပါ)။

ထို(၆၂) ပါးတို့ ကို တည့် ၍၊ ခမ်း သော - ရ သ ဓာတ်၊ ညီ မျှ သော - ရ သ ဓာတ်။ ပွား သော- ရ သ ဓာတ် ဟု ဆို အပ် သော - ရ သ ဓာတ် (၁) မျိုး နှင့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မြောက်လျှင် (၁၈၆)ပါး ဖြစ်သည်။ ။ထိုနည်း အတူ သွေးခေတ်(၃)မျိုးနှင့် မြောက်လျှင် (၁၈၆)ပါး။ ဤသို့အားဖြင့် - အသား(၃)မျိုး၊ အဆီ(၃)မျိုး။ အရိုး(၃)မျိုး၊ ခြင်ဆီ(၃)မျိုး။ သုက်(၃)မျိုးတို့နှင့်မြောက်လျှင် (၁၈၆)ပါးစီရလေသည်။ (၇)ဌာနကို ပေါင်းသော် (၁၃၀၂)ဖြစ်လေသည်။ မူလရင်း(၆၂)ပါးနှင့် ပြန်ပေါင်းပါက၊ (၁၃၆၄)ပါးဖြစ်လေသည်။

တနည်းအားဖြင့်လည်း၊ရသခေတ်(၃)မျိုးနှင့်မြောက်၍ရသော(၁၈၆)ပါးကိုသွေးခေတ်(၃)မျိုးနှင့် မြောက်ပါက(၅၅၈)ပါးရသည်။၎င်းကိုတဖန်-အသားခေတ်(၃)မျိုးနှင့်မြောက်ပါက၊ (၁၆၇၄)ပါးဖြစ်သည်။ ဤသို့စသည်ဖြင့်၊ ကြိမ်စီ၍မြောက်သွားပါက၊ ဒေါသတို့သည်၊ မရေတွက်နိုင်အောင် များပြား ဘွယ်ရာရှိပေသတည်း။ ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## တပါးတည်းပွားပုံ (၃)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဒေါသမျိုး | ကလာပ်စည်း |
|---|---|---|---|
| ၁ | တပါးစီပွား | လေပွား | ၁ |
| ၂ | | သည်းခြေပွား | ၁ |
| ၃ | | သလိပ်ပွား | ၁ |

## နှစ်ပါးစပ်ပွားပုံ (၉)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဒေါသမျိုး | ကလာပ်စည်း |
|---|---|---|---|
| ၁ | နှစ်ပါးတူညီတွဲ | လေပွား+ သည်းခြေပွား | ၁ |
| ၂ | | လေပွား+သလိပ်ပွား | ၁ |
| ၃ | | သည်းခြေပွား+သလိပ်ပွား | ၁ |
| ၄ | တပါးလွန်ပွား တပါးပွား | လေလွန်ပွား+သည်းခြေပွား | ၁ |
| ၅ | | လေလွန်ပွား+သလိပ်ပွား | ၁ |
| ၆ | | သည်းခြေလွန်ပွား+သလိပ်ပွား။ | ၁ |
| ၇ | တပါးပွား တပါးလွန်ပွား | လေပွား+သည်းခြေလွန်ပွား | ၁ |
| ၈ | | လေပွား+သလိပ်ပွား | ၁ |
| ၉ | | သည်းခြေပွား+သလိပ်လွန်ပွား။ | ၁ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## သုံးပါးစစ်ပွားပုံ(၁၃)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဓါတ်သမျိုး | ကလာပ်စည်း |
|---|---|---|---|
| ၁ | သုံးပါးတူညီတွဲ | လေပွား+ သည်းခြေပွား+ သလိပ်ပွား | ၁ |
| ၂ | တပါးလွန်ပွါး-နှစ်ပါးပွား | လေလွန်ပွား+သည်းခြေပွား+သလိပ်ပွား | ၁ |
| ၃ | | သည်းခြေလွန်ပွား+လေပွား+သလိပ်ပွား | ၁ |
| ၄ | | သလိပ်လွန်ပွား+လေပွား+ သည်းခြေပွား | ၁ |
| ၅ | နှစ်ပါးလွန်ပွား-တပါးပွား | လေလွန်ပွား+သည်းခြေလွန်ပွား+သလိပ်ပွား | ၁ |
| ၆ | | သည်းခြေလွန်ပွား+သလိပ်လွန်ပွား+လေပွား | ၁ |
| ၇ | | သလိပ်လွန်ပွား+ လေလွန်ပွား+သည်းခြေပွား | ၁ |
| ၈ | လွန်ပွား။သာလွန်ပွား။ ပွား | လေလွန်ပွား+သည်းခြေသာလွန်ပွား+ သလိပ်ပွား | ၁ |
| ၉ | | သည်းခြေလွန်ပွား+ သလိပ်သာလွန်ပွား+လေပွား | ၁ |
| ၁၀ | | သလိပ်လွန်ပွား+ လေသာလွန်ပွား+ သည်းခြေပွား | ၁ |
| ၁၁ | သာလွန်ပွား။လွန်ပွား။ပွား | လေသာလွန်ပွား+ သည်းခြေလွန်ပွား+ သလိပ်ပွား | ၁ |
| ၁၂ | | သည်းခြေသာလွန်ပွား+ သလိပ်လွန်ပွား+လေပွား | ၁ |
| ၁၃ | | သလိပ်သာလွန်ပွား+ လေလွန်ပွား+ သည်းခြေပွား | ၁ |

No 18.

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ပွားများရာ၌အစုစုပေါင်းပုံ

| | | |
|---|---|---|
| (၁) | တပါးတည်းပွားပုံ | ၃ မျိုး |
| (၂) | နှစ်ပါးစပ်ပွားပုံ | ၉ မျိုး |
| (၃) | သုံးပါးစပ်ပွားပုံ | ၁၃ မျိုး |
| | စုစုပေါင်း ...... | ၂၅ မျိုး |

ဤသို့အားဖြင့် လေ၊သည်းခြေ၊ သလိပ်၊ တည်းဟူသော- ဒေါသ(၃)ပါးတို့သည်၊ ပွားများရာ၌- တပါးတည်း၊ နှစ်ပါးစပ်၊ သုံးပါးစပ်တို့၏ အစွမ်း အားဖြင့် (၂၅)မျိုးဖြစ်လာရပေသတည်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## တပါးစီခမ်းခြောက်ပုံ(၃)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဒေါသမျိုး | ကလာပ်စည်း |
|---|---|---|---|
| ၁ | တပါးစီခမ်း | လေခမ်း | ၁ |
| ၂ | | သည်းခြေခမ်း | ၁ |
| ၃ | | သလိပ်ခမ်း | ၁ |

## နှစ်ပါးစပ်ခမ်းခြောက်ပုံ(၉)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဒေါသမျိုး | ကလာပ်စည်း |
|---|---|---|---|
| ၁ | နှစ်ပါးတူညီတွဲ | လေခမ်း+သည်းခြေခမ်း | ၁ |
| ၂ | | လေခမ်း+သလိပ်ခမ်း | ၁ |
| ၃ | | သည်းခြေခမ်း+သလိပ်ခမ်း | ၁ |
| ၄ | တပါးလွန်ခမ်း။ တပါးခမ်း | လေလွန်ခမ်း+သည်းခြေခမ်း | ၁ |
| ၅ | | လေလွန်ခမ်း+သလိပ်ခမ်း | ၁ |
| ၆ | | သည်းခြေလွန်ခမ်း+သလိပ်ခမ်း | ၁ |
| ၇ | တပါးခမ်း။ တပါးလွန်ခမ်း | လေခမ်း+ သည်းခြေလွန်ခမ်း | ၁ |
| ၈ | | လေခမ်း+သလိပ်လွန်ခမ်း | ၁ |
| ၉ | | သည်းခြေခမ်း+သလိပ်လွန်ခမ်း | ၁ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## သုံးပါးစပ်ခမ်းခြောက်ပုံ(၁၃)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဓါတ်သမျိုး | ကလာပ်စည်း |
|---|---|---|---|
| ၁ | သုံးပါးတူညီတွဲ | လေခမ်း+သည်းခြေခမ်း+သလိပ်ခမ်း | ၁ |
| ၂ | တပါးလွန်ခမ်း၊ နှစ်ပါးခမ်း | လေလွန်ခမ်း+သည်းခြေခမ်း+သလိပ်ခမ်း | ၁ |
| ၃ | | သည်းခြေလွန်ခမ်း+လေခမ်း+သလိပ်ခမ်း | ၁ |
| ၄ | | သလိပ်လွန်ခမ်း+လေခမ်း+သည်းခြေခမ်း | ၁ |
| ၅ | နှစ်ပါးလွန်ခမ်း၊ တပါးခမ်း | လေလွန်ခမ်း+သည်းခြေလွန်ခမ်း+သလိပ်ခမ်း | ၁ |
| ၆ | | သည်းခြေလွန်ခမ်း+သလိပ်လွန်ခမ်း+လေခမ်း | ၁ |
| ၇ | | သလိပ်လွန်ခမ်း+လေလွန်ခမ်း+သည်းခြေခမ်း | ၁ |
| ၈ | လွန်ခမ်း၊သာလွန်ခမ်း၊ ခမ်း | လေလွန်ခမ်း+သည်းခြေသာလွန်ခမ်း+သလိပ်ခမ်း | ၁ |
| ၉ | | သည်းခြေလွန်ခမ်း+သလိပ်သာလွန်ခမ်း+လေခမ်း | ၁ |
| ၁၀ | | သလိပ်လွန်ခမ်း+လေသာလွန်ခမ်း+သည်းခြေခမ်း | ၁ |
| ၁၁ | သာလွန်ခမ်း၊လွန်ခမ်း၊ခမ်း | လေသာလွန်ခမ်း+သည်းခြေလွန်ခမ်း+သလိပ်ခမ်း | ၁ |
| ၁၂ | | သည်းခြေသာလွန်ခမ်း+သလိပ်လွန်ခမ်း+လေခမ်း | ၁ |
| | | သလိပ်သာလွန်ခမ်း+လေလွန်ခမ်း+သည်းခြေခမ်း | ၁ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ခမ်းခြောက်ရာပုံစုစုပေါင်းပုံ

| | | | |
|---|---|---|---|
| (၁) | တပါးတည်းခမ်းခြောက်ပုံ | ...... ၃ | မျိုး |
| (၂) | နှစ်ပါးစပ်ခမ်းခြောက်ပုံ | ...... ၉ | မျိုး |
| (၃) | သုံးပါးစပ်ခမ်းခြောက်ပုံ | ....၁၃ | မျိုး |
| | စုစုပေါင်း | ......၂၅ | မျိုး |

ဤသို့အားဖြင့် - လေ၊ သည်းခြေ သလိပ် တည်းဟူသော ဒေါသသုံးပါးတို့သည်၊ ခမ်းခြောက်ရာ၌တပါးစီ၊ နှစ်ပါးစပ်၊ သုံးပါးစပ်၊ တို့၏ အစွမ်းအားဖြင့် (၂၅)မျိုး ဖြစ်လာရပေသတည်း။ ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

### ပွား–ညီမျှ–ရောစပ်ပုံ(၃)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဒေါသမျိုး | ကလာဝ်စည်း |
|---|---|---|---|
| ၁ | တပါးပွား–နှစ်ပါးညီမျှ | လေပွား+သည်းခြေညီမျှ+သလိပ်ညီမျှ | ၁ |
| ၂ | | သည်းခြေပွား+သလိပ်ညီမျှ+လေညီမျှ | ၁ |
| ၃ | | သလိပ်ပွား+လေညီမျှ+သည်းခြေညီမျှ | ၁ |

### ပွား–ညီ–ခမ်း–ရောစပ်ပုံ(၃)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဒေါသမျိုး | ကလာဝ်စည်း |
|---|---|---|---|
| ၁ | ပွား-ညီမျှ-ခမ်း | လေပွား+သည်းခြေညီမျှ+သလိပ်ခမ်း | ၁ |
| ၂ | | သည်းခြေပွား+သလိပ်ညီမျှ+လေခမ်း | ၁ |
| ၃ | | သလိပ်ပွား+လေညီမျှ+သည်းခြေခမ်း | ၁ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## ခမ်း—ပွား—ရောစပ်ပုံ(၃)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဒေါသမျိုး | ကလာဝ်စည်း |
|---|---|---|---|
| ၁ | တပါးခမ်း-နှစ်ပါးပွား | လေခမ်း+သည်းခြေပွား+သလိပ်ပွား | ၁ |
| ၂ | | သည်းခြေခမ်း+သလိပ်ပွား+လေပွား | ၁ |
| ၃ | | သလိပ်ခမ်း+လေပွား+သည်းခြေပွား | ၁ |

## ပွား—ခမ်း—ရောစပ်ပုံ(၃)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဒေါသမျိုး | ကလာဝ်စည်း |
|---|---|---|---|
| ၁ | တပါးပွား-နှစ်ပါးခမ်း | လေပွား+သည်းခြေခမ်း+သလိပ်ခမ်း | ၁ |
| ၂ | | သည်းခြေပွား+သလိပ်ခမ်း+လေခမ်း | ၁ |
| ၃ | | သလိပ်ပွား+လေခမ်း+သည်းခြေခမ်း | ၁ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## အစုစုပေါင်းမှာ

| | | | |
|---|---|---|---|
| (၁) ပွားများရာ၌ | ...... | ၂၅ | မျိုး |
| (၂) ခမ်းခြောက်ရာ၌ | ...... | ၂၅ | မျိုး |
| (၃) ပွား–ညီမျှ–ရောစပ်ရာ၌ | ...... | ၃ | မျိုး |
| (၄) ပွား-ညီမျှ-ခမ်းရောစပ်ရာ၌ | ...... | ၃ | မျိုး |
| (၅) ပွား-ခမ်း-ရောစပ်ရာ၌ | ...... | ၃ | မျိုး |
| (၆) ခမ်း-ပွား-ရောစပ်ရာ၌ | .... | ၃ | မျိုး |
| စုစုပေါင်း | ...... | ၆၂ | မျိုး |

ဤသို့အားဖြင့် – လေ-သည်းခြေ-သလိပ်-တည်းဟူသော - ဒေါသ သုံးပါးတို့သည်၊ 'ပွားများခြင်း၊ ခမ်းခြောက်ခြင်း၊ ပွား-ညီမျှ-ခမ်းခြင်း-စသည်တို့ဖြင့် ခွဲထွင်ရေတွက်သည်ရှိသော်(၆၂)မျိုးဖြစ်လေသတည်း။

အကြောင်း အာရ၊ အမှုပြုတို့ကို
ပြဆိုရာ အပိုင်းဖြစ်သော

**အခန်း(၁)ပြီး၏။**

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အခန်း (၂)

## ဆေး၏ရသာစသည်တို့ကို ပြဆိုအပိုင်း

### ရသာ-အကြောင်း

ကမ္ဘာလောကကြီးအတွင်း၌ ရှိရှိသမျှသော-သက်ရှိ သက်မဲ့-ပစ္စည်း ဝတ္ထု ဟူသမျှတို့တွင် - လျှာအကြည် **ဇိဝှါပသာဒ** နှင့်၊ တွေ့ထိမှသာ-သိရှိနိုင်သော အကြင် ရုပ်သဘောတခုသည်ရှိ၏။ ထိုရုပ်သဘောကိုသတ္တဝါတို့ သည်-သာယာနှစ်သက်တတ်သောကြောင့် "**ရသာ**" ဟူ၍ခေါ် ဆိုကြလေသည်။

ထို '**ရသာ**' ရုပ်သည်၊ မိမိ၏မှီရာ၊ မဟာဘုတ်တို့၏ ကဲလွန်ပုံမတူမှုကြောင့်၊ အောက်ပါအတိုင်း အမျိုးအား ဖြင့်(၆)မျိုးပြားလေသည်။

### ရသာ (၆) ပါး

(၁) ချိုဆိမ့်ရသာ၊
(၂) ချဉ်သောရသာ။
(၃) ငန်သောရသာ၊
(၄) ခါးသောရသာ။
(၅) စပ်သောရသာ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## (၆) ဖန်သောရသာ။

ဤသို့အားဖြင့်ရသာတို့သည်(၆)မျိုးရှိလေသည်။

**မှတ်ချက်။** ။ရသာမျိုးတို့ကိုပြဆိုရာ၌၊ဗိန္ဓောဆေးကျမ်းတိုင်းတို့တွင် အချိုနှင့်အဆိမ့်ကို-တပါးတည်းယူရမည်ဟုပြဆိုကြလေသည်၊ အဘယ့်ကြောင့်ဆိုသော်၊မဓုရသဒ္ဒါ၊မဓုသဒ္ဒါသည်၊ ချိုဆိမ့်ရသာကိုဟောသည့်ပြင်၊အကျိုးဝိပါကလည်းတူမျှသောကြောင့်ပင်ဖြစ်ကြောင်း။ထို့ကြောင့် မဓုရသဒ္ဒါ၊ မဓုသဒ္ဒါတို့ကို- ချိုဆိမ့်ရသာနှစ်ပါးလုံး အုပ်ခြုံစေရန်၊ မြိန်မြတ်သောရသာဟု - အနက် ပြန်ဆိုရကြောင်းများဖြင့်၊ အကြောင်းပြ၍ ပြဆိုပေသည်။ ကျမ်းပြုသူအနေဖြင့်ကား၊ အထက်ပါဝါဒကို မနှစ်သက်ပေ၊အမှန်မှာအချိုသည်၊အဆိမ့်မဟုတ်၊အဆိမ့်သည်အချိုမဟုတ်။အချိုသည်-အချိုသာဖြစ်၍၊ အဆိမ့်သည်-အဆိမ့်သာဖြစ်လေသည်။ လွန်ဆံ၊ လက်ခုပ်ဆံစသည်တို့သည်၊ ထန်းလျက်-သကြားကဲ့သို့မချို။ ထန်းလျက် သကြားစသည်တို့သည်လည်း၊ လွန်ဆံ-လက်ခုပ်ဆံတို့ ကဲ့သို့ မဆိမ့်ပေ၊ လက်တွေ့ကုသရာ၌လည်း၊ အဆိမ့်သည်အကျိုးဝိပါက တမျိုး၊ အချိုသည်-အကျိုးဝိပါကတမျိုးဖြစ်သည်။ စင်စစ်မှာမူ-ဆေးဝါးပစ္စည်းဝတ္ထုတို့တွင်၊ ရသာတပါးတည်းဟူ၍ မရှိသော်လည်း၊ လွန်ကဲရာဖြစ်သော ရသာကိုသာလျှင်-အဓိကထား၍ယူရမည်ဖြစ်ပေသည်။

## ✓ ဓာတ်ကြီးငါးပါးကြောင့်၊ ရသာ(၆)ပါး ဖြစ်လာရပုံ

(၁) ပထဝီဓာတ်၊ အာပေါဓာတ်-နှစ်ပါးကြောင့်= ချိုဆိမ့်ရသာဖြစ်သည်။

(၂) တေဇောဓာတ်၊ ပထဝီဓာတ်-နှစ်ပါးကြောင့်= ချဉ်သောရသာဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) တေဇော ဓာတ်၊ အာပေါ ဓာတ် - နှစ်ပါး ကြောင့်=ငန်သောရသာဖြစ်သည်။

(၄) တေဇော ဓာတ် ဝါယော ဓာတ် - နှစ်ပါး ကြောင့်=စပ်သောရသာဖြစ်သည်။

(၅) အာကာသဓာတ်၊ ဝါယော ဓာတ် - နှစ်ပါး ကြောင့်=ခါးသောရသာဖြစ်သည်။

(၆) ပထဝီဓာတ် ဝါယောဓာတ်-နှစ်ပါးကြောင့်= ဖန်သောရသာဖြစ်သည်။

ဤသို့အားဖြင့်၊ ဓာတ်ကြီး ငါးပါးတို့၏၊ ရောနှော ပေါင်းစပ် ကဲလွန်ပုံမတူကြခြင်းကြောင့်၊ရသာ(၆)မျိုး ဟူ၍ဖြစ်လာရပေသည်။

မှတ်ချက်။ ။ဓာတ်ကြီး ငါး ပါး တို့၏ ကဲလွန်ပုံမတူမှုကြောင့်၊ ချို-ဆိမ့်-ချဉ်-ငန်-စပ်-ခါး ဖန် ဟူ၍၊ ရသာများ ကွဲပြားလာရခြင်းဖြစ်သည်ဟုဆိုသော်လည်း၊ တေဇောဓာတ်ကိုကား၊ ရသာကောက်ယူရာ၌ မထည့်သွင်းသင့်ပေ။ အဘယ့်ကြောင့် ဆိုသော်၊ ပူမှု-အေးမှုတည်းဟူသော တေဇောဓာတ်သည်၊ ရသာတိုင်း၌ပင် ပါဝင်ပြီး ဖြစ်နေသောကြောင့်ဖြစ်ပေသည်။

သို့ဖြစ်၍၊ ရသာ ကောက်ယူရာတွင်၊ တေဇောဓာတ်မှ ကြွင်းသော ဓာတ်ကြီး လေးပါးနှင့်သာ၊ ဝေ ဘန် ကောက် ယူ သင့် ပေ သည်။ ကောက်ယူပုံမှာ - ပထဝီဓာတ် လွန်ကဲလျှင် အဆိမ့်။ ။အာပေါဓာတ် လွန်ကဲလျှင်-ချို-ဖန်။ ။ဝါယောဓာတ် လွန်ကဲလျှင် - ခါး-ငန်၊ ။ အာကာသဓာတ် လွန်ကဲလျှင် - ချဉ်-စပ်- ဟူ၍ ဖြစ်သည်။ ၎င်းရသာ (၇)မျိုးတို့အနက်၊ အချိုသက်သက်။ အချဉ်သက်သက်။ အငန်သက်သက် ရသာ (၃) မျိုးတို့သည်၊များသောအားဖြင့်၊အအေးဖြစ်၍၊ အစပ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မှာ-များသောအားဖြင့် အပူ ဖြစ်လေသည်။ ကြွင်းသော ဆိမ့်-ဖန်-ခါး တို့တွင်မူ-အပူ-အအေး-နှစ်မျိုးစီရှိကြလေသည်။

## ရသာ(၆)ပါးတို့၏အကျိုးသွားအကျဉ်း

✓ (၁) ချို-ဆိမ့်-ရသာသည်၊ လေ-သည်းခြေကို နိုင်၍ သလိပ်ကိုပျက်စေတတ်၏။

(၂)✓ချဉ်သောရသာသည်၊ လေကိုနိုင်၍၊ သည်းခြေ နှင့်သလိပ်ကိုပျက်စေတတ်၏။

✓(၃) ခါးသောရသာသည်၊ သလိပ်နှင့်သည်းခြေကို နိုင်၍၊ လေကိုပျက်စေတတ်၏။

(၄)✓ငန်သောရသာသည် လေကိုနိုင်၍ သည်းခြေ နှင့်သလိပ်ကိုပျက်စေတတ်၏။

(၅) စပ်သောရသာသည်၊ သလိပ်ကိုနိုင်၍ လေနှင့် သည်းခြေကို ပျက်စေတတ်၏။

✓(၆) ဖန်သောရသာသည်၊ သလိပ်နှင့် သည်းခြေကို နိုင်၍၊ လေကိုပျက်စေတတ်၏။

## ရသာ ၆ )ပါးတို့၏အကျိုးသွားအကျယ်

## ချိုဆိမ့်ရသာ၏အကျိုးသွား

ရသာ(၆)ပါးတို့တွင်-ချို-ဆိမ့်ရသာသည်။ ။သိတ ဂုဏ် သိနိဒ္ဓဂုဏ် ဂရုဂုဏ်ရှိ၏။ ဓာတ်ခုနှစ်ပါး-နို့ရည် နှင့်-အားတို့ကိုဖြစ်စေတတ်၏။ မျက်စိနှင့်သင့်၏။ လေ-သည်းခြေကိုနိုင်၏။ လျှက်ဝစေတတ်၏။ အညစ်အကြေး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



နှင့်-ပိုးတို့ကို ပွားစေတတ်၏၊ သုက်ကိုလည်း ပွားစေတတ်၏၊ ရသာအပေါင်းတို့တွင်၊ အဆီဩဇာအ ရှိဆုံးဖြစ်၏၊ အသက်ကိုရှည်စေတတ်၏။ လည်ချောင်းနာနှင့် သင့်မြတ်၏။ အရိုးကျိုးကို ဆက်စေတတ်၏။ အဆိပ်ကို နိုင်၏၊ ကလေး-လူအို တို့နှင့် သင့်၏။ ထိခိုက်ရှနာသော အနာကိုလည်းပျောက်စေတတ်၏၊ ဆံပင်နှင့်ရုပ်အဆင်းကိုကောင်းစေတတ်၏၊ ဗုန်ကြီးကိုကြည်လင်စေတတ်၏၊ မေ့တော်ခြင်း- မူးဝေခြင်း- ပူလောင်ခြင်း တို့ကို လည်း ငြိမ်းအေးစေတတ်၏။ ထို ချို-ဆိမ့် ရသာကို၊ များစွာစားသောက်လျှင်၊ အများ၊ ပန်းနာ၊ ဆုံဆို့နာ၊ ကြွပ်နာ၊ ချောင်းဆိုးနာ၊ အဆင်ခဲနာ၊ အသဲပုတ်နာ၊ ပိုးနာ၊ ခြေသလုံးကြီးသော(ဆင်ခြေထောက်) အနာ၊ ဝမ်းပိုးနှင့်သောအနာများဖြစ်တတ်လေသည်။

ကျွတ်ရန်။ ။ရေသာမေ့။ အကျိုးစုကား။ ခေါင်ချွန်ထွေးညီညွတ်စေ၏။ ဖြစ်ပေခွန်အား။ ကြီး-ငယ်များနှင့်။ ဖြင်ငြောဂျန၊ ချို-နံ့-လှခြင်း။ အဆင်း - ဆံတွေ။ ဗုန်ခြေ မြတ်။ ချီးမွမ်းအပ်၏။ ဝတာတ် လူပေါင်း။ လည်ချောင်းအနာ။ သင့်မြတ်စွာသေး။ နို့ရည်ပေးလျက်။ ရိုးကျိုးဆက်သည်။ မပျက်-ဂုဏ်ရှိပ်။ သီ-နိုဒ်-ဂရု၊ ဤသုံးခုနှင့်။ အာယုရှည်စေ။ သည်းခြေ-လေနှင့်။ နိုင်ပေအဆိပ်၊ ရေမွတ်သိပ်ပြင်း။ မူးဝေခြင်းနှင့်။ မယွင်းပူလောင်။ နာကိုအောင်၏၊ ထို့နောင်-ဆိမ့်-ချို။အစားပိုက၊ နိုဂိုတာယ။ ဆုတ်ပြီးဝ၍၊မေဒ-သေမှ။ သမုဋ္ဌာန်ကြောင့်။ ရောဂါလည်းနှံ့။ ထဲမိသည့်၍။ မတင့်-ကျင်ပြော၊ ဖြစ်သောချောင်းဆိုး။ တမျိုးပန်းနာ။ တဖြာခံတွင်း၊ ချိုခြင်း-သံပုတ်။ တချက်ပိုးနာ။ ဆုံဆို့နာနှင့်၊ကြွပ်နာ-ဘင်ဝ။ ရောဂါရ၍။ ခြေကာ-ဟတ္ထိ။ ပါဒရှိသည်။ မှတ်ဘိနောင်လာ သိကြောင်းတည်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



**မှတ်ချက်။** ။ချိ-ဆိမ့်-ရသာ၏အကျိုးသွားများကို ဒေသနာနယနည်းဖြင့်၊ ဝေဘန်လျှင်၊ အချိသည်အကျိုးသွားတမျိုး၊ အဆိမ့်သည် အကျိုးသွားတမျိုးဖြစ်သည်။ အချိသည် ဓါတ်ကြီးငါးပါးအနက် အာပေါဓာတ်ကို အားပေး၍၊ အာကာသဓာတ်ကို အားနည်းစေသည်၊ အဆိမ့်သည် ပထဝီဓာတ်ကိုအားပေး၍၊ ဝါယောဓာတ်ကို အားနည်းစေသည်။

ယင်းဒေသနာနယနည်းကိုမှုထား၍၊ ဘေသဇ္ဇနယနည်းဖြင့် ဝေဘန်လျှင်၊ အချိသည် အေးသောသီတဂုဏ်၊ ပြစ်ခွဲစေထန်းသော ပိစ္ဆိလဂုဏ်၊ လေးလံသော ဂရုဂုဏ်ရှိ၏။ ဒေါသသုံးပါးတို့ အနက်၊ အဓိကအားဖြင့်၊ သလိပ်ကို ပွားများစေတတ်၏။ သည်းခြေကို ငြိမ်ဝပ်စေတတ်၏။ လေကိုနှိမ်နင်းနိုင်၏။ လူကိုဝစေတတ်၏။ လည်ချောင်းနာနှင့် သင့်မြတ်၏။ အဆိပ်ကိုနိုင်၏။ ကလေးလူအိုတို့နှင့်သင့်မြတ်၏။ ရေငတ်ခြင်း၊ မူးဝေခြင်း၊ ပူလောင်ခြင်းတို့ကို ငြိမ်းအေးစေနိုင်၏။ ၎င်းကို များစွာစားလျှင်၊ ပန်းနာ-ချောင်းဆိုးနာ အသံပျက်နာ-ဝမ်းမီးနှဲ့သော အနာများ ဖြစ်တတ်၏။

အဆိမ့်သည်- အဆီအစေးရှိခြင်း တည်းဟူသော၊ သိနိဒ္ဓဂုဏ်ရှိ၏၊ များသောအားဖြင့် ဂရုဂုဏ်ရှိ၏။ ဒေါသသုံးပါးတို့အနက်၊ သည်းခြေကို ပွားများစေတတ်၏။ လေကို ခမ်းခြောက် ယုတ်လျော့ စေတတ်၏၊ အားကို ဖြစ်စေတတ်၏၊ ပိုးတို့ကို ပွားများစေတတ်၏။ သုက်ကိုပွားစေတတ်၏။ အသက်ကိုရှည်စေတတ်၏။ လူလတ်အရွယ်တို့နှင့်သင့်မြတ်၏၊ ရုပ်အဆင်းကိုကောင်းစေတတ်၏။ အင်အားချို့နဲ့ခြင်း၊ ကိုယ်စိတ်နှစ်ပါး တုံ့လှုပ်ခြင်း၊ အိပ်မပျော်ခြင်းတို့ကို ပျောက်ကင်းစေတတ်၏။ ၎င်းကို များစွာစားလျှင်၊ ကြပ်နာ၊ အဆီခဲနာ၊ ပိုးနာ၊ ခြေသလုံးကြီးနာ၊ အသားပွားနာ၊ ဖျားနာ၊ လေငန်းရောဂါစသည်တို့ ဖြစ်တတ်၏။ ။ဤကား အချိနှင့် အဆိမ့်တို့၏ အကျိုးသွားများကို ခွဲခြား ကောက်ယူနိုင်ရန် အတွက် ကျမ်းပြုသူ၏အယူအဆများကို၊ သိသာရုံမျှ၊ အကျဉ်းအားဖြင့် ဖော်ပြခြင်းဖြစ်ပေ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ချဉ်သောရသာ၏ အကျိုးသွား

ရသာခြောက်ပါးတို့တွင် - ချဉ်သောရသာသည်၊ ။ သိနိဒ္ဓဂုဏ်၊ ဥဏှဂုဏ်၊ လဟုဂုဏ်ရှိ၏၊ အစာကိုကြေစေတတ်၏။ နှုတ်ကိုမြိန်စေတတ်၏။ ဝမ်းမီးကိုတောက်စေတတ်၏။ အတွေ့ အားဖြင့်လည်း အေး၏၊ ပိုစွတ်စေတတ်၏၊ လျှတ်ကိုကဲ နှစ်သက်စေတတ်၏၊ သွေး-သည်းခြေ သလိပ်တို့ကို ဖြစ်စေတတ်၏။ လမ်းမှားသော လေကို ဖြောင့်စေတတ်၏၊ ကြေလွယ်-ကျက်လွယ်၏၊ လျှကိုပိန်စေတတ်၏၊ အသံကိုကောင်းစေတတ်၏၊ သုက်ကို နည်းပါးစေတတ်၏။ ဆီးဝမ်းကို ရှင်စေတတ်၏။ မျက်စိနှင့်မသင့်၊ မျက်မှောင်ကို ရှုံ့စေတတ်၏၊ ထိုချဉ်သော အရသာကို များစွာ စားသောက်လျှင်၊ စိတ်ပျံ့လွင့်ခြင်း၊ မူးဝေခြင်း။ မြို့အန်ခြင်း၊ ကြက်မျက်သင့်ခြင်း များနှင့်၊ ဖျားနာ၊ ယားနာ၊ အသားအရေ ဖျော့တော့သော အနာ၊ ရေယုံနာ၊ ဖေါယောင်သောအနာများ ဖြစ်တတ်လေသည်။

ကျက်ရန်။ ။ရသာအချဉ်၊ ကျိုးသွားအင်ကား။ လွန်လျှင်ဝမ်းမီး တောက်စေပြီး၍၊ ရင်လည်းချောင်လှ။ သိနိဒ္ဓနှင့်။ ဥဏှ-လဟု။ ဂုဏ်သုံးခုတည်၊ မြိန်ပြီနှုတ်မှာ။ အစာကိုကြေ။ လိပ်-သည်းခြေဟု။ သွေးတွေမြဲငြား။ လေလမ်း မှားက။ ဖြောင့်သွားစေမှတ်၊ ပိန်စေတတ်၏။ ရှင်လတ်-ဆီးဝမ်း။ သုက်လည်းခမ်းပေ။ မျက်စိတွေနှင့်။ ယှဉ်ပေမသင့်။ ကြိမ်းလင့်-ဒဏ္ဍာ။ မျက်မှောင်မှာလည်း။ ရှုံ့ကာတွန့်စေ၊ လိမ်းကျံလေက။ မသွေအေးပြန်။ ပွစေမှန်၏။ တဖန်အချဉ်။ စားလွန်လျှင်ကာ ပြို့အန်များ၍။ သင့်ငြားကြက်မျက်။ စိတ်စက်မတည်။ မူးဝေသည်များ။ ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ကိုယ်မှာသားလျက်။ မမှားဖြေဘူတော့။ ဖြစ်ပေါ်ခန္ဓာ၊ ရေယုံနာနှင့်၊ များနာ-ဖေါ်တတ်။ ရှေ့မှာဝေ့သည်။ လွှန်လေတ် အချဉ်သဘောတည်း။

## နှံသောရသာ၏ အကျိုးသွား

ရသာခြောက်ပါးတို့တွင်၊ငန်သောရသာသည်။ ဥဏှာဂုဏ်၊ သိနိဒ္ဓဂုဏ်။ တိက္ခဂုဏ်ရှိ၏။ နှုတ်ကိုမြိန်စေတတ်၏။ အစာကိုကြေစေတတ်၏၊ သလိပ်-သည်းခြေကို ပျက်စေတတ်၏၊ ကိုယ်၏ ခက်မာ ကြမ်းတမ်းခြင်းကို ပယ်ဖျောက်တတ်၏၊ လေကိုနိုင်၏၊လျှာကိုပိန်စေတတ်၏၊ မျက်စိကို ကြည်လင်စေတတ်၏၊ အသံကိုကောင်းစေ တတ်၏၊ ခံတွင်းမှ-အရည်ကို ယိုစီးစေတတ်၏၊ ဝမ်းကို သက်စေတတ်၏၊အညီးအတား အသို့ အပိတ်ကို ခွဲဖြတ် ဖေါက်ထွင်းတတ်၏။ သလိပ်ထဲသို့ စိမ့်ဝင်တတ်၏။ ထိုငန်သောရသာကို များစွာစားလျှင်၊ ဆံပင် ဖြူခြင်း၊ ဆံပင် ကျွတ်ခြင်း၊ အရေတွန့်ခြင်း၊ သည်းခြေပျက်နာ၊ သွေးပွားနာ၊ ရေငတ်နာ၊ မူးဝေသောအနာ၊ ဝမ်းတွင်း ပူလောင်သောအနာ၊ သွေးဝမ်းနာ၊ ကိုယ်ယောင်နာ၊ ယားနာ၊ သုက်ခမ်းနာ၊ နူနာများ ဖြစ်တတ်လေသည်၊

ကျက်ရန်။ ။အငန်ရသာ၊ ကျိုးသွားမှာကား။ ဥဏှာ-သိနိဒ်၊ ဂုဏ်မှာ-တိက်နှင့်။ သလိပ်-သည်းခြေ၊ပယ်တတ်ပေ၍၊ မြိန်စေနှုတ်မယ်၊ စာကြေလွယ်၏။ကိုယ်ဝယ်ထိုင်းမှိုင်း။ ကြမ်းတမ်းတိုင်းလည်း။မဆိုင်း ပယ်ဖျောက်။ လေနာရောက်က။ ပျောက်တတ်စေ၏၊ လျှာလဲပိန်ချုံး၊မျက်စိ သုံးမူ။ မျက်လုံးကြည်လှ။အသံရ၏။တဝများစွာ၊စားသုံးပါက။ ဝမ်းမှာ လွန်သွား ဆီးတားဖေါက်ခွဲ၊သလိပ်ထဲသို့၊အမြဲစိမ့်ဝင်။ စားလွန်လျှင်မူ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဆံကျွတ်ဖြူ၍။ ရေထူတွန့်လျက်၊ သည်းခြေပျက်ခါ။ သွေးပွားနာနှင့်။ ထမြဲရေငတ်။ တရစ်ဆူးဝေ။ တတွေဝမ်းတွင်း။ ပူလောင်ပြင်းလျက်။ သွေးဆင်း-ယောင်နာ။ သုက်ခမ်းပါဟု။ ကုဋ္ဌာ-အသား။ ကိုယ်မှာပွားသည်။ မမှား၊အငန်လွန်၍တည်း။

## စပ်သောရသာ၏ အကျိုးသွား

ရသာခြောက်ပါးတို့တွင်-စပ်သောရသာသည်။ ။ ဥဏှဂုဏ်။ လူခဂုဏ်။လဟုဂုဏ်ရှိ၏။ လည်ချောင်းနာ၊ ပွေးနာ၊နူနာ၊အစာမကြေသောအနာ၊ ဖေါယောင်သော အနာတို့ကိုနိုင်၏။မကွဲသော-အနာ-အပု-အကျိတ်တို့ကို ကွဲစေတတ်၏။ အဆီ-အချေး- နို့ရည်-ချွေးတို့ကို ခမ်း ခြောက် စေတတ်၏။ ဝမ်းမီးကို တောက်စေတတ်၏။ အစာကိုကြေစေတတ်၏။ နှုတ်ကိုမြိန်စေတတ်၏။ လူကို ပိန်စေတတ်၏။ ခံတွင်းကိုရှင်းလင်းစေတတ်၏။ အရည် ခတ်မျိုးတို့ကို ခမ်းခြောက်စေတတ်၏။ ဝမ်းကို ချုပ် စေတတ်၏။ သွေးလမ်း လေလမ်းတို့ကို ပွင့်စေတတ်၏။ သွေးခဲ-ကိုကြေစေတတ်၏။အနှောင် အဖွဲ့ကို ဖြတ်တတ်၏။ သလိပ်ကိုပယ်တတ်၏။ ဉာဏ်ကို ဖြစ်စေတတ်၏။ ထိုစပ်သောအရသာကို များစွာစားလျှင်။ ရေငတ်ခြင်း။ သုက်ကုန်ခမ်းခြင်း၊ အားကုန်ခြင်း၊ မိန်းမော တွေဝေခြင်း၊ မျက်လုံး ချာချာလည်ခြင်း၊ မူးခြင်း၊ ဝမ်းတွင်း ပူလောင်ခြင်း။ ခံတွင်းအာခေါက် ခြောက်ခြင်း။ လည်ချောင်းနာခြင်း၊ လျှာ-နှုတ်ခမ်း ကွဲခြင်း၊ ခါးကိုက်ခြင်း၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ကိုယ်တုန်လှုပ်ခြင်း၊ အနေ-အသွား ကွဲအက်ခြင်းများ ဖြစ်တတ်လေသည်။

ကျက်ရှန်။ ။ရသာ-ကင္ရု။ အကျိုးစုကား။ လဟု-ဥဏှ၊ဂုဏ်လုခနှင့်၊ပေါက်ရ-လည်နာ၊ပွေးကုဋ္ဌာပယ်။စာဝယ်မကြေ။ ဖေါ်ရောင်နေကား နိုင်သေမကြာ။ နာပေါက်လာမူ။ ကွဲစေဟူ၏။စားသူ-ဆိမ်စေး။ နို့ရည်ချွေးတို့။မနွေးခမ်းခြောက်။ ဝမ်းမီးတောက်သည်။ အုံလောက်စာကြေ၊ နှုတ်မြိန်စေမှတ်။ ပိန်စေတတ်၏။ တရစ်ခံတွင်း။ ရှင်းလင်းအရည်။ ခမ်းသည်ဝမ်းချုပ်။ ခွဲထုတ်- သွေးလေ။ နှောင်ဖွဲ့ပြေ၍။ ပယ်ပေ-သေမှ၊ ညာဏ်ကိုရ၏။ လွန်လှစပ်ကို။ အစားပိုလျှင်း။ ရေငတ် ပြင်းလှက်။ ကုန်ခြင်း-သုက်အား။ မိန့်မောများသည်။ လည်ပြားချာချာ။မူးဝေကာနှင့်။ ဝမ်းမှာပူလောင်။ ခြောက်အာခေါင်က။ လည်ခေါင်- နှုတ်ကွဲ၊ ခါးကိုက်ခဲ၍။ ကိုယ်လဲတုန်တုန်။ ကွဲအက် ကုန်သည်။ လွန်ပုံအစဉ် ခိုက်၍တည်း။

## ခါးသောရသာ၏အကျိုးသွား

ရသာခြောက်ပါးတို့တွင်-ခါးသောရသာသည်၊ များသောအားဖြင့်- လုခဂုဏ်၊လဟုဂုဏ်၊ သီတဂုဏ်ရှိ၏။နှုတ်ကိုမြိန်စေတတ်၏။ ဖျားသောအနာ၊ မူးဝေသောအနာ၊သည်းခြေနာ၊သလိပ်နာ၊ ပိုးနာ၊နူနာ၊ အဆိပ်သင့်သောအနာ၊ အစာမကြေသောအနာ၊ ပူလောင်သောအနာ၊ သွေးနာ၊ ပြို့အန်သော အနာ၊ ရေငတ်သော အနာ၊ ယားနာတို့ကို နိုင်၏။ ကြေလွယ်- ကျက်လွယ်၏။ပညာကိုဖြစ်စေတတ်၏။ နို့ရည်နှင့်-လည်ချောင်းကို သုတ်သင်တတ်၏။ကျင်ကြီး-ကျင်ငယ်-ဆီကြည်-ခြင်ဆီ-

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ချွေး-အဆီခဲတို့ကို ခမ်းခြောက်စေတတ်၏၊ ဝမ်းမီးကို တောက်စေတတ်၏။ အားကိုဖြစ်စေတတ်၏။ ။ထိုခါး သောရသာကို- လွန်အောင် စားသောတ်လျှင်၊ ခေါင်း ကိုက်ခြင်း၊ပင်ပန်းခြင်း၊ကိုယ်တု ့လှုပ်ခြင်း၊ မူးဝေခြင်း၊ ရေငတ်ခြင်း၊ခါတ်ခုနှစ်ပါးကုန်ခမ်းခြင်း၊ခံတွင်းခြောက် ခြင်း၊ကြို့ထိုးခြင်းများဖြစ်တတ်လေသည်။

ကျက်ရန်။ ။ရသာခြောက်သွယ်၊အခါးဝယ်ကား၊ ရှိတယ်လူခါ၊ အေးသီတနှင့်၊သုံးဝ လဟု၊ဂုဏ်အစုကြောင့်၊မြိန်မှုနှုတ်အား၊နာများများ နှင့်၊မူးကား-ဝေဝေ၊ လိပ်-သည်းခြေပ၊တတွေ-ပိုးနာ၊ နူကုဋ္ဌာမျိုး၊အ ဆိပ်ဆိုးတို့၊ ပုတ်သိုးစာတွင်၊မကြေချဉ်၍၊ကိုယ်လျှင်ပူလောင်၊လေထက် ဆောင်သည်။ အန်အောင်ပြုခြင်း၊ ရေငတ်ပြင်းလျက်၊မယွင်း-ယားနာ၊ ဖြစ်ပေါ်လာက၊နိုင်ရာမှတ်သား၊ ပညာပွားစေ၊ အစာကြေ၍၊ ရည်တွေ ခမ်းခြောက်၊ ဝမ်းမီးတောက်လောင်၊ အားကိုဆောင်၏၊ ထို့နောင်အ ခါး၊များစွာစားမူ၊လွန်ငြား-ခေါင်းကိုက်။ ပင်ပန်းဟိုက်လျက်၊ ကိုယ်၌ တုံ့ပြီ၊မူးသည်-ရေငတ်၊ ဓာတ်ခုနှစ်ပါး၊ မပွားခမ်းခြောက်၊ အားတွေ ပျောက်လိမ့်၊အံ့လောက်ကိုယ်တွင်၊ ဝိန်ကြို့ခြင်သည်၊ လိုအင်မပြည့်ရှိ၏ တည်း။ ။

## ဖန်သောအရသာ၏ အကျိုးသွား

ရသာခြောက်ပါးတို့တွင်- ဖန်သောရသာသည်။ ။ သီတဂုဏ် လှုခဂုဏ်၊ ဂရုဂုဏ်ရှိ၏။ သလိပ်- သည်းခြေ ကိုနိုင်၏။ ကြေခဲ-ကျက်ခဲ၏။ သွေးကိုသုတ်သင်တတ်၏။ အနာကို ဆေးကြောရာ၌ သင့်မြတ်၏။ ဝမ်းကိုချုပ်စေ တတ်၏။အရေကိုကြည်လင်စေတတ်၏။ ကိုယ်ကိုတောင့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



တင်းစေတတ်၏။ အနာကိုအသားနု တက်စေတတ်၏၊ ထိုင်းမှိုင်းစေတတ်၏။လည်ချောင်း-လေနှင့်- သွေးသွားလမ်းတို့ကိုပိတ်စေတတ်၏။အစာသစ်ကိုနိုင်စေတတ်၏၊ လျှာကိုထူစေတတ်၏။ ၊ထိုဖန်သော ရသာကိုများစွာစားလျှင်၊ ကိုယ်လက် တောင့်တင်းခြင်း၊ ဝမ်းယောင်ခြင်း၊ရင်ဘတ်နာခြင်း၊ပိန်ကြုံခြင်း၊သုက်ခမ်းခြင်း၊ သွေးကြောလေကြောပိတ်ဆို့ခြင်း၊ဝမ်းချုပ်ခြင်း၊ စကားမပြီခြင်း၊ အစာမကြေခြင်း၊ ခံတွင်းခြောက်ခြင်း၊ အရွယ်မရောက်မီအိုခြင်း၊ နှလုံးတုံ-ရင်ခုံခြင်း၊ မူးဝေခြင်း၊ တက်ခြင်းများဖြစ်တတ်လေသည်။

ကျက်ရန်။ ။အဖန်ရသ။ကျိုးသွားပြသော်။သီ-ခ-ဂရု၊ဂုဏ်သုံးနှင့်။နိုင်မှုသည်းခြေ။ သလိပ်တွေတည့်။ လွန်ကြေကျက်ခဲ။ သွေးလဲသုတ်သင်။နာလျှင်ဖန်ရေ။ ဝမ်းချုပ်စေ၍။ကြည်ပေတစေ။ အတ္တဘောကို။ မာကြောတောင့်အောင်။ သူ့ရွက်ဆောင်ငြား။ သားနုပွား၍။ပုံကိုပြအံ့ဆီ။ကိုယ်သည်ထိုင်းမှိုင်း။ ရစ်ဆိုင်းသွေးလေ၊သွားလမ်းတွေနှင့်။ တတွေလည်တို့။ပိတ်ကာဆို့၍။ နိုင့်လို့စာသစ်။လျှာထူဖြစ်၏။ စင်စစ်အဖန်။ စားလွန်ပြန်သော်။အမှန်ကာယ။ တောင့်တင်းလှလျက်၊ ဝမ်းကယောင်လာ။ရင်ဘတ်နာဟု။ ကိုယ်မှာပိန်ကြုံ။ သုက်ခမ်းကုန်သည်၊ ရင်တုံ မူးဝေ။ခြောက်ခေပခံတွင်း။ အိုခြင်းမြန်စွာ။တက်တတ်ပါ၍။အစာမကြေ။ဝမ်းချုပ်စေသည်။မှတ်လေအဖန်ခိုက်၏တည်း။

မှတ်ချက်။ ။ရသာခြောက်ပါးတို့၏ အကျိုးသွားများကိုပြဆိုရာ၌။ချဉ်သောရသာ၊ ငန်သောရသာတို့သည်။ ပူသော-ဥဏှဂုဏ်ရှိ၏ဟု ပြဆိုခြင်းမှာ။၎င်းရသာတို့သည်။ အစာကိုကြေစေတတ်ခြင်း။ သီတဂုဏ်ရှိသောလေကိုနိုင်ခြင်း။ ၎င်းကိုစားလျှင်အနည်းငယ်ရင်ပူ ရေငတ်ခြင်းစသည်တို့ကိုတွေ့ရ၍။ ယူဆပြဆိုဟန်ရှိသည်။ အမှန်မှာ— ချဉ်သော

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ရသာနှင့်ငန်သော ရသာတို့သည်။ပူချဉ်-ပူငန်ဟူ၍မရှိ။ အေးသောသီတ ဂုဏ် သက်သက်သာဖြစ်၍။ ခါးသောရသာနှင့်။ ဖန်သောရသာ တို့မှာ။ ပူခါး၊အေးခါး၊ပူဖန်၊ အေးဖန် ဟူ၍ သီတဂုဏ်၊ ဥဏှဂုဏ်နှစ်မျိုးစီ ရှိကြလေသည်။

---

## ရသာ (၆) ပါး အသီးသီးတို့၏ ဂိုဏ်းကို ပြဆိုခြင်း။

### မဓုရဂိုဏ်း

### ချို၊ ဆိမ့်၊ ရသာရှိသောပစ္စည်းစုများ

ထောပတ်၊ ရွှ၊ ဘင်လဲ၊ သစ်ကျားသီး၊ ငှက်ပျောသီး၊ ထန်းသီး၊ သတွတ်သီး၊ ကညွတ်ကြီး၊ ကညွတ်ငယ်၊ ပိန်းနှဲ့သီး၊ လွှန်သီး၊ ''သန်လျက်ကြီး၊ သန်လျက်သိမ်၊ တောပဲ နောက်၊ တောပဲကြီး၊ တည်းဟူသောပဏ္ဏိလေးမျိုး'' သ ရက်ကင်းနှစ်မျိုး၊ ''လင်းနေဖို၊ လင်းနေမ၊ ဝက်ချေးမနဲ တည်းဟူသောဗလာသုံးမျိုး''၊ ဟင်းနုနွယ်၊ စမုံဖြူ၊ ကြက်တက်၊ နွယ်ချို၊ သစ်မယ်ဇယ်သီး၊ ကြီးအာသီး၊ ဆုပ်မွှန်းဥ ခွန်ပလွန်သီး၊ ကြာဟင်းညှို၊ ဝါသုံးဆံ၊ ခရမ် နှစ်မျိုး၊ ယမနေသီး၊ မညိုးပန်း၊ နို့ရည်၊ ကြံ၊ သွားလေး ပျားရည်၊ စပြစ်သီး။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## အမ္ဗိလရိုက်း

## အချဉ်အရသာရှိသောပစ္စည်းစုများ

မှ္ဂိနတိုချဉ်၊ဆီးဖြူသီး၊ရှောက်ချဉ်သီး၊မက်လင်ချဉ်သီး၊တလည်းချဉ်သီး၊ငွေ၊ရက်တက်ရည်၊ပုံးရည်၊ ရက်သန်းရည်၊ လိမ္မော်သီး၊နို့ဓါန်း၊ သရက်သီး၊ ဇေးသီး၊ စောင်းလျားသီး၊ သီး, သီး၊ခံသီး၊

## လဝဏရိုက်း

## အငန်ရသာရှိသောပစ္စည်းစုများ

သိန္ဓောဆား၊ သောဝစ္စလအရပ်မှထွက်သော ဆား၊ ဆားနက်၊ပဲခူးဆား၊ ပင်လယ်ဆား၊ တွင်းထွက် ဆား၊ ရုမာမည်သောမြစ်မှ ဖြစ်သောဆား၊ မြေပေါက်ဆား၊ ခဲမနက်၊ဆပ်ပြာ၊

## တိတ္တရိုက်း

## အခါးရသာရှိသောပစ္စည်းစုများ

သပွတ်ခါး၊အောင်လဲ၊ဖါလာ၊ပန်းရင်း၊ စန္ဒကူး၊ ဆေးခါးကြီး၊တမာ၊ ဘူးခါး၊တောင်ဇလပ်၊ အကျော်၊ လက်ထုပ်၊သစ်ဝင်နီ၊ ''နံ့နွင်းနှင့်ဆေးရွှေတည်းဟူသောနံ့နွင်းနှစ်မျိုး''၊နွားမြေရင်း၊ မယကြီး၊တောဆောင်းမေးခါး၊တောကြက်မောက်၊ ကြေး၊ ဂွတ်၊ သံ၊ဆင်ဝုံးမနွယ်၊ရုလာနဖါ၊ ''ဥသျှစ်မြစ်၊ ကြောင်လျှာမြစ်၊ယမနေမြစ်၊ သံ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သတ်မြစ်၊ တပဆေးဖြစ်တည်းဟူသော ပဉ္စမူကြီးငါးပါး''မြေပုံခရမ်း၊ ဒန့်သခွါး၊ မိဝုသ်၊ လင်းနေ။

## ကဋုကကိုဏ်း

## အစပ်ရသာရှိသောပစ္စည်းစုများ

ရှိန်းခို၊ ငရုပ်ကောင်း၊ ကြက်သွန်နီ၊ ''ပိတ်ချင်းသီး၊ ပိတ်ချင်းမြစ်- ကန့်ချုပ်နီ စရိုချင်းခြောက်- တည်းဟူသော ပဉ္စကူ ငါးပါး''ပင်စိမ်း၊ သည်းခြေဟူသမျှ၊ ကျောင်ငယ်ဟူသမျှ၊ ချေးသီး။

## ကသာဝကိုဏ်း

## အဖန်ရသာရှိသော ပစ္စည်းစုများ

ကြွဖု၊ သစ်ဆိမ့်၊ စပ်မြစ်၊ ရှားနှစ်၊ သော်ကာ၊ မအူ၊ သဖန်း၊ ပုလဲ၊ သန္တာ၊ မျက်စဉ်းကျောက်၊ ငွေ့နီကျောက်၊ သီး, သီး နှံ၊ စွန်ပလွန်သီးနှံ၊ ကြာစွယ်၊ ပဒုမ္မာကြာ၊ ကြာညို။

ဤကား၊ ဘေသဇ္ဇမဉ္ဇူသာ ကျမ်းလာ၊ ရသာ(၆)ပါး ဆိုင်ရာ၊ ဆေးဂိုဏ်းများ ဖြစ်သည်။ ယင်း ဆေးဂိုဏ်းများမှာ၊ အမျိုးအမည်ဖေါ်ပြမှုနည်းပါးသည့်ပြင်၊ ဖေါ်ပြထားသော အချို့ ဆေးများမှာလည်း၊ ယခုခေတ်တွင် အသုံးပြုမှုမရှိသလောက်ပင် နည်းပါးလှပေသည်။ သို့ဖြစ်၍၊ ဆေးပညာလေ့လာလိုက်စားသူများ၊ ဗဟုသုတဖြစ်စေခြင်းငှါ၊ ယခုခေတ်သုံး၊ ဆေးဝါးပစ္စည်းများနှင့်၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



အစာအာဟာရများအား၊ အပူ-အအေးနှင့်တကွ၊ ရသာ အသီးသီးဆိုင်ရာဆေးဂုဏ်းများပြုလုပ်လျက်၊ အောက်တွင်ဆက်လက်ဖေါ်ပြပါဦးမည်။

## အအေးပိုင်းဆိုင်ရာ၊ အချိုရသာလွန်ကဲသော ပစ္စည်းစုများ

ကညွတ်ကြီး။ ကညွတ်ငယ်။ ကြက်မောက်သီး။ ကျောက်သွေး။ ကျော့ဖရုံသီး။ ကျောက်ဖရုံယို၊ ကြံရည်၊ ကြံသကာ၊ ကြီးအာသီး၊ ကန့်စွန်းဥ၊ ကြက်သွန်နီဥ၊ ခပုဥခေါ်-နော်ကိုဥခေါ်-ခါဥ၊ ခဲသီး၊ ဂေါ်ရခါးသီး၊ ငုသီးမှည့်၊ ငှက်ပျောသီးမှည့်။ စကရင်ခေါ်ဆေးသကြားမှုန့်။ စွန်ကဒတ်သီး။ စပြစ်သီးမှည့်။ စွန်ပလွန်ယို၊ စိမ်းစားဥ။ ဆူးလေသီး။ ဆီးချိုသီး။ တင်လဲ။ ထန်းလျက်။ ထန်းရည်ချို။ ဓနိရည်။ နွယ်ချို။ ပေရည်၊ ပဲ့လင်းမြွေသီး။ ပဲစောင်းလျားသီး၊ ပျားရည်။ ပိန္နဲသီးမှည့်။ ဖလံတောင်ဝှေး၊ ဖရဲသီးမှည့်။ မိုလီစားပဲ။ ဘူးသီး။ မုံလာဥ။ မင်းဂွတ်သီးမှည့်။ ယမနေသီး။ ရုံးပတီသီး။ ရွှေးနွယ်။ ရွှေးရွက်။ သကြား။ သခွါးသီး။ သခွါးမသီး။ သတွတ်သီး။ သဘော်သီးမှည့်၊ သရက်သီးမှည့်။ အလိုကြူ။ အုံးရည်၊ ဩဇာသီးမှည့်။

## အပူပိုင်းဆိုင်ရာ၊ အချိုရသာကဲလွန်သော ပစ္စည်းစုများ

စမုံစပါး။ သစ်ကြမ်းပိုး။ ဥသျှစ်သီးမှည့်။

## အအေးပိုင်းဆိုင်ရာ အဆိမ့်ရသာကဲလွန်သော ပစ္စည်းစုများ

ကွဲနို့၊ ကြံ့သွေး၊ ကျောက် ကုံကုမံ၊ ကျောက်ဖယောင်း၊ ကိုင်းဥ၊ ဂျုံ၊ ငါးဥ၊ ငါးကြီးဆီ၊ ငါးကြီးအုံဘတ်၊ ငါးသလောက်၊ ငှက်သိုက်၊ စသော ဥပေါက်ဥပေါက်၊ ဆတ်ချိုနု၊ ဆိတ်နို့၊ တညင်းသီး၊ တောင်ကစွန်းဥ၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ထောပတ်၊ နွားနို့၊ ပဒုမ္မာကြာသီးဆံ၊ ပလောပီနံဥ၊ ပဲအမျိုးမျိုး (ပဲကြီးမပါ)၊ ပြောင်းဖူး၊ ပိန်းဥ၊ ဖရဲစေ့အဆံ၊ ဖရုံစေ့အဆံ၊ ဖျုံဥ၊ ဖျုံသီး၊ ဗန်ဒါဆံ၊ ပုဇွန်ဆီ၊ ဘဲဥ၊ မလိုင်၊ မြေနီ၊ မြေဖြူ၊ မြေပဲဆံ၊ မြေပဲဆီ၊ မျှားဆိပ်၊ မျောက်ဥ၊ ရွှေ၊ လူနို့၊ လက်ခုတ်ဆံ၊ လွန်ဆံ၊ လိပ်ဥ၊ လိပ်အသဲ၊ ဝက်ဆီ၊ ဝက်မြေဥ၊ သီဟိုဠ်သရက်စေ့ဆံ၊ သကြားသီးဆံ၊ အာဒါလွတ်ဥ၊ အာလူး၊ အင်ဥ၊ အုန်းဆီ၊ အုန်းဆံ၊ အုန်းနို့။

## အပူပိုင်းဆိုင်ရာ၊ အဆိမ့်ရသာကဲလွန်သော ပစ္စည်းစုများ

ကနစိုဆံ၊ ကလောဆံ၊ ကလိန်ဆံ၊ ကြွေးဥ၊ ကောလီသိမ်၊ ကျားဆီ၊ ကျားနို့၊ ကြက်သား၊ ကြက်သဲ၊ ကြက်ဥ၊ ကြွက်သား၊ ကွမ်းစားဂမုံး၊ ဂုံညင်းဆံ၊ စာကလေးသား၊ စမုံနက်၊ ဆီမီးတောက်ဥ၊ ဆူးပုတ်ရွက်၊ ဆိတ်သား၊ ဇာပိဗ္ဗိုလ်သီး၊ ဒူးရင်းသီး၊ နှမ်း၊ နှမ်းဆီ၊ ပဒတ်သား၊ ပဲကြီး၊ ပေါက်မြုံဥ၊ ဖွတ်သား၊ ဖွတ်ဥ၊ မြက်မုံညင်းဥ၊ လက်ပန်စေ့၊ ဝဥ၊ သိုးသား၊ သစ်ဆိမ့်သီးဆံ၊ အမဲဆီ၊ အမဲသား၊ အိပ်မွှေ့သီး။

## အအေးပိုင်းဆိုင်ရာ အချဉ်ရသာကဲလွန်သော ပစ္စည်းစုများ

ကင်ပွန်းချဉ်ရွက်၊ ကန့်ပြန်ရည် (ကန့်ငရဲမီး)၊ ကျောက်ချဉ်၊ ကျွဲကောသီး၊ ကြွက်ပေါင်သီး၊ ခရမ်းချဉ်သီး၊ ခံသီး၊ ချဉ်ပေါင်ရွက်၊ ချဉ်ပေါင်သီး၊ ငွေချဉ်သီး၊ ငွေ၊ စောင်းလျားသီး၊ ဆားပြန်ရည် (ဆားငရဲမီး)၊ ဆီးချဉ်သီး၊ ဆန်ပုန်းရည်၊ ဇဝက်သာပြန်ရည် (ဇဝက်သာငရဲမီး)၊ ဇင်ပြွန်းသီး၊ တေဇောဒက ဓာတ်ရည်၊ ဒူးရင်းပြဲဇာသီး၊ သလဲသီး၊ ဘောင်သလဲသီး၊ တုံကျင်သီး၊ နွားနို့ချဉ်၊ ဗဟာန်းချဉ်၊ မကျည်းရွက်၊ မကျည်းသီး၊ မရမ်းချဉ်သီး၊ မက်လင်ချဉ်သီး၊ မှန်ကူသီး၊ မိုနတိုချဉ်၊ မှစ်ချဉ်၊ ယမ်းစိမ်းပြန်ရည် (ယမ်းစိမ်းငရဲမီး)၊ ရက်တက်ရည်၊ ရှောက်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ရည်၊ရှင်ငန်းသီး၊လမုသီး၊လက်တည်ချဥ်အမျိုးမျိုး။ ဝရောင်းချဥ်၊ သမြုံသီး၊ သရက်သီးစိမ်း၊ သလဲသီး၊ သီးသီး၊ သစ်တိုသီး၊ သမ္ဘာရာရည်၊ သမ္ဘာရိုရည်။

## အအေးပိုင်းဆိုင်ရာ၊ အငန်ရသာကဲလွန်သော ပစ္စည်းစုများ

ကျောက်ခက်။ ကျောက်တက်။ ကျောက်ပွင့်။ ကျောက်မြှုပ်။ ကြက်မောက်ဆား၊ ခတက်ဆား၊ ငရုပ်ကောင်းဆား။ စစ်ဆပ်ပြာ။ ဆားရှိုးရှိုး (ပုံခွားဆား)။ ဆားပုတ်။ ဆားလျော်။ ဆားကျုပ်ခိုး။ ဆေးရိုးကြီးဆား။ ဆော်ဒါ၊ ဇဝက်သာ။ ထန်းနို့ပျာ။ ပဒိုင်းပျာဆား။ ပင်လယ်ရေမြှုပ်။ ဖျံ့ငင်းသား။ ဘဲသား။ ယမ်းစိမ်း။ လက်ခွ၂ား။ သိန္ဓော။ သဲဆပ်ပြာ။ သက်ရင်းကြီးဆား။ ဟင်းနုနွယ်ဆား။

## အပူပိုင်းဆိုင်ရာ၊ အစပ်ရသာကဲလွန်သော ပစ္စည်းစုများ

ကရဝေးရွက်။ ကရဝေးသီး။ ကွတ္တရာ။ ကန့်ချုပ်နီ။ ကန်ချုပ်ဖြူ။ ကန့်ဗလူဥ၊ ကွန်းသီး။ ကြံပဟင်း။ ကွမ်းရွက်။ ကွမ်းရိုး။ ကြက်သွန်ဖြူ။ ကြောင်ပန်းသီး။ ချိုးသီး။ ချင်းစိမ်း။ ချင်းခြောက်။ ငရုပ်ကောင်း။ ငရုပ်သီး။ စပါးလင်။ စမြိတ်။ စရို။ စစ်စေး။ စစ်တုံ့။ စစ်ပင်အမြစ်။ ဆင်ပိတ်ချင်း။ ဇာဒိပ္ပိုလ်ပွင့်။ ဇီယာ။ ဒန့်ဒလွန်မြစ်။ နွားကျောင်ငယ်။ နှပ်ချို။ ပဒဲကော။ ပရုပ်။ ပဲနံ့သာ။ ပဒတ်စာ။ ပိတ်ချင်းမြစ်။ ပိတ်ချင်းရွက်။ ပိတ်ချင်းသီး။ ပူစီနံရွက်။ ပင်စိမ်းရွက်။ ဖါလာ။ ဖုမ္မသိမ်။ ဗလရှင်ပင်အရွက်။ မိဿလင်။ မုံညင်းဆီ။ မြောက်ဆိပ်ခေါက်။ မြောက်ဆိပ်ရွက်။ ရဲယိုရွက်။ ရဲယိုသီး။ ရှိန်းဂို။ လေးညှင်းပွင့်။ သရက်ကင်းဥ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## အစေးအားပိုင်း၊ဆိုင်ရာ၊အခါးရသာကဲလွန်သော ပစ္စည်းစုများ

ကညို့ရွက်။ ကနဖော့ရွက်။ ကရမက်။ကုံကုမံ။ ကုလားဆေးခါးကြီး။ကုလားနက်သွေး။ကြေးနီ။ကျွဲသည်းခြေ။ ကြံ့သည်းခြေ။ ကျောက်ခါး။ကန့်ကလာရွက်။ ကြိမ်ခါး။ခရမ်းခါး။ခရမ်းကသော့ခါး။ ဂေါရောဇဉ်း။ဂျုတ်။ ငါးထွေသည်းခြေ။ငါးပုတင်းသည်းခြေ။ စပါးကြီးသည်းခြေ။စမွှါ။ စပ္ပါယ်ပွင့်။ ဆင်ခရမ်း။ တရုပ်စကားပွင့်။ တရုပ်စကားမြစ်။ တောင်ကြာဉ။ တောင်ဇလပ်။ဒန့်သခွါး။ ပိလောခါး။ ပုဇွန်စာငယ်။ ပန်းဉ။ဗုံလုံသီး။ ဗျုံးမွှေး။ဘင်္ဂလီဆားခါး။ ဘူမြစ်။ မယကြီးရွက်။ မယသိမ်ရွက်။မိချောင်းနွယ်။မိချောင်းသည်းခြေ။မုတ်။မယ်ဇလီအစေး။ မယ်ဇလီမြစ်၊မြန်မာဆားခါး။ရာတန်စေ့။ရှားစောင်းလက်ပတ်။ရှောက်ခါး။ရှမ်းဆေးခါး။လယ်ဟင်းခါး။ ဝက်ဝံသည်းခြေ။ ဝက်သည်းခြေ။ သခွါးခါး။ သပွတ်ခါးသီး။ သင်ပေါင်းဖူး။ သင်းခွေကြပ် သည်းခြေ။ သဘော်မြစ်။သဘော်ရွက်။သစ်ခါး။သစ်ခွပန်း။ သံပုရာစေ့အဆံ။ ဟင်းဂလာရွက်။အကျော်။

## အပူပိုင်းဆိုင်ရာ၊အခါးရသာကဲလွန်သော ပစ္စည်းစုများ

ကတိုး။ကတိုးကြောင်သို။ကတိုးနွယ်။ ကုလားဆောင်းမေးခါး။ ကုလားတမာ။ကုက္ကို့ရွက်။ကျောက်တဘ်လင်းနေ။ကွန်းမိုမြစ်။ကျွန်းသား ကြက်ဆူရိုးနီရွက်။ကြက်ဆူရိုးဖြူရွက်။ကြက်ဟင်းခါးရွက်။ကြိတ်မှန်ရွက်။ ကြောင်ပန်းမြစ်၊ကြောင်ပန်းရွက်။ကြောင်လျှာခေါက်။ ကြောင်လျှာသီး။ ကြောင်လျှာမြစ်။ခတက်ခေါက်။ခပေါင်းကြီး။ခပေါင်းရေကြည်။ ခင်ပုတ်မြစ်။ခန်းတောက်မြစ်။ ခွေးတောက်မြစ်။ ဂမုံးကတိုး။ ဂုံခါး။ဂန့်ဒိပ်။ ငဖုံးဆေး။ငရုန့်ပဒူ။ စတုခါး။ စူလာဒဖါ။ ဆူးခေါက်နက်။ ဆေးပုလဲ။ ဆေးရွှေ။ ဆေးရွက်ကြီး။ ဆင့်သမနွယ်။ ဆတ်ချိုရစ်နွယ်။ ဆိဘ်ဖူးဉ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဆယ်ထပ်ချင်း။ဆယ့်နှစ်ရာသီမြစ်။တဇွက်မြစ်။တပဆေး။တမာ။ တော ဆောင်းမေးခါး။ တောင်နေကြာရွက်။ တောင်တန်ကတိုး။ တောင်တန် ကြီး။ထင်းရှူး။ဒဟာသကိုင်း။ဒေါနပန်း။ဓိဝုတ်။ နနွင်း။နံနွင်းစိမ်း။ နနွင်း ခါး။နနွင်းဖြူ။ နေကြာမြစ်။နေမင်းဂမုံး။ နေလှည့်မြစ်။ နံ့သာဖြူ။နွား မြီးရင်း။နွားလျှာကြီး။ နှမ်းလုံးကြိုင်မြစ်။ပရှပ်ရွက်။ပညာလက်ာ။ ပန်းနု။ ဘောဇကိုင်း။ဘုမ္မရာဇာ။မဟာဂါ။မာလာနွယ်။ မင်းကိုးကာ။မှုရိုးစေး။ မှုရိုးမြစ်။ မြက်မွှေး။ မြင်းခွါရွက်။ မြင်းစဂုံနီ။ယမနေမြစ်။ ရာဇဝင်။ ရှား စောင်းကြီး။ ရှားစောင်းခါး။ ရှားစောင်းမြင်းနား။ ရှားစောင်း လက် ဆက်။ ရှားစောင်းလက်ပတ်၊ ရှားစောင်းသင်္ဂနိက်။ ရှောက်မြစ်။ရှောက် ရွက်။ရှောက်ခွံ။ ရင်းပြား၊ ရှမ်းသနပ်ခါး။လေမင်း။လေသိုက်။လဲလူမို။ လဲလူမ။ လက်ပန်ခါး၊လင်းနေ။ လင်းနေစုံး။ သနပ်ခါး။ သနပ္ပစွေး။ သမုံးဥ။ သိဟာရာဇာ။သက်ရင်းကတိုး။ သက်ရင်းကြီး။ သက်ရင်းပုတ်၊ သင်းဝင်ပေါက်ဖြူ။အုပ်နှဲမြစ်။ဥသျှစ်မြစ်။ ဧကရာဇ်။အေဒ်လဲ။

## အအေးပိုင်းဆိုင်ရာ၊အဖန်ရသာကဲလွန်သော ပစ္စည်းစုများ

ကနုကမာ။ကြခုံ။ ကြာစွယ်။ကြာညိုဝဏ္ဏံ။ ကြာတံဆိပ်ဝဏ္ဏံ။ကြာနီ ဝဏ္ဏံ၊ကြာပဒုမ္မာဝဏ္ဏံ။ ကြာပုဏ္ဍရိပ်ဝဏ္ဏံ။ ကြာဖြူဝဏ္ဏံ။ ကြာရိုး။ကြာ ဘက်ကြီး။ကြာဘက်သိမ်။ ကြို့ခေါက်။ ကြွေကလေး။ကြွေပုတ်။ ကြက် တက်ရွက်။ကြက်ပေါင်ရွက်။ ကြက်မောက်ရွက်။ ကျည်းနီခေါက်။ကျည်း ဖြူခေါက်။ကတြဲသရော်။ ကန့်ကူဆံနက်။ကန့်ကူဆံဖြူ။ ကပ္ပို၊ကမ္ဗူ။ကွမ်း သီး။ခရုဗိဇင်း။ခရုဗိဇင်းပျာ။ခရုသင်း။ခရေပွင့်။ခရေစေ့။ခံမြစ်။ခဲ။ချိတ်။ ဂေါ်မုတ်ကျောက်။ ငွေ့နီ။ ငွေ့ရွှေ။ ငှက်ပျောဖူး။ ငှက်ပျောမြစ်၊ ငှက်ပျောသီးစိမ်း။ဆီးခေါက်။ ဆီးစေ့။ဆီးဖြူမြစ်။ဆီးဖြူသီး။ ဆူးပန်း ပွင့်။ ဆေးပုဇွန်။ ဆေး သူငယ် ချက်။ ဆေးမြင်းခွါ။ ဆေး ဥတလုံး။ ဆေးဒါန်း။ဇော်ကျ ဗိုင်းထုပ်။ညှံရွက်။ ညောင်ခေါက်။တည်သီး။ထန်းနို့။ ထန်းသီးနု။ ထိန်ခေါက်။ ထိန်ပွင့်။ ဒန့်ဒွဲမြစ်။ ဒန့်ဒွဲရွက်။ ဒန့်ဒွဲစေ့။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဒန့်ဒက္ကူးနီ။ဒန့်ဒက္ကူးဖြူ။နီလာကျောက်၊နံ့သာနီ။ပတောက်နှစ်။ ပယင်း။ ပုလဲ။ပွေးကိုင်း။ပတ္တမြား။ပန်းလဲ။ပုန်းညက်ပွင့်။ဖန်ခါးသီးခြောက်၊ဘိန်း။ မကျည်းခေါက်။မကျည်းစေ့ခွံ။ မဟူရာကျောက်။ မနိုဩဇာ၊ မအူပွင့်။ မာလကာခေါက်။ မာလကာသီးနု။ မုလေးပန်း။ မျက်စဉ်းကျောက်။ မင်းဂွတ်ခွံ။ မြင်းသီလာကျောက်။ မြတ်လေးပွင့်။ ယောက်သွားခုံး။ ယောက်သွားခုံးပျာ။ရေသကျည်းရွက်။ ရေသဖန်းခေါက်။ ရင်ကပ်ပွင့်။ ရှားစေး။ရှားနှစ်။လဘက်။လက်ခုပ်ခွံ၊လိပ်ကျောက်ဆူး၊ လိပ်ရင်ဘတ်ခွံ။ဝါးဆစ်ကွဲ။သခွပ်မြစ်။သနပ်ခေါက်။ သပြေခေါက်၊ သဖန်းခေါက်၊ သမင်ချို။သရဖီပွင့်၊ သရက်ခေါက်။ သရက်စေ့။သလဲသီးခွံ၊ သီလာစန္ဒန။သီဟိုဠ်သရက်ရွက်။ သံ။သွားအမျိုးမျိုး။ အစွယ်အမျိုးမျိုး၊ အရိုးအမျိုးမျိုး။သော်ကပွင့်။သံပျာ။ သန္တာနီ။ သန္တာနက်။ ဥဿဖြူကျောက်။ ဥသဖရားကျောက်။ဩဇာသီးခြောက်။

## အပူပိုင်းဆိုင်ရာ၊အဖန်ရသာကဲလွန်သော ပစ္စည်းစုများ

ကလောခွံ၊ကလောခေါက်၊ ကလောရွက်၊ကလိန့်ခွံ။ ကလိန့်ရွက်။ ကသစ်ရွက်။ကုလားကုက္ကိုခေါက်၊ ဂုံညင်းခွံ၊ စရည်းရွက်၊စစ်ရွက်၊ ဆူးပုတ်ကြီးမြစ်။ဆူးပုတ်ကလေးမြစ်။ဇောင်ချမ်းခေါက်၊ဇောင်ချမ်းမြစ်။ ဇောင်ချမ်းသီး။တမာခေါက်။တီလက်သာ။ထနောင်းခေါက်၊ ဒေါက်ရပ်ခေါက်။နေကြာပွင့်ဝတ်ခွံ၊ပေါက်စေး။ပေါက်ပွင့်။ပဒ္မကာနီသီး။ ဖြောက်ဆိပ်ခေါက်။မြန်မာကုက္ကိုခေါက်။မျောက်ချော။ မျောက်ငို။ယုဇနပန်း။ လက်ထုပ်ခေါက်။သနပ်ခါးပန်း၊သီးခေါက်။ သစ်ဆိမ့်သီးခွံ။ သမုံးဥ။ ဥသျှစ်ကင်း။ဥသျှစ်ခေါက်။

## ဂိုဏ်းအသီးသီးတို့၏အကျိုးသွားများ

(၁) ဟောင်းသော သလေးစပါး၊ ဟောင်းသော မုယောစပါး၊ဟောင်းသောပဲနောက်၊ဟောင်းသောဂျုံ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ပေါင်းသောပျားရည်၊ ပေါင်းသောသကြား၊ ပေါင်းသော ကြည်း-ကုန်းနေ-အသားများမှလွဲ၍၊ အချို-အဆိမ့်ဟူသမျှသည်၊ များသောအားဖြင့်၊ သလိပ်ကို ပွားများစေတတ်၏။

(၂) သလဲချဉ်သီး ဖီးဖြူသီးတို့မှလွဲ၍၊ အချဉ်ဟူသမျှသည် များသောအားဖြင့် သည်းခြေကိုအားပေး၏။

(၃) သိန္ဓော ဆားမှလွဲ၍၊ အငန်ယူသမျှသည်၊ များသောအားဖြင့်၊ မျက်စိနှင့်မသင့်။

(၄) ဆင်တုံးမနွယ်နှင့် သပွတ်ခါးမှလွဲ၍၊ အခါးဟူသမျှသည်- များသောအားဖြင့်၊ သုက်ကို မပွားစေတတ်၊ လေကိုပျက်စေတတ်၏။

(၅) ချင်းခြောက်၊ ပိတ်ချင်း၊ ကြက်သွန်ဖြူတို့မှလွဲ၍- အစပ်ဟူသမျှသည်၊ များသောအားဖြင့်-သုက်ကိုမပွားစေတတ်၊ လေကိုပျက်စေတတ်၏။

(၆) ကြဖုသီးမှလွဲ၍၊ အဖန်ဟူသမျှသည်၊ များသောအားဖြင့်-အေး၍၊ ဝမ်းကိုချုပ်စေတတ်၏။

## ရသာ (၆) ပါးကို ဝီရိယ-ဂုဏ်-အားဖြင့် ဝေဘန်ပုံ

အစပ်ထက်-အချဉ်၊ အချဉ်ထက်-အငန်တို့သည်၊ အစဉ်အတိုင်း တခုထက်- တခု-ပို၍ သတ္တိ အားဖြင့်- ပူကုန်-၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



အခါးထက်-အဖန်၊ အဖန်ထက်-ချို,ဆိမ့်,ရသာတို့သည်၊ အစဉ်အတိုင်း-တခုထက် တခု-ပို၍၊ သတ္တိအားဖြင့် အားကုန်၏။

အခါး-အစပ်-အဖန်- ရသာသုံးမျိုးတို့သည်၊ များသောအားဖြင့်၊ လူခ-ဂုဏ်ရှိသောကြောင့်၊ ဆီး-ဝမ်းကို ချုပ်စေတတ်၏။

အချို-အချဉ်-အငန်- ရသာသုံးမျိုးတို့သည်၊ များသောအားဖြင့်၊ သိနိဒ္ဓဂုဏ် ရှိသောကြောင့်၊ လေကိုနိုင်၏။ ဆီးကို ရွှင်စေတတ်၏။

ရသာခြောက်ပါးတို့တွင်၊ အငန်ထက်-အဖန်၊ အဖန်ထက်-ချို,ဆိမ့်,ရသာကပိုမို၍၊ ကြွဲ-ကျက်ခဲသည်။

ရသာခြောက်ပါးတို့တွင်၊ အချဉ်ထက်-အစပ်၊ အစပ်ထက်-အခါးရသာကပိုမို၍၊ ကြွလွယ်-ကျက်လွယ်သည်။

## ရသာ(၆)ပါးအကျယ်ပွါးပုံ

အထက်တွင် ဆော်ပြခဲ့သော ရသာတို့သည်၊ အကျဉ်းအားဖြင့်(၆)မျိုးဟူ၍၊ ပြဆိုသော်လည်း၊ အချင်းချင်းရောစပ်တွဲဘက်ပါက၊ အမျိုးပေါင်း(၆၃)မျိုး ဖြစ်လာလေသည်။ ၎င်းတို့မှာ—

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁) ရသာတပါးစီအားဖြင့် ၆ မျိုး၊
(၂) နှစ်ပါးစီတွဲခြင်းအားဖြင့် ၁၅ မျိုး၊
(၃) သုံးပါးစီတွဲခြင်းအားဖြင့် ၂၀ မျိုး။
(၄) လေးပါးစီတွဲခြင်းအားဖြင့် ၁၅ မျိုး။
(၅) ငါးပါးစီတွဲခြင်းအားဖြင့် ၆ မျိုး၊
(၆) ခြောက်ပါးတွဲခြင်းအားဖြင့် ၁ မျိုး။

ရုရပေါင်း..........(၆၃)မျိုးဖြစ်သည်။

ဖေါ်ပြပါရသာ(၆၃)မျိုးတို့ကို၊ အစပို-အခြောက်၊ အနု-အရင့်တည်းဟူသော၊ရသ၊အနုရသ၊ နှစ်မျိုးဖြင့်ပွား သော်၎င်း၊ရသ၊လွန်သောရသ၊သာလွန်သောရသ၊ ဟူ၍ သုံးမျိုး၊သို့မဟုတ်-ဟိနရသ၊ မဇ္ဈိမရသ၊ ပဏီတရသ၊ အားဖြင့်၎င်း၊သာမည၊ ဝိသေသ၊ ပြကတိ အားဖြင့်၎င်း၊ ပြကတိရသ၊ကိဗ္ဗိမရသအားဖြင့်၎င်း၊ ပွားများသည် ရှိသော်၊ရသာကိုသည်၊ မရေတွက်နိုင်အောင် များပြား လှသည်ဟူ၍ မှတ်ယူကုန်ရာ၏။

၎င်းရသာတွဲပုံများအနက်၊နံပါတ်(၁)နှင့်(၆)မှလွဲ၍ အကျယ်ကိုဇယားဖြင့်ဖေါ်ပြထားပါသည်။ နံပါတ်(၁) နှင့်(၆)မှာမူ လွယ်ကူသဖြင့်၊ ဇယားဖြင့် ဖေါ်ပြရန်မလို တော့ပေ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## နှစ်ပါးစပ်အားဖြင့် (၁၅) မျိုး။

| အမှတ်စဉ် | တွဲစပ်ပုံ | ရသာမျိုး | ကလာပ်စည်း |
|---|---|---|---|
| ၁ | အချိုမူလစပ် | အချို+အချဉ် | ၁ |
| ၂ | | အချို+အငန် | ၁ |
| ၃ | | အချို+အခါး | ၁ |
| ၄ | | အချို+အစပ် | ၁ |
| ၅ | | အချို+အဖန် | ၁ |
| ၆ | အချဉ်မူလစပ် | အချဉ်+အငန် | ၁ |
| ၇ | | အချဉ်+အခါး | ၁ |
| ၈ | | အချဉ်+အစပ် | ၁ |
| ၉ | | အချဉ်+အဖန် | ၁ |
| ၁၀ | အငန်မူလစပ် | အငန်+အခါး | ၁ |
| ၁၁ | | အငန်+အစပ် | ၁ |
| ၁၂ | | အငန်+အဖန် | ၁ |
| ၁၃ | အခါးမူလစပ် | အခါး+အစပ် | ၁ |
| ၁၄ | | အခါး+အဖန် | ၁ |
| ၁၅ | အစပ်မူလစပ် | အစပ်+အဖန် | ၁ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## သုံးပါးစပ်အားဖြင့်-အမျိုး (၂၀)။

| အမှတ်စဉ် | တွဲစပ်ပုံ | ရသာမျိုး | ကလာပ်စည်း |
|---|---|---|---|
| ၁ | အချို မူလစပ် | အချို+အချဉ်+အငန် | ၁ |
| ၂ | | အချို+အချဉ်+အခါး | ၁ |
| ၃ | | အချို+အချဉ်+အစပ် | ၁ |
| ၄ | | အချို+အချဉ်+အဖန် | ၁ |
| ၅ | | အချို+အငန်+အခါး | ၁ |
| ၆ | | အချို+အငန်+အစပ် | ၁ |
| ၇ | | အချို+အငန်+အဖန် | ၁ |
| ၈ | | အချို+အခါး+အစပ် | ၁ |
| ၉ | | အချို+အခါး+အဖန် | ၁ |
| ၁၀ | | အချို+အစပ်+အဖန် | ၁ |
| ၁၁ | အချဉ် မူလစပ် | အချဉ်+အငန်+အခါး | ၁ |
| ၁၂ | | အချဉ်+အငန်+အစပ် | ၁ |
| ၁၃ | | အချဉ်+အငန်+အဖန် | ၁ |
| ၁၄ | | အချဉ်+အခါး+အစပ် | ၁ |
| ၁၅ | | အချဉ်+အခါး+အဖန် | ၁ |
| ၁၆ | | အချဉ်+အစပ်+အဖန် | ၁ |
| ၁၇ | အငန် မူလစပ် | အငန်+အခါး+အစပ် | ၁ |
| ၁၈ | | အငန်+အခါး+အဖန် | ၁ |
| ၁၉ | | အငန်+အစပ်+အဖန် | ၁ |
| ၂၀ | အခါး မူလစပ် | အခါး+အစပ်+အဖန် | ၁ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## လေးပါးစပ်အားဖြင့် (၁၅) မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ရသာမျိုး | ကလာပ်စည် |
|---|---|---|---|
| ၁ | အချိုမှုလစပ် | အချို+အချဉ်+အငန်+အခါး | |
| ၂ | | အချို+အချဉ်+အငန်+အစပ် | ၁ |
| ၃ | | အချို+အချဉ်+အငန်+အဖန် | ၁ |
| ၄ | | အချို+အချဉ်+အခါး+အစပ် | ၁ |
| ၅ | | အချို+အချဉ်+အခါး+အဖန် | ၁ |
| ၆ | | အချို+အချဉ်+အစပ်+အဖန် | ၁ |
| ၇ | | အချို+အငန်+အခါး+အစပ် | ၁ |
| ၈ | | အချို+အငန်+အခါး+အဖန် | ၁ |
| ၉ | | အချို+အငန်+အစပ်+အဖန် | ၁ |
| ၁၀ | | အချို+အခါး+အစပ်+အဖန် | ၁ |
| ၁၁ | အချဉ်မှုလစပ် | အချဉ်+အငန်+အခါး+အစပ် | ၁ |
| ၁၂ | | အချဉ်+အငန်+အခါး+အဖန် | ၁ |
| ၁၃ | | အချဉ်+အငန်+အစပ်+အဖန် | ၁ |
| ၁၄ | | အချဉ်+အခါး+အစပ်+အဖန် | ၁ |
| ၁၅ | အငန်မှုလစပ် | အငန်+အခါး+အစပ်+အဖန် | ၁ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်

## ငါးပါးစပ်အားဖြင့်(၆)မျိုး

| အမှတ်စဉ် | တွဲစပ်ပုံ | ဒေါသမျိုး | ကလာပ်စည်း |
|---|---|---|---|
| ၁ | အချိမှုလစပ် | အချိ+အချဉ်+အငန်+အခါး+အစပ် | ၁ |
| ၂ | အချိမှုလစပ် | အချိ+အချဉ်+အငန်+အခါး+အဖန် | ၁ |
| ၃ | အချိမှုလစပ် | အချိ+အချဉ်+အငန်+အစပ်+အဖန် | ၁ |
| ၄ | အချိမှုလစပ် | အချိ+အချဉ်+အခါး+အစပ်+အဖန် | ၁ |
| ၅ | အချိမှုလစပ် | အချိ+အငန်+အခါး+အစပ်+အဖန် | ၁ |
| ၆ | အချဉ်မှုလစပ် | အချဉ်+အငန်+အခါး+အစပ်+အဖန် | ၁ |

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ဝိပါကခေါ်၊ ကျက်ခြင်းအကြောင်း

ရသာခြောက်ပါးတို့သည်၊ ပါစကဝမ်းမီး ချက်ပြီးသည့်နောက်၊ ကြေကျက်သောအခါတွင် မူလရသာမှ ပြောင်းလွဲ၍၊ အခြားရသာတမျိုးဖြစ်ပေါ်လာ၏။ ထိုသို့ အစာကြေကျက်ပြီးနောက်၊ မူလရသာမှ အခြားရသာ တမျိုး ပြောင်းလဲသွားခြင်းကို ‘‘ဝိပါက’’ သို့မဟုတ် ‘‘ကျက်ခြင်း’’ဟူ၍ခေါ်ဆိုလေသည်။

## ကျက်ခြင်း(၃)မျိုး

(၁) ချိုဆိမ့်ရသာဖြစ်၍-ကျက်ခြင်း၊
(၂) အချဉ်ရသာဖြစ်၍-ကျက်ခြင်း၊
(၃) အစပ်ရသာဖြစ်၍-ကျက်ခြင်း။

ဤသို့အားဖြင့် ရသာတို့သည်၊ ဝမ်းမီးချက်၍ ကျက်ပြီးသောအခါ အထက်ပါ ရသာ(၃)မျိုးအနက်မှ ရသာ တမျိုးမျိုးသို့ ပြောင်လဲသွားလေသည်။

## ရသာခြောက်ပါး ပြောင်းလဲ၍-ကျက်ပုံ

(၁) ရသာခြောက်ပါးအနက် - ချိုဆိမ့်ရသာနှင့် အငန်တို့သည် - ဝမ်းမီးချက်၍ ကျက်ပြီးသည့် နောက်တွင်၊ များသောအားဖြင့်-ချိုဆိမ့်ရသာ ဖြစ်လေသည်။

(၂) ရသာခြောက်ပါးအနက်-ချဉ်သောရသာသည် ဝမ်းမီးချက်၍ ကျက်ပြီးသည့် နောက်တွင် များသောအားဖြင့် အချဉ်ဖြစ်လေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) ရသာခြောက်ပါးအနက်-အခါး-အစပ်-ဖန် ရသာသုံးမျိုးတို့သည် - ဝမ်းမီးချက်၍ - ကျက်ပြီးသည့် နောက်တွင် - များသောအားဖြင့် စပ်သော ရသာဖြစ် လေသည်။

## ထူးခြားသော ကျက်ခြင်းများ

အထက်ဖော်ပြပါအတိုင်း ရသာတို့သည် - ဝမ်းမီး ချက်ပြီးနောက် - ပြောင်းလဲကြသည်ဟု ဆိုသော်လည်း၊ တထစ်ချ မမှတ်ယူအပ်ပေ၊ အချို့သောရသာတို့သည်၊ အထက်ပါအတိုင်းမဟုတ်ဘဲ-ပြောင်းလဲပုံ-ထူးခြားမှု ရှိ နေကြပေသေးသည်။

## ဥပမာ။

ကောက်လပ်ဆန်၊ ကောက်ရင်ကြီး ဆန်တို့သည်-ရ သာအားဖြင့် ချို-ဆိမ့်-ဖြစ်သော်လည်း၊ ဝမ်းမီးချက်၍၊ ကျက်သောအခါ၊ အချဉ်ဖြစ်လေသည်။

ကြဲဖုသီးသည်၊ ချဉ်ဖန်ရသာရှိသော်လည်း၊ ဝမ်းမီး ချက်၍ ကျက်သောအခါ-ချိုဆိမ့်ရသာ ဖြစ်လေသည်။

ပိတ်ချင်းငယ်၊ ချင်းငယ်တို့သည်-ရသာအားဖြင့် အ စပ် ဖြစ်သော်လည်း - ဝမ်းမီးချက်၍ - ကျက်သောအခါ၊ ချိုဆိမ့်ရသာ ဖြစ်လေသည်။

ဤသို့အားဖြင့် အချို့သော ရသာတို့သည် ပြောင်း လဲ၍-ကျက်ပုံ ထူးခြားကြပေသေးသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ကျက်ပြီးသော ရသာတို့၏ အကျိုးသွား

(၁) ချိုဆိမ့်၍ ကျက်သော ရသာသည်၊ ဂရုဂုဏ်ရှိ၏၊ ဓါတ်ကိုမှန်စေတတ်၏၊ လေကိုပယ်တတ်၏၊ သသိဝ်ကို ပွားစေတတ်၏။

(၂) ချဉ်၍ ကျက်သောရသာသည်။ ။ဆီးဝမ်းကို နှင်စေတတ်၏။ သုက်နှင့် သေသလိပ်တို့ကို ပယ်ရှားတတ်၏၊ လဟုဂုဏ်ရှိ၏။

(၃) စပ်၍ကျက်သော ရသာသည်။ ။လေကိုပွားစေတတ်၏၊ ဆီးဝမ်းကိုချုပ်စေတတ်၏၊ သုက်နှင့်သလိပ် သည်းခြေတို့ကို-ပယ်ရှားတတ်၏-လဟုဂုဏ်ရှိ၏။

မှတ်ချက်။ ။ဘေသဇ္ဇမဉ္ဇူသာကျမ်းတွင်၊ ကျက်ပြီးသော ရသာတို့၏ အကျိုးသွားများ မပါရှိသော်လည်း၊ ဒဗ္ဗဂုဏဆေးကျမ်း၊ ဘာဝပ္ပကာသ ဆေးကျမ်းတို့တွင် လာသည့်အတိုင်း၊ ဖော်ပြလိုက်ခြင်းဖြစ်သည်။

သုသုတကျမ်းတွင်ကား၊ ချိုဆိမ့်၍ကျက်ခြင်း-စပ်၍ကျက်ခြင်းဟူ၍ ဝိပါက နှစ်မျိုးသာ ပြဆိုသည်၊ ချဉ်၍ကျက်ခြင်းကို မဆိုပေ။ ထိုနှစ်မျိုးတို့တွင် ပထဝီ-အာပေါ၊ ဂုဏ်ရှိသော ဆေးတို့သည်၊ ချိုဆိမ့်၍ ကျက်သည်၊ ကြွင်းသော ဆေးမျိုးတို့သည် - စပ်၍ကျက်သည် - ဟူ၍၎င်း၊ ချိုဆိမ့်၍ ကျက်မှု-ဂရု၊ စပ်၍ကျက်မှု-လဟု၊ ဟူ၍၎င်း ပြဆိုလေသည်။

---

## ဆေးတို့၏ဂုဏ်အကြောင်း

ဂုဏ်ဆိုသည်မှာ၊ ဖြပ်ခေါ် အထည် ဝတ္ထုတို့အား၊ အထူးပြုတတ်သော သဘောပင်ဖြစ်သည်၊ ထိုဂုဏ်ဖြင့်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



အထူးပြုအပ်သောဒြပ်ခေါ် အထည်ဝတ္ထုတို့သည်၊ မဟာဘုတ်တို့၏ ရောစပ်ကဲလွန်ပုံခြင်း မတူညီမှုတို့ကြောင့် တမျိုးနှင့်တမျိုးမတူညီကြပေ၊ ထိုသို့ဒြပ်တို့၏မတူညီမှုတို့ကြောင့် ၎င်းဒြပ်ကို အမှီပြု၍ ဖြစ်ပေါ်လာသော ဂုဏ်တို့သည်လည်း တမျိုးနှင့် တမျိုး မတူညီနိုင်ကြသည့် အားလျော်စွာ၊ အောက်ပါအတိုင်း အမျိုး အစား အားဖြင့် ( ၂၀ ) ပြားလေသည်။

## ဆေးဂုဏ် (၂၀) ကိုပြခြင်း

(၁) ဂရုဂုဏ်။ ။ကြေခဲ ကျက်ခဲသော ဆေးအစာမျိုး။ ။နွားနို့၊ ထောပတ်၊ ဆီအမျိုးမျိုး၊ မြေပဲဆံ၊ သစ်ကြားသီးဆံ စသော အဆီရှိသည့် ဆေးအစာများ၊ ငှက်ပျောသီးမှည့်၊ ပိန္နဲသီးမှည့်၊ သရက်သီးမှည့် စသော စေးထမ်းပြစ်ချွဲသည့် ဆေးအစာမျိုးများဟု-ယူဆသည်။

(၂) လဟုဂုဏ်။ ။ကြေလွယ် ကျက်လွယ်သော-ဆေးအစာမျိုး။ ။လူနှင့်လွန်စွာသင့်၏။ သလိပ်ကိုနိုင်၏။ ။ဒန့်ဒလွန်၊ ကြက်ဟင်းခါး၊ ခွေးတောက်၊ ကုက္ကို၊ စသည်တို့ကဲ့သို့သော၊ ဆေးမျိုး၊ အစာမျိုးများဟု-ယူဆသည်။

(၃) မန္ဒဂုဏ်။ ။နှေးသော ဆေးအစာမျိုး။ အကျိုးပေးလေး၏။ ။ကြိဖလ။ ဆေးပိုးတိ။ ပွေးကိုင်း၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မင်းကိုးကာ၊ စသည်ကဲ့သို့ အကြိုးပေးလေးသဖြင့်တာရှည်ခွဲစားရသော ဆေးမျိုးများဟု-ယူဆသည်။

(၄) အာသုရက်။ ။လျင်မြန်သော၊ ဆေး၊ အစာမျိုး။ ။လျင်လျင်မြန်မြန်အကြိုးပေးတတ်၏။ ။ကန့်ဒို၊ ရှားစောင်းကြီး၊ ဆီမီးတောက်၊ ကျားမနိုင်၊ ပလောင်သော၊ မိန်၊ ဟင်းရိုင်း၊ ဒန္တာ၊ မျှားဆိပ်၊စသောကိုယ်ခန္ဓာ၌၊ လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်သော ဆေးမျိုးများ။ ရိုးရိုးသစ်မြစ်-သစ်ဥကို့ဖြင့် ဖော်စပ်သော်လည်း၊ အဆိပ်ထုတ်ထားသောဆေးမျိုးများ၊ အရက်ချက် သကဲ့သို့ ပေါင်းတိုက်ထားသောဆေးမျိုးများဟု ယူဆသည်။

(၅) ဟိမရက်။ ။ချမ်းအေးသောဆေး၊ အစာမျိုး။ ။ချမ်းသာသုခကိုဖြစ်စေတတ်၏။ ။သွေး-သည်းခြေအသွားအလာကို -ရပ်တန့်စေတတ်၏၊ မူးဝေခြင်း၊ ရေငတ်ခြင်း၊ ချွေးထွက်ခြင်း၊ ပူလောင်ခြင်းတို့ကို ပယ်တတ်၏။ သလိပ်နှင့် - သည်းခြေကို ပြုတတ်၏။ ကြေခဲကျက်ခဲ၏။ အသားကို ဖြစ်စေတတ်၏။ ။ရွှေ၊ ငွေ၊ သံ၊ နံ့သာနီ၊ စန္ဒကူးနီ၊ ကာလမက်၊ ကြို့သွေး၊ ကျောက်သွေး၊ ကုလားနက်သွေး၊ ပဒ္ဒမြားစသော ကျောက်မျက်ရတနာများ၊ စပါးကြီး သည်းခြေ၊ မိချောင်း သည်းခြေ၊ စသည်များဟု ယူဆသည်။

(၆) ဥဏှရက်။ ။ပူသောဆေးအစာမျိုး။ ။လျက်ကို-ပင်ပန်း ညှိုးနွမ်းစေတတ်၏။ သွေး-သည်းခြေ-သ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



လိပ်တို့ကို ခမ်းခြောက်စေတတ်၏၊ လေကို ပွားများစေတတ်၏။ ချမ်းအေးခြင်းကို ပယ်ဖျောက်တတ်၏။ ကြေလွယ်ကျက်လွယ်၏။ အသားကိုကုန်ခမ်းစေတတ်၏။ ။ဆီမီးတောက်။ ငချိပ်ကောင်း၊ ပိတ်ချင်းကြီး၊ နနွင်း၊ မိသလင်၊ ပဒဲကော၊ ကန့်ချုပ်နီ၊ လင်းနေ၊ ချင်းခြောက်၊ အစရှိသော ဆေးမျိုးများဟု ယူဆသည်။

(၇) သန္ဒရက်။ ။အရည် မဟုတ်၊ အခဲ ဖြစ်သော ဆေးအစာမျိုး။

(၈) ဒြဝရက်။ ။အရည် ဖြစ် သော ဆေး အစာမျိုး။

(၉) သိနိဒ္ဓရက်။ ။အဆီအစေးရှိသော ဆေးအစာမျိုး။ ။လေကိုနိုင်၏။ ဝစေတတ်၏။ သုက်ကိုပွားစေတတ်၏။ အားနှင့်သလိပ်ကိုပွားစေတတ်၏။ ။ထောပတ်၊ ခြင်ဆီ၊ အဆီခဲ၊ ဆီ၊ ငါးကြီးအံ့ဘတ်၊ ငါးကြီးဆီ၊ ငှက်သိုက်၊ ဆိတ်ချိုနို့၊ အုန်းဆံ၊ သစ်ဆိမ့်ဆံ၊ လွှန့်ဆံ၊ သစ်ကြားသီးဆံ၊ ဇန်ဒါဆံ၊ သိဟိုဠ်သရက်စေ့ဆံ၊ ခမြဲဆံ၊ စသည့်တို့နှင့်၊ ဇာဒိပ္ဖိုလ်သီး၊ ဇါဒိပ္ဖိုလ်ပွင့်၊ လေးညှင်း၊ သစ်ကြမ်းပိုး၊ ကရဝေး၊ စမုံစပါး၊ စမုံနီ၊ စမုံနက်၊ ဖါလာ၊ ဒွိပ်မွေ့သီး၊ ကလောသီး၊ ကြက်သွန်ဖြူ၊ ရှိန်းဂို၊ အစရှိသော ဆေး-အစာမျိုးများဟု ယူဆသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁၀) လူခရက်။ ။အဆီ အစေး မရှိ၊ ခြောက်သွေ့သော ဆေးအစာမျိုး။ ။သလိပ်ကိုနိုင်၏၊ လေကိုပွားစေတတ်၏၊ လူကိုပိန်စေတတ်၏။ တမာ၊ ကုက္ကိုလ်၊ ခွေးတောက်၊ ဆောင်းမေးခါး၊ ပူလာနဖါ၊ လက်ထုပ်၊ ဖောင်းချမ်း၊ ခတက်၊ သနပ်ခါး၊ ခင်ပုတ်၊ ဆေးပုလဲ၊ အော်လဲ၊ အစရှိသော ဆေးမျိုး အစာမျိုးများဟု ယူဆသည်။

(၁၁) သိလက္ခဏာရက်။ ။ မထက်သောဆေး အစာမျိုး။ ။အဆီအစေးမရှိသော်လည်း နူးညံ့၏ ။ ကန့်ကော်ဝဿံ၊ ပဒုမ္မာကြာဝဿံ၊ ပန်းရင်း၊ ပန်းလဲ၊ ပန်းမ၊ မြက်ခမွှး၊ အစရှိသောဆေးမျိုးများဟုယူဆသည်။

(၁၂) တိက္ခရက်။ ။ထက်သော ဆေးအစာမျိုး။ သည်းခြေကိုပယ်တတ်၏၊ လူကို ပိန်စေတတ်၏၊ သလိပ်ကိုနိုင်၏။ ။ပိန်အစရှိသော ဓါတ်ဆေးများ၊ အဆိပ်မျိုးများ၊ ကန့်ချုပ်ဒိ၊ ဆီမီးတောက်၊ ငရုပ်ကောင်း၊ စသည့် အပူ အစပ် လွန်ကဲသော ဆေးမျိုးများ၊ အငန် လွန်ကဲသော ဆေးမျိုးများ၊ အခါးလွန်ကဲသော ဆေးမျိုးများ၊ အချဉ်လွန်ကဲသော ဆေးမျိုးများဟု ယူဆသည်။

(၁၃) မုဒုရက်။ ။နူးညံ့ သိမ့်မွေ့ သောဆေး အစာမျိုး။ ။နို့သာမျိုးငါးပါး၊ ကတိုး၊ ကုံကုမံ၊ ကြို့သွေး၊ ကျောက်သွေး၊ ရွှေ၊ ငွေ၊ ပုလဲ၊ သံ၊ အစရှိသည့် နူးညံ့သိမ့်မွေ့သော ဆေးမျိုးများဟု ယူဆသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁၄) ကဋ္ဋုကရသ ရက်။ ။ကြမ်းတမ်းသော ဆေးအစားမျိုး။ ။ပွေးကိုင်း၊ မင်းကိုက်၊ ဆေးပိုးတိ ကြံဖလ၊ အစရှိသော-အချိန်များစွာတိုက်ကျွေးရသည့်-ဆေးမျိုးများဟုယူဆသည်။

(၁၅) ထိဂုဏ်။ ။မပျံ့နှံ့တတ်သောဆေးအစာမျိုး။ ။လေနှင့်ကျောင်ကြီး၊ ကျောင်ငယ်တို့ကို ချုပ်စေတတ်၏။ ။သလဲသီးအခွံ၊ မင်းဂွတ်သီး အခွံ၊ မန်ကျည်းစေ့အခွံ၊ ခတက်၊ ကြောင်လျှာ၊ ရိုးနံ၊ စသည်တို့နှင့်-ဖန်သော ဆေးအစာမျိုးများဟု ယူဆသည်။

(၁၆) ရသဂုဏ်။ ။ပျံ့နှံ့တတ်သောဆေးအစာမျိုး။ ။လေနှင့်ကျောင်ကြီးကျောင်ငယ်တို့ကို ထွက်စေတတ်၏။ ။အရက်၊ စိမ်ဆေး ခါးသောရသာ၊ ငန်သော ရသာရှိသော ဆေးအစာမျိုးများဟု ယူဆသည်။

(၁၇) သုခုမဂုဏ်။ ။ကိုယ်တွင်း၌ အပေါက်ရှိသမျှကို-စိမ့်ဝင်တတ်သော ဆေးအစာမျိုး။ ။ပြဒါး၊ နှမ်းဆီ၊ အရက်၊ မုံညင်းဆီ စသည်တို့နှင့် စပ်သော ရသာရှိသည့် ဆေးအစာမျိုးများဟု ယူဆသည်။

(၁၈) ထူလဂုဏ်။ ။ကိုယ်တွင်းသို့ မစိမ့်ဝင်တတ်၊ လူကို ဝစေတတ်သော ဆေးအစာမျိုး။ ။သွေးလေတို့၏-သွားလမ်း-လာလမ်း အကြောတို့ကို ပိတ်ပင်စေတတ်၏။ ငှက်ပြော သူငယ်စာ၊ ငှက်ပြော ဘီးချမ်း၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဇွန်ပလွန်ယို၊ ကျောက်ဖရုံယို၊ သရက်ယို၊ စသည်တို့နှင့် ပေါက်ဥ-ဆင်သမနွယ်ဥ၊ တောင်ကြာဥ အစရှိသော ဆေးမျိုးများဟု ယူဆသည်။

(၁၉) ဝိသဒရက်။ ။မစေးထမ်း၊ မပြစ်ချွဲသောဆေးအစာမျိုး။ ။ချွေးထွက်စေတတ်၏။ပေါက်သောအနာကိုနိုင်၏။ ကွမ်းရွက်၊ ပိတ်ချင်းရွက်၊ ပဥ္စကာနီသီး၊ ပလောင်သေရွက်၊ ဖြောက်ဆိပ်ရွက်၊ ကြက်ဟင်းခါးရွက် အစရှိသော ဆေးမျိုးများဟု ယူဆသည်။

(၂၀) ပိစ္ဆိလရက်။ ။စေးထမ်း ပြစ်ချွဲသောဆေး-အစာမျိုး။ ။အရိုးကျိုးကိုဆက်တတ်၏။ သလိပ်ကို ပွားစေတတ်၏။ ကြေခဲ ကျက်ခဲ၏၊ အားကို ဖြစ်စေတတ်၏။ ဆန်မှုန့်၊ ဂျုံမှုန့်၊ မုယောမှုန့်၊ သကြား၊ ထန်းလျက်၊ နွယ်ချို၊ သကာ၊ တင်လဲ၊ ရှားစောင်းလက်ပတ်၊ ဂန့်ဂလာ၊ မယ်ကြီး၊ ချဉ်ပေါင်၊ ရုံးမတီ၊ ပိလော၊ အစရှိသော ဆေးအစာမျိုးများဟု ယူဆသည်။

အထက်ဘော်ပြပါဂုဏ်(၂၀)တို့တွင်။ ။ဂရုနှင့်လဟု၊ မန္ဒနှင့် အာသု။ ဟိမနှင့်ဥဏှ။ သဏှနှင့်ဖြဝ။ သိနိဒ္ဓနှင့်လူခ။ သိလက္ခဏနှင့်တိက္ခ။ မုဒုနှင့်ကဌိန။ ထိရနှင့်ရသ။ သုခုမနှင့် ထူလ။ ဝိသဒနှင့် ပိစ္ဆိလ။ အသီးသီးတို့သည်၊ အပြန်-အလှန် ဆန့်ကျင်ဘက် ဖြစ်သည်ဟု မှတ်ယူကြရာ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ကျက်ရန်။ ။ရသာအာဒိ။အစရှိသား။ ဆေး၏ခြင်းရာ။ကြောင်းငါးဖြာတွင်။ ခုခါဂုဏ်ကို။သရုပ်ဆိုမည်။ ယူသိအမြဲ။ နှလုံးစွဲလော့၊ကြေခဲဂရု။ လဟု-ကြေလွယ်။ နေ့းတယ်-မန္ဒ။ မြန်လှ-အာသု။ အေးချမ်းမှုမှာ။ ဟိမ-သာတည့်။ ပူလာ-ဥဏှ။ ဂုဏ်သန္ဓကို။ အခဲဆိုရှ်။ ရည်ယိုဖြိုဝ။ သိနိဒ္ဓကား။ ဆီစေးများလှုက်။ သွေ့ခြားခြောက်ခြင်း။ ဆီစေးကင်းမှာ။ လူခသာတည့်။ တဖြာမထက်။ ဆေးမျိုးတွက်ကို။ သိလက္ခဏာခေါ်ဆိုကြရှ်။ တိက္ခ-ကိုမူ။ ထက်သောဟူ၏။ ဂုဏ်ယူ-မုဒု။ ထိုဆေးစုကား။ နူးညံ့များသည်။ ကြမ်းဖြား-ကဌသ။ ဂုဏ်-ထိရမှာ။ မပျံ့ပါဟူ။ နှံ့လာမှုက။ ဂုဏ်-ရသ-တည့်၊ တစကိုယ်မှာ။ ပေါက်ရှိရာကို။ စိမ့်ကာဝင်မှု။ ဂုဏ်-သုခုမ။ ခေါ်ကြတထွေ။ ဝတတ်စေလှုင်။ ထူလယှဉ်၏။ မှန်ပင်-စေးခြင်း။ ပြစ်ချွဲကင်းက။ ဝိသဒ-ပေ။ စေးထမ်းလေမှ။ ပိစ္ဆိလ-ဟု။ အစုစုကား။ နှစ်ဆယ်ပွားသည်။မမှားစဉ်ဆက်ယူမြဲတည်း။

## ပထဝီဓါတ်ကဲလွန်သောဆေးများ

(၁) ဂရုဂုဏ်=ကြေခဲကျက်ခဲသောဆေးမျိုး။

(၂) ထုလဂုဏ်=ဝစေတတ်သောဆေးမျိုး။

(၃) ထိရဂုဏ်=မပျံ့နှံ့တတ်သောဆေးမျိုး။

(၄) ဂန္ဓဂုဏ်=အနံ့ကောင်း၍-မွှေးကြိုင်သောဆေးမျိုး။

(၅) သာရဂုဏ် = ခိုင်ခန့် စေတတ် သော ဆေးမျိုး။ ။သု။

(၆) မန္ဒဂုဏ် = အကျိုးပေး နှေး သော ဆေးမျိုး။ ။သု။

(၇) ခရဂုဏ်=ကြမ်းတမ်းသော ဆေးမျိုး။ ။သု။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၈) ကဋုကဂုဏ် = သန်မာစေတတ်သော ဆေး
မျိုး၊ ။သု။
(၉) သန္ဒဂုဏ်=အခဲဖြစ်သောဆေးမျိုး၊ ။သု။

ဤဘော်ပြပါ ဆေးမျိုးတို့သည် ပထဝီဓာတ် ကဲလွန်သော ဆေးမျိုးများဖြစ်သည်၊

**အာပေါဓာတ် ကဲလွန်သော၊ ဆေးများ**

(၁) ဒြဝဂုဏ်=အရည်ဖြစ်သောဆေးမျိုး၊
(၂) သိတဂုဏ်=အေးသောဆေးမျိုး၊
(၃) ဂရုဂုဏ်=ကြွဲခဲ-ကျက်ခဲသောဆေးမျိုး၊
(၄) သိနိဒ္ဓဂုဏ်=အဆီအစေးရှိသောဆေးမျိုး၊
(၅) မန္ဒဂုဏ်=အကျိုးပေးနှေးသောဆေးမျိုး၊
(၆) သန္ဒဂုဏ်=အခဲဖြစ်သောဆေးမျိုး၊
(၇) ရသဂုဏ်=ရသာရုံကဲလွန်သောဆေးမျိုး၊
(၈) တိမိကဂုဏ်=တုံလှုပ်သောဆေးမျိုး၊ ။သု။
(၉) မုဒုဂုဏ်=နူးညံ့သိမ်မွေ့သောဆေးမျိုး၊ ။သု။
(၁၀) ပိစ္ဆိလဂုဏ် = စေးထမ်း ဖြစ်ချွဲသော ဆေး
မျိုး၊ ။သု။

ဤဘော်ပြပါဆေးမျိုးတို့သည်၊အာပေါဓာတ်ကဲလွန်သော ဆေးမျိုးများ ဖြစ်သည်။

**တေဇောဓာတ်ကဲလွန်သော၊ ဆေးများ**

(၁) လဃုဂုဏ်=ခြောက်သွေ့သောဆေးမျိုး၊
(၂) တိက္ခဂုဏ်=သက်သောဆေးမျိုး၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၃) ဥဏှဂုဏ်=ပူသောဆေးမျိုး။
(၄) ပိသဒဂုဏ် = မစေးထမ်း၊ မပြစ် ချွဲသော ဆေးမျိုး။
(၅) သုခုမဂုဏ် = အပေါက်ရှိသမျှ၊ စိမ့်ဝင်တတ်သောဆေးမျိုး။
(၆) အာဘာဂုဏ်=ရူပါရုံ-အရောင်အဆင်းကဲလွန်သောဆေးမျိုး။
(၇) ခရဂုဏ်=ကြမ်းတမ်းသောဆေးမျိုး။ ။သု။
(၈) လဟုဂုဏ် = ကြေလွယ်-ကျက်လွယ်သော ဆေးမျိုး။ ။သု။

ဤဖော်ပြပါ ဆေးမျိုးတို့သည်၊ တေဇောဓာတ်ကဲလွန်သော-ဆေးမျိုးများ ဖြစ်သည်။ ။( ဤဂုဏ်များဖြဆိုခြင်းကို ထောက်၍ ဗိန္ဓော ဆေးကျမ်းတို့တွင် - တေဇောဓာတ်အား-အပူဓာတ်အဓိကထား၍ ယူဆကြောင်း ထင်ရှားလှပေသည်။

### ဝါယောဓာတ်ကဲလွန်သော၊ ဆေးများ

(၁) လူခဂုဏ်=ခြောက်သွေ့သောဆေးမျိုး။
(၂) ပိသဒဂုဏ်=မစေးတမ်း၊မပြစ်ချွဲသောဆေးမျိုး
(၃) လဟုဂုဏ် = ကြေလွယ်၊ ကျက်သွယ်သော ဆေးမျိုး။
(၄) ဖေါဋ္ဌဗ္ဗာရုံဂုဏ် = အတွေ့ ကောင်းသော ဆေးမျိုး။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၅) သုခုမဂုဏ် = အပေါက်ရှိသမျှ၊ စိမ့်ဝင် တတ်
သောဆေးမျိုး၊ ။သု။

(၆) သိတဂုဏ်=အေးသောဆေးမျိုး။ ။သု။

(၇) ခရဂုဏ်=ကြမ်းတမ်းသောဆေးမျိုး။ ။သု။

ဤဖော်ပြပါ ဆေးမျိုးတို့သည်၊ ဝါယော ဓာတ်ကဲလွန်သောဆေးမျိုးများဖြစ်သည်။

**အာကာသဓာတ်ကဲလွန်သောဆေးများ**

(၁) သုခုမဂုဏ် = အပေါက် ရှိသမျှ စိမ့် ဝင် တတ်
သောဆေးမျိုး။

(၂) ဝိသဒဂုဏ် = မစေး ထမ်း - မ ပြစ် ချွဲ သော
ဆေးမျိုး။

(၃) လဟုဂုဏ် = ကြေလွယ် ကျက် လွယ်သော
ဆေးမျိုး။

(၄) သဒ္ဒါရုံဂုဏ် = အသံကို ဖြစ်စေ တတ် သော
ဆေးမျိုး။

(၅) ဝိလက္ခဏဂုဏ်=မထက်သောဆေးမျိုး။

ဤဖော်ပြပါ ဆေးမျိုးတို့သည်၊ အာကာသဓာတ်ကဲလွန်သောဆေးမျိုးများဖြစ်သည်။

**ဓာတ်ကြီး(၅)ပါး၏-ဂုဏ်အကျဉ်း**

(၁) ပထဝီဆေးမျိုးသည်=ဂန္ဓာရုံဂုဏ်ရှိ၏။

(၂) အာပေါဆေးမျိုးသည်=ရသာရုံဂုဏ်ရှိ၏။

(၃) တေဇောဆေးမျိုးသည်=ရူပါရုံဂုဏ်ရှိ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၄) ဝါယောဆေးမျိုးသည်=ဖေါဋ္ဌဗ္ဗာရုံဂုဏ်ရှိ၏။
(၅) အာကာသဆေးမျိုးသည်=သဒ္ဒါရုံဂုဏ်ရှိ၏။

ဤကား - ဒဗ္ဗဂုဏ ဆေးကျမ်း အလို ဓာတ်ကြီး (၅)ပါးတို့၏ဂုဏ်အကျဉ်း ဖြစ်လေသည်။ ။ဆိုလိုရင်း အဓိပ္ပါယ်မှာ......ဆေးပဂူသမ္ဘ တို့တွင်၊ အနံ့ကောင်းက ပထဝီ၊ အရသာကောင်းက-အာပေါ။ အဆင်းကောင်း က-တေဇော။ အတွေ့အထိ - အကိုင်အတွယ် နူးညံ့က ဝါယော၊ အသံကောင်းက - အာကာသ၊ ဟူ၍ ဖြစ် လေသည်။

## ဓာတ်ကြီး(၅)ပါးဂုဏ်တို့၏အကျိုး

(၁) အာကာသဂုဏ် များသော ဆေးမျိုးသည်= ငြိမ်ဝပ်-ညီညွတ်စေတတ်၏။
(၂) ဝါယောဂုဏ် များသော ဆေးမျိုးသည်=ဝမ်း ကိုချုပ်စေတတ်၏။
(၃) တေဇောဂုဏ်များသော ဆေးမျိုးသည် = ဝမ်း မီးကိုတောက်စေတတ်၏။
(၄) ဝါယောဂုဏ် တေဇောဂုဏ်များသောဆေးမျိုး သည်=လျှကိုပိန်စေတတ်၏။
(၅) ပထဝီဂုဏ်၊ အာပေါဂုဏ်များသော ဆေးမျိုး သည်=လျှကိုဝစေတတ်၏။

ဤကား၊ ဓာတ်ကြီး(၅)ပါး ဂုဏ်တို့၏ အကျိုးကို အကျဉ်းအားဖြင့်သာ - ပြဆိုခြင်း ဖြစ်ပေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(ဝါယောဂုဏ်များသော ဆေးမျိုးသည်- ဝမ်းကို ချုပ်စေတတ်၏ဟူရာ၌၊ ခါး-ငန် တည်းဟူသော ရသာတို့ကို အဓိကမထားဘဲ အထည်ကိုယ်ဝတ္ထုတို့၏ အဆီအစေး ခေါင်းပါး ခြောက်သွေ့ခြင်း ဖြစ်သော (လူခ)ဂုဏ်ကိုသာ အဓိကထား၍ဘော်ပြထားခြင်းဖြစ်ဟန်ရှိပေသည်။

## တွဲစပ်သောဓာတ်ကြီး(၅)ပါးတို့၏ဂုဏ်အကျိုး

ပထဝီ၊ တေဇော၊ ဝါယော၊ သုံးပါးတွဲသော ဆေးသည်=လေကိုငြိမ်ဝပ်စေတတ်၏။

ပထဝီ၊ အာပေါ၊ ဝါယော၊ သုံးပါးတွဲသော ဆေးသည်=သည်းခြေကိုငြိမ်ဝပ်စေတတ်၏။

အာကာသ၊ တေဇော၊ ဝါယော၊ သုံးပါးတွဲသော ဆေးသည်=သလိပ်ကိုငြိမ်ဝပ်စေတတ်၏။

အာကာသ၊ ဝါယော၊ နှစ်ပါးတွဲသောဆေးသည်=လေကိုပွားများစေတတ်၏။

ဝထဝီ၊ တေဇော၊ နှစ်ပါး တွဲသော ဆေးသည်=သည်းခြေကိုပွားများစေတတ်၏။

ပထဝီ၊ အာပေါ၊ နှစ်ပါး တွဲသော ဆေးသည်=သလိပ်ကိုပွားများစေတတ်၏။

ဤကား၊ သုသုတ ဆေးကျမ်းအလို တွဲစပ်သော ဓာတ်ကြီး(၅)ပါးဂုဏ်တို့၏အကျိုးများဖြစ်လေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ခေတ်ကြီး (၅) ပါး ဂုဏ်တို့ကို
## အတက်-အသက်-ဝေဘန်ပုံ

ခေတ်ကြီးငါးပါးတို့တွင်- တေဇော-ဝါယောဂုဏ်ကဲလွန်သောဆေးတို့သည်၊ များသောအားဖြင့်၊ အထက်သို့ တက်တတ်သော ဆေးများဖြစ်၍။ ပထဝီ-အာပေါဂုဏ်- ကဲလွန်သော ဆေးတို့သည်၊ များသော အားဖြင့် အောက်သို့သက်တတ်သောဆေးများဖြစ်လေသည်။

သုသုတ ဆေးကျမ်း တွင်ကား၊ ပထဝီ-အာပေါဂုဏ် ကဲလွန်သော ဆေးတို့သည်၊ လေးသောကြောင့် အောက်သို့ သက်တတ်သည်၊ ထို့ကြောင့် ကြံဆ၍ သိသောညာဏ်ဖြင့်-ဝမ်းကျဆေးတို့ကို ပထဝီ-အာပေါဂုဏ် များ၏ဟု မှတ်ယူရမည်။ ။တေဇောဂုဏ်-ဝါယောဂုဏ် များသော ဆေးတို့သည်၊ ပေါ့သောကြောင့်- အထက်သို့ တက်တတ်သည်၊ ထို့ကြောင့် ကြံဆ၍ သိသောညာဏ်ဖြင့်၊ အန်ဆေးတို့ကို တေဇောဂုဏ်-ဝါယောဂုဏ်များ၏ဟု မှတ်ယူရမည် ဟူ၍ ပြဆိုလေသည်။

---

## ဝီရိယအကြောင်း

✓ ဆေး၏ကိစ္စ(၁၉)ပါးကို၊ ပြီးစီးအောင် အားထုတ်တတ်သောကြောင့်၊ ဝီရိယ ဟူ၍ ခေါ်သည်။ (ဆေး၏ကိစ္စ ဆယ့်ကိုးပါးကို ပဘာဝအကြောင်း၏အဆုံးတွင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ကြည့်ပါ။) ၎င်းဆေး၏ ကိစ္စများကို ပြီးစီးအောင် အားထုတ်တတ်သော ဝီရိယသည်၊ အမျိုးအားဖြင့် အောက်ပါအတိုင်း(၈)မျိုးရှိလေသည်။

## ဝီရိယ(၈)ပါးသရုပ်

(၁) သိတဝီရိယ=အေးခြင်းဖြင့်ပြီးစီးစေတတ်သော ဆေးမျိုး။

(၂) ဥဏှဝီရိယ=ပူခြင်းဖြင့် ပြီးစီးစေ တတ် သော ဆေးမျိုး။

(၃) သိနိဒ္ဓဝီရိယ=အဆီအစေးရှိခြင်းဖြင့်၊ ပြီးစီးစေ တတ်သောဆေးမျိုး။

(၄) လူခဝီရိယ=ခြောက်သွေ့ ခေါင်း ပါး ခြင်း ဖြင့် ပြီးစီးစေတတ်သောဆေးမျိုး။

(၅) ဂရုဝီရိယ=ကြေ ကျက် ခဲ ခြင်းဖြင့်၊ ပြီးစီးစေ တတ်သောဆေးမျိုး။

(၆) လဟုဝီရိယ=ကြေကျက်လွယ်ခြင်းဖြင့်၊ ပြီးစီး စေတတ်သောဆေးမျိုး။

(၇) မုဒုဝီရိယ=နူးညံ့ခြင်းဖြင့်၊ ပြီးစီးစေတတ်သော ဆေးမျိုး။

(၈) တိက္ခဝီရိယ=ထက်ခြင်းဖြင့်၊ ပြီး စီး စေ တတ် သောဆေးမျိုး။

ဤကား - ဆေး၏ကိစ္စတို့ကိုပြီးစီးအောင် အားထုတ် တတ်သော ဝီရိယ(၈)မျိုးဖြစ်လေသည်။ သုသယုတဆေး

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ကျမ်း၌ကား၊ ဂရု၊လဟု၊ နှစ်ပါးမပါဘဲ၊ ပိတ္တိလနှင့် ပိသဒနှစ်ပါးကိုသာထည့်သွင်းဘော်ပြထားပေသည်။

### တနည်း။ ။ဝိရိယ် (၂)မျိုး

အချို့သောဆေးကျမ်းများ၌ကား၊ဘော်ပြပါဝိရိယ (၈)မျိုးသည်၊ဂုဏ်(၂၀)တွင်ပါဝင်ပြီးဖြစ်သောကြောင့်၊ (၁) သီတဝိရိယ။ (၂) ဥဏှဝိရိယ။ဟူ၍-ဝိရိယ(၂)မျိုး သာလျှင် ရှိသင့်ကြောင်း ပြဆိုကြပေသည်။ ထိုဝိရိယ (၂)မျိုးတို့၏ အကျိုးကိုလည်း အောက် ပါ အ တိုင်း ဘော်ပြထားကြပေ၏။

### သီတဝိရိယ၏အကျိုးသွား

(၁) ချမ်းသာစေတတ်၏။
(၂) အသက်ရှည်စေတတ်၏။
(၃) ကိုယ်ခန္ဓာကိုတောင့်မာစေတတ်၏။
(၄) သွေး-သည်းခြေကိုကြည်လင်စေတတ်၏။
(၅) ကိုယ်ကို နုပျိုစေတတ်၏။ ။ဘာ။
(၆) လေနာ-သလိပ်နာကိုဖြစ်စေတတ်၏။ ။ဘာ။
(၇) သည်းခြေနာကိုနိုင်၏။ ။ဘာ။
(၈) လေသလိပ်ကိုပွားတတ်၏။ ။ဒဗ္ဗ။
(၉) ကြေကျက်ခဲ၏။ ။ဒဗ္ဗ။
(၁၀) သည်းခြေကိုပယ်တတ်၏။ ။ဒဗ္ဗ။
(၁၁) အားကိုဖြစ်စေတတ်၏။ ။ဒဗ္ဗ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤကား၊ သိတပိဠိယ၏ - အာ ကျိုး သွား များ ဖြစ်လေသည်။

## ဥဏှပိဠိယ၏အကျိုးသွား

(၁) မူးဝေစေတတ်၏။
(၂) ညှိုးနွမ်းစေတတ်၏။
(၃) ချွေးထွက်စေတတ်၏။
(၄) ပူလောင်စေတတ်၏။
(၅) လျှင်မြန်စွာကြေကျက်စေတတ်၏။
(၆) ရေငတ်စေတတ်၏။
(၇) သလိပ်နှင့်လေကို ငြိမ်ဝပ်စေတတ်၏။
(၈) သလိပ်နှင့်လေကိုဖျက်ဆီးတတ်၏။ ။သာ။
(၉) သလိပ်နှင့်လေကိုပယ်တတ်၏။ ။ဒွ။
(၁၀) သည်းခြေကိုပြုတတ်၏။ ။ဒွ။
(၁၁) ကြေလွယ်ကျက်လွယ်၏။ ။ဒွ။
(၁၂) သုက်ကိုပွားစေတတ်၏။ ။ဒွ။

ဤကား၊ ဥဏှပိဠိယ၏ အာ ကျိုး သွား များ ဖြစ်လေသည်။

**ရှင်းလင်းချက်။** ။အထက်ပါ၊ အကျိုးသွား နံပါတ် (၇) တွင်၊ သလိပ်နှင့်လေကို ငြိမ်ဝပ်စေတတ်ခြင်းဆိုရာ၌၊ အအေးကြောင့်-ခဲတွဲနေသောသလိပ်နှင့်၊ အအေးကြောင့်ပျက်စီးနေသောလေကို ငြိမ်ဝပ်စေခြင်းဖြစ်သည်ဟု၊ မှတ်ယူသင့်ပေသည်။ ။နံပါတ် (၈) တွင်၊ သလိပ်နှင့်လေကိုဖျက်ဆီးတတ်ခြင်းဆိုရာ၌၊ သလိပ်ကို ကြွသွက် ခမ်းခြောက်စေ၍

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



လေကိုပွားများစေခြင်း ဖြစ်သည်ဟု မှတ်ယူသင့်ပေသည်။ ။နံပါတ် (၉)တွင်၊ သလိပ်နှင့် လေကို ပယ်တတ် ခြင်း ဆိုရာ၌၊ သလိပ်ကို ခမ်းခြောက်ယုတ်လျော့စေ၍။အအေးကြောင့်ပွားများနေသော(လေ)ကိုငြိမ်ဝပ်စေခြင်းဖြစ်သည်ဟု၊မှတ်ယူကြရာသည်။

## ဝိရိယ(၈)ပါးကို ဓာတ်ကြီး(၅)ပါးဖြင့် ဝေဘန်ပုံ

တိက္ခဝိရိယနှင့် ဥဏှဝိရိယသည်၊ တေဇောကဲလွန်သောဆေးဖြစ်၏။

သိတဝိရိယနှင့် ဝိစ္ဆိလဝိရိယသည်၊ အာပေါကဲလွန်သောဆေးဖြစ်၏။

သိနိဒ္ဓဝိရိယသည်၊ပထဝီ-အာပေါကဲလွန်သောဆေးဖြစ်၏။

မုဒုဝိရိယသည်၊ အာပေါ-အာကာသ ကဲလွန်သောဆေးဖြစ်၏။

လူခဝိရိယသည်၊ ဝါယောကဲလွန်သောဆေးဖြစ်၏။

ဝိသဒဝိရိယသည်၊ ပထဝီ-ဝါယော ကဲလွန်သောဆေးဖြစ်၏။

ဤကား၊ သုသုတဆေးကျမ်းအလို-ဝိရိယ (၈)မျိုးတို့အား၊ ဓာတ်ကြီး(၅)ပါးဖြင့် ဝေဘန်ထားပုံဖြစ်လေသည်။

## ဝိရိယတို့၏ဒေါသ(၃)ပါးအားနိုင်ပုံ

တိက္ခဝိရိယ။ သိနိဒ္ဓဝိရိယ နှစ်မျိုးသည် = လေကိုနိုင်၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သီတပိရိယ၊ မုဒုပိရိယ၊ ပိစ္ဆိလပိရိယ-သုံးမျိုးသည်= သည်းခြေကိုနိုင်၏။

ဥဏှပိရိယ၊ လူခပိရိယ၊ ဝိသဒပိရိယ-သုံးမျိုးသည်= သလိပ်ကိုနိုင်၏။

လဟုပိရိယသည်=သလိပ်ကိုနိုင်၏။

ဂရုပိရိယသည်=လေ-သည်းခြေကိုနိုင်၏။

ဤကား၊ သုဿုတဆေးကျမ်းအလို၊ ဝိရိယ (၈)မျိုးတို့က၊ ဒေါသ(၃)ပါးအား၊ နှိမ်နင်းနိုင်ပုံဖြစ်လေသည်။

## ဝိရိယ(၈)ပါးကိုသိနိုင်သောနည်း

မုဒု၊ သီတ၊ ဥဏှ၊ သုံးမျိုးကို-တွေ့ထိခြင်းဖြင့် သိနိုင်လေသည်။

ပိစ္ဆိလ၊ ဝိသဒ၊ နှစ်မျိုးကို-မြင်ခြင်း-တွေ့ထိခြင်းဖြင့် သိနိုင်လေသည်။

သိနိဒ္ဓ၊ လူခ၊ နှစ်မျိုးကို-မြင်ခြင်းဖြင့်သိနိုင်လေသည်။

သီတ၊ ဥဏှ၊ နှစ်မျိုးကို-ချမ်းသာ-ဆင်းရဲဖြစ်ခြင်းအားဖြင့်သိနိုင်လေသည်။

ဂရုဆေးမျိုးကို၊ ဆီး-ဝမ်း-ရှင်ခြင်း၊ သလိပ်ပွားများခြင်းဖြင့် သိနိုင်လေသည်။

လဟုဆေးမျိုးကို၊ ဆီး-ဝမ်း-ချုပ်ခြင်း၊ လေပွားများခြင်းဖြင့်သိနိုင်လေသည်။

ဤကား၊ သုဿုတ ဆေးကျမ်း၌ လာသော၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မည်သည့်ဆေးမျိုးသည် မည်သို့သော ဝိရိယရှိကြောင်း သိနိုင်ရန်နည်းလမ်းဖြစ်လေသည်။

## ဝိရိယ၏ ပဓါနဖြစ်ပုံ

(၁) အချို့သော ရသာတို့သည်၊ လေကိုငြိမ်းစေတတ်သောရသာပင်ဖြစ်သော်လည်း၊ လူခ၊ လဟု၊ သီတ၊ တည်းဟူသော ဝိရိယသုံးမျိုး ရှိနေပါက၊ ထိုရသာတို့သည်၊ စင်စစ်အားဖြင့်၊ လေကိုမငြိမ်းစေနိုင်ပေ။

(၂) အချို့သောရသာတို့သည်၊ သည်းခြေပွားများခြင်းကို၊ ငြိမ်းစေတတ်သောရသာပင် ဖြစ်သော်လည်း၊ တိက္ခ၊ ဥဏှ၊ လဟု၊ တည်းဟူသောဝိရိယသုံးမျိုးရှိနေပါက၊ ထိုရသာတို့သည်များသောအားဖြင့်၊ သည်းခြေကို မငြိမ်းစေနိုင်ပေ။

(၃) အချို့သောရသာတို့သည်၊ သလိပ်ကိုငြိမ်းစေတတ်သောရသာပင် ဖြစ်သော်လည်း၊ သိနိဒ္ဓ၊ ဂရု၊ သီတ တည်းဟူသော ဝိရိယသုံးမျိုး ရှိနေပါက၊ ထိုရသာတို့သည်များသောအားဖြင့်၊ သလိပ်ကိုမငြိမ်းစေနိုင်ပေ။

---

## ပဘာဝ-အကြောင်း

ပဘာဝဆိုသည်မှာ၊ ဆေးဝါး ပစ္စည်း ဝတ္ထုတို့၏ ဓာတ်သဘာဝ-ဝိသေသ "အစွမ်းထူး" ပင် ဖြစ်သည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ရင်း''အစွမ်းထူး''ကိုပင် ''သတ္တိ''ဟူ၍လည်း ခေါ်ဆိုကြပေသေးသည်။

အချို့သော ဆေးဝါး-ပစ္စည်းဝတ္ထုတို့သည်၊ ရသ၊ ဝိပါက၊ ဂုဏ်၊ ဝီရိယ၊ တို့ တူညီကြပါလျက်၊ အမှုကိစ္စ ထူးခြားကြပေ၏။ ထိုသို့ အမှုကိစ္စ ထူးခြားရခြင်းမှာ အစွမ်း၏ထူးခြားမှုကြောင့်ပင် ဖြစ်ပေသည်။ ဤအစွမ်းထူးသည်၊ တန်ခိုးအာရာသာဖြစ်၍၊ မကြံစည်နိုင်၊ မကြံစီကောင်းပေ၊ ဓမ္မတာသဘောဟူ၍သာ မှတ်ယူပြီးလျှင်၊ ဤဆေးသည် - ဤအနာကို ပျောက်စေ တတ် သည်ဟု လက်တွေ့သဘောကိုသာ၊မှတ်သားထားကြရာ၏။

## ဉပမာ

နှင်းချို-နှင့်-ကန့်ချုပ်နီသည်၊ ရသာစ သည့် တို့တူညီကြပါလျက်၊ အစွမ်းထူး၏ မတူညီခြင်းတို့ကြောင့်၊နှင်းချို-သည်-ဝမ်းသက်၍၊ကန့်ချုပ်နီမှာမူ ဝမ်းချုပ်လေသည်။

သပျက်သီးနှင့်-သစ်မယ်ဇယ်သီးတို့သည်၊ ရသာစသည်တို့ တူကြပါလျက်၊ အစွမ်းထူးခြင်း၏ မတူမှုကြောင့်၊ သပုက်သီးသည်၊ ဝမ်းသက်၍၊ သစ်မယ်ဇယ်သီးမှာမူ၊ ဝမ်းချုပ် လေသည်။ ။( ဟင်းချက်စားသော သပုက်ကိုယူပါ )

**မှတ်ချက်။** ။ပဒိုင်းသီး၏-ရူးစေတတ်ခြင်း၊ ပလောင်သော၊ မျှားဆိပ်၊ ငါးပူတင်းသည်းခြေစသည်တို့၏ -လူကိုသေစေတတ်ခြင်း။ ပြဒါး၊ သံ၊ ရွှေ၊ တို့၏-အသက်ကို ရှည်စေတတ်ခြင်း။ စိန်-ချိုးသီး-တို့၏ နူနာရောဂါကို ပြောက်စေတတ်ခြင်း။ငှက်တ်၏ဝမ်းလျှောစေတတ်ခြင်း။ ဘိန်းဆေးကြောက်တို့၏ မူးမေ့စေတတ်ခြင်း။ အစရှိသည်တို့သည်၊ ပဘာဝခေါ်-အစွမ်းထူးများပင်-ဖြစ်ကြလေသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ပဘာဝ (၂၆) မျိုး

(၁) **ဒီပနသတ္တိ**=အစာကြေခဲ၍၊ ဝမ်းမီးကိုတောက်စေတတ်သော ဆေးမျိုး။ ။ထောပတ်မျိုး၊ ဆီမျိုး၊ အဆီမျိုး၊ ခြင်ဆီမျိုး။ အုပ်ရှစ်သီး၊ ဒူးရင်းသီး၊ ဇာဒိပ္ပိုလ်သီး၊ အစရှိသည်များဟုယူဆသည်။

(၂) **ပါစနသတ္တိ** = အစာကို ကြေစေ၍၊ ဝမ်းမီးမတောက်သောဆေးမျိုး။ ။တရုပ်စကား၊ တမာ၊ ကြက်ဟင်းခါးရွက်၊ ကြောင်လျှာ၊ ချွေးတောက်၊ အစရှိသည်များဟုယူဆသည်။

(၃) **သမနသတ္တိ**=ဒေါသတို့ကို၊ အပြင်သို့ မထုတ်ဘဲ၊ အတွင်း၌ပင်၊ ပြေပျောက်စေတတ်သော ဆေးမျိုး။ ဆင်တုံးမနွယ်၊ ငရုပ်ကောင်း၊ ပိတ်ချင်းမြစ်၊ ချင်း၊ ကန့်ချုပ်နီ၊ စရိ၊ ပိတ်ချင်းသီး၊ အုပ်ရှစ်၊ ကြောင်လျှာ၊ အစရှိသည်များဟု ယူဆသည်။

(၄) **အနုလောမနသတ္တိ**=မကျက်သော-ဒေါသတို့ကို ကျက်စေ၍၊ လေပိတ် ဆီးခြင်းကို ပယ်ဖျောက်ပြီး လျှင်၊ သလိပ်၊ သည်းခြေ၊ စသော-ဒေါသ-မလ-တို့ကို၊ အောက်သို့ ထွက်စေတတ်သော ဆေးမျိုး။ ။သဖန်းခါး၊ ကျဇုသီး၊ ဆေးပုလဲ၊ ဆူးခေါက်နက်၊ သက်ရင်း၊ စသည်များဟု ယူဆသည်။

(၅) **သံသနသတ္တိ**=ကျက်အပ်သော ဝတ္ထုတို့ကို မကျက်စေဘဲ၊ အူတွင်း၌ရှိသော-ကျင်ကြီး၊သလိပ်စသည်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



တို့ကို၊ ရစ်၍နှာစေပြီး၊ အောက်သို့ နှင်ထုတ် တတ်သော ဆေးမျိုး။ ။ငုသီး၊ ငုရွက်၊ ပွေးကိုင်း၊ သဘော်ာမဲစေ့ လီ၊ စသည်များဟု ယူဆသည်၊

(၆) **ဘေဒနသတ္တိ** = ဒေါသ၊ မလတို့ကို - ခွဲဖျက် ဖေါက်ထွင်း၍၊ အောက်သို့ နှင်ထုတ် တတ်သော ဆေးမျိုး။ ။မုတ်၊ ရှိန်းဂို၊ နွားကျင်ငယ်၊ စသည်များဟုယူဆသည်။

(၇) **ဝိရေစနသတ္တိ** = ကျင်ကြီးစသော အညစ်အကြေးတို့ကို၊ အရည် ဖြစ်စေ၍၊ အောက်သို့ နှင်ထုတ် တတ်သောဆေးမျိုး။ ။မဟာဂေါ၊ ကနုဒို၊ နှပ်ချို၊ သပျက်ဆံ၊ ကြီဟင်း၊ စသည်များဟု ယူဆသည်။

(၈) **ဝမနသတ္တိ**=အစာကိုဖြစ်စေ၊ ဒေါသကိုဖြစ်စေ၊ အထက်သို့ မြို့အန်စေတတ်သော ဆေးမျိုး။ ။ဒုတ္တာ၊ ကြေး၊ တစွက်မြစ်၊ မရိုးစေး၊ စသည်များဟုယူဆသည်။

(၉) **သံသောဓနသတ္တိ**=ဒေါသ မလ-စသည်တို့ကို အောက်-အထက်-နှစ်ဘက်သို့၊ ဆန်တက်-သက်ဆင်းစေ တတ်သောဆေးမျိုး။ ။ကျားမနိုင်၊ သပွတ်ခါး၊ လက်ဝဲကန့်ဘိုက်၊ စသည်များဟု ယူဆသည်။

(၁၀) **ဂါဟီသတ္တိ**=ဝမ်းပျီးလွန်သဖြင့်၊ ဝမ်းတွင်း၌ ရှိသော အရည်တို့ခမ်းခြောက်သောကြောင့်၊ ကျင်ကြီးကို ချုပ်စေတတ်သော ဆေးမျိုး။ ။ငရုပ်ကောင်း၊ ပိတ်ချင်းကြီး၊ ကန့်ချုပ်နီ၊ နနွင်း၊ စသည်များဟုယူဆသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁၁) **ထမ္ဘနသတ္တိ**=ဝမ်းမီးမတောက်ဘဲ၊ လေကို သာပွားစေ၍ ချုပ်ခိုင်စေတတ်သော ဆေးမျိုး။ ။ပဒ္မကာနီသီး၊ လက်ထုပ်ခေါက်၊ စသည်များဟု ယူဆသည်။

(၁၂) **ဆောဒနသတ္တိ**=အူတွင်း၌ ကပ်ငြိနေသော သလိပ်စသည်တို့၏ အမြစ်ကို၊ ပယ်ဖြတ်တတ်သော ဆေးမျိုး။ ။မှတ်၊ တချပ်စကားမြစ်၊ ခတက်သား၊ ပဒိုင်းသား၊ ဆေးရွက်ကြီးပျော့သား၊ စသည် များဟု ယူဆသည်။

(၁၃) **လေခနသတ္တိ**=ကိုယ်တွင်း၌ရှိသော၊ ဒေါသ စသည်တို့ကို၊ ခြောက်သွေ့စေ၍၊ လူကိုပိန်စေတတ်သော ဆေးမျိုး။ ။ပဒဲဂေါ်၊ လင်းနေ၊ လက်ထုပ်၊ ကြောင်လျှာ၊ ခတက် စသည်များဟု ယူဆသည်။

(၁၄) **ဝါဇီကရဏသတ္တိ**=အင်္ဂါ ဓာတ် ကြောကို ထကြွစေတတ်သော ဆေးမျိုး။ ။ဇဟာသကိုင်၊ ရှင့်မနက်ကြီး-ငယ်၊ ခပေါင်းရေကြည်၊ ဆေးခါးကြီး၊ ပန်းဦး၊ ဘုမ္မရာဇာ၊ နှမ်းလုံးကြိုင်၊ ကတိုး၊ သုံးလေး၊ ကျည်းသီးဆံ၊ မရိုးမြစ်စသည်များဟု ယူဆသည်။

(၁၅) **သုက္ကလသတ္တိ**=သုက်ကို ပွားများစေ တတ်သောဆေးမျိုး။ ။ချိုးသီး၊ ငှက်ပျောသီး၊ ထောပတ်၊ နွားနို့၊ သကြား၊ ဇာဒိပ္ပိုလ်သီး၊ ရှိန်းဂို၊ ကြက်ဥ၊ ဘဲဥ၊ စသည်များ။ ။မိန်းမတို့၌၊ ဆင်ခရမ်းသီး၊ ခရမ်းကသော့သီး စသည်များဟု ယူဆသည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁၆) **ရသာယနသတ္တိ**=ရင့်ရော်ဆွေးမြေ့စေတတ်သော၊ တေဇော ဓာတ်ကို ထားမြဲစေ၍ ရောဂါ ဝေးနာ ကင်းရှင်းကာ၊ အသက်ရှည်စေတတ်သော ဆေးမျိုး။ ။ကျဖုသီး၊ ဆီးဖြူသီး။ သစ်ဆိမ့်သီး။ ချိုးသီး။ ငါးကြီး အံဘတ်။ ဂေါရောစဉ်း။ ငှက်သိုက်၊ ဂုံဂမံ၊ ကြို့သွေး၊ ကျောက်သွေး။ ပြဒါး။ သံ။ ရွှေ။ အဖြိုက်နက်။ ကန့်၊ ဆေးဒါန်း စသည်များဟု ယူဆသည်။

(၁၇) **ဗျာဝါဟိသတ္တိ**=စားသောက် သုံးဆောင်မိ သည်နှင့် တပြိုင်နက်၊ တကိုယ်လုံး ပျံ့နှံ့၍၊ ကိုယ်တွင်းနှ-ပူလောင် ခြောက်သွေ့ခြင်းကို ဖြစ်စေတတ်သော ဆေး မျိုး။ ။မြွေဆိပ်-ကင်းဆိပ်၊ မျှားဆိပ်၊ ပလောင်သေ၊ ရေနံဆီ၊ စသည် အဆိပ်များဟုယူဆသည်။

(၁၈) **ဝိကာသီသတ္တိ**=အရိုးဆက်တို့ကို ပျော့စေ၍ ဓာတ်တို့ကို ခမ်းခြောက်စေခြင်း။ မူးယစ်ခြင်းတို့ကိုဖြစ် စေတတ်သော ဆေးမျိုး။ ။ကွမ်းသီး၊ လက်ခုပ်ဆံ၊ စသည်များဟု ယူဆသည်။

(၁၉) **မာဒကသတ္တိ**=ညာဏ်ပညာကိုပျက်စေခြင်း သတိ ချွတ်ယွင်း စေတတ်ခြင်း၊ မူးဝေခြင်း၊ ရဲရင့်ခြင်း။ ဝမ်းမီးတောက်ခြင်းများကို ဖြစ်စေတတ်သောဆေးမျိုး။ ဘိန်းဆေး။ အရက်စသည်များဟု ယူဆသည်။ ။အဆိပ် သည်ကား၊ ဗျာဝါဟိလည်း မည်၏။ ဝိကာသီလည်း မည်၏။ မာဒကလည်းမည်၏။ အနည်းငယ်ကိုပေးလျှင်၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



အနာမျိုးကိုနိုင်၍၊ ဝမ်းမီးတောက် စေတတ်သည်၊ များ လျင်သေတတ်သည်။

(၂၀) **ပမာတီသတ္တိ**=သွေး-လေ-သွားရာလမ်းတို့၌ ရှိသော၊ ဒေါသ-အညစ်အကြေးများကို၊ ချေးနှပ်-မျက်ရည်-စသည်ဖြစ်၍၊ ထွက်စေတတ်သောဆေးမျိုး။ ။ငရုပ်ကောင်း၊ ငရုပ်သီး၊ လင်းနေ့၊ ပဒဲကော၊ ချေးထုပ်ဆေး စသည်များဟု ယူဆသည်။

(၂၁) **အဘိသန္ဒိသတ္တိ**=ဖြစ်ချွဲ-ကြွဲသောကြောင့်၊ သွေးကြော-လေကြောတို့ကို၊ လေးစေ ပိတ်စေ တတ်သောဆေးမျိုး။ ။နွားနို့ကျက်၊ ငါးသလောက်၊ ဖွတ်ဥ၊ လိပ်ဥ၊ စသည်များဟုယူဆသည်။

(၂၂) **ဝသီကရဏသတ္တိ**=သူတပါးတို့ ချစ်ခင်စေတတ်သော၊ အနုဥယ ဆေးမျိုး။ မြတ်စွာဘုရား၊ သက်တော်ထင်ရှား ရှိစဉ် တွင်၊ ရဟန်းတပါးကို၊ မိန်းမ တယောက်က၊ ချစ်ကြိုက်အောင် ဆေးစပ်၍ ပေးရာ၊ ထိုရဟန်း-တွေ ဝေမေ့လျော့ သောကြောင့်၊ ထယ်သွား၍ ကပ်သောမြေဆိုင်ခဲကို၊ ရေစိမ်၍တိုက်စေသဖြင့်၊ အနာမှ ပျောက်သည်ဟု - ဝိနည်းမဟာဝါ ပါဠိ တော်တွင် လာသည်။

(၂၃) **ဥမ္မာဒနသတ္တိ**=ရူးသွပ်စေတတ်သော ဆေးမျိုး။ ။ပဒိုင်းသီးစသည်များဟုယူဆသည်။

(၂၄) **မောဟနသတ္တိ**=မေ့လျော့ ထိုင်းမှိုင်း စေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



တတ်သောဆေးမျိုး၊ မှိုကွန်ချာ၊ ပလောင်သေနက်အမြစ်၊ တောင်ကြာဥ၊ စသည်များဟုယူဆသည်။

(၂၅) **တာပနသတ္တိ** = ကိုယ်တွင်း-ကိုယ်ပ၌၊ ပူလောင်လူးလှဲစေတတ်သောဆေးမျိုး ဓာတ်ဆီ၊ ရေနံဆီ၊ စိန်၊ ဆီမီးတောက် စသည်များဟုယူဆသည်။

(၂၆) **ထမ္ဘနသတ္တိ**=အာစေးထည့်သောဆေးမျိုး၊ ဖုသျှနက္ခတ်နှင့် စန်းယှဉ်သောအခါ နုတ်ယူ၍၊ ဆောင်အပ်သော-တောကြက်မောက်စသည်များ။

ဤကား ပဘာဝ-ခေါ် အစွမ်းထူး( ၂၆ )မျိုးဖြစ်သည်။ ၎င်းပဘာဝ(၂၆)မျိုးကို ဘေသဇ္ဇမဉ္ဇူသာကျမ်းတွင် မဖေါ်ပြသော်လည်း၊ ကြည့်ရှုမှတ်သားသင့်သည်အားလျော်စွာ၊ ဒဗ္ဗဂုဏဆေးကျမ်းကြီးတွင် လာသည့်အတိုင်း ဖေါ်ပြလိုက်ခြင်း ဖြစ်သည်။

ကျက်ရန်။ ။ဘယဆေးဟု။ မည်ပေးသည်သာ။ ခေါ်ဆိုရာသား။ ပစ္စည်းများတွင်။ မှို-ငြား-တည်လာ၊ ဂုဏ်-ရသာနှင့်။ ဝိပါက-ရိုး။ ဤခလေးမျိုးထက်။ တန်ခိုးကဲလှ။ ပဘာဝကို။ အကျဉ်းဆိုမည်။ ယူသို-စိတ်ထဲ။ နုတ်ဝယ်-စွဲလေ့။ ကြောဘဲအစာ။ မီးတောက်လာက။ ခေါ်ပါဒီပ။ ပါစနမှု။ စာကြေယူလို့၊ ဒေါသတို့ကို။ ပြင်သို့မထုတ်။ တွင်းမှာသုတ်သင်။ ခေါ်တွင်သမ။ လောမနမှာ။ ထုတ်ရအောက်သို့။ ရစ်လို့နာစေ။ သံသေတဝ။ ဘေဒနကား။ ခွဲပ-ဖေါက်ထွင်း။ အောက်ဆင်း-အရေ။ ဝိရေစနပြု။ အန်ကမှု။ ဝမနယူ၏။ ထက်ဆူအောက်ဘက်။ အန်၍သက်လျော့။ သံသောဓန။ ခမ်းကအရည်။ ဂါဟီအမျိုး။ **လေတိုးချုပ်မှု။** ထမ္ဘနဟု။ သေမှဖြတ်ပယ်။ ခေါ်ဘွယ်ဆေဒ။ လေခနမှာ။ ပိန်ရခြောက်စေ။ ကြောတွေထကြွ။ သံဝါသကို။ များစွဖြစ်ပြီ။ ဝါဇီကရဏ။ သုက္ကလကို။ သုက်ပွား

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဆိုး၏။လူအိုစေမှု၊ တေဇောစုကို။ တားပြုဆေးမှာ။ ရသာယန။ စားက
သုံးဆောင်။ကိုယ်လုံးလောင်မြို။ ဖျာဝါပါ-တည့်။မတည်ပညာ။ပျက်စေ
ပ၍။ ချို့ကာအမှတ် ရဲရင့်တတ်ပေ။ မီးတောက်လေမှ။ မာဒကတည့်။
ရှိသည့်ညစ်ကြေး။ ထွက်ပြေးစေသည်။ပဘောတီ-ဟိတ်။ အကြောပိတ်က။
အဘိသန္ဒိ။ခေါ်ဆိုမည်၏။ ဝသီကရဏ။ ဆေးဟူမှုမှာ။ မြင်ရချစ်ခင်။
အနုဝင်ကုန်။ ဥမ္မာဒန။ စားကလူရူး။ သတ္တိထူးပေ။ မေ့လျော့စေက။
မောဟနဆောင်။ တွင်းပ လောင်မှ။ တာပန-တည့်။အာဓေးထည့်သို့။
ဖြစ်သည့်ဆေးမှန်။ယူပြန်-ထမ္ဘန။ခေါ်ဆိုကြ၏။ ဟောပြခဲ့ပေ။သတ္တိတွေ
ကား။တွက်ရေ-ရကောင်း။ နှစ်ဆယ့်ခြောက်တည့်။ မပျောက်မကွယ်။
မေ့မလွယ်အောင်။မှတ်ဖွယ်ကျဉ်းရုံး။လင်္ကာကုံးသည်။ယူသုံးနောင်လာ
လွယ်ကြောင်းတည်း။

## ဆေး၏သဘော ( ၅ ) မျိုးတို့ကိုဝေဘန်ပြခြင်း

အထက်တွင် ဟောပြခဲ့သည့် အတိုင်း၊ ဆေးဝါး ပစ္စည်းဝတ္ထုဟူသမျှတို့တွင်၊ ရသ၊ ဝိပါက၊ ဂုဏ်၊ ဝီရိယ၊ ပဘာဝ။ ဟူ၍-သဘောအားဖြင့် (၅)မျိုး ရှိရာ၊ အချို့သောဆေးတို့သည်၊ ဆေး၏ကိစ္စ(၁၉)ပါးမှ အကောင်းဖြစ်သောကိစ္စ၊ အဆိုးဖြစ်သောကိစ္စတို့ကို ရသာအားဖြင့် ပြီးစီးစေ၏၊ အချို့သောဆေးတို့သည်၊ ဝိပါကအားဖြင့် သာပြီးစီးစေ၏၊ အချို့သောဆေးတို့သည်၊ ဂုဏ်အားဖြင့် ၎င်း၊ အချို့သော ဆေးတို့သည်၊ ဝီရိယအားဖြင့်၎င်း၊ အချို့သောဆေးတို့သည်၊ ပဘာဝအားဖြင့်၎င်း၊ အသီးသီး ပြီးစီးကြစေပေ၏။

ထိုသို့ ပြီးစီးစေသည်ဟု ဆိုသော်လည်း၊ အားကြီးရာကသာ-ပြီးစီးစေသည်ဟု မှတ်ယူရမည်၊ အကယ်၍

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ကား - တစုံတခုသော ဆေးပစ္စည်းဝတ္ထုတွင်၊ ရသာသည်အားကြီးပါက၊ ကြွင်းလေးပါးကို ဘိစီးလွှမ်းမိုး၍ ရသာကသာလျှင် - ကောင်းကျိုး - မကောင်းကျိုးကို ဖြစ်စေပေ၏ ။ထို့အတူ-ဝိပါကသည် ပိုမိုအားကြီးမူ၊ အားသေးသော ကြွင်းလေးပါးကို ဘိစီး လွှမ်းမိုး၍၊ ဝိပါကသည်သာလျှင် - ကောင်းကျိုး-မကောင်းကျိုးကို ဖြစ်စေပေ၏။ ဤနည်းအတူပင်၊ ဆေး၏သဘော(၅)မျိုးတို့သည်၊ အားကြီးရာက - ကြွင်း (၄) မျိုးကို ဘိစီးလွှမ်းမိုး၍၊ ကောင်းကျိုး-မကောင်းကျိုးတို့ကို ဖြစ်စေပေ၏။

သို့သော် ထိုရသာစသော - သဘော(၅)မျိုးတို့သည် အားခြင်းတူညီ၍နေခဲ့ပါလျှင်၊ ရသာကို-ဝိပါက-ကပယ်နိုင်သည်၊ ဝိပါကကို ဂုဏ်ကပယ်နိုင်သည်။ ဂုဏ်ကို ဝီရိယက ပယ်နိုင်သည်။ ဝီရိယကို-ပဘာဝက ပယ်နိုင်သည် ဟူ၍ မှတ်ယူကြရာ၏။

### သုသုတကျမ်းလာ၊ ဆေး၏ကိစ္စ (၁၉) ပါး

(၁) တက်ခြင်း။
(၂) သက်ခြင်း။
(၃) အန့်ခြင်း။
(၄) ဝမ်းကျခြင်း။
(၅) ငြိမ်ဝပ်ခြင်း။
(၆) ဝမ်းချုပ်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၇) ဝမ်းမီးတောက်ခြင်း၊
(၈) နှိပ်စက်ခြင်း၊
(၉) ပိန်ကြုံခြင်း။
(၁၀) ဆူဖြိုးခြင်း။
(၁၁) အသက်ရှည်ခြင်း။
(၁၂) သုက်ပွားခြင်း။
(၁၃) ဖေါရောင်ခြင်း။
(၁၄) ကြေပျက်ခြင်း၊
(၁၅) ပူလောင်ခြင်း၊
(၁၆) ခွဲဝေခြင်း။
(၁၇) ရှင်လန်းခြင်း။
(၁၈) အသက်သေခြင်း၊
(၁၉) အဆိပ်ငြိမ်းခြင်း၊

ဤကား၊ဆေး၏ကိစ္စ(၁၉)ပါးဖြစ်ပေ၏။

---

### ဆေးကုရာ၌၊ ဆင်ခြင်ရန်(၁၁)ပါး အကြောင်း။

(၁) ကာလ = အခါကာလ။
(၂) ဒေသ = အရပ်ဒေသ။
(၃) ဝယ = အရွယ်။
(၄) ဒေဟ = ကိုယ်ကာယ။
(၅) ဗလ = ခွန်အား။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၆) သတ္တ = သတ္တုဂုဏ်။
(၇) အဂ္ဂိ = ဝမ်းမီး။
(၈) ဘေသဇ္ဇ = ဆေး။
(၉) သာတ္မျ = နေ့စဉ် စားသော၊ ထမင်းဟင်း စသည်များ၊
(၁၀) ပကတိ = ကဲလွန်ခြင်း။
(၁၁) ဗျာဓိ = အနာ။

ဤကား၊ ဆေးကုသရာ၌၊ ဆင်ခြင်ရန်(၁၁)ပါးဖြစ်လေသည်။

✓ ကျက်ရန်။ ။ကာလ-ဒေသ။ ရွယ်-ဝယနှင့်။ ဒေဟ - သုံးပါး။ ခွန်အား တဖြာ။ ဂုဏ်မှာ-သတ္တ။ ပါစက-မီး။ ဆေး-လည်း-သာတ္မျ။ တဖုံ-ပကတိ။နာ-ဗျာဓိထား။ဆယ့်တပါးကို။ သမားဟူလျှင်။မကုခင်က ဆင်ခြင်ကြစေ မိန့်ခဲ့လေသည်။ကျမ်းရှေ့ဘေသဇ္ဇမဉ္ဇူတည်း။

## (၁) ကာလ-ခေါ်၊အခါကာလအကြောင်း

အခါကာလတို့သည်-အကျဉ်းအားဖြင့်—

(၁) ဥတ္တရာယဉ်ကာလ။
(၂) ဒက္ခိဏာယဉ်ကာလ။

ဟူ၍ နှစ်ပါးရှိလေသည်။ထိုနှစ်ပါးတို့တွင်......

(၁) ဥတ္တရာယဉ်ကာလဆိုသည်မှာ။ ။နေမင်း မြောက်အရပ်သို့ သွားသော ကာလ ဖြစ်သည်၊ ၎င်း ကာလသည်၊ပြာသိုလ်လပြည့်ကျော်တရက်နေ့မှ၊ ဝါဆို

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



လပြည့်နေ့ အထိ၊ ခြောက်လ တိုင် တိုင် ဖြစ် သည်၊ ၎င်း ခြောက်လ၌ သိသိရ၊ ဝသန္တ၊ ဂိမှ၊ ဟူသော ရတု သုံးပါးတို့ ဖြစ်ပေါ် ကြကုန်သည်။ ၎င်းဥတ္တရာယဉ် ကာ လ တွင်၊ နေ ပူ ရှိန် နှင့်၊ တောင် လေ တို့ သည်၊ မြေကြီး၌ဖြစ်ကုန်သော၊ ကောင်းမြတ်ချမ်းမြေ့ သည့်ဂုဏ်တို့ကို ဖျက်ဆီးကြကုန်သဖြင့်၊ အခါး၊ အဖန်၊ အစပ်၊ ရသာသုံးပါးတို့သာ၊ အားရှိကြပေသည်။ ထိုသို့ အလွန်ပူခြင်း၊ အလွန်ခြောက်သွေ့ခြင်းတို့ဖြင့်၊ သတ္တဝါ တို့၏ အားကို နေ့စဉ်မပြတ် စုတ်ယူဘိသကဲ့သို့ ဖြစ် သော ကြောင့် လည်း၊ ထို ဥတ္တရာယဉ် ကာ လကို 'အာဒါနကာလ' ဟူ၍လည်း ခေါ်ဆိုကြလေသည်။

(၂) **ဒက္ခိဏာယာဉ်ကာလဆိုသည်မှာ၊** ။နေမင်း တောင်အရပ်သို့သွားသောကာလဖြစ်သည်။ ၎င်းကာလ သည်၊ ဝါဆိုလပြည့်ကျော်တရက်နေ့မှ၊ ပြာသိုလပြည့် နေ့အထိ၊ ခြောက်လတိုင်တိုင်ဖြစ်သည်။ ၎င်းခြောက်လ၌ ဝဿာန၊ သရဒ၊ ဟေမ၊ ဟူသောရတုသုံးပါးတို့ ဖြစ်ပေါ် လာကြကုန်၏၊ ၎င်းဒက္ခိဏာယာဉ် ကာ လ တွင်၊ မိုးယ်း ရွာ ခြင်း၊ လေ အေး တိုက် ခြင်း တို့ ဖြင့်၊ မြေ အပြင်တွင် အပူ ငြိမ်းကုန်၏၊ နေသည်လည်း အား ဆုတ်ယုတ်၏။ ထို့ကြောင့် အချို-အချဉ်-အငန်-ရသာ သုံးပါးနှင့်တကွ၊ သိနိဒ္ဓဂုဏ်တို့ အားရှိကြလေသည်။ ထိုသို့၊ အေးချမ်းခြင်း၊ မိုး၊ ယ်းရွာခြင်း၊ လေအေးတိုက်ခြင်း၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



တို့ဖြင့်၊ သတ္တဝါတို့၏အားကို၊ ပြန်လည်စွန့်သွတ်သကဲ့သို့ ဖြစ်သော ကြောင့် လည်း ဒက္ခိဏာယာဉ် ကာလကို ''ဝိသဂ္ဂကာလ''ဟူ၍-ခေါ်ဆိုကြလေသည်။

(ရာသီခြောက်ပါးတို့တွင်လည်း၊ ဟေမန္တရာသီနှင့်၊ သိသိရ-ရာသီတွင်၊ လူတို့အားလွန်ကဲသည်။ ဝသန္တရာသီနှင့်၊ ဂိမှရာသီတွင်-လူတို့အားနည်းပါးသည်။ သရဒရာသီနှင့်၊ ဝဿာနရာသီတွင်ကား၊ လူတို့အားအလယ်ရှိကြသည် ဟူ၍-စရကကျမ်းတွင်ဖော်ပြပေသည်။)

## (၂)ဒေသ-ခေါ်၊အရပ်ဒေသအကြောင်း

ကောင်းကင်၌ အရှေ့နှင့်-အနောက်၊ တောင်နှင့်-မြောက်၊ မိုးစွန်းကုတ်ကုတ် အဆုံးတိုင်အောင် ကြည့်လျှင် ဒယ်အိုးကို မှောက်ထားသကဲ့သို့သော၊ စက်ဝန်းကိုတွေ့ လိမ့်မည်။ ထိုစက်ဝန်းကို အရှေ့နှင့်-အနောက်၊ အလည် တည့်တည့်မှနေ၍မျဉ်းသားပါ။ ၎င်းမျဉ်းသည်၊ အလည် ဗဟိုရ်တွင်ရှိသောကြောင့်၊ မဇ္ဈေမျဉ်းတန်းဟုခေါ်သည်။ နေမင်းသည်- ထိုမဇ္ဈေမျဉ်းတန်းမှ- တောင်ဘက်သို့- ၂၃-၁/၂ အသီ၊ မြောက်ဘက်သို့-၂၃-၁/၂ အသီ သွား သောကြောင့်၊ ပေါင်းလိုက်လျှင်(၄၇)အသီသော၊ နေမင်း သွားသည်ဟု-မှတ်ယူပါလေ။

တအသီလျှင်- မြေပေါ်၌(၃၅)တိုင်ခန့်ရှိရာ၊ (၄၇) အသီ ဆိုသောကြောင့် - တိုင်ပေါင်း(၁၆၄၅)တိုင်ခန့် ဖြစ်လေသည်။ ထို(၁၆၄၅)တိုင်ခန့်သော အရပ်ဒေသ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



တို့သည်၊ နေအောက်တည့်တည့်ကျသော အရပ်ဒေသ ဖြစ်သဖြင့်၊ ပူပြင်းလှသောကြောင့်၊ (ဥဏှကတိဗန္ဓ) အပူပိုင်း အရပ်ဒေသဟုခေါ်သည်။

ထိုတောင်ဘက်-နေရောက်သောအစွန်မှနေ၍၊ ၂၃-½-အံသာခရီးသည့်ဝုင်း၊ မြောက်ဘက် နေရောက်သော အစွန်းမှ နေ၍ - ၂၃-½ - အံသာခရီးသည့်ဝုင်း၊ နေနှင့် မနီးမဝေးကျသောကြောင့်၊ အပူအအေး ညီမျှသဖြင့်၊ (သမကတိဗန္ဓ)သမပိုင်း အရပ်ဒေသဟုခေါ်သည်။ ။ (မြန်မာပြည်၌- ကသာမြို့၏အောက်ဘက်သည်၊ အပူပိုင်း တွင်ကျရောက်၍၊ ကသာမြို့၏အထက်ဘက်မှာ- သမပိုင်း တွင်ကျရောက်လေသည်။)

ထို-သမပိုင်း- အရပ်မှနေ၍- တောင်ဘက် အစွန်း၊ မြောက်ဘက်အစွန်း တို့သည်ကား၊ နေနှင့်လွန်စွာဝေး သောကြောင့်၊ အအေးပြင်းထန်သောအရပ်ဖြစ်သဖြင့် (သီတကတိဗန္ဓ)အအေးပိုင်း အရပ်ဒေသဟုခေါ်သည်။ ဤသို့အားဖြင့်-အရပ်ကြီးသုံးပါးဟူ၍၊အကြမ်းအားဖြင့် ဖြစ်ပေါ်လာရပေ၏။

(စက်ဝန်းတခုသည်၊ အံသာ(၃၆၀)ရှိ၏၊ တအံသာ လျှင်-လိတ္တာခြောက်ဆယ်၊ အံသာသုံးဆယ်ကို-တရာသီ ဟု-ခေါ်သည်။ ။အံသာဆိုသည်မှာ- ရက်ကိုခေါ်၍၊ လိတ္တာဆိုသည်မှာ-နာရီကိုခေါ်သည်။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ဒေသငယ် (၃) မျိုး

အထက်ဆော်ပြပါ ဒေသကြီးသုံးပါးတို့တွင်၊ အာနူပိုင်းအရပ်ဒေသသည်၊ အမြဲ စွန်းကျရောက်နေ၍ ရေခဲကာ [illegible]ရသာ ဖြစ်လေသည်။ ပူသောအပိုင်း ဟူ၍ လုံးဝမရှိတော့ချေ။ ။ကျန်သောအာနူပိုင်းနှင့်-သမပိုင်း အရပ်ဒေသကြီး နှစ်ခုတို့တွင်မူကား၊ အာနူပိုင်းဟု ဆိုသော်လည်း၊ တစိတ်တဒေသ အေးသော အရပ်များ များရှိ၍၊ သမပိုင်း တွင်လည်း၊ တစိတ် တဒေသ ပူသောအရပ်များရှိနေပေသေးသည်။ သို့ဖြစ်၍၊ ထိုအရပ်ကြီးနှစ်ခုအတွင်းရှိ-ဥတုသဘာဝမတူသော ဒေသများကို-ထပ်မံခွဲခြားပြန်ပါက—၊

(၁) ဇင်္ဂလအရပ်၊
(၂) နောပကအရပ်၊
(၃) သာဓာရဏအရပ်၊

ဟူ၍—အရပ်ဒေသကလေး(၃)ပါး ဖြစ်ပေါ်လာပြန်ပေသေးသည်။ ထိုဒေသကလေး(၃)ပါးတို့အနက်၊

(၁) **ဇင်္ဂလအရပ်ဆိုသည်မှာ။** ။ကုန်းလွင်နေပူခံကျသော၊ မိုးယဉ်းခေါင် ရေရှား အရပ်မျိုးကို ခေါ်သည်။ ၎င်းအရပ်တွင်၊ လူတို့(လေ)အားကြီးကုန်၏၊ ဥဏှဂုဏ်ရှိသော၊ သစ်ပင်သီးနှံ၊ တိရစ္ဆာန်တို့ ပေါများကြကုန်၏။ (၎င်းအရပ်သည်-ဥတုအားဖြင့်၊ နွေဥတုနှင့် သဘောတူသည်။)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၂) **နောပကအရစ်ဆိုသည်မှာ၊** ၊ရွှံ့,ညွှံ့,ရေအိုင်၊ချောင်းမြောင်းပေါများသော၊ မြစ်ဝကျွန်းပေါ်လို အရပ်မျိုးကိုခေါ်သည်၊ ၎င်းအရပ်တွင်၊ လူတို့သလိပ် အားကြီးကုန်၏။သိတဂုဏ်၊ ဂရုဂုဏ်ရှိသော၊ သစ်ပင်သီးနှံ၊ တိရစ္ဆာန်တို့ ပေါများကြကုန်၏၊ (၎င်းအရပ်သည်၊ဥတုအားဖြင့်-မိုးစပ်ဥတုနှင့် သဘောတူသည်။)

(၃) **သာဓာရနအရစ်ဆိုသည်မှာ။** ၊စိမ့်,စမ်း, တောင်ကမ်းကြီးသော၊ ရှမ်းပြည်လို အရပ်မျိုးကိုခေါ်သည်။၎င်းအရပ်တွင်၊လူတို့- သွေး,သည်းခြေ အားကြီးကုန်၏။သိတဂုဏ်၊ ပိစ္ဆလဂုဏ်ရှိသော၊ သစ်ပင်သီးနှံ၊ တိရစ္ဆာန်တို့ပေါများကြကုန်၏။(၎င်းအရပ်သည်၊ ဥတုအားဖြင့်၊ဆောင်းဥတုနှင့်တူသည်။)

## (၃) ဝယ-ခေါ်၊ အရွယ်အကြောင်း။

လူတို့၏အရွယ်သည်၊အကျဉ်းအားဖြင့်--

(၁) ဗာလ- ခလေးအရွယ်။
(၂) မဇ္ဈိမ- လူလတ်အရွယ်။
(၃) ဝုဍ္ဎ - လူအိုအရွယ်၊

ဟူ၍-သုံးပါးရှိလေသည်၊ ထိုသုံးပါးတို့တွင်—

(၁) **ဗာလအရွယ်ဆိုသည်မှာ။** ။မွေးဖွါးသည်မှ (၁၆)နှစ်အထိဖြစ်သည်။၎င်းအရွယ်သည်၊သလိပ်ဓါတ်ဆောင်သောအရွယ်ဖြစ်သဖြင့်၊သလိပ်နာများ ဖြစ်တတ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ပေသည်၊ ယင်းအရွယ်သည်၊ နုနယ်သည့် ဖြစ်သောကြောင့်။ပြာဖြင့်ကုသခြင်း၊ထားခွဲခြင်း၊ မီးဖြင့်ကုသခြင်းတို့ကို၊ ရှောင်ကြဉ်ရမည်၊ ဆေးပေးသော အခါတွင်လည်း၊ အချိန်လျော့၍သာပေးသင့်သည်။ (ဤဗာလ အရွယ်၌လည်း၊ (၁)နို့သက်သက်စို့သော- ခီရာဒဗာလ။ (၂)နို့နှင့်အစာ- နှစ်ပါးရော၍- စားသောက်သော- ခီရန္နာဒဗာလ၊(၃) နို့မစို့ဘဲ-အစာကိုသာစားသောက်သော-ဘတ္တာဒဗာလ။ဟူ၍အရွယ်(၃)ပါး ပြားလေသေးသည်။)

(၂)မဇ္ဈိမအရွယ်ဆိုသည်မှာ။ ။(၁၆)နှစ် မှ-အသက် (၇၀)တိုင်အောင် ဖြစ်သည်၊ ၎င်းအရွယ်တွင်-သည်းခြေဆောင်သောကြောင့်၊ သည်းခြေနာ ဖြစ်တတ်၏။ဆေးပေးသောအခါတွင်မူ၊ဆေးကျမ်းတွင် ဆိုသည့်အတိုင်း၊ အချိန်ပြည့်အောင်ပေးနိုင်လေသည်၊

(၃)ဝုဍ္ဎအရွယ်ဆိုသည်မှာ။ ။အသက် (၇၀)မှ အထက်ဖြစ်သည်။လေဓာတ်ဆောင်သောကြောင့်၊ လေနာများများဖြစ်တတ်သည်။ ၎င်းဝုဍ္ဎအရွယ်တွင်၊ တနေ့ထက်တနေ့၊ ခွန်အားဗလဆုတ်ယုတ်၍၊ အမှုကိစ္စမျိုးကို မဆောင်ရွက်နိုင်ခြင်း၊ ချောင်းဆိုးခြင်း၊ မောပန်း အားနည်းခြင်းတို့ကြောင့်။ပြာဖြင့်ကုသခြင်း၊ ထားခွဲခြင်း၊ မီးဖြင့်ကုသခြင်းများကို ရှောင်သင့်သည့်ပြင်၊ ဆေးပေးသောအခါတွင်လည်း၊ ဗာလ အရွယ်ကဲ့သို့ပင် အချိန်လျော့၍ပေးရမည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## (၄) ဒေဟ-ခေါ်၊ ကိုယ်ကာယအကြောင်း။

သူတို့၏ကိုယ်ကာယသည်၊ အကျဉ်းအားဖြင့်–

(၁) ဝသောကိုယ်။
(၂) ပိန်သောကိုယ်။
(၃) အလပ်စားရှိသောကိုယ်။

ဟူ၍-သုံးမျိုးရှိလေသည်။ ထိုသုံးမျိုးတို့တွင်–

**(၁) ဝသောကိုယ်** ရှိသော သူသည်၊ အအေး အပူ၊ ခရီး သွားခြင်း၊ ပင်ပန်း ခြင်း တို့ကို၊ မခံနိုင်ကြပေ။

**(၂) ပိန်သောကိုယ်** ရှိသော သူသည် လည်း အအေး-အပူ၊ ခရီးသွားခြင်း၊ ပင်ပန်းခြင်း တို့ကို၊ မခံနိုင်ကြပေ။

**(၃) အလတ်စားကိုယ်** ရှိသော သူ များ မှာမူ၊ အအေး၊ အပူ၊ ခရီးသွားခြင်း၊ ပင်ပန်းခြင်း၊ စသည်တို့ကို၊ ခံနိုင်ကြသည်ဟူ၍ မှတ်ယူကြရာ၏။

## (၅) ဗလ-ခေါ် ခွန်အားဗလအကြောင်း။

အထက်တွင်ဖော်ပြခဲ့သော၊ ကိုယ်ကာယသုံးမျိုးတို့တွင်၊ အချို့သောသူတို့သည်၊ ဝသော်လည်းအားမရှိကြပေ။ အချို့သောသူတို့သည်-ပိန်သော်လည်း အားရှိကြလေသည်။ ဤနေရာ၌၊ ဝခြင်း-ပိန်ခြင်းနှင့်စပ်လျဉ်းနေ

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သည်ဖြစ်၍၊ ထိုဝခြင်း-ပိန်ခြင်းတို့၏ အဖြစ်နှင့်တကွ၊ ကုသနည်းတို့ကိုပါ၊ ထည့်သွင်းဘော်ပြပါဦးအံ့။

## ဝလွန်းခြင်း၏အဖြစ်များ

အလွန်ဝသောသူတို့သည်၊ ထိုဝလွန်းခြင်း ကြောင့်ပင်လျှင်၊ လည်ပင်း၌အကြိတ်အခဲတည်ခြင်း၊ ဆီးအကြိမ်များစွာသွားခြင်း၊ ဖျားနာခြင်း။ ဝမ်းနာခြင်း။ အိုင်းအနာဖြစ်ခြင်း။ ချောင်းဆိုခြင်း။ အစာမကြေခြင်း။ ဆီးအောင့်ခြင်း။ နူနာကပ်ရောက်ခြင်း။ ရုတ်တရက် သေတတ်ခြင်း။ (လေဖြတ်ခြင်းကိုဆိုလိုသည်)များဖြစ်တတ်လေသည်။

## ဝသောသူကို၊ ပိန်အောင်ပြုလုပ်နည်းများ

အလွန်တရာဝသောသူတို့အား၊ အဆီ၊ လေ၊ သလိပ်၊ များကိုနိုင်သည့်၊ ဆေးဝါး အစားအသောက် တို့ဖြင့်၊ ကုသရမည်။ ။(ဤကားအကျဉ်းနည်းဖြစ်၏)။

## အကျယ်အားဖြင့်ဆိုသော်-

ပြောင်းစပါး။ ကြိတ်လမန်း။ မုယောစပါး။ (အဆီအစေးကင်းသော ဆန်ကြမ်းများကို ဆိုလိုသည်) ပဲနောက်၊ ပျားရည်နှင့်ရောသောရေ။ စသည်တို့သည်၊ လူကိုပိန်စေတတ်သောအစာများဖြစ်သည်။

**တနည်း။** ။ဗိန်ရည်၊ ရက်တက်ရည်၊ အရိဋ္ဌမည်သောဆေးရည်၊ ကြံစိခြင်း၊ အအိပ်အနေ နည်းခြင်း၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဝမ်းနှုတ်ခြင်း၊ အန်ခြင်း၊ အစာအိမ်ကိုစင်ကြယ်အောင်ပြု လုပ်ခြင်းတို့သည်၊ လူကိုပိန်စေတတ်သောနည်းများဖြစ် သည်။

**တနည်း။** ကြံ့ဖလ မှုန့်ကို- ပျားရည်နှင့် တော၍ ပေးရမည်။

**တနည်း။** ။ဆင်သမနွယ်၊ ကြံဖုး၊ နွားမြေချင်း၊ ဒင်းသုံးမျိုးကို- အမျှစီအမှုန့်ပြု၍၊ ပျားရည်နှင့် တော ပေးပါ။

**တနည်း။** ။ကျောက်ချဉ်၊ ကျောက်သွေး၊ နှစ်ပါး ကို-တပဆေးမြစ်ရေနှင့်ပေးပါ။

**တနည်း။** ။အိပ်မွှေ့သီး၊ချင်းခြောက်၊ယမ်းစိမ်း၊ သေပြီးသောသံဖြာ၊ မုယောမှုန့်၊ ဆီးဖြူမှုန့်၊ ဤဆေး ခြောက်ပါးကိုပျားရည့်နှင့်တော၍ပေးပါ။

## စကြပါကီဒုက္ခကျမ်းလာ၊ ပိန်စေတတ်သော နည်းများ

စကြပါကီဒုက္ခ ကျမ်း လာ၊ ပိန်စေ တတ်သော နည်းများမှာ။ ။အပင်ပန်း ခံခြင်း။ ကြံ စီ ခြင်း။ မေထုန်မှီဲခြင်း။ခရီးသွားခြင်း။ ပျားရည် သောက်ခြင်း။ အအိပ်အနေနည်းခြင်း။မုယောထမင်း၊ကြံ့တ်လမန်း တ မင်းတို့ကိုစားခြင်း။ (ဆန်ကြမ်းထမင်းများကို စားခြင်း)

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



များလိုက်နာပြုလုပ်-စားသောက်ခြင်းဖြင့်၊ အလွန်ဝခြင်း ကိုပယ်ဖျောက်တတ်၏ဟု-ဖြဆိုပေသည်။

## စရက ကျမ်းလာ၊ ပိန်စေတတ်သောနည်းများ

စရကကျမ်း၊ သုတြဋ္ဌာနတွင်၊ နှစ်ဆယ့်တခုမြောက်ဖြစ်သော အပိုင်း၌ လာသည့်၊ ပိန် စေ တတ် သော နည်းမှာ......

ဆင်သမန္တယ်၊ နွားမြေရင်း၊ ၎င်းနှစ်ပါးကို အမှုန့်ပြု၍ ပေးရမည်။

**တနည်း။** ။တြိဖလမှုန့်ကို - ပျားရည်နှင့် တော၍ ပေးရမည်။

**တနည်း။** ။လူကို ပိန်စေတတ်သော၊ အရိဋ္ဌဟု ခေါ်သည့် ဆေးရည်နှင့် ရက်တက်ရည်ကို ရောစပ်၍ ပေးပါ။

**တနည်း။** ။ပဥ္စကူငါးပါးကို အမှုန့်ပြု၍ ပျားရည်နှင့်တေပေးပါ။

**တနည်း။** ။နှမသလေးဆန် ဆတ်၊ ကျိတ်လမန်း၊ မုယော၊ ပြောင်း၊ လူး၊ ပဲနောက်၊ ပဲဘီစပ်၊ တောပဲနောက်၊ ဝဲဇဉ်းခုံ ၎င်းတို့ကိုသဘော်ဇီးလုံးသီးပြုတ်ရည်၊ သို့မဟုတ် သီးဖြူသီးပြုတ်ရည်တို့နှင့်၊ အစားအစာအဖြစ် ပေးပါ။ ထိုသို့ စားပြီးသည့်နောက်တွင်၊ ပျားရည်ကို ရေနှင့် ရော၍သောက်စေရမည်။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



**တနည်း။** ။နွမသလေး ထမင်းကို ကျွေးပြီးလျှင် အရိဋ္ဌဆေးရည်ကိုသောက်စေရမည်။

(အရိဋ္ဌ ဆေးရည် ဆိုသည်မှာ။ ။အလို ရှိသော ဆေးဝါး၊ ဆေးဖြစ်စသည်တို့ကို၊ ရေဖြင့်ကျက်အောင် ကြို၍စစ်ယူပြီးလျှင်၊ ၎င်းအရည်တွင်၊ သကြား၊ ကြံသကာများရည်ထည့်လျက်၊ စပါးတွင် ဆယ့်ငါးရက်၊ တလ စသည်ဖြင့်၊ အလုံပိတ်၍ မြှုတ်ထားပြီးသော ဆေးရည်ကို ခေါ်သည်။)

## ပိန်စေတတ်သောဆေးများ

ကြံဖလ၊ ပိတောက်မြစ်၊ ကန့်ချုပ်နီ၊ သံပြာ၊ နနွင်း၊ ၎င်းဆေးစု၊ အမှုန့်ကိုကြို၍၊ ပျားရည်နှင့် တလ တိုင်အောင်တိုက်ရမည်။

**တနည်း။** ။ကြံကတ္တူ သုံးပါး၊ ကုလားဆောင်းမေးခါး၊ ကြံဖလ၊ ဒန့်ဒလွန်မြစ်၊ ဇွဲပ်မွှေး၊ မိုဃ်တ်၊ သာလပြောင်း၊ ရှိန်းခို၊ သား၊ ဇီယာ၊ စမွတ်၊ နံနံစေ့၊ ကန့်ချုပ်နီ၊ နနွင်း၊ ခရမ်းမြစ်၊ ဟပုဘ်မည်သောအပင်၊ တောဆောင်းမေးခါး၊ ဖလ်တောင်ဝှေး၊ ၎င်းဆေးစုကိုတကျပ်သားစီရက (၂၂-ကျပ်သား)ရ၍၊ ။ဆေးမှုန့်အမှု- ပျားရည် (၂၂-ကျပ်သား)၊ ထောပတ်(၂၂-ကျပ်သား)၊ နှမ်းဆီ (၂၂-ကျပ်သား)၊ မုယောမှုံ့ (သုံးပိဿာငါးဆယ်)၊ ဤအောဉ်ပြီပါ ဆေးတို့ကိုတော၍၊ နံနက်-ည-သင့်တော်ရုံ ပေးရမည်။ ။အမည်မှာ ဗြောသာဒိသတ္တု -ဆေးဟု

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ခေါ်၏။ ။အကျိုးကား - အလွန်ဆူဖြိုးသော အနာ၊ သည်းခြေနာ၊ သမင်ရက်နာ၊ ရင်ဘတ်နာ၊ ချောင်းဆိုးနာ၊ ဆုံဆို့နာ များကို ပျောက်စေတတ်၏။ ဝမ်းမီးကို တောက်စေ၍၊ ဉာဏ်ပညာ၊ သတိတရားတို့ကိုလည်း ကောင်းစေထတ်၏။

## ပိန်သောသူကို ဝအောင်ပြုလုပ်နည်း

ပိန်သောသူများသည်။ မကြံစီဘဲ ချမ်းသာစွာနေခြင်း ပျော်ရွှင် နှစ်သက်စွာ နေခြင်း။ စားသောက် လိုသော အစာအာဟာရတို့ကိုစားသောက်ခြင်း။ များစွာအိပ်ခြင်း တို့ကို လိုက်နာပြုလုပ်ခြင်းအားဖြင့်၊ ဝက်ကဲ့သို့ အမှန် ဝလာနိုင်ပေသည်။

## စရကကျမ်းလာ ဝစေတတ်သောနည်းများ

စရကကျမ်း၊ သုတြဋ္ဌာန၊ နှစ်ဆယ့် တခမ်းမြောက်တွင် လာသော၊ ဝစေတတ်သည့်နည်းများမှာ။ ။အလွန်အိပ်ခြင်း။ အခါခါသိမ်း ရွှင်သန်း နှစ်သက်စွာ နေခြင်း ချမ်းသာသုခဖြစ်စေတတ်သော အိပ်ရာ နေရာကောင်း မွန်စွာရှိခြင်း။ စိတ်ငြိမ်းချမ်းခြင်း၊ စိတ်တည်ကြည်ခြင်း၊ အကြံအစီမရှိခြင်း။ မေထုန်ကြဉ်ရှောင်ခြင်း။ အားထုတ်လုံ့လမပြုဘဲနေခြင်း။ စိတ်နှစ်သက်ချမ်းမြေ့ရာအာရုံတို့နှင့်။ ထမင်းသစ်-ဟင်းသစ် ကိုစားသောက်ခြင်း။ အရက်သစ်ကို သောက်ခြင်း၊ အသားစွတ်ပြုတ်ရည်ကိုသောက်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ခြင်း။ ထောပတ်စသည်တို့ဖြင့် ပြုပြင်သော၊ အသားကို စားခြင်း။ နို့။ ဒိန်ချဉ်။ ထောပတ်။ နွားနို့တို့ကို သောက်ခြင်း။ ကြံရည်သောက်ခြင်း။ ကောက်ကြီး။ ကောက်လတ်စသော - သလေးထမင်းကို စားခြင်း။ ပဲကြီး။ ပဲလွန်း။ မတ်ပဲတို့ကိုစားခြင်း။ ဂျုံမှုန့်။ သကြားဖြူတို့ကိုစားခြင်း။ ဆီသုတ်လိမ်းခြင်း။ ရေချိုးခြင်း။ ပန်းနံ့သာစသည်တို့ကို အမြဲသုံးဆောင်ခြင်း။ အချိန်အခါ အားလျော်စွာ။ ဖြူစင်သော အဝတ်ကိုဝတ်ခြင်း။ ကျင်ကြီး ကျင်ငယ်စသော မလတို့ကိုထုတ်ခြင်း။ အသက်ကိုရှည်စေတတ်၊ သုက်ကို ပွားစေတတ်သော ဆေးကို မှီဝဲ သုံးဆောင်ခြင်း။ ။ ဤအလုံးစုံတို့သည်၊ အလွန်ပင်ပန်းခြင်းကို ပျောက်စေ၍ လူကိုဝစေတတ်သောနည်းလမ်းများဖြစ်လေသည်။

## (၆)သတ္တ-ခေါ်သတ္တဂုဏ်အကြောင်း။

သတ္တဂုဏ်ဆိုသည်မှာ၊ ချမ်းသာ၊ ဆင်းရဲ၊ ဖြစ်ပေါ်လာသောအခါတို့၌၊ ဘောက်ပြန်ခြင်းမရှိသော သည်းခံနိုင်မှု (ဝါ) ခံနိုင်ရည်ရှိမှုကိုပင်၊ သတ္တဂုဏ်ဟု ခေါ်ဆိုလေသည်။

လူသတ္တဝါတို့တွင်—

(၁) ရဇဂုဏ်။

(၂) တမဂုဏ်။

(၃) သတ္တဂုဏ်။

ဟူ၍ဂုဏ်သုံးပါးရှိရာ၊ ရဇဂုဏ်နှင့်၊ တမဂုဏ်တို့သည်၊ အရာရာကို၊ သည်းမခံနိုင်ကြပေ။ သတ္တဂုဏ်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သာလျှင်၊ အရာရာမျိုးတို့ကို သည်းခံနိုင်သည်ဖြစ်သော ကြောင့် ဆေးကုသခြင်းကိုခံယူမည့်သူနာတို့တွင်၊ သတ္တ ဂုဏ်ရှိရန်အရေးကြီးလေသည်။

**မှတ်ချက်။** ။ဤသတ္တဂုဏ်သည်၊ရုပ်(၂၈)ပါးတွင်ပါဝင်သော လဟုတာဒိရုပ်(၃)ပါးအနက်။ ကမ္မညတာရုပ်နှင့် တူသည်။

သတိပြုရန်။ ။ဆင်ခြင်ရန်-(၁၁)ပါးတို့တွင်၊ (၇) ခုမြောက်ဖြစ်သော၊ ဝမ်းမီး၏ အဓိပ္ပာယ်ကို၊ ပဉ္စမပိုင်း တွင်၊ ဘော်ပြပြီးဖြစ်သဖြင့်၊ ဤတွင် မဘော်ပြတော့ပေ။ ဗေဒသတ္တခေါ်-ဆေးအကြောင်းကိုလည်း၊ နောက်ပိုင်း၌ ပြဆိုမည်ဖြစ်ရာ၊ (၉)ခုမြောက် ဖြစ်သော၊ သာတုမ္မကို သာလျှင်၊ ဆက်လက်ဘော်ပြမည်ဖြစ်ပါကြောင်း။

## (၉) သာတုမ္မ-အကြောင်း။

သာတုမ္မဆိုသည်မှာ၊ ကိုယ်ခန္ဓာနှင့်၊ သင့်မြတ် လျောက်ပတ်စွာ နေ့စဉ် မပြတ် စားသောက် နေသော၊ ထမင်းဟင်းအစရှိသည့် ဓာတ်စာကိုခေါ်သည်။

### စရကကျမ်းလာ၊ သာတုမ္မ (၄) မျိုး

(၁) နို့ရည်၊ ထောပတ်၊ အဆီ၊ အသားဟူသော၊ သိနိဒ္ဓဂုဏ်ရှိသည့်၊ သာတုမ္မ။
(၂) ရသာခြောက်ပါးလုံးရှိသော၊ သာတုမ္မ။
(၃) လူခဂုဏ်ရှိသော၊ သာတုမ္မ။
(၄) ရသာတပါးတည်းရှိသော၊ သာတုမ္မ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤကား စရကကျမ်းလာ သာတုမ္ဗ(၄)မျိုးဖြစ်သည်၊ ရင်း(၄)မျိုးတို့အနက်။ ။အထက်ပါနှစ်မျိုးတို့သည်၊ အားကိုဖြစ်စေခြင်း၊ အပင်ပန်းခံနိုင်ခြင်း၊ အသက်ရှည်ခြင်းတို့ကိုဖြစ်စေ၍၊ အောက်နှစ်မျိုးတို့သည်၊ များသော အားဖြင့်၊ အားနဲခြင်း၊ အပင်ပန်းမခံနိုင်ခြင်း၊ အသက်တိုခြင်းတို့ကို ဖြစ်စေတတ်၏ဟု၊ ပြဆိုပေသည်။

**သတိပြုရန်။** ။ဆင်ခြင်ရန်(၁၁)ပါးတို့တွင်၊ ဆယ်ခုမြောက်ဖြစ်သော၊ ပကတိ၊မှာ၊ ပဌမပိုင်း၌ပြဆိုပြီး၍၊ ဆယ့်တခုမြောက် ဖြစ်သော၊ ဗျာဓိခေါ် အနာမျိုးတို့ကိုမူ၊ ဤကျမ်း၏ နောက်ပိုင်း အခန်းတို့၌ ပြဆိုမည်ဖြစ်သည်။

---

## ရောဂါပြောက်ကြောင်း၊ အင်္ဂါ(၄)ပါး

ရောဂါဝေဒနာ၊ ကုသကြရာ၌၊ ထိုရောဂါ၏ပြောက်ကင်းနိုင်ရန်၊ အကြောင်းတို့နှင့်ပြည့်စုံမှသာလျှင် ပြောက်ကင်းနိုင်လေသည်။ ထိုအကြောင်းများမှာ —

(၁) ဆေးသမား။
(၂) ဆေး။
(၃) သူနာပြု။
(၄) သူနာ။

ဟူ၍ (၄)ပါး ဖြစ်သည်၊ ထိုလေးပါးတို့၊ ညီညွတ်ကောင်းမွန်မှသာလျှင်၊ ရောဂါဝေဒနာ ပြောက်ကင်းနိုင်

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



သည့်ဖြစ်ရာ၊ ၎င်းတို့၏၊ အကြောင်းအရာ၊ ဂုဏ်အင်္ဂါများကို၊ အောက်တွင် အစဉ်အတိုင်း ဘော်ပြပါဦးအံ့။

## သမားတို့-သိအပ်သော အကြောင်း (၆)ပါး

(၁) ဆေးကုသင့်သော၊ အချိန်အခါ။
(၂) ဆေးကုခြင်း၏အကျိုး။
(၃) ဆေးကုခြင်းကြိုယာ။
(၄) ဆေးဖော်စပ်ခြင်း။
(၅) အနာရောဂါဖြစ်ခြင်း၏အကြောင်း။
(၆) အနာရောဂါကင်းခြင်း၏အကြောင်း။

(၁) ဆေးကုသင့်သောအချိန်အခါဆိုရာ၌။ ။ဆေးကုခြင်းသည်၊ ကုသင့်သောအခါ၊ မကုသင့်သောအခါဟူ၍၊ နှစ်မျိုးရှိရာ၊ ကုသင့်သောအခါတွင်၊ ကုသမှသာ၊ ရောဂါပြောက်သည်၊ မကုသင့်သောအခါတွင်၊ ကုသပါမူ ရောဂါမပြောက်ကင်းနိုင်ပေ။ သို့ဖြစ်၍-ကုသင့်သောအခါသို့ရောက်မှသာလျှင်၊ ကုသရမည်။

(၂) ဆေးကုခြင်း၏ အကျိုး ဆိုရာ၌၊ ။အချို့မှာ မိတ်ဖွဲ့လို၍ကုသည်။ အချို့မှာ၊ အခြံ အရံ အကျော်အစောကို လို၍ ကုသည်၊ အချို့မှာ-ရွှေ-ငွေ-ကို လို၍ ကုသည်။ အချို့မှာကုသိုလ်ကိုလို၍ကုသည်။ အကျိုးအမျိုးမျိုးတို့တွင်၊ အလိုရှိသည့်အတိုင်းပြည့်စုံလျှင်၊ ဆေးကု၍

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



အကျိုးရှိသည်၊ မပြည့်စုံလျှင် အကျိုး မရှိ၊ သို့ဖြစ်၍-အကျိုးရှိအောင် ကုသရမည်။

(၃) ဆေးကုခြင်းကြီးယာသိုရာ၌၊ ။အချို့မှာသန့်ရှင်းသည်၊ အချို့မှာမသန့်ရှင်း။ အချို့မှာ နေရာတကျပြုလုပ်တတ်သည်။အချို့မှာနေရာတကျမပြုလုပ်တတ်။ ဤသို့စသည်ဖြင့်၊ ဆေးသမားတို့၏ ဆေးကုခြင်းကြီယာသည်၊ လောကမျက်မြင်ဖြစ်၍ အလွန်ထင်ရှားပေ၏၊ ထိုနှစ်မျိုးတို့တွင်၊ သန့်သန့်ရှင်းရှင်းနှင့်၊ နေရာတကျပြုလုပ်တတ်သောသူကို၊ သမားကောင်းဟု ခေါ်သည်။

(၄) ဆေးဖေါ်စပ်ခြင်း ဆိုရာ၌၊ ။ကောင်းသောဖေါ်စပ်ခြင်း၊ မကောင်းသောဖေါ်စပ်ခြင်း ဟူ၍-နှစ်မျိုးရှိရာ၊ အချိန်ကို-လွန်အောင်၊ ယုတ်အောင်ဖေါ်ခြင်း မှာထားသည့်နည်းအတိုင်း မဖေါ်ခြင်းတို့သည်၊ မကောင်းသော ဆေးဖေါ်ခြင်းဖြစ်၏၊ ၎င်းမှ အပြန် ဖြစ်၍၊ ဆေးကျမ်းတို့၌ ဆိုသည့်အတိုင်း - မမှားမယွင်းအောင် ဖေါ်ခြင်းသည်၊ ကောင်းသောဆေး ဖေါ်ခြင်းဖြစ်၏။ ထိုနှစ်မျိုးတို့တွင်၊ ကောင်းသောဆေးဖေါ်ခြင်းဖြင့်၊ ဖေါ်စပ်ရမည်။

(၅) ရောဂါဖြစ်ခြင်းအကြောင်းဆိုရာ၌၊ ။ဓေါသ၊ ဓာတ် မလ၊ တို့၏ မညီညွတ်ခြင်းသည်၊ ရောဂါဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်ရာ။ ထိုဓေါသ၊ ဓာတ်၊ မလ၊ တို့၏ အကြောင်းကို၊ ကောင်းစွာ နားလည်ထားရမည်၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၆) ရောဂါကင်းခြင်း၏အကြောင်းဆိုရာ၌၊ ။ဒေါသ၊ ဓာတ်၊ မလ၊ တို့၏ညီညွတ်ခြင်းသည်၊ ရောဂါကင်းခြင်း၏အကြောင်းဖြစ်ရာ၊ ဒေါသ၊ ဓာတ် မလ၊ တို့၏-ညီညွတ်ရာ၊ ညီညွတ်ကြောင်း၊ ကောင်းမြတ်သောအကျင့်တို့ကိုလည်း၊ နားလည်ထားရမည်၊

### သမားအင်္ဂါ ( ၄ )ပါး

(၁) မျက်မြင်လက်တွေ့တည်းဟူသော၊ ကုထုံးဥပဒေသများခြင်း။

(၂) စိတ်ထားစင်ကြယ်ခြင်း။

(၃) ဆေးကုသရာ၌၊ လိမ္မာကြွမ်းကျင်ခြင်း။

(၄) ဆေးကျမ်းများစွာကို၊ ကောင်းမွန်စွာတတ်မြောက်ခြင်း၊ အင်္ဂါ (၄)ပါးနှင့် ပြည့်စုံလျှင်၊ သမားကောင်း၊ သမားမြတ်ဖြစ်သည်။

### ဘာဝပ္ပကာသကျမ်းအလို၊ သမားအင်္ဂါ (၁၂)ပါး

(၁) ဆေးကျမ်း အမျိုးမျိုးတို့၏၊ အနက်အဓိပ္ပါယ်ကို၊ မှန်ကန်စွာတတ်သိခြင်း။

(၂) ကုထုံးကုနည်းတို့ကို၊ များစွာတွေ့မြင်ဘူးခြင်း

(၃) ဆေးကုလိမ္မာခြင်း။

(၄) ပေါ့ပါးလျင်မြန်သောလက်ရှိခြင်း။

(၅) စိတ်ထားစင်ကြယ်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၆) ကုသရာ၌၊ မကြောက်မရွံ့၊ ရဲဝံ့ခြင်း။
(၇) ရောဂါ ပြောက်ကြောင်း၊ ကောင်းမြတ်သော ဆေးရှိခြင်း။
(၈) ရှုတ်တရက်ဉာဏ် ကောင်းခြင်း။
(၉) ပင်ကိုယ်ဉာဏ်ကောင်းခြင်း။
(၁၀) ထကြွလုံ့လ၊ ဝီရိယရှိခြင်း။
(၁၁) သာယာနာပျော်ဖွယ်သော၊ စကားကိုပြော ဆိုတတ်ခြင်း။
(၁၂) သဘာတရားကိုအလေးဂရုပြုခြင်း။

ဤဆယ်ပြပါ၊ အင်္ဂါ(၁၂)ပါးနှင့် ပြည့်စုံမှသာလျှင်၊ သမားကောင်း၊ သမားမြတ်ဟူ၍ ခေါ်ဆိုထိုက်သည်ဖြစ်ရာ၊ ပြည့်စုံအောင် အထူးဂရုပြုရာ၏။

**ဘာဝပ္ပကာသကျမ်းအလို၊ သမားယုတ်**
**(၅)ဦး**

(၁) အဝတ်အစား၊ ဟောင်းနွမ်း ညစ်ပတ်သော သမား။
(၂) နှုတ်ထွက်ကြမ်းသောသမား။
(၃) မာနကြီးသောသမား။
(၄) ရိုင်းပြသော စကားကိုသာ ပြောဆိုတတ်သော သမား။
(၅) မပင့်မခေါ်ဘဲ၊ အလိုအလျောက်၊ သူနာအိမ်သို့ သွားတတ်သော၊ သမား။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤဖော်ပြပါ၊ သမားငါးဦးတို့သည်၊ သုသုတကျမ်းကို စီရင်သော၊ ဓါန္တန္တရိ ဆရာကြီးနှင့် တူအောင်ပင် တတ်မြောက် သော်လည်း၊ မကိုးကွယ် ထိုက်သည်ဖြစ်သောကြောင့်၊ ဤအင်္ဂါများနှင့် မငြိ စွန်းအောင်၊ သမားကောင်းဖြစ်လိုသူတိုင်း၊ အထူးရှောင်ကျဉ်ရမည်။

### ဆေး၏အင်္ဂါ (၄) ပါး

(၁) ကောင်းသော နေ့ရက်၊ အချိန်အခါ၌ ဆောင်ယူခြင်း။

(၂) အနာနှင့်သင့်တင့်လျော်ပတ်ခြင်း။

(၃) အဆင်း၊ အနံ့၊ ရသာ-စသည် တို့နှင့် ပြည့်စုံခြင်း။

(၄) ကောင်းသောမြေအရပ်၌ဖြစ်ခြင်း။

ဤဖော်ပြပါ အင်္ဂါ များ နှင့် ပြည့်စုံမှသာ၊ ဆေးကောင်း ဆေးမြတ်ဟူ၍ ခေါ် ဆိုထိုက်လေသည်။

### သူနာပြု-အင်္ဂါ (၄) ပါး

(၁) အမှုကိစ္စတို့၌-လိမ္မာခြင်း။

(၂) အစား အသောက်စသော၊ ပြုဘွယ်အမျိုးမျိုး တို့ကိုပြုလုပ်တတ်ခြင်း။

(၃) သူနာအပေါ်၌၊ မပေါ့ မဆ၊ ကြောင့်ကြစိုက် ခြင်း။

(၄) စိတ်ထားစင်ကြယ်ခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



ဤဘော်ပြပါ၊ အင်္ဂါများနှင့်ပြည့်စုံသူအား၊ ကောင်းမြတ်သော၊ သူနာပြုဟူ၍၊ ခေါ်ဆိုထိုက်လေသည်။

### ဘာဝပ္ပကာသကျမ်းအလို၊ သူနာပြု<br>အင်္ဂါ ( ၆ ) ပါး

(၁) သူနာကိုစောင့်ရှောက်ရာ၌၊ ချစ်ခင်စုံမက်ခြင်း။
(၂) မရွံ့ရှာတတ်ခြင်း။
(၃) အားခွန်ဗလရှိခြင်း။
(၄) လုံ့လအားထုတ်ပြုလုပ်နိုင်ခြင်း။
(၅) ဆရာမှာသမျှ၊ မှတ်သားပြုလုပ်နိုင်ခြင်း။
(၆) ပင်ပန်းသည်ဟူ၍မရှိခြင်း။

ဤဘော်ပြပါ၊ အင်္ဂါများနှင့် ပြည့်စုံသော သူအား၊ ကောင်းမြတ်သော သူနာပြု ဟူ၍ - ခေါ်ဆိုထိုက်လေသည်။

### အင်္ဂုတ္တိုရ်ပါဠိတော်လာ၊ သူနာပြု<br>အင်္ဂါ (၅) ပါး

(၁) ဆေးဝါးဖေါ်စပ်စီရင်နိုင်သောအစွမ်းရှိခြင်း။
(၂) သင့်မြတ်သည်၊ မသင့်မြတ်သည်ကိုသိ၍၊ မသင့်မြတ်သည်ကို ရှောင်စေပြီးလျှင်၊ သင့်မြတ်သည်ကိုလိုက်နာစေခြင်း။
(၃) ပစ္စည်းကို မငဲ့ဘဲ၊ မေတ္တာစိတ်ဖြင့် သာလျှင်ပြုရခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၄) အညစ်အကြေးတို့၌ မရွံရှာတတ်ခြင်း။
(၅) ရံခါရံခါ၊ တရားစကားဖြင့်၊ သူနာ၏စိတ်ကို၊ ရွှင်လန်းစေခြင်း။ ထက်သန်စေခြင်း။ ဆောက်တည်စေခြင်းငှါ၊ ဟောပြောပြသနိုင်ခြင်း။

ဤဘော်ပြပါ၊ အင်္ဂါများနှင့် ပြည့်စုံသူ တို့အား။ ကောင်းမြတ်သောသူနာပြုဟူ၍ ခေါ်ဆိုထိုက်လေသည်။

## ကုသထိုက်သောသူနာ၏အင်္ဂါ

(၁) ပစ္စည်းဥစ္စာနှင့်ပြည့်စုံခြင်း။
(၂) ဆရာညွှန်ပြသမျှကို လိုက်နာပြုလုပ်နိုင်ခြင်း။
(၃) မိမိဖြစ်သမျှကို၊ ဆရာ နားလည်အောင် ပြန်ပြောနိုင်ခြင်း။
(၄) သတ္တိဂုဏ်ရှိခြင်း။

ဤဘော်ပြပါ၊အင်္ဂါများနှင့်ပြည့်စုံသော သူနာအား၊ ဆေးဝါးကုသထိုက်သော၊ သူနာဖြစ်သည်ဟု မှတ်ယူရာ၏။

## စရကကျမ်းအလို၊ကုသထိုက်သော၊ သူနာ၏ အင်္ဂါ(၄)

(၁) ဖွဲကပ်လာသောရောဂါကို၊ ဖြစ်သည့်နေ့ရက်မှစ၍၊စားမိသမျှအစားအသောက်တို့ကိုပါမှတ်မိခြင်း။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၂) ဆရာ ညွှန်ကြားသမျှကို၊ လိုက်နာ ပြုလုပ်နိုင်ခြင်း။

(၃) ခံစားနေရသောဝေဒနာနှင့်၊ ဆရာ ကုသအပ်သောအမှုကိစ္စတို့ကို၊မကြောက်မရွံ့ခြင်း။

(၄) မိမိ၌ ဖြစ်ပေါ်နေသောရောဂါကို၊ ဆရာဖြစ်သူအား၊နေရာတကျသိစေနိုင်ခြင်း။

ဤဘော်ပြပါ၊အင်္ဂါများနှင့် ပြည့်စုံသော သူအား၊ ဆေးဝါး ကုသထိုက်သော သူနာဖြစ်သည်ဟု မှတ်ယူရာ၏။

## ဘာဝပ္ပကာသကျမ်းအလို၊ဆေးမကုထိုက်သော သူနာ(၁၄)ဦး

(၁) အလွန်စိတ်ဆိုးလွယ်သောသူနာ။

(၂) မဆင်မခြင်ပြုလေ့ရှိသောသူနာ၊

(၃) ကြောက်တတ်သောသူနာ။

(၄) ကျေးဇူးကိုချေဖျက်တတ်သောသူနာ။

(၅) သဒ္ဓါဂုဏ်မရှိသောသူနာ။

(၆) စိုးရိမ်သောကာ၊နှောက်ရှက်သောသူနာ၊

(၇) သေခါနီးသောသူနာ။

(၈) ရှုမြဲတို့၏ အစွမ်း ဆတ္တိမှ ကင်းသောသူနာ။

(၉) ရန်သူဖြစ်သောသူနာ၊

(၁၀) ဆရာကိုလှည့်စားတတ်သောသူနာ။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



(၁၁) ဆရာကိုမယုံကြည်သောသူနာ၊
(၁၂) ဆရာ့အပေါ်တွင်၊ ယုံမှား သံသယရှိသော သူနာ၊
(၁၃) ဆရာ၏ စကားကို နားမထောင် သော သူနာ။
(၁၄) ဆရာ ယောင် ယောင် ပြုလုပ် ထတ်သော သူနာ၊

ဤဆယ်ပြပါ၊ အင်္ဂါများနှင့် ပြည့်စုံသော သူနာအား၊ ဆေးဝါးမကုသထိုက်သောသူနာဟူ၍မှတ်ယူရာ၏။

### အင်္ဂုတ္တိုရ်ပါဠိတော်လာ၊ မကုထိုက်သော သူနာ၏ အင်္ဂါ (၅) ပါး

(၁) မသင့်တင့်သည့်ကို ပြုလေ့ရှိခြင်း။
(၂) သင့်မြတ် သော်လည်း၊ အတိုင်း အရှည်ကို မသိခြင်း။
(၃) ဆေးဝါး၊ ဝါတ်စာ၊ မမှီဝဲ၊ မစား သောက် လို ခြင်း။
(၄) အနာ၏-အတိုး-အသုတ်- အဖြစ်အပျက် တို့ကို နေရာတကျဖြန့်လည်မပြောကြားနိုင်ခြင်း။
(၅) သည်းမခံတတ်ခြင်း။

ဤဆယ်ပြပါ၊ အင်္ဂါများနှင့် ပြည့်စုံသော သူအား၊ ဆေးဝါးမကုသထိုက်သောသူနာဟူ၍ မှတ်ယူရာ၏။

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



## ဆေးဆရာတို့-ရွတ်ဆိုမန်းမှုတ်ရာသော မန္တာန်

(၁) ဣဟ ဗုဒ္ဓေါ စ ဓမ္မော စ၊ သံဃော စ သရဏံ ပရံ။
အနေန သစ္စဝါကျေန၊ တိကိစ္ဆာ သိဒ္ဓိ ဘဝတု မေ။

(၂) ဗာလာသဗ္ဗအကလျာဏံ၊ ကလျာဏံပဏ္ဍိတာသဒါ၊
အနေန သစ္စဝါကျေန၊ တိကိစ္ဆာ သိဒ္ဓိ ဘဝတု မေ။

(၃) အပ္ပမာဒါ သိဝံသဗ္ဗံ၊ ပမာဒါ အသိဝံ သဒါ။
အနေန သစ္စဝါကျေန၊ တိကိစ္ဆာသိဒ္ဓိ ဘဝတု မေ။

**အနက်ကား။** ။(၁)ဣဟ၊ ဤလောက၌။ ဗုဒ္ဓေါစ၊ သဗ္ဗညုတဘုရားသည်၎င်း။ ဓမ္မောစ၊ ဆယ်ပါးသော တရားတော်မြတ်သည်၎င်း။ သံဃောစ၊ ရှစ်ယောက်သော သံဃာတော်မြတ်တို့သည်၎င်း။ ပရံ၊ လွန်စွာ။ သရဏံ၊ သတ္တဝါတို့၏ ကိုးကွယ်ရာတည်း။ အနေနသစ္စဝါကျေန၊ ဤသို့မှန်သည်ကိုဆိုသောစကားကြောင့်။ မေ၊ ငါ၏။ တိကိစ္ဆာသိဒ္ဓိ၊ ဆေးကုခြင်း၏ ပြီးစီးခြင်းသည်။ ဘဝတု၊ ဖြစ်စေသတည်း။

(၂) ဗာလာ၊ လူမိုက်တို့သည်။ သဗ္ဗံ၊ အလုံးစုံသော။ အကလျာဏံ၊ မကောင်းမှုကို။ ကရောန္တိ၊ ပြုကုန်၏။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ သဒါ၊ အခါခပ်သိမ်း။ ကလျာဏံ၊ ကောင်းမှုကို။ ကရောန္တိ၊ ပြုကုန်၏။ အနေန သစ္စဝါကျေန၊ ဤသို့မှန်သည်ကိုဆိုသောစကားကြောင့်၊

ဆေးဒါန အဖွဲ့မှ လှူဒါန်းပါသည်



မေ၊ ငါ၏၊ တိကိစ္ဆာသိဒ္ဓိ၊ ဆေးကုခြင်း၏ ပြီးစီးခြင်းသည်၊ အဒ္ဓုဝ၊ ဖြစ်စေသတည်း။

(၃) အပ္ပမာဒေါ၊ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူတို့သည်၊ သဗ္ဗံ၊ အလုံးစုံသော၊ သိဝံ၊ ချမ်းသာခြင်းကို၊ လဘန္တိ၊ ရကုန်၏၊ ပမာဒေါ၊ ကုသိုလ်ကောင်းမှု၌မေ့လျော့သောသူတို့သည်၊ သဒါ၊ အခါခပ်သိမ်း၊ အသိဝံ၊ ဆင်းရဲပူပန်သည်ကို၊ လဘန္တိ၊ ရကုန်၏၊ အနေနသစ္စဝါကျေန၊ ဤသို့မှန်သည်ကိုဆိုသောစကားကြောင့်၊ မေ၊ ငါ၏၊ တိကိစ္ဆာသိဒ္ဓိ၊ ဆေးကုခြင်း၏ ပြီးစီးခြင်းသည်၊ အဒ္ဓုဝ၊ ဖြစ်စေသတည်း။

ဤဘော်ပြပါ၊ မန္တာန် (၃)ပုဒ်ကို၊ ဆေးကုရာကိစ္စဟူသမျှတို့နှင့်တကွ၊ နံနက်ည၊ ရွတ်ဘတ်သရဇ္ဈာယ်ခြင်းကို၊ ဆေးသမားတိုင်းမမေ့အပ်ပေ။

ဆေး၏ရသာစသည်တို့ကို ပြဆိုရာဖြစ်သော

အခန်း(၂)ပြီး၏။

★